www.burmeseclassic.com




# မောင်းမှူးကြီးသိန်းဝင်း

ဝိုင်းစိန်မ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၁၀၁၂၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၅၀၀၄၀၉

မျက်နှာဖုံး ။ ကိုတင်ထွန်း

ပထမအကြိမ် ။ ၂၀၀၉ခုဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ဦးမန်းအောင်တင် (မိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ ဓလောင်မှူးကြီး
ပိုင်းဆိန်မ / ဓလောင်မှူးကြီးသိန်းဝင်း ။ - ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၈၈ - စာ ၊ ၂၁စီ စင်တီ။
(၁) ပိုင်းဆိန်မ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မြူးချောင်းကမ်းစပ်က ကျောက်ခေါင်းတုံး | ၁ |
| ၂။ | မြေမှနင်သော | ၃၀ |
| ၃။ | ဝိုင်းဆိုင်နှမ | ၅၉ |
| ၄။ | သိမ်ဝင်ပုဝါနှင့်မသန့်သောနေရာ | ၈၈ |
| ၅။ | ပဋ္ဌာန်းဆက်နှင့်နဂါးနက်သိုက် | ၁၂၆ |
| ၆။ | မှသိုးပေါက်စအသဲလိုက်ခဲ့စဉ်က | ၁၅၈ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစကား

❑

ကျွန်ုပ်သည် လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၌ (၂၀၀၀)ပြည့်နှစ်က စတင်ပြီး "ရုက္ခစိုးခြေရာ" ဟူသော ဝတ္ထုတိုကလေးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ယခုလည်း သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဂမ္ဘီရလောက မဂ္ဂဇင်း၊ သူရဿမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်းနှင့် မဟိဒ္ဓိမဂ္ဂဇင်း တို့တွင် လစဉ်ရေးသားနေပါသည်။

NEW IDEA စာပေမှ ထုတ်ဝေသူ ကိုတင်ထွန်းနှင့်တွေ့ဆုံပြီး လုံးချင်းနှင့်လက်ရွေးစင်ဝတ္ထုတိုများအား ရေးသားလာခဲ့ရာ ယခု ဒသမ

www.burmeseclassic.com

www.burmeseclassic.com

တအုပ်အဖြစ် "ပိုင်းစိန်မ" အပါအဝင် လက်ရွေးစင်ဝတ္ထုတိုအသစ်များအား စာဖတ်သူများအတွက် တင်ဆက်လိုက်ရပါသည်။

ပထမ ဖောက်ထွင်းစိန္တာကျော်ကြီး။ ဒုတိယ ပြဒါးရှင်မြင့်ဦး။ တတိယ ကျွန်တော်နှင့်ထောင်စခန်းများ။ စတုတ္ထ ပုဂံမြို့ဟောင်းလွမ်းပုံပြင်။ ပဉ္စမ ဆင်ဦးစီးရဲဘာက်မှဆိုးပြောသော စာတ်လမ်းများ။ ဆဋ္ဌမ ပဌာန်းဆက်ဝက်ပါ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ ငမောက်မိဖုရား ပတ္တမြားကြီးနှင့် ဒသမယခုတင်ဆက်သည့် "ပိုင်းစိန်မ"အပါအဝင် လက်ရွေးစင်ဝတ္ထုတို အသစ်များဖြစ်ပါသည်။

ကျွန်ုပ်၏အရေးအသား၊ ကျွန်ုပ်၏ဟန်ပန်၊ ကျွန်ုပ်၏ အတွေ့အကြုံများအား စာဖတ်သူထံသို့ ရသအမျိုးမျိုးဖြင့် တင်ဆက်ဖျော်ဖြေခြင်းဖြစ်ပါသည်။ စာဖတ်သူပရိသတ်ကြီး စာမျိုးစုံဖတ်ပြီး အသိမျိုးစုံ ဗဟုသုတကြွယ်ဝပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

⌘ ⌘ ⌘ ⌘ ⌘

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

□

တောင်ငူနှင့်မြို့ကြား အနောက်ဘက်အလယ်ရိုးမနှင့် အနောက်ရိုးမတောင်ပေါ်တွင် မြသိန်းတန်ဘုရားရှိသည်။ မြသိန်းတန်ဘုရားမှာ ဦးသိန်း၊ ဒေါ်မြနှင့် သားဖြစ်သူ ကိုတန်တို့ ကုသိုလ်ပြု တည်ဆောက်ခဲ့ခြင်းဖြစ်၍ "မြသိန်းတန်"ဘုရားဟု ကမ္ပည်းတင်ကြောင်း သိရသည်။ ဘုရားအောက်အဆင့် အလယ်ရိုးမတောင်စွယ်ပေါ်တွင်၊ ရှေးဟောင်းဘုရားပျက်တစ်ဆူရှိသည်။ "အမင်းမင်းနိုင်" ဘုရားဟု ဘွဲ့တော်ရှိသည်။ ဤဘုရားအားမြင်ဆင်ရန် ကြိုးစားကြသော အလှူရှင်များ အထမမြောက်၊ အောင်မြင်ခြင်းမရှိကြ။ အချို့ဆိုလျှင် ကျန်းမာရေး ညံ့ပြီး၊ သေဆုံးခြင်းသို့ပင် ရောက်ရသည်။ ထို့ကြောင့် အမင်းမင်းနိုင် ဘုရားအား ပြင်ဆင်ရဲသူပင် မရှိ။ တောဘုရား၊ တောင်ဘုရားအဖြစ်သာ နှစ်ပေါင်းများစွာ တောထဲ၌ ရပ်တည်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမင်းမင်းနိုင်ဘုရားအား တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ ဟံသာဝတီသို့ဝင်တိုက်ရာတွင် မြို့ချောင်းအနီး၌ တပ်ချစခန်းရင်း တည်ခဲ့သည်ဟုအဆိုရှိသည်။ မူလတည်ခဲ့စဉ်က သုံးတောင်ပြည့်ဘုရားအသေးသာဖြစ်သည်။ ဌာပနာပစ္စည်းအဖြစ် တပင်ရွှေထီးက သန်လျက်၊ ဘုရင့်နောင်က နဝရတ်လက်စွပ်၊ မိဖုရားခင်ခင်ကြီးက လည်ဆွဲဘယက်လှူဒါန်းခဲ့သည့်အပြင် ဟံသာဝတီအားလုပ်ကြံရာတွင် အောင်မြင်သဖြင့် ဓာတ်တော်(၄)ဆူ ပင့်ဆောင်ရရှိခဲ့သည်။

တစ်ဆူအား တောင်ငူရွှေဆံတော်၊ တစ်ဆူအား မြို့အရှေ့ဘက်ရှိ အဘယမုနိဘုရား၊ နှစ်ဆူအား အမင်းမင်းနိုင်ဘုရားတွင် လှူဒါန်းခဲ့သည်။ အမင်းမင်းနိုင်ဘုရားမှာ ပြည်လုံးချမ်းသာဘုရား၊ ရန်အောင်မြေဘုရား၊ မင်းလမ်းဘုရားဟူ၍ ဘွဲ့တော်လေးမည်ရှိသည်။ ဓာတ်တော်များ ကိန်းအောင်းမှု့လျော်သဖြင့် နွေရာသီတပေါင်းလတွင် ဓာတ်တော်ကွန့်မြူးတတ်သည်။

ဓာတ်တော်ကွန့်မြူးရာတွင် အလယ်ရိုးမတောင်စွယ်ပေါ်မှ အဖြူ အစိမ်း၊ နီ၊ ပြာ၊ ဝါ ရောင်စုံကွန့်မြူးသည်ကို မြို့နှင့်ဇေယျဝတီရွာစပ်မှ အတိုင်းသား မြင်တွေ့ဖူးမြော်နိုင်သည်။

ကျွန်ုပ်တို့ ကိုးကွယ်သောဆရာတော်မှာ မြို့ချောင်းတစ်ဘက်ကမ်းတွင် တောရဆောက်တည်နေပြီး တစ်ပါးတည်းကောစာရံ ကျင့်သုံးနေထိုင်တော်မူသည်။ ပါတီကောင်စီခေတ်ကဖြစ်၍ တစ်နေ့တွင် ပါတီယူနစ်ဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် အတွင်းရေးမှူး ဦးကျော်မြင့်တို့ ဆရာတော်အား လာရောက်ဖူးမြော်ကြသည်။ မန္တလေးမှဒကာမကြီးတစ်ဦးလည်း အတူပါလာသည်။ အမင်းမင်းနိုင်ဘုရားအား ကိုးတောင်ပြည့်ဘုရားအဖြစ် ပြန်လည်ပြုပြင်ရန်နှင့် ထီးတော်သစ်တင်ပူဇော်ရန်ကြံသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားမှ မေးမြန်းရာ . . .

"နေပါဦး ဒကာတို့ရယ်၊ တောဘုရား၊ တောင်ဘုရားကို ဘယ်လိုပတ်သက်၊ ဆက်နွယ်မှုနဲ့များ အခုလို ရောက်လာကြတာလဲ"

ဥက္ကဋ္ဌ ဦးခေသောင်းရွှေ "တပည့်တော်တို့နဲ့တော့ မပတ်သက်ပါဘူးဘုရား။ ဒီက ဒကာမကြီးက မြူးမြို့က အမျိုးထဲလာလည်ရင်း အိပ်မက်မက်လို့ သဒ္ဓါပေါက်ပြီး လှူဒါန်းလိုတာပါဘုရား။ အဲဒါ တပည့်တော်တို့ထံကို အကူအညီတောင်းလို့ တပည့်တော်တို့ကလည်း ကမကထပြုပြီး နိုင်သမျှကူညီဆောင်ရွက်ဖို့ လိုက်လာကြတာပါဘုရား"

"အိမ်း . . . အိမ်း . . . သာဓု . . . သာဓု . . . သာဓု"

"ဒါနဲ့ . . . ဒကာမကြီးအိပ်မက်ကို ပြောပါဦး"

"တပည့်တော်မက မန္တလေးကပါဘုရား။ ရွှေဆိုင်လုပ်ငန်းလုပ်ပါတယ်ဘုရား။ ပြီးခဲ့တဲ့အပတ်က တပည့်တော်မရဲ့အမျိုးတစ်ယောက် မကျန်းမာတာနဲ့ မြူးမြို့ကိုရောက်ပါတယ်ဘုရား။ ရောက်တဲ့နောက်တစ်ညမှာပဲ အလယ်ရိုးမပေါ်က စိမ်းဝါ၊ ပြာ အလင်းရောင်တွေမြင်ရလို့ မေးမြန်းကြည့်တဲ့အခါ ဒီက "အမင်းမင်းနိုင်" ရှေးဟောင်းဘုရားက ရောင်ခြည်တော်လွှတ်ကြောင်း သိရပါတယ်ဘုရား။ အဲ့ဒါကြောင့် အားရပါးရဖူးမြော်ပြီး ဘုရားကိုအနီးကပ်ဖူးမြော်ချင်စိတ် ပေါ်မိပါတယ်ဘုရား။ ဘုရားကိုလာရာလမ်းက လယ်ကွင်းတွေကို ဖြတ်ကျော်ပြီး တောလမ်းခရီးဖြစ်လို့ လမ်းကြမ်းကြောင်းသိရတာကြောင့် မိန်းမသားမို့ စိတ်လျှော့ထားရပါတယ်ဘုရား။ အဲ . . . မနေ့က အိပ်ပျော်နေစဉ် အိပ်မက်ထဲမှာ ဦးပြည်းခေါင်းတုံးကို ပန်းရောင်ပဝါပတ်၊ အညာချင်ပင်နီအင်္ကျီဝတ်၊ ကွက်တုံးပုဆိုးစည်းထားတဲ့ ဗလကောင်းကောင်းလူကြီးတစ်ယောက် ရောက်လာပြီး . . .

www.burmeseclassic.com



"နင် ဘုရားဒါယကာလုပ်ပါလား။ အလယ်ရိုးမပေါ်က ရွှေ ဆောင်းဘုရားကို ပြင်ဆင်ပြီး ကိုးတောင်ပြည့်စေတီတည်ပါ။ ထီးတော် တင်ပါ။ နင့်အမျိုးလည်း နေကောင်းသွားမယ်။ နင်လည်းလုပ်ငန်းတွေ အောင်မြင်ပြီး ဆထက်တံပိုးချမ်းသာမယ်။ ဘုရားဒါယိကာမလည်း ဖြစ်မယ်"လို့ အိပ်မက်ပေးပါတယ်ဘုရား။ တပည့်တော်မက ဘယ်ဘုရား လည်းလို့မေးတော့၊ အဲဒီအနားမှာ တောရဆောက်တည်နေတဲ့ ဆရာ တော်တစ်ပါးရှိတယ်။ ဆရာတော်နဲ့ တိုင်ပင်ပြီးလုပ်ပါ။ ဘုရားကတော့ နင်ရောက်စဉ်က ရောင်ခြည်တော်ကွန့်မြူးပြီး ဖူးခဲ့ရတဲ့ဘုရားပဲလို့ ပြောပါတယ်။ တပည့်တော်မလည်း အလွန်ဝမ်းသာသွားပါတယ်ဘုရား။ မသေခင်၊ မအိုခင်၊ မနာခင်၊ ဘုရားဒါယိကာမဖြစ်ချင်တဲ့ ဆန္ဒပေါ်နေတာ ကြာပါပြီဘုရား။ အဲ့သည့်လူကြီးကို တပည့်တော်မက ဆရာကြီးကရော ဘယ်မှာနေပါသလဲလို့မေးတော့ ငါက ဘုရားခြေတော်ရင်း၊ မြူးချောင်းစပ် မှာနေတာတဲ့ ထင်ထင်ရှားရှားပါပဲဘုရား။ ဒါကြောင့် ဒီကသက်ဆိုင်ရာ လူကြီးတွေကို အကူအညီတောင်းပြီး ဆရာတော်ဘုရားကို လာရောက်ဖူး မြော်တိုင်ပင်ရတာပါဘုရား"

ဆရာတော် . . .

"သြော် . . . ခွင့်ပြုပြီကိုး။ ဒကာမကြီးနဲ့ ပဋ္ဌာန်းဆက်ထင် ပါရဲ့။ အဲ့သည် ဦးကတုံးက လူထူးဆန်းကြီးကွဲ၊ ကြုံရခဲ့တယ်။

အရင်က ဒီအမင်းမင်းနိုင်ဘုရားကို ပြုပြင်ချင်တဲ့သူတွေ ပေါ် ခဲ့ပါတယ်။ လမ်းခရီးက မိုးရာသီ၊ လာဖို့မလွယ်၊ နွေရာသီလည်း လယ် တန်သင်းရိုးဖြတ်ပြီး လှည်းနဲ့သာလာနိုင်တာမို့ ကုန်ကျစရိတ်နဲ့ အခက် ကို တွက်ပြီး လက်လျှော့သွားကြတာ များပါတယ်။ အုတ်၊ အင်္ဂတေ၊ ထုံး၊ ကျောက်တွေကို လှည်းနဲ့သာ သယ်ရမှာမို့ အချိန်ကုန်၊ ငွေကုန်မယ်

www.burmeseclassic.com



ဒကာမကြီး''

"တပည့်တော် တတ်နိုင်ပါတယ်ဘုရား။ အရှင်ဘုရားက ဦးဆောင်ပြီး စီစဉ်ပေးပါဘုရား။ ထိုးတော်ကိုတော့ တပည့်တော်မှ စိတ်တိုင်းကျ မန္တလေးကပဲ လုပ်ဆောင်ပြီး ယူလာပါ့မယ်ဘုရား''

ဥက္ကဋ္ဌ ဦးသောင်းရွှေ "တပည့်တော်တို့ဘက်ကလည်း လို အပ်ရင် ဘူနိုဇာနဲ့မြေလမ်းတိုးပြီး လမ်းဖောက်ဖို့ အစီအစဉ်ရှိပါတယ် ဘုရား''

ဆရာတော် . . .

"ဒကာကြီး . . . , အဲ့ဒီကိစ္စကိုတော့ လက်လျှော့ပါ။ လမ်းဖြစ် သွားလို့ ကောင်းပေမဲ့ အကုန်အကျများမယ်။ လယ်ယာတွေ ပျက်စီး ကုန်ပြီး လယ်သမားတွေ ထိခိုက်မယ်၊ လူညီးနဲ့သာလုပ်ကြပါ''

အတွင်းရေးမှူး . . .

"အရှင်ဘုရား၊ တပည့်တော်တို့ ယခင်ကလည်း ရောက်ဖူးလို့ အနေအထားကို သိပါတယ်ဘုရား။ ဘုရားရင်ပြင်တော်နဲ့ ချောင်းကမ်း ပါးကြားမှာ အက်ကွဲကြောင်းချောက်ကြီးရှိတယ်ဘုရား။ အဲ့ဒါကြီးကို မြေဖို့မှဘုရားရင်ပြင် ကျယ်ဝန်းမှာပါဘုရား၊ မြေဖို့မယ်ဆိုရင်တော် မြေကား၊ လေးငါးဆယ်စီးလိုမယ်ထင်ပါတယ်ဘုရား။ ဒါ့ကြောင့် ကားလမ်း ဖောက်ဖို့ စိတ်ကူးမိတာပါဘုရား။ ကျောက်ခင်းလမ်းမဟုတ်ဘဲ ယာယီ မြေလမ်းဖောက်မှာပါဘုရား''

ဆရာတော် . . .

"ဒကာကြီး သည်းခံပါ၊ အကုန်အကျများမယ်၊ အချိန် ကုန်မယ်၊ အဲ့ဒီချောက်ကြီးကို မြေဖို့ဘို့ ဘုန်းကြီးတာဝန်ယူပါတယ်။ ဘုန်းကြီးရဲ့ဒကာတပည့်တွေ ရန်ကုန်ကလာကြလိမ့်မယ်၊ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီကိစ္စကို တာဝန်ယူလိုက်မယ်"

ဒကာမကြီး . . .

"တင်ပါ့ဘုရား၊ ကုန်ကျစရိတ်ကို တပည့်တော်မ တာဝန်ထား ပါဘုရား"

ဆရာတော် . . .

"မကုန်ပါဘူး။ ဘုန်းကြီးတာဝန်ယူနေမယ့်ဥစ္စာ၊ ဒကာမကြီးနဲ့ ဒကာတို့ဘက်ကသာ ပစ္စည်းနဲ့ပန်းရန်ကိစ္စ၊ တာဝန်ယူပါ။ ဒါနဲ့ဘယ် တော့လောက်စ,ကြမလဲ"

ဒကာမကြီး . . .

"တပည့်တော်မကတော့ တပေါင်းလပြည့်အမီလုပ်ချင်တယ် ဘုရား။ တစ်လလောက်တော့ အချိန်ရပါတယ်။ မနက်ဖြန်ကစပြီး အုတ်၊ သဲ၊ ဘိလပ်မြေနဲ့ လိုအပ်တာတွေကို ပို့မယ်ဘုရား။ ထီးတော်ကိုတော့ မန္တလေးမြို့မှာရှာပါဘုရား။ အရှင်ဘုရားက အတိုင်းအတွာ မိန့်တော် မူပါဘုရား"

ဆရာတော် . . .

"ကိုးတောင်ပြည့်ဘုရားဆိုတော့ ထီးတော်လုပ်တဲ့သူတွေ အတိုင်းအတွာ သိပါတယ်။ အထူးမှာစရာ မလိုပါဘူး"

ဥက္ကဋ္ဌ . . .

"တင်ပါ့ဘုရား၊ တပည့်တော်တို့ ဘုရားတက်ဖူးရင်း အနေ အထား ကြည့်ချင်ပါတယ်ဘုရား"

ဆရာတော် . . .

"အိမ်း . . . အိမ်း . . . ကောင်းလေစွ၊ ကောင်းလေစွ၊ ကဗွီယကြီးဦးသီးကို ခေါ်သွားပြီး ကြည့်ကြကွဲ့၊ သူကလမ်းကျွမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက် (၃)ပါတ်အကြာတွင် ဆရာတော်ဘုရားက လူကြုံဖြင့် ရန်ကုန် (အင်းစိန်)တွင်နေသည့် ကျွန်တော်တို့အား လှမ်းမှာတော့သည်။ ထူးဆန်းနေသည်မှာ ကျွန်တော်တို့ကလည်း ဆရာတော်ဘုရားအား မဖူးရသည်မှာကြာပြီဖြစ်၍ နောက်တစ်နေ့ (စနေနေ့) တွင် သွားရောက်ဖူးမြော်ကြရန် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ပဲအမျိုးမျိုးကို ဝယ်ယူစုဆောင်းနေချိန်ဖြစ်၍ တိုက်ဆိုင်လှသည်။ ထို့ကြောင့် နောက်တစ်နေ့ မနက် (၅)နာရီခန့်တွင် ကျွန်ုပ်နှင့်တပည့် (၆)ဦး၊ ပေါင်း (၇)ဦး ရိက္ခာပစ္စည်းအစုံအလင်ယူ၍ Hilux ကားကလေးဖြင့် ခရီးထွက်ခဲ့ကြသည်။

မြူးမြို့ကိုရောက်တော့ နေ့လယ် (၁၂) နာရီထိုးခါနီးပြီဖြစ်၍ နီးစပ်ရာဆိုင်တစ်ဆိုင်တွင် နေ့လယ်စာစားကြသည်။ ပြီးနောက် Hilux ကားအား ရဲစခန်းတွင် အပ်ရာပစ္စည်းများအား ခွဲဝေပြီး တစ်ဦးချင်း ထမ်းပိုးသယ်ဆောင်ရန်အတွက် စီစဉ်ရတော့သည်။ ဆန်တစ်အိတ်အား သုံးယောက်ခွဲသည်။ ဆီတစ်ပုံးအား ဝါးလုံးလျှို၍ နှစ်ယောက်ထမ်းသည်။ ဤ ငရုတ်၊ ကြက်သွန်နှင့် အသုံးအဆောင်ပစ္စည်းများကိုတော့ ကျန်တပည့်နှစ်ဦးက ထမ်းကြသည်။

မြို့နယ်ရဲစခန်းမှ အနောက်ဘက် အလယ်ရိုးမ တောင်ခြေမင်းလမ်းရွာအထိ (၅)မိုင်ကျော်ခန့် လယ်ကွင်းများကို ဖြတ်၍သွားကြရမည်ဖြစ်သည်။ မတ်လလယ်ဖြစ်၍ နေမှာလည်း အလွန်ပူလှသည်။ လမ်းတွင်ရှိသည့် ကုလားရွာများအနီးတွင်သာ သစ်ပင်ရိပ်ရှိသည်။

တစ်လမ်းလုံး တစ်မျှော်တစ်ခေါ်က ရိတ်သိမ်းပြီးစ လယ်ကွင်းများသာဖြစ်သည်။ နေမင်းကြီးက ခေါင်းပေါ်မှာဖြစ်သော်လည်း အနောက်အရပ်လှည့်၍ ညို့မှိုင်းနေသော ရိုးမတောင်တန်းကြီးများအား မျက်နှာမူ၍ သွားရသောကြောင့် မျက်စိတော့အေးပါသည်။

www.burmeseclassic.com



အဝေးမှကြည့်လျှင် အလယ်ရိုးမပေါ်မှ ရွှေရောင်ဝင်းနေသည့် "မြသိန်းတန်" စေတီတော်အား ဖူးတွေ့နိုင်သော်လည်း တောအုပ်ကွယ်နေသဖြင့် "အမင်းမင်းနိုင်" ဘုရားနှင့် ဆရာတော်ကျောင်းကိုတော့ မမြင်နိုင်သေးပါ။ ကျွန်ုပ်တို့ (၇)ဦးအဖွဲ့ ထမ်းချည်တစ်ခါ နားချည်တစ်လှည့်ဖြင့် မှရွတ်ဆိတ်များတွင် လိုးချိုပြီးလာသလို အတန်းလိုက်လာခဲ့ကြရာ ဆရာတော်ကျောင်းအား လှမ်းမြင်နေရာသို့ရောက်တော့ ရင်အေးသွားမိသည်။

သို့သော် ဆရာတော်၏ တောကျောင်းကလေးသို့ရောက်အောင် မြူးချောင်းအားဖြတ်ရန် အလယ်သို့ ရိုးမတောင်စွယ်ပေါ်သို့ တက်ရဦးမည်ဖြစ်သည်။ လာနေကြခရီးဖြစ်သော်လည်း ယခုတစ်ခေါက်က ဝန်ထုပ်ဝန်ပိုးများပြီး နွေရာသီဖြစ်၍ လွန်စွာပင်ပန်းပန်းကြသည်။ ဆရာတော်၏ ကျောင်းရောက်တော့ အမောဖြေကြသည်။ ဆရာတော်က ပြုံးပြုံးကြီး ကြိုဆို၍ မိန့်သည်မှာ –

"ဒကာမောင်ဝင်းတို့မြန်သားပဲ။ မနေ့က လူကြုံက ဘယ်အချိန်လာပြောသလဲ"

"ညနေ (၄)နာရီလောက်မှပါဘုရား။ တပည့်တော်တို့ကလည်း လာမယ် ရည်ရွယ်ထားပြီး ပစ္စည်းစုဆောင်းနေလို့ အတော်ဖြစ်သွားပါတယ်ဘုရား"

"အိမ်း . . . အိမ်း . . . အလုပ်ပေါ်လာလို့ ခေါ်နိုင်းရတာကွဲ၊ တို့မှာ ကိုးတောင်ပြည့်ဘုရားတောင် ရုပ်လုံးပေါ်နေပြီ၊ အလျင်မမြင်နိုင်တဲ့ "အမင်းမင်းနိုင်" ဘုရားကို ပြုပြင်နေတာ ဒကာကြီး"

ကျွန်ုပ် . . .

"တင်ပါဘုရား။ အလှူရှင်က ဘယ်ကတုန်းဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် . . .

"မန္တလေးမြို့က ရွှေဆိုင်ပိုင်ရှင် သူဌေးမကြီးပဲ သူက အိပ်မက် အရလာပြီးပြုပြင်တာ ဒကာကြီး"

ကျွန်ုပ် . . .

"ဘယ်သူက အိပ်မက်လာပေးတာတဲ့လဲဘုရား"

ဆရာတော် . . .

"ကတုံးကြီးနဲ့လူကြီးလို့ပြောတာဘဲ၊ အသားမဲမဲနဲ့ အညာသား နဲ့တူသတဲ့ဒကာရေ၊ ဘုရားအစောင့်ဖြစ်မှာပေါ့လေ။ ကဲ . . . ဒကာတို့ နားကြ၊ ခရီးပမ်းလာကြပြီ၊ လှည်းကြုံမရှိဘူးထင်တယ်။ နေ့လယ်စာ ထမင်းရော စားပြီးကြပြီလား"

"တင်ပါ့ဘုရား။ နေ့လယ်စာကို မြို့မှာ စားခဲ့ပါတယ်ဘုရား။ လှည်းကြုံမရှိလို့ ပစ္စည်းတွေနဲ့ တပည့်တွေရဲ့ ဝေခွဲထမ်းခဲ့ရတာပါ ဘုရား"

"အိမ်း . . . အိမ်း၊ နားကြ . . . နားကြ၊ ချွေးတိတ်လို့ ညနေ ကျမှ ရေချိုးကြ၊ ဒီမှာ ငှက်ဖျားရှိတယ်၊ ရေချိုးမများစေကြနဲ့"

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့အဖွဲ့ တောရကျောင်းပေါ်တွင် ပစ္စည်းများတင်ကာ ဆရာတော်ဘုရားဝတ်ဖြည့်ပြီး ကပ္ပိယကြီး ဦးသီး၏ တဲနန်းအတွင်း ဝင်ရောက်၍ တုံးလုံးပက်လက် အနားယူကြသည်။ ဆရာတော်၏ တောရ ကျောင်းမှာ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် သပ်ရပ်၊ ကျယ်ဝန်းသွား သလို ကပ္ပိယကြီး ဦးသီးတဲမှာလည်း ပျဉ်ခင်း၊ ဝါးထရံကာ၊ သွပ်မိုး ဖြစ်သွားပြီး အတော်ကျယ်ဝန်းသွားသည်။ တဲအတွင်း၌လည်း ဆန်၊ ဆီ၊ ဆား၊ အိတ်လိုက်၊ ပုံးလိုက်ဆောင်ထားသည်။ ကျွန်ုပ်က ကပ္ပိယ ကြီးအား –



www.burmeseclassic.com

www.burmeseclassic.com



"အဘသီး၊ သောလုချည့်လား။ အဲလိုမှန်းသိရင် နေ့ပူထဲမှာ ရိက္ခာပစ္စည်းတွေ ထမ်းမလာပါဘူးဗျာ"

"အေး . . . အဲ့ဒါ မင်းတို့အမှားပေါ့။ ရဲစခန်းက မပြောဘူးလား။ ဒီမှာ လှည်းကြုံတွေရှိနေသားပဲဟာ"

"အသိစခန်းမှူးမရှိဘူး အဘရေ၊ ကျန်တဲ့ ရဲသားတွေကိုတော့ မရင်းနှီးတာနဲ့မမေးခဲ့မိဘူး။ လှည်းလည်း ဘယ်မှာမှငှားရမှန်းမသိဘူး။ တပည့်လူအုပ်တောင့်တာနဲ့ ထမ်းချလာကြတာ"

"အေး . . . ဒီနေ့က ဝိတ်ရက်ထင်ပါရဲ့။ ဘုရားကိစ္စအတွက် လှည်းငါးစီးတောင် ငှားသွားတာကွဲ့။ နှစ်နာရီကြားတစ်ခေါက်လောက်သွားနေကြတာပဲ။ ဟောဟိုမှာ လာကြပါပြီဗျာ . . . အုပ်စုလိုက်ပါပဲ"

ဟုတ်ပါသည်။ နွားခလောက်သံတညံ့ညံ့၊ လှည်းဝင်ရိုးသံ တအီအီနှင့် တစ်ဖက်ကမ်းမှချောင်းတွင်းသို့ ဆင်းလာကြသည်။ ဘိလပ်မြေနှင့် အုတ်လှည်းများဖြစ်သည်။

ကျွန်ုပ် . . .

"အဘသီး၊ ဘုရားက ပြီးခါနီးပြီ မဟုတ်လား။ ဘိလပ်မြေနဲ့ အုတ်တွေလိုသေးသလား"

"တံတိုင်းနဲ့ ရင်ပြင်တော်အတွက် လိုသေးတယ်။ ရင်ပြင်တော်ချောင်းကမ်းပါးက ချိုင့်ကြီးကိုလည်း ဖို့ရဦးမယ်"

"အဲ့ဒီချိုင့်ကြီးက ဘယ်လောက်ကျယ်လို့၊ ဘယ်လောက်နက်လို့လဲ အဘသီး"

"အကျယ်က ရှစ်ပေလောက်ပါ။ အနက်က ဝါးနှစ်ပြန်လောက်ရှိတယ်။ အလျားက ပေငါးဆယ်လောက်ရှိမယ် ထင်တယ်။ အဲ့ဒါကြီးကြောင့် ဂေါပကအဖွဲ့နဲ့ အလှူရှင်တွေ စိတ်ညစ်နေကြတယ်။ ထီးတင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တပေါင်းလပြည့်နေ့မှာ လုပ်မှာဆိုတော့ တစ်ပတ်လောက်ပဲ အချိန်ရှိတော့တယ်။ ဆရာတော်ကလည်း သူလုပ်မယ်လို့ တာဝန်ယူထားတော့ ဥက္ကဋ္ဌနဲ့ အလှူ့ရှင်ကလည်း မပြောရဲကြဘူးဖြစ်နေတယ်။ မင်းတို့အဖွဲ့ကို စောင့်နေတာထင်ပါရဲ့။ အစောက ဆရာတော် မဓိန့်ဘူးလား"

"မဓိန့်ပါဘူး . . . အဘသီးရယ်။ ကျွန်တော်တို့ကို နားပဲ နားခိုင်းတယ်။ ဒါဆိုရင်လည်း ကျွန်တော်တို့မနားတော့ပါဘူး။ အခုပဲ အလုပ်စတော့မယ်"

"ကိုယ့်လူတို့ . . . ထကြတော့၊ အလုပ်စမယ်"

ကျွန်ုပ်တို့ ဆရာတော်ဘုရား ကျောင်းပေါ်ပြန်တက်တော့ ဆရာတော် တရားထိုင်နေသဖြင့် ခေတ္တစောင့်နေရသေးသည်။ ပြီးမှ ဆရာတော်က . . .

"အချိန်ရပါတယ် ဒကာဝင်းရယ်။ မင်းတို့အုပ်စုနဲ့ နှစ်ရက်လောက်လုပ်ရင် ရပါတယ်။ မင်းတို့က အခု အလုပ်စချင်တယ်ဆိုရင်တော့ ဘုန်းကြီးပြောတဲ့အတိုင်း လုပ်ကြပေရော့။ လိုအပ်တဲ့ပစ္စည်းတွေ ဘုရားကုန်းတော်ပေါ်က ယာယီရေပ်ထဲမှာရှိတယ်။ အဲဒီက ပန်းရန်ဆရာဆီမှာ ပြောပြီးလုပ်ကြပေရော့။ ဘုန်းကြီးပြောတယ်လို့ ပြောလိုက်"

"တင်ပါ့ဘုရား"

ကျွန်တော်တို့အဖွဲ့ ဘုရားကုန်းတော်ပေါ်တက်ရော၊ ဘုရားမှာ အချောထည်ပင် ပြီးစီးနေပြီး ရွှေချရန်နှင့် ထီးတော်တင်ရန်သာရှိတော့သည်။ ငြမ်းကိုတော့ မဖျက်သေးပါ။ ကိုးတောင်ပြည့်စေတီတော်ဖြစ်သည်။

ဆရာတော်မှာသည့်အတိုင်း ပြောဆိုပြီး၊ ပါးလုံးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြေသယ်ကြိုမ်ခြင်းများ၊ တူရွင်းများယူ၍ မြူးချောင်းထဲသို့ ဆင်းခဲ့ကြသည်။ ချောင်းရေမှာ နွေရာသီဖြစ်၍ ခြေသလုံးခန့်သာ နက်သည်။ ချောင်းအကျယ်ကတော့ ပေ(၂၀)ခန့်ရှိသည်။ ဆရာတော် ညွှန်ကြားသည့်အတိုင်း ကမ်းပါးစောင်းမှ မြေဆိုင်ခဲများအား ဝါးလုံးနှင့်ထိုးချ၍ ကမ်းပါးပေါ်သို့ ပစ်တင်ရသည်။ ထိုးသူကထိုး၊ ပစ်တင်သူက ပစ်တင်၊ ချောက်ထဲ မြေဖို့သူကဖို့နှင့် အတော်ပင်အလုပ်ပြီးသည်။ အလယ်ရှိုးမ တောင်စောင်းမှ မြေတူး၍သယ်ရမည်ဆိုပါက အလှမ်းဝေး၍ .အချိန် အတော်ကြာမည် ဖြစ်သည်။ ထိုနေ့က (၃) နာရီခန့်လုပ်သည်နှင့် ချောက်ထဲတွင် လေးပုံတစ်ပုံခန့် အလုပ်ပြီးသည်။

မိုးချုပ်စတွင် ကျွန်ုပ်တို့အဖွဲ့ နားကြပြီး ရေချိုးရန်ကျောင်းပေါ်သို့ ပြန်တက်၍ ဆပ်ပြာနှင့် အဝတ်အစား၊ တဘက်များတက်ယူကြစဉ်၊ ဆရာတော်က . . .

"ဘယ့်နှယ်ကွဲ့ . . . အတော်ပြီးခဲ့ကြတယ် မှတ်တယ်။ အလွန်ဆုံး နှစ်ရက်သုံးရက်ထက် မပိုပါဘူးကွယ်။ တစ်ပေလောက်ကျန်ရင်တော့ မြေကြီးမဖို့နဲ့တော့။ ချောင်းကမ်းစပ်က သဲတွေကိုသယ်ပြီးဖို့ရမယ်။ အပေါ်က ဘိလပ်မြေသရိုးကိုင်ရမယ်လေ"

"ဒါနဲ့ ဒကာမောင်ဝင်းတို့ ရေချိုးဆိပ်နားက မဲမဲပြောင်ပြောင်ကျောက်ခေါင်းတုံးကြီးကို ခြေထောက်နဲ့မနင်းနဲ့၊ သွားမထိုင်နဲ့နော်။ ဟိုကောင်လေးဝင်းနိုင် လက်ဆော့ ခြေဆော့မလုပ်နဲ့။ အဲဒီနားမှာ ဥသျှစ်ပင်တွေ အတန်းလိုက်ပေါက်နေတယ်။ အရွက်ခူးချူး၊ အသီးခူးချူး ဆိုင်ရာပိုင်ရာကို ခွင့်တောင်းပြီးမှခူး။ ကိုယ်တုံးလုံးချွတ်လည်း ရေမချိုးကြနဲ့၊ အဆဲအဆိုနဲ့ ညစ်ညမ်းစကားမပြောနဲ့ ကြားကြရဲ့လား"

"ကြားပါတယ်ဘုရား။ စောင့်စည်းပါမယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ မြူးချောင်းထဲသို့ ပြန်ဆင်းခဲ့ကြသည်။ ချောင်းစပ် ရေချိုးဆိပ်အနီး ဥသျှစ်ပင်တန်းထိပ်တွင် ကျောက်ခေါင်းတုံးမဲမဲကြီးကို တွေ့ရသည်။ လူဦးခေါင်းထက်တော့ အတန်ငယ်ကြီးသည်။ လူတစ်ဦး အား နဖူးအထိ မြေမြှုပ်ထားသည့် ပုံစံမျိုးဖြစ်သည်။ ကျွန်ုပ်တို့ ချောင်ကွင်း၍ ရေချိုးဆိပ်ဆင်းပြီး ရေချိုးသူကချိုး၊ အဝတ်လျှော်သူက လျှော်နေစဉ် ဝင်းနိုင်တစ်ယောက် ပျောက်နေ၍ရှာရာ ဥသျှစ်သီးမှည့်အား ကျောက်ခေါင်းတုံးနှင့် ရိုက်ခွဲ၍စားနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က စိုးရိမ်တကြီးနှင့် . . .

"မောင်ဝင်းနိုင်၊ မင်း . . . ဘုန်းဘုရားမှာတာ မှတ်မိရဲ့ လား။ ဆိုင်ရာပိုင်ရာကို ခွင့်တောင်းပြီးရော ခူးရဲ့လား။ နောက်ပြီး . ." ကျွန်ုပ်စကားမဆုံးမီ၊ မောင်ဝင်းနိုင်က . . .

"ဟိုးဆရာ . . . ဟိုးထား။ ကျွန်တော် ဆိုင်ရာပိုင်ရာကို ခွင့် တောင်းပြီးမှ ခူးတာပါ။ ဥသျှစ်သီးကြီးတွေက ကလေးဦးခေါင်းလောက် ရှိတော့ စားချင်တာနဲ့ခူးတာပါ။ ချို၊ မြင်း၊ ရှုတတကလေးဆရာ။ မွှေးကလည်းမွှေးခနဲ ဆရာစားကြည့်ပါဦး။ နောက်ပြီး ဘုန်းဘုရားမှာ တာက ကျောက်ခေါင်းတုံးပေါ်မှာ မထိုင်နဲ့၊ ခြေနဲ့မနင်းနဲ့ဘဲမှာတာ။ ဥသျှစ်သီးရိုက်မခွဲနဲ့လို့ မမှာပါဘူး။ ဒါကြောင့်ပါဆရာ . . ."

ကျွန်ုပ်တို့ ရေချိုးပြီးတော့လည်း အနောက်အပြောင်သန်သော မောင်ဝင်းနိုင်ကို စောင့်ရသည်။ သူတစ်ခုခုဖြစ်မှာကို ကျွန်ုပ် အလွန် စိုးရိမ်သည်။ အနောက်အပြောင်သန်သော်လည်း အလုပ်အလွန်လုပ်သူ ဖြစ်သည်။ အပင်ပန်းလည်းခံနိုင်သည်။ အစားအစာကိုလည်း တွေ့ရာစွပ် စားနေတတ်သည်။ ငယ်စဉ်ကပင် တပည့်ဖြစ်ခဲ့၍ သူ့အကြောင်းကို ကျွန်ုပ်ကောင်းကောင်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ်ပြန်ရောက်တော့ ကျွန်ုပ်တို့ အဝတ်အစားလဲပြီး ကပ္ပိယကြီး ဦးသီးချက်ကျွေးသည့် ထမင်းဟင်းများဖြင့် ညစာ စားကြသည်။ ငါးခြောက်နှင့် အာလူးဟင်းချဉ်ပေါင်ရွက်ကြော်၊ ငါးပိရည်၊ တို့စရာဖြစ်သည်။ တို့စရာမှာ မောင်ဝင်းနိုင်ချောင်းစပ်က ခူးလာသော ဥသျှစ်ရွက်နုများဖြစ်သည်။ ထိုညက အလုပ်ပင်ပန်းသဖြင့် ထမင်း၊ အတော်စားနိုင်ကြသည်။ ထမင်းစားအပြီး ဆရာတော်ကျောင်းပေါ်သို့ တက်၍ ထော်ဖြည့်ကြရာ ဆရာတော်က အလုပ်အကြောင်းပြောပြီး မြူးမြူးကြီးခန့်သည်မှာ. . .

"ဒကာလေး မောင်ဝင်းနိုင်၊ အပြောင်အနောက် သိပ်မလုပ်နဲ့ကွဲ့၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကာယကံရှင်က ကျေနပ်ရင်တော့ ကောင်းတယ်။ မကျေနပ်ရင် ပြဿနာဖြစ်တတ်တယ်ကွဲ့။ အဲဒီ ကျောက်ခေါင်းတုံးက ဒကာလေးထက် အသက်ကြီးတယ်။ အဲဒီကျောက်ကတုံးပေါ်မှာ ခါးသွေးလို့ရတယ်။ သံဘယ့်ကလေထက်မကောင်းပေမဲ့ သူ့ခေါင်းပေါ်မှာစားသွေးရင် မြည့်နေအောင်ထက်တယ်။ ဒါပေမဲ့ ဓားနှောင့်တော့ သွားမဆောင့်နဲ့ မကြိုက်ဘူး။ ဓားနှောင့်ဆောင့်ချင်ရင် ဆောင့်ရတယ်၊ ဒါပေမဲ့ ဓားတော့မသွေးနဲ့ သူက တစ်မျိုးပဲလက်ခံတယ်။ နှစ်မျိုးလက်မခံဘူး"

အစောပိုင်းက မောင်ဝင်းနိုင်လုပ်ခဲ့သည်များကို ဘုန်းဘုရားသိနေ၍ ကျွန်ုပ်အလွန်အံ့ဩမိသည်။ သို့သော် မမေးရဲ၊ ဆရာတော်ကလည်း လိုအပ်မှသာပြောလေ့၊ သတိပေးလေ့ရှိသည်။ အဝိုမပြော၊ ကျွန်ုပ်မေးလိုသည်မှာ ကျောက်ခေါင်းတုံးအကြောင်း ဖြစ်သည်။ ဘုရားဒါယိကာကြီးအားလည်း အိပ်မက်ပေးသည်မှာ သူပင်ဖြစ်မည်။ အကြောင်းသင့်၍ အခွင့်သာမှ ဆရာတော်ဘုရားအား လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းရပေဦးမည်ဟု ကျွန်ုပ်စိတ်ထဲတွင် တေးထားလိုက်ပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့အဖွဲ့ မနက်(၄) နာရီ က တည်းကထကြ၍ ဘုရားဝတ်ပြုပြီးနောက် ညကကျန်သည့် ထမင်းကျန် ဟင်းကျန်ကိုစားကြပြီး အလုပ်စဆင်းကြသည်။ ကပ္ပိယကြီး ဦးသိုး ကတော့ ဆရာတော်အား အာရုဏ်ဆွမ်းကပ်ရန်အတွက် စီစဉ်ချက်ပြုတ် နေပါသည်။

ချောင်းကမ်းပါးအဆင်း။ လမ်းတွင် ကျွန်ုပ်က . . .

"မောင်ဝင်းနိုင် . . . မင်းမနေ့ကလိုတော့ မလုပ်နဲ့နော်။ ဆရာ တော်ဘုရား သိနေတယ်"

"ဟုတ်ပါ့ဆရာရယ်။ ဟိုလူကြီး (ကျောက်ခေါင်းတုံး)ကများ သွားလျှောက်သလားမသိပါဘူး။ ကျွန်တော်က ချစ်လို့ ခင်လို့ ကျီစယ် တာပါ။ သူ့ကို ထိခိုက်အောင် မလုပ်ပါဘူးဗျာ"

"လူ့စည်း၊ ဘီလူးစည်းဆိုတာ ရှိတယ်မောင်၊ အတိုင်းအတာ ထက် နောက်တာ၊ ပြောင်တာ ကျော်သွားရင် မကောင်းဘူး။ ဒီနေရာက ရိုးမတောထဲမှာဆိုတာ သတိထား။ တောထဲ၊ တောင်ထဲဆိုတာ အင်မတန် ထူးဆန်းတယ်။ ဆင်ခြင်ပါကွာ"

"ဟုတ်ကဲ့ပါဆရာ"

ကျွန်ုပ်တို့ အလုပ်လုပ်ကြပြန်သည်။ ကမ်းပါးယံမှ မြေဆိုင်ခဲ ကြီးများမှာ မိုးတွင်းအခါက ရေတိုက်စားထားသဖြင့် မွနေရာ ကျွန်ုပ် တို့ ဝါးလုံးနှင့်ထိုးချသည်နှင့်တဝုန်းဝုန်း ပြိုကျလာတော့သည်။ ထိုမြေ ခဲများအား ကမ်းပါးပေါ်ပစ်တင်၍ လူ (၇) ဦးအလုပ်လုပ်ရာ သံနေ မွန်းတည့်ခါနီးတွင် အတော်အလုပ်ပြီးပြန်သည်။ ကျွန်ုပ်တို့အဖွဲ့ နေ့လယ် (၁၂)နာရီထိုးခါနီးမှ အလုပ်သိမ်း၍ ခေတ္တအနားယူပြီး ရေချိုးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းနိုင်ကတော့ ဆာသည်ဟုဆိုကာ တောစောင့်တောင်စောင့် နတ်များအားခွင့်ပန်၍ ဥသျှစ်သီးများ ခူးစားပြန်သည်။ ယနေ့တော့ ကျွန်ုပ်တို့အဖွဲ့လည်း ဝိုင်း၍စားကြည့်ကြရာ အတော်အရသာရှိလှသည်။

တောတောင်အတွင်းချောင်းရေစပ်တွင် ပေါက်နေခြင်းဖြစ်၍ ဥသျှစ်သီးများမှာ ကြီးထွားလှသည်။ ကျွန်ုပ်တို့ စားဖူးသော ဥသျှစ်သီးများတွင် အကောင်းဆုံးဟု ဆိုနိုင်သည်။ အသီးအနှစ်မှာ ရွှေဝါရောင်ဝင်းဝါနေပြီး အစေ့နည်းသည်။ ချိုမြိန်ရှ အရသာနှင့် ဥသျှစ်သီးရနံ့မွှေးမွှေးလေးကြောင့် ဆရာတော်အား ဥသျှစ်သီးဖျော်ရည် လှူတိုက်ရန် ကျွန်ုပ်သတိရမိသဖြင့် မောင်ဝင်းနိုင်အား အသီးလှလှ လေးငါးလုံး ခူးခိုင်းရတော့သည်။

"မောင်ဝင်းနိုင် . . . ဆရာတော်ဘုရားကို ဥသျှစ်သီးဖျော်ရည် တိုက်ရအောင် အသီးလှလှ လေးငါးလုံးခူးစမ်းကွာ"

"ဟဲ . . . ဟဲ . . . ကိုယ့်ဆရာတောင် သဘောပေါက်သွားပြီ။ အပင်ပေါ်မှာ ဘာလုပ်မှာလည်းဆရာရယ်။ ခူးစားမှ အသုံးဝင်မှာပေါ့။ လူမခူးရင်လည်း ပြုတ်ကျပြီး အလကားဖြစ်ကုန်မှာ။ အပြန်မှာ များများ ခူးသွားပြီး အင်းစိန်ကလူတွေကို လက်ဆောင်ပေးရမယ်။ ကျွန်တော့် ချစ်ချစ်ကတော့ ကြိုက်မှာဗျ။ ယောက္ခမလောင်းကြီးတွေကလည်း အညာသားဆိုတော့ အလွန်ကြိုက်ကြမှာ"

"အလွန်အကြိုက်ကြီးတဲ့ ကောင်ပါလားဟေ့"

ကျွန်ုပ်တို့ ရေမိုးချိုးပြီး ကျောင်းပေါ်ပြန်တက်ခဲ့ကြသည်။ အဝတ်အစားလဲပြီး နေ့လယ်စာ ထမင်းစားကြသည်။ ယနေ့ဟင်းမှာ ဘဲဥ ချဉ်ရေဟင်းနှင့် ငါးပိရည်တို့စရာသာဖြစ်သည်။ တို့စရာကတော့ ဟင်းအရွက်နုများဖြစ်သည်။ တောစာ၊ တောင်စာ စားရသည်မှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမြိန်လှသည်။ အလုပ်ပင်ပန်း၍လည်း ဖြစ်ပေမည်။ နေ့လယ် ခဏ လှဲလျောင်း၍ နားကြပြန်သည်။

ညနေ (၂)နာရီတွင် အလုပ်ပြန်ဆင်းသည်။ အမင်းမင်းနိုင် ဘုရားဘက်တွင် ပန်းရန်ဆရာများ၏ စစ်ဆေးသုတ်နေသည်ကို တွေ့ရသည်။ မကြာမီရွှေချမည်ဖြစ်၍ မိုးမအလယ်ကြောတွင် မြသိန်းတန် ဘုရားနှင့် အမင်းမင်းနိုင်ဘုရားအား တောတောင်အလယ်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးမြော်ရမည်ဖြစ်သည်။ ကျွန်ုပ်၏ စိတ်မျက်စိထဲတွင် လေတိုးသဖြင့် ဆွဲလွဲသံတချွင်ချွင်ကိုတောင် ကြားယောင်မိသလို ဖြစ်သွားသည်။ တကာယ်မျက်လုံးနှင့်ကြည့်မှ ငြမ်းဆင်ထားပြီး စစ်ဆေးရောင်မဲမဲ၊ ထီးတောင်မတင်ရသေးသည့် ကိုးတောင်ပြည့်စေတီလေးကိုသာ ဖူးမြင်ရသည်။

ယနေ့ ညနေ ကျွန်ုပ်တို့အတော်အလုပ်ပြီးသည်။ ဆရာတော်မိန့်သည့်အတိုင်း ကျင်းချိုင့်ကြီးမှာ မြေကြီးများပြည့်၍ ၁ ပေခန့်သာ လိုတော့သဖြင့် ကျွန်ုပ်တို့ ညနေ (၆) နာရီခန့်တွင် အလုပ်နားကြသည်။ မနက်ဖြန်တွင် ချောင်းကမ်းစပ်မှသဲများကို တူးယူ၍ အပေါ်ဆင့်တွင် သဲများဖို့၍ ဒင်ဆောင့်ခြင်းများ ပြုလုပ်ရပေမည်။ ပြီးနောက် ကမ်းပါးရံအား ရေမတိုက်စားစေရန် (၉)လက်မ အုတ်ရိုးကာရံရမည်ဖြစ်သည်။ ပန်းရန်ဆရာများ အလုပ်ဖြစ်သော်လည်း ကျွန်ုပ်တို့အဖွဲ့က အုတ်သယ် သဲသယ်တော့ လုပ်ပေးရပေဦးမည်။

သုံးရက်မြောက်သောနေ့ခင်းတွင် ကျွန်ုပ်တို့၏ မြေဖို့ခြင်း အလုပ်ပြီးသည်။ ပန်းရန်ဆရာများက အုတ်ခဲကျိုးခင်းခြင်း၊ ကွန်လပ်မြေ နှင့် သဲလောင်းခြင်းအမှုကို ပြုကြသည်။ ငါးရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့အဖွဲ့က အုတ်သယ်၊ သဲသယ်၍ (၉)လက်မ အုတ်ရိုး၊ အုတ်နံရံ

www.burmeseclassic.com



ကြီးအား ပန်းပဲဆရာများက အုတ်စီကြသည်။ လူအင်အားတောင့်သဖြင့် (၅) ရက်မြောက်ညနေတွင် အုတ်တံတိုင်းကြီး ပြီးစီးသည်။ ဘုရားမန်းရန် ဆရာများကလည်း လုံးတော်ပြည့်ရွှေချ ပြီးစီးသည်။

ထိုနေ့ညနေက ဘုရားရင်ပြင်တော်ပေါ်သို့ ဆရာတော်ဘုရားနှင့်အတူ ပါတီကောင်စီဥက္ကဋ္ဌအဖွဲ့၊ မန္တလေးမှ အလှူရှင် ဒါယိကာမကြီးနှင့်အတူ မန္တလေးမြို့မှအမျိုးများ၊ မြူးမြို့မှအသိမိတ်ဆွေများ၊ အလုပ်သမားများအားလည်း တွေ့ရသည်။ လူအားလုံးမှာ (၉)တောင်ပြည့်ဘုရားနှင့် ဘုရားရင်ပြင်အား လှည့်ပတ်ကြည့်ရှုပြီး ကျွန်ုပ်တို့အဖွဲ့ လုပ်အားပေးဖို့ပြီး အင်္ဂတေလောင်းထားသည့် ကျင်းချိုင့်ကြီးနေရာအား လာရောက်ကြည့်ရှုကြပြီး အလွန်ကျေနပ်အားရနေကြသည်။

ဥက္ကဋ္ဌ . . .

"ဆရာတော်ဘုရားရဲ့ ရန်ကုန်ကအဖွဲ့တွေ အလွန်တော်ပါသတယ်။ တပည့်တော်ပြောသလို လမ်းဖောက်ပြီး မြေသယ်ကားတွေနဲ့ ချရသယ်၊ မြေဖို့ရင်တောင်မှ ယခုလောက်မြန်မှာမဟုတ်ပါဘူး ဘုရား"

ဒကာမကြီး . . .

"ဆရာတော်ဘုရားရဲ့အဖွဲ့တွေ၊ တပည့်တွေကို တပည့်တော်မ ထိုက်ထိုက်တန်တန် ဆုချပါရစေဘုရား။ ခွင့်ပြုတော်မူပါဘုရား"

ဆရာတော် . . .

"မလိုပါဘူး၊ ဒကာမကြီး။ သူတို့က ဘုန်းကြီးရဲ့ ဒကာချင်း၊ တပည့်ရင်းတွေဖြစ်လို့ လုပ်အားဒါနပြုကြတာပါ။ ဘုန်းကြီးပြောခဲ့သလို ငွေကုန်ဖို့ မရှိပါဘူး"

ဒကာမကြီး . . .

"ဒါပေမဲ့ဘုရား။ သူတို့ပင်ပန်းကြတယ်လေ။ တပည့်တော်မ



www.burmeseclassic.com

www.burmeseclassic.com



လည်း ငွေကုန်အများကြီး သက်သာသွားတယ်။ ကျေလည်း အလွှ
ကျေနပ်မိတယ်ဘုရား။ တပည့်တော်မ တစ်ခုခုတော့ သူတို့ကိုပြုစုပါ
စေဘုရား"

"အိမ်း . . . အိမ်း . . . နှစ်ဦးနှစ်ဖက် ကျေနပ်ကြရ
ပြီးတာပါပဲ။ ဒါ့ထက် ရွှေထီးတော်ရပြီလား . . . ဒကာမကြီး"

ဒကာမကြီး . . .

"ရပါပြီဘုရား။ တပည့်တော်မ အမျိုးအိမ်ရှေ့မှာ အပူဇော်
ထားပါတယ်ဘုရား။ အဲ . . . ဒါပေမယ့် လှည့်လည်အပူဇော်ခံဖို့ ဆင်
မယ်ဘုရား။ ဥက္ကဋ္ဌကြီးတို့အဖွဲ့လည်း ဆင်ရှာနေတာ။ အဆင်မပြေ
ဘုရား။ အလွန်ရိုင်းစိုင်းတဲ့ လူကိုးယောက်သတ်ဖူးတဲ့ ကိုးလော
ဆင်ဆိုးကြီးတော့ ရှိတယ်ဘုရား။ အရှင်ဘုရားကူညီပါဦးဘုရား"

ဥက္ကဋ္ဌ . . .

"တင်ပါ့ဘုရား။ ရာသီချိန်မဟုတ်တော့ နယ်ကဆင်တွေ
သက်ဆိုင်ရာ နယ်ပြန်ကုန်ကြပါပြီ။ ဘုရားနယ်ခံ ကိုးလောင်းဆင်ကြီး
အားနေပါတယ်ဘုရား။ သူက နာမည်ကြီးဆိုတော့ တပည့်တော်တို့လည်
စိတ်ချ လက်ချ မသုံးရဲဘူးဘုရား။ တော်ကြာလူအုပ်ထဲ ဒုက္ခဖြစ်
စိုးလို့ပါဘုရား"

ဆရာတော် . . .

"သူ့ကိုစီးမဲ့ ဆင်ဦးစီးရောရှိရဲ့လား"

ဥက္ကဋ္ဌ . . .

"ရှိပါတယ်ဘုရား။ ပိုင်ရှင်ကိုယ်တိုင် စီးမှာပါဘုရား။ သူတို့
လည်း ဘုရားကိစ္စဖြစ်လို့ ငွေကြေးမယူပါဘူးဘုရား"

ဆရာတော် . . .

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . အိမ်း . . . ဆရာတော် စီစဉ်ပေးလိုက်ပါ့မယ်။ ဒါ့ . . . ဒီပရိတ်ရည်ကို ထီးတော်ပင့်ဆောင်မည့်နေ့ မနက် (၆) နာရီ ထောက်မှာ ဆင်ဦးကင်းမှာ လောင်းပေးပါ။ မျက်နှာသစ်တဲ့သဘောပေါ့။ ကျန်တဲ့ပရိတ်ရည်ကိုတော့ ဆင်ဦးစီးလည်း မျက်နှာသစ်ပါ။ အနည်းငယ် သောက်ပါ။ အမင်းမင်းနိုင်ဘုရား ထီးတော်တင်ပွဲဖြစ်တဲ့အတွက် ကုသိုလ် ကူညီရမှာဖြစ်လို့ ကူညီပါလို့ပြောပြီး၊ ကိုးလောင်းဆင်ကြီးကို မေတ္တာ ပြီး ပြီးတော့ ဟော့သည့်ပရိတ်ချည်ကြိုးကို ဆင်ကြီးလည်ပင်းမှာ ဆွဲ ပေးပါ။ ဒါကတော့ ဆင်ဦးစီးလည်ပင်းမှာ ဆွဲရမဲ့ပရိတ်ကြိုးပဲ။ ဆင်ဦး က အဲ့ဒီနေ့မှာ ချွန်းလုံးဝမကိုင်ပါနဲ့။ ဆင်ကြီးကို စိတ်ထဲကအမြဲ မ်းပဲ မေတ္တာပို့နေပါ။ ပြဿနာလုံးဝ မရှိစေရပါဘူး။ ဆရာတော် ေတ္တာပို့ပြီး အမိန့်ပြန်လိုက်ပါ့မယ်။ ဆင်ကြီးကို ထူးခတ်ထားတာရှိ ည်းဖြုတ်လိုက်ပါ လွတ်လွတ်လပ်လပ်ရှိပါစေ။ သုံးမဲ့ မနက်စောစောမှာ န်းလျက်နဲ့ မန်ကျီးသီးမှည့် တစ်ပြည်သားလောက်ကျွေးပေးပါ။ ဒကာ တုံး (ခေါင်းတုံး)တာဝန်ကတော့ ဆင်ဆိုးကြီးကို ထီးတင်ပွဲအစအဆုံး င်မကာ တစ်သက်လုံး လိမ္မာယဉ်ကျေးသွားအောင် စောင့်ရှောက်ကူညီ ပါ"

အာလုံး . . .

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့အဖွဲ့ ဆရာတော်အား ဦးချဝတ်ပြုကြပြီးနောက် ရာတော်၏အမိန့်အတိုင်း လိုက်နာဆောင်ရွက်ကြသည်။ မန္တလေးမှ ာမကြီးမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အပြင် အသားဘူး းနှင့် ဟင်းချက်စရာများ လှည်းဖြင့်သယ်ယူလာပါသဖြင့် အဆင် ဆင်ပြေသည်။ မနက်ဖြန် စာပေါင်းလပြည့်နေ့ဖြစ်သဖြင့် ထီးတော်အား



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြင့် မြို့မြို့အတွင်းလှည့်လည်ပြီး အမင်းမင်းနိုင်ဘုရားအား လှူပူ ဇော်ကြမည်ဖြစ်သည်။ ထို့ကြောင့် ချက်ရေး ပြုတ်ရေးနှင့် ကျွေးမွေး ညှော်ခံရေးအတွက် လိုအပ်လေရာချက်ပြုတ်မည့် ဒယ်အိုးကြီးများနှင့် အိုးခွက်ပန်းကန်၊ ထမင်းစားစားပွဲမှကအစ အကုန်ပါလာသည်။

ချက်ပြုတ်မည့်အဖွဲ့လည်း အဆင်သင့်ပါလာသဖြင့် ကျွန်ုပ် တို့အဖွဲ့က ကူညီရန်သာရှိသည်။ ကိစ္စအဝဝ၊ စီစဉ်ညှိနှိုင်းပြီးနောက် အလှူရှင်နှင့် ပါတီဦးဘကြီးတို့အဖွဲ့ လှည်းများဖြင့် မြို့မြို့သို့ပြန်ကြ သည်။

ကျွန်ုပ်တို့အဖွဲ့က မန္တလေးမှ အလှူရှင်ဒကာမကြီး လှည်းများ ဖြင့် သယ်ဆောင်လာသည့် စားနပ်ရိက္ခာများအား ကပ္ပိယကြီး ဦးသီး၏ ရေပ်အငှာင်းသို့ ပြောင်းရွှေ့နေရာချထားပေးသည်။ ထိုစဉ်ဆရာတော် ဘုရားက ကျွန်ုပ်အား ခေါ်ပြီး . . .

"မောင်ဝင်း . . . မင်း . . . ဦးခေါင်းတုံးအကြောင်း မေးမလို့ မဟုတ်လား။ သိချင်ရင် သူ့နောက်က လိုက်ကြည့်ပါလား"

"တင်ပါ့ဘုရား"

ကျွန်ုပ်သည် ချက်ချင်းပင် နောက်က လိုက်ကြည့်သည်။

ကျွန်ုပ်နောက်ကလိုက်တော့ အတန်ငယ်နောက်ကျသွားဟန် တူပါသည်။ သူ့ကိုမမြင်ရတော့ ချောင်းတပ်၊ ရေချိုးဆိပ်၊ သဲသောင်ပြင် ဥဒ္ဒျစ်ပင်တန်းအနီးအနံ့ရှာသော်လည်း မတွေ့ရတော့ပါ။

"တွေ့သလား . . . ဒကာဝင်း"

"မှန်ပါ့ဘုရား။ အလိုက်နောက်ကျသွားလို့ထင်ပါရဲ့ မတွေ့ တော့ဘူးဘုရား"

"အေး . . . သူက လူထူးဆန်းကွဲ့။ ဒကာဝင်းတို့ ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ဘုသိုလ်လုပ်တိုင်း သူ့ကိုအမှုဝေပေးပါ။

"သူက လူအစစ်မဟုတ်ဘူးလားဘုရား"

"သူက ဘုရားကအစောင့်ပါ။ မူလက ကမ္ဘာဇိန္ဒြိတန်ခိုးရှိတဲ့ ရှကွစိုးကြီးပါ။ သူနေတဲ့ညောင်ပင်က ဘုရားရင်ပြင် အစွန်း၊ ချောက်ကမ်းပါးမှာ မိုးတွင်းမှာ ချောင်းရေတိုက်စားလို့ ပြိုလဲပြီး ပျောသွားတာ။ သူလည်း ဘုံပျောက်သွားတာပေါ့။ အဲဒီအချိန်မှာ အမင်းမင်းနိုင်ဘုရားဟာ လေပမိုးဒဏ်ကြောင့် ပျက်စီးသွားတယ်။ ဘုရားပြုပြင်ဖို့ အလှူရှင်တွေ ပေါ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးကွဲ့။ တန်ခိုးကြီးဘုရားတွေဟာ လူတကာ ပြုပြင်လို့ မရဘူးကွဲ့။ အချိန်ကျမှ သူ့ပဌာန်းဆက်နဲ့ သူပြုပြင်ခွင့်ရတာပါ"

"တင်ပါ့ဘုရား၊ တပည့်တော် အခုမှ သဘောပေါက်ပါတော့တယ် ဘုရား"

"ဒကာဝင်းတို့အဖွဲ့ ညကျရင်လည်း ကူညီချက်ပြုတ်ကြရဦးမှာ။ ကဲ . . . ကဲ . . . နားပေဦးတော့"

"တင်ပါ့ဘုရား"

ကျွန်ုပ် ဆရာတော်ကို ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့ပြီး ကျောင်းအောက်သို့ ဆင်းလာရာ၊ ကပ္ပိယကြီး ဦးသိး၏ ဇရပ်အတွင်းမှ ကျွန်ုပ်အား စောင့်ကြိုနေကြသော မောင်ဝင်းနိုင်တို့အုပ်စု ဝိုင်း၍မေးမြန်းကြတော့သည်။

"ဆရာ . . . ဟိုလူကြီးနောက် လိုက်သွားတာ မဟုတ်လား။ အဲဒီလူကြီးက ဘယ်ရွာကလည်း၊ ဘယ်မှာနေသလဲ၊ တွေ့ခဲ့တယ် မဟုတ်လား"

ထမင်းချက်အဖွဲ့ကလည်း ကျွန်ုပ်အား မော်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်စိမ်းများရှိနေ၍ ကျွန်ုပ်ခေါင်းရမ်းပြပြီး နောက်မှမေးရန် အချက်ပြရတော့သည်။ မောင်ဝင်းနိုင်တို့အုပ်စုမှာ ကြက်သွန်နွှာခြင်း၊ ငရုတ်သီးထောင်းခြင်း၊ လုပ်နေကြပြီး ထမင်းချက်အဖွဲ့ကတော့ ဝက်မွေးခြစ်ခြင်း၊ မီးဖိုခြင်း၊ အိုးများကို ပြင်ဆင်တိုက်ချွတ်ခြင်း ပြုနေကြသည်။

ကျွန်ုပ် . . .

"ဆရာကြီးတို့ လူဘယ်လောက်စာ ချက်ပြုတ်ရမှာတဲ့လဲ"

"လူ(၅၀၀)စာလို့ အလှူအစ်မက ပြောသွားပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ ညသန်းခေါင်ကျော်တာနဲ့ စချက်ရမှာပါခင်ဗျ"

ဗိုးသူတော်ကြီးမှာ အညာသားလေသံဖြင့် ပြန်ပြောသည်။

ကျွန်ုပ်က . . .

"အရန်ဟင်းကကော ဆရာကြီး"

"ဝက်သားနီချက်အပြင်၊ ငါးခြောက်ထောင်းကြော်၊ မြန်မာမယ်ဇလီရွက်ဟင်းချိုနဲ့ သရက်ချဉ်သုပ်ပါခင်ဗျ။ ဝက်သားမစားသူတွေအတွက်တော့ ဆိတ်သားဟင်းပါခင်ဗျ"

"ကောင်းပါ့ဗျာ . . . အတော်မြိုင်တာပါပဲ"

ကျွန်ုပ်တို့ခေတ္တသာနားကြပြီး၊ တစ်ညလုံး ဝိုင်းဝန်းချက်ပြုတ်ကြရသည်။ ချက်ပြုတ်နေကြစဉ် ကျွန်ုပ်က ဦးခေါင်းတုံးအကြောင်းအား မောင်ဝင်းနိုင်တို့ကို တိုတိုရှင်းပြရသည်။ သူတို့လည်း ဦးခေါင်းတုံးကို အလွန်စိတ်ဝင်စားကြပြီး သနားနေကြသည်။

မနက်စောစောတွင် မြတ်စွာဘုရားရှင် အမှူးပြုသော ရဟန်းသံဃာများနှင့် ဆရာတော်ဘုရားအား အရုဏ်ဆွမ်းကပ်ကြပြီးနောက် ကျွန်ုပ်တို့ ခေတ္တနားခွင့်ရသဖြင့် အိပ်စက်ကြသည်။ မနက် (၁၀)နာရီခန့်တွင် ဆိုင်းသံ၊ ဗုံသံများကြားရသဖြင့် ကျွန်ုပ်တို့ အိပ်ရာက ထနိုးကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ချောင်းကမ်းပါး လယ်ကွင်းထဲတွင် ထီးတော်သစ်အား ဆင်ကြီး ဖြင့်တင်၍ စီတန်းလှည့်လည်လာသော လူအုပ်ကြီးအား တစ်မျှော်တခေါ် ကြီးတွေ့ရသည်။ ဆင်ကြီးနောက်တွင် လှည်းတန်းကြီး။ လှည်းတန်းကြီး နောက်ဘက်တွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော လူတန်း ကြီးမှာ ရှုမဆုံးနိုင်အောင်ပင် များပြားလှသည်။

ချောင်းထဲသို့ တရွေ့ရွေ့ဆင်း၍ တရွေ့ရွေ့တက်လာကြသည်။ ရပ်ပြင်တော်ပေါ်ရောက်မှ ကိုးလောင်းဆင်ကြီးမှာ ခွယ်စုံဆင်ကြီးဖြစ်ပြီး အစွယ်ကြီးများမှာ အတော်ရှည်လျားသည့်အပြင် အခြားဆင်များထက် ကြီးမားထွားကြိုင်းလှသည်။ ကကြိုးတန်ဆာများ ဆင်ယင်ထားသဖြင့် ကြွားကြွားရွှားရွှားရှိလှသည်။ ပိုင်ရှင်ကိုယ်တိုင် ဆင်ဦးစီးလုပ်လာသူကြီးမှာ မြူးမျော်၍ရွှင်လန်းနေသည်။ ဆရာတော်ကျောင်းရှေ့အရောက်၌ ရပ်နားစဉ် ဆရာတော် ထွက်ကြွလာပါသဖြင့် ဆင်ဦးစီးက . . .

"မတ် . . . မတ် . . . မတ်" ဟု အော်ရာ ဆင်ကြီးမှာ ဒူးတုပ်ထိုင်၍ ဆရာတော်အား ကန်တော့ဟန်ပြုသည်။ နားရွက်ပင် မခတ် ငြိမ်သက်စွာနေသည်။ ဆင်ဦးစီးက ဆင်ဦးကင်းမှဆင်းလာစဉ် ဆရာတော် ဘုရားက . . .

"ဘယ်လိုလဲဟေ့ . . . ဆင်ဦးစီး။ ငါ့သားကြီးလိမ်မာသွားပြီ မဟုတ်လား"

"တင်ပါ့ဘုရား။ မယုံကြည်လောက်အောင် လိမ္မာသွားပါတယ် ဘုရား။ ရေချိုးလည်းခံလှာယ်။ ကကြိုးတွေဆင်တော့ မြူးနေတယ်။ တပည့် တော်လည်း ဘုန်းဘုရားမှာတဲ့အတိုင်း မေတ္တာပို့တော့ နားလည်တဲ့ အတိုင်း နားရွက်ခတ်ပြတယ်။ ထူးတွေဖြတ်ပေးတော့ ဝမ်းသာအားရ အော်တယ်။ တပည့်တော်ဖြင့် လန့်သွားတာပဲ။ မြို့ထဲမှာလည်း ထီးတော်



www.burmeseclassic.com

www.burmeseclassic.com



ကို အပူဓာတ်ခံလှည့်လည်ပြီးပါပြီဘုရား။ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ပါပဲဘုရား။ ဒီဘုရားဘက်ထွက်လာတော့လည်း အလွန်ပျော်ရွှင်နေဟန်ပြပါတယ်ဘုရား။ လူတွေက ပထမပိုင်းတော့ ကြောက်နေကြလို့ အနားမကပ်ကြပေမယ့် တပည့်တော်ကို သူ့နှာမောင်းနဲ့ပွေ့ပြီး ဦးကင်းပေါ်တင်တော့ ဝိုင်းလက်ခုပ်တီးကြတယ်ဘုရား။ အဲဒီအချိန်မှာ ကိုးလောင်းကြီးက နှာမောင်းမြှောက်အော်ပြီး ခန္ဓာကိုယ်ကြီးလှုပ်လို့ ကတယ်ဘုရား။ အလွန်လိမ္မာသွားပါပြီဘုရား။ အရှင်ဘုရားကို အလွန်ကြည်ညိုလွန်းလို့ ကန်တော့ပါတယ်ဘုရား . . .''

"အိမ်း . . . အိမ်း . . . သာဓု၊ သာဓု၊ သာဓု၊ သတ္တဝါအများ ချမ်းသာကျန်းမာကြပါစေ။ ဒီကနေ့ကစပြီး ငါ့သားကြီးကို ကိုးလောင်းဆင်ဆိုးကြီးလို့ မခေါ်ကြနဲ့တော့။ ထီးတော်တင်ပွဲ အောင်မြင်မှု၊ အထိမ်းအမှတ်၊ အောင်အတိတ်၊ အောင်နိမိတ်ဆောင်ပြီး "အောင်မောင်း" လို့ ခေါ်ကြပေရော့ကွဲ့"

"အောင်မောင်းရေ . . . "

"ကျွီ . . . ကျွီ . . . ရှူး . . . "

ဆင်ကြီးမှာ နေရာမှမထသော်လည်း လူ့စကားနားလည်သည့်ပမာ အောင်မောင်းဟုခေါ်သည်နှင့် နှာမောင်းမြှောက်၍ ထူးတော့သည်။

ဘုရားဖူးလာကြသူများ ဖြူးမြို့ခံများမှာ အလွန်အံ့ဩဝမ်းသာဖြစ်ကြပြီး လက်ခုပ်တီး၍ အားပေးချီးမြှောက်ကြရာ ဆင်ဆိုးကြီးမှာ မယုံနိုင်စရာကောင်းလောက်အောင်ပင် ဝပ်နေရာမှအသာအယာထ၍ ကိုယ်ကြီးလှုပ်ရမ်းကာ ကနေတော့သည်။ ဆရာတော်မှ ကျွန်တော်တို့အား မိန့်သည်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒကာမောင်ဝင်းနဲ့အဖွဲ့က တောင်ငုက်ပျောပင်နဲ့ ဝါးရွက်း တွေခုနှူးပြီး။ ဒကာကြီးအောင်မောင်းကို ကျွေးလိုက်ကြပါကွယ်။ သူ့ကို ထီးတော်တင်နေတုန်း ဝါးရုံရိပ်မှာ အနားပေးထားလိုက်ပါ။ ကြိုးမချနဲ့၊ ထူးမခတ်နဲ့၊ အောင်မောင်းကလည်း နေရာမှာငြိမ်ငြိမ်နေ။ ဒီဘုရား ရင်ပြင်တော်မှာ ကုသိုလ်လုပ်နေတုန်း အနှောင့်အယှက်မပေးနဲ့နော်။ ဒကာကြီး၊ ကျောက်ကတုံးကလည်း ထိန်းသိမ်းစောင့်ရှောက်ပါ"

"အူး . . . အူး"

ဆင်ကြီးအောင်မောင်းမှာ နားလည်သည့်အလား ခေါင်းညိတ်ရှိအော်ပြီးနောက် ဆင်ဦးစီးမှ ဆင်ကြီးလည်ပင်းမှာ ချည်နှောင်ထားသည့် ပရိတ်ကြိုးအား ခွဲသွားသည်နှင့် အလိုက်သင့်ပါသွားတော့သည်။

ကိုးတောင်ပြည့် ဘုရားသာဖြစ်၍ ထီးတော်တင်ရသည်မှာ လွယ်ကူမြန်ဆန်ပါသည်။ ဆရာတော်ဘုရား အမိန့်ရှိသည့် အချိန်တွင် ထီးတော်တင်မင်္ဂလာပြုပြီးနောက် ဆရာတော်ဘုရား ဦးဆောင်၍ အနေကဇာ တင်ပါသည်။ ပြီးနောက် ဆရာတော်က ကြွရောက်လာသည့် ပရိသတ်အား (၈) ပါးသီလပေးပြီးနောက် အလှူရှင် ဒကာမကြီးက ရေစက်ချ၍ အမျှ ပေးဝေပါသည်။

ကျွန်ုပ်တို့၏ သာဓုခေါ်သံမှာ အလယ်ရိုးမ တောင်စွယ်တစ်ခုလုံး ဟိန်းသွားပါသည်။ ထို့အပြင် နောက်ဆက်တွဲ ပွဲတင်သံဟု ယူဆရသော သာဓုခေါ်သံမှာလည်း ရှည်လျားစွာ ပေါ်ထွက်လာပါသည်။

ဆရာတော်မှ တိုင်ပေးရာ "အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ" ဟူသော အသံလှိုင်းကြီးသည် လူ (၅၀၀)ကျော်တစ်ပြိုင်နက် အော်ဟစ် ကြီးကြောင့် ပတ်ဝန်းကျင်တောတောင်အတွင်းမှ သစ်ပင်များ လှုပ်ယမ်း သွားပြီး မိုးကောင်းကင်မှ တိမ်များပင် လွင့်စင်သွားသယောင်၊ ထင်



www.burmeseclassic.com

www.burmeseclassic.com



ယောင် ဆင်မှားဖြစ်မိသည်။ အလှူပွဲအောင်မြင်သဖြင့် လူအားလုံးလည်း ဝမ်းသာပီတိဖြစ်မိနေကြစဉ် ချောင်းစပ်၊ ကျောက်ကတုံးကြီးအနီးမှ ဆင်ကြီး "အောင်မောင်း"၏ အော်သံစူးရှရှကြီးကို ကြားလိုက်ရတော့သည်။

"အူး . . . ဝူး . . . ဝူး"

ဆင်ကြီးအော်သံဆုံးသည်နှင့် ချောင်းစပ်ရေချိုးဆိပ် အနီးမှ 'ရှူး'ဟူသော အသံကြီးနှင့်အတူ မီးကျည်လွှတ်သလို အလင်းတန်းကြီး ကောင်းကင်သို့ တိုးတက်သွားပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

ဆရာတော်က "ဝဋ်ကျွတ်သွားရှာပြီ"ဟု တစ်ခွန်းတည်း မိန့်ကာ ကျောင်းပေါ်သို့ပြန်တက်သွားသည်။ ဆွမ်းစားချိန်ရောက်ပြီ ဖြစ်သည်။ ဧည့်သည်များအား ဘုရားအနီးယာယီမဏ္ဍပ်တွင် နေ့လယ်စာ ကျွေးကြသည်။ ဧည့်သည်များကလည်း ပျော်ရွှင်စွာ အားရပါးရစားကြသည်။ ကျွန်ုပ်တို့အဖွဲ့လည်း လက်မလည်နိုင်အောင် ဧည့်ခံနေကြရတော့သည်။

ထိုအချိန်တွင် အလှူ့အစ်မကြီးက ကျွန်ုပ်အား လာခေါ်သည်။ သူတို့နှင့်အတူ ထမင်းစားရန်ဖြစ်သည်။ ဘုန်းကြီးပွဲကျဖြစ်၍ စုံလင်လှသည်။

ကျွန်ုပ်ငြင်းသော်လည်း မရသဖြင့် ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူးတို့နှင့်အတူ နေ့လယ်စာစားရသည်။ ပြီးနောက် အချိုပွဲစား နေကြစဉ် အလှူ့အစ်မကြီးက . . .

"ဆရာ ကိုဝင်းတို့အဖွဲ့ကို ကျေးဇူးတင်လွန်းလို့ ချီးမြှင့်မို့ ရစေ" ဟုဆိုကာ စာအိတ်ကြီးတစ်လုံးအား ကမ်းပေးသည်။ ကျွန်ုပ်က ငွေများဖြစ်မှန်းသိ၍ လက်ခံရန်ငြင်းပယ်ရာ အလှူ့အစ်မကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းပါနဲ့ ကိုဝင်း၊ ဆရာတော်ဘုရား ခွင့်ပြုပြီးပါပြီ၊ တပည့်တွေနှင့်အတူ အလိုရှိရာ အသုံးပြုပါ။ ကျွန်မလည်း ဆရာတော်ဘုရား ကျောင်းနဲ့ အမင်းမင်းနိုင်ဘုရားအတွက် အမြဲတမ်း အလှူရှင်အဖြစ် ကုသိုလ်ယူပါမယ်၊ တအိတ်ထဲမှာလည်း ကျွန်မလိပ်စာနဲ့ ဖုန်းနံပါတ် ပါပါတယ်။ ရှင်လိုအပ်တာရှိရင် ဆက်သွယ်ပါ။ မန္တလေးဘက်ရောက်ရင်လည်း ဝင်ခဲ့ပါရှင်။ အမြဲတမ်း ကြိုဆိုနေပါ့မယ်"

ကျွန်ုပ်မငြင်းနိုင်တော့သဖြင့် လက်ခံလိုက်ရပါသည်။ ညနေစည့်သည်များပြန်သွား၍ ကျွန်ုပ်တို့အဖွဲ့ ရေချိုးဆိပ်ဆင်းခဲ့ကြရာ ရေချိုးဆိပ်အနီးရှိ ဥသျှစ်ပင်တန်းအောက်တွင် ဥသျှစ်သီးအမှည့်များ ဖွေးဖွေးလှုပ်ကြွေကျနေကြပြီး ကျောက်ခေါင်းတုံးကြီးနေရာတွင် ကျင်းချိုင့်ကြီး ဖြစ်နေပြီး၊ ကျောက်ကတုံးကြီးမရှိတော့ပါ။ ကျွန်ုပ်တို့အား နှုတ်ဆက်သည့်အနေဖြင့် ဥသျှစ်သီးအမှည့်များအား ချွေချပေးသွားသည်ဟုသာ မှတ်ယူမိပါတော့သတည်း။ ။

※ ※ ※ ※ ※

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

၁၉၉၁-၉၂ ခုနှစ်ကဖြစ်သည်။ ကျွန်ုပ်သစ်ကုမ္ပဏီတစ်ခုတွင် မန်နေဂျာလုပ်နေသည်။ ကျွန်ုပ်တို့ ကုမ္ပဏီမှာ သစ်ကွက်များရှိသည်။ ပြည်တစ်ဖက်ကမ်း၊ သရက်မြို့နယ်၊ မင်းတုန်းပတ်ဝန်းကျင်၌ဖြစ်သည်။ တစ်နေ့တွင် နိုင်ငံခြားအော်ဒါအရေးကြီးသဖြင့် ကျွန်ုပ်တို့အဖွဲ့သစ်ကွက်များ ဆင်းရန်ဖြစ်ပေါ်လာသည်။

ကျွန်ုပ်နှင့်အတူ မန်နေဂျင်းဒါရိုက်တာ ဦးတင်လှိုင်၊ ဒါရိုက်တာ ဦးဝင်းကြိုင်နှင့် ဦးဘခက်တို့ လင်မယားလိုက်ပါလာကြသည်။ ဆေးမှုန်းကား များ ရှိသော်လည်း တောလမ်းခရီးသွားရမည်ဖြစ်၍ တစ်ရက်စည်းတည်း



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ရန် Sunny Pickup ကားကလေးကိုသာ သုံးကြသည်။ ကားကို ဦးဝင်းကြိုင်ကမောင်းသည်။ ကျွန်ုပ်ရှေ့ခန်းတွင်ထိုင်သည်။ ဦးဘခက်တို့ လင်မယားနှင့် ဦးတင်လှိုင်၊ စာရေးကလေးဝင်းနိုင်တို့က နောက်ခန်းက စီးကြသည်။

မနက် (၇) နာရီခန့်က ရန်ကုန်မှထွက်လာကြရာ နေ့လယ် (၁၁) နာရီကျော်မှ ပြည်သို့ရောက်သည်။ ပြည်ဆိပ်ကမ်းတွင် တစ်ဖက်ကမ်း သရက်မြို့သို့ကူးရန်အတွက် ဇက်ရေယာဉ်ခေါင်းရင်း နီးစပ်ရာဆိုင်တွင် နေ့လယ်စာစားကြသည်။ ဆိုင်မှာဆိုင်ကြီးမဟုတ်သော်လည်း တောဟင်း လျာများရသည်။

ယုန်သား၊ ချေသား၊ ဂျီသား၊ ဆတ်သားဟင်းနှင့် ငါး ဟင်း ကြက်သား၊ ဘဲသား၊ ဝက်သားဟင်း စုံအောင်ရသည်။ အသီးအရွက်ဟင်းလည်းစုံသည်။ တောဟင်းလျာကြိုက်သော ဒါရိုက်တာ ဦးဝင်းကြိုင်က ရွေးချယ်သောဆိုင်ဖြစ်သည်။ အားလုံးကလည်းသဘောကျကြသည်။ မြိန်ယှက်စွာ စားသုံးကြအပြီး၌ ဇက်ရေယာဉ်ရောက်လာ၍ ကားများတင်ပြီး တစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။

ထိုစဉ်က ရောဝတီ မြစ်ရေပြင်မှာ အတော်ကျယ်ဝန်းသည်။ နာရီဝက်ခန့် ခုတ်မောင်းမှ တစ်ဖက်ကမ်းသို့ရောက်သည်။ ကမ်းပေါ်တက်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ကြပြန်သည်။ ထိုမှ မင်းတုန်းဘက်သို့ ဦးတည်၍ မောင်းလာကြရာ ပုသိမ်မုံရွာလမ်းမကြီးသို့ ရောက်လာသည်။ ထိုမှအထက်သို့ ဆက်တက်၍ ပုသိမ်၊ မုံရွာလမ်း၏အနောက်ဘက်ရှိ အနောက်ရိုးမတောင်ခြေအနီး ကြို့ကုန်းရွာကလေးသို့ ရောက်ရှိသည်။

ကြို့ကုန်းရွာတွင် ကုမ္ပဏီ၏ သစ်ခွဲသားများရှိသည်။ မန်နေဂျာ ဦးဘဦး မိသားစုနှင့်အတူ သစ်စက်ဝင်းအတွင်း နေထိုင်ကြသည်။



www.burmeseclassic.com

သစ်စက်ဝင်းအတွင်း၌ သစ်လုံးအရှိုင်းများ ခွဲသားများစုပုံနေသည်။ ကျွန်း၊ ပျဉ်းကတိုးအပြင် အင်၊ ကညင်၊ သစ်ရှိုင်းအမျိုးမျိုးတို့အား ကုမ္ပဏီမှ မှာထားသည့်အတိုင်း အပုံလိုက် အမျိုးအစားအလိုက် ဆိုက်အမျိုးမျိုးခွဲ၍ စုပုံထားသည်။

ဦးဘဦး . . .

"ဆရာတို့လာမယ်ဆိုလို့ ကျွန်တော်တို့မနက် အစောကြီး တောသည်ထားတာ။ တောဝက်တစ်ကောင်ရလို့ အမျိုးသမီး ချက်ပြုတ်ထားတယ်။ ညနေစာ အဆင်သင့်ပဲဆရာ"

ဦးဝင်းကြိုင် . . .

"အကောင်းဆုံးပေါ့ဗျာ။ ကျွန်တော်တို့လည်း မရောက်တာကြာတာရယ်၊ နိုင်ငံခြားအမှာတွေကြောင့် စိတ်မချတာနဲ့ လိုက်လာကြတာ။ ခွဲသားတွေ "ကိုတာ" ပြည့်ပြီလား"

ဦးဘဦး . . .

"ပြည့်လုပါပြီဆရာ၊ ပတ်လည်ခွဲဖို့သစ်တွေ ဒီနေ့ရောက်မှာပါ၊ ဆရာတို့တောထဲ ဆင်းကြဦးမလား"

ဦးဝင်းကြိုင် . . .

"ဆင်းရမှာပေါ့ဗျာ။ ကျွန်တော်တို့ နှစ်ညအိပ်၊ သုံးရက်လောက်နေမယ်။ သစ်ကွက်အားလုံး ဆင်းကြည့်မယ်။ အဆင်ပြေရင် အမဲပါ ဆိုက်မယ်။ ဒါနဲ့ သေနတ်တွေရော အဆင်ပြေပါ့မလား"

"ပြေပါတယ်ဆရာ။ ဒီမှာရဲကင်းရှိပါတယ်။ သူတို့နဲ့အတူ လည်ချွာပေါ့။ ကင်းမှူးက သဘောကောင်းပါတယ်"

ကျွန်ုပ် . . .

"ကင်းမှူးက ဘယ်သူတဲ့လဲဗျ အသိများဖြစ်နေမလားလို့ပါ"

www.burmeseclassic.com



ဦးဘဦး . . .

"ကင်းမှူးက တပ်ကြပ်ကြီး ဦးချစ်အေးဆရာ"

ကျွန်ုပ် . . .

"ဘယ်လိုပုံစံလဲဗျ"

ဦးဘဦး . . .

"အသားဖြူဖြူ အရပ်မြင့်မြင့် ဝိန်ဝိန်ဆရာ"

ကျွန်ုပ် . . .

"ထန်းတစ်ပင်က ပြောင်းလာတာမဟုတ်လား"

ဦးဘဦး . . .

"ဟုတ်ပါတယ်ဆရာရယ်၊ ဆရာ့အသိလား။ ဦးချစ်အေး အရမ်းသဘောကောင်းတယ်။ အမဲလိုက်လည်း အရမ်းဝါသနာပါတ ဒီဒေသက ရိုးမတောင်ခြေဆိုတော့ အမဲအရမ်းပေါတယ်ဆရာ"

ကျွန်ုပ် . . .

"အဲဒါဆိုရင် ကင်းစခန်းခဏသွားကြရအောင်ဗျာ။ ကိုချစ်အေ နဲ့ တွေ့ရအောင်။ သူက ကျွန်တော့်ကျောင်းနေဘက် သူငယ်ချင်းဗျ

ဦးဘဦး . . .

"သူတို့စခန်းက ရွာဟိုဘက်ထိပ်၊ ကားလမ်းမဘေးမှာ ဆ ကျွန်တော်လိုက်ပို့ပါမယ်"

ကျွန်ုပ် . . .

"ကဲ . . . ဆရာကိုဝင်းကြိုင်နဲ့ ဆရာဦးဘခက်တို့ရေ ကျွန် ခဏလျှောက်လိုက်ဦးမယ်။ တောကောင်သား၊ တစ်ဝစားဖို့ ပြင်ထား ရော့မျို့"

ဦးဝင်းကြိုင် . . .



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးပေါ့ဗျာ ခင်ဗျားလက်ရာကိုလည်း လက်တွေ့ သိရတာပေါ့။ တောကောင်သား လတ်လတ်ဆတ်ဆတ်က စားရခဲ့တယ်"

ကျွန်ုပ်တို့ ဦးဘဦး၏ သစ်စက်ဝန်းနေအိမ်မှ ရွာလယ်လမ်း အတိုင်း ကားလမ်းမကြီးပေါ်သို့ တက်ခဲ့သည်။ ပုသိမ်၊ မုံရွာ၊ ကား လမ်းမကြီးမှာ အင်္ဂတေလမ်းမကြီးသာဖြစ်သည်။ နိုင်ငံသားအကူအညီ ဖြင့် ဖောက်လုပ်ထားသဖြင့် အတော်ဖြောင့်ဖြူးကျယ်ဝန်းသည်။ သို့သော် ကားအသွားအလာကတော့ အလွန်နည်းသည်။ ရွာတွင်းမှ အိမ်အချို့ မြန်လည်ပြင်ဆင် ဆောက်လုပ်နေသည်ကိုတွေ့ရသည်။ ကျွန်းပင်ပေါက် များဖြင့် လုံးချောဆောက်လုပ်ကြသည်က များသည်။ ဖယောင်းတိုင်လို ဖြောင့်ဖြူးနေသည်။ အိမ်တိုင်းမှာ သစ်ဝါးပေါသောဒေသဖြစ်၍ အိမ်ကြီး အိမ်ကောင်းများသည်။ လမ်းတွင် ဦးဘဦးက . . .

"ဆရာက တပ်ထွက်လား"

ကျွန်ုပ် . . .

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က အကျဉ်းဌာနက ထွက်လာ တဲ့သူပါ"

ဦးဘဦး . . .

"အော်ဒါ့ကြောင့် ဆရာဦးချစ်အေးနဲ့သိတာထင်တယ်"

ကျွန်ုပ်. . .

"မဟုတ်ပါဘူးဗျာ၊ အရင်ကတည်းက ကျောင်းနေဘက် သူငယ် ချင်းပါ"

ကျွန်ုပ်တို့ ကင်းစခန်းရှေ့ရောက်သွားတော့ ကိုချစ်အေးကို မမြင်ရ။ ရဲတပ်သားတစ်ဦး ထွက်လာပြီး . . .

"ဩော် . . . မန်နေဂျာကြီးတို့ပါလား။ ညှော့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပါလာတာကိုး၊ ထိုင်ကြပါခင်ဗျာ။ ဆရာချစ် ရေချိုးနေပါတယ်"

ကျွန်ုပ်တို့ထိုင်ခုံတွင်ထိုင်၍ စောင့်နေကြစဉ် ရဲတပ်သားက ရေနွေးကြမ်းနှင့်ဆေးလိပ်ဘူးပွင့်ကို ဆီဆမ်း၍လာချပေးသည်။ ထိုစဉ် ရေချိုးပြီး မျက်နှာသုတ်ပဝါပတ်၍ ကိုချစ်အေး ကင်းစခန်း အနောက်မှ ထွက်လာသည်။ ကျွန်ုပ်တို့အား လှမ်းကြည့်ပြီး . . .

"ဟာ . . . ကိုသိန်းဝင်းကြီးမဟုတ်လား။ ဘယ်က ဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲ။ ဝမ်းသာလိုက်တာဗျာ"

ရဲတပ်သားဘက်လှည့်၍ "တင်သိန်း . . . အဲ့ဒါ ငါ့ငယ်ပေါင်း သူငယ်ချင်း။ သူက ရေနွေးကြမ်းမကြိုက်ဘူး။ ငါ့အခန်းထဲက ARMY RUM ယူခဲ့။ အတော်ပဲ . . . ကျွန်တော်လည်းမနက်က စောစောစီးစီး တောလည်ပြီး ဝက်တစ်ကောင်ရတာနဲ့ ကလီစာတွေ ချက်ထားတယ်။ မန်နေဂျာကြီးက ညနေသည်လာမယ်ဆိုလို့ သွားပစ်ထားတာ။ ညနေသည် ခင်ဗျားတို့ကို အတော်ပဲ ညကျရင် ညမီးလည်ရအောင်"

ကျွန်ုပ် . . .

"အတော်ပဲ သူငယ်ချင်းရေ၊ ကိုယ်လည်း အဲ့ဒီကိစ္စလာတာ ကိုယ်အလုပ်က ထွက်လိုက်တာတော့ သိတယ်မဟုတ်လား"

ကိုချစ်အေး . . .

"သိတယ် . . . သူငယ်ချင်း။ ပြည်ထောင်ရောက်လို့ ထောင် မှူးကြီး ဦးဝင်းဆန်းက ပြောလိုက်တာ။ ဒီအဆင့်ရောက်မှ ဘာဖြစ်လို့ ထွက်ရတာလဲ သူငယ်ချင်းရယ်။ နှမြောစရာ။ ကျွန်တော်ဆိုရင် အငြိမ်းစား တောင် မဖြစ်သေးဘူး"

ကျွန်ုပ် . . .

"ကိုယ်ရေးကိုယ်တာပါ သူငယ်ချင်း။ မလုပ်ချင်လို့ ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ပြောပါရစေတော့"

ကိုချစ်အေး . . .

"ကဲ . . . သူငယ်ချင်း၊ ရောက်တုန်းရောက်ခိုက် တောစာ စားစားပါဦး၊ လတ်လတ်ဆတ်ဆတ်ပါ"

ကျွန်ုပ်တို့ စားသောက်ကြရင်း ငယ်စဉ်ကအကြောင်းကို ပြောဆိုကြသည်။ ထို့နောက် ညမီးလည်ရန် အစီအစဉ်ဆွဲကြသည်။ တောလည်ရန်နေရာအား စိုက်ပျိုးခင်းများရှိသော အနောက်ရိုးမတောင်စွယ် ဒေသကို ကိုချစ်အေးက ရွေးချယ်ပေးသည်။

ကိုချစ်အေး . . .

"အခု ရွေးတဲ့တောက တောသိပ်မနက်ဘူး သူငယ်ချင်း။ ကိုင်းခင်းတွေနဲ့စပ်နေတော့ ညမီးလည်လို့ကောင်းတယ်။ ကျွန်တော်တို့ ရွာဘိုင်း ရနံ့ကျပဲ၊ တောနက်ရင် ညမီးလည်ဖို့မကောင်းဘူး"

ကျွန်ုပ် . . .

"ဘာကောင်တွေ အရများလည်း ကိုချစ်အေး"

ကိုချစ်အေး . . .

"အခုနွေဦးပေါက်ရာသီက စပါးရိတ်ချိန် ပီလောဥနဲ့ ကန်စွန်းဥ ပြောင်းဖူးတွေပေါ်ချိန်လေ၊ တောဝက်နဲ့ ချေတော့မလွတ်တမ်းရတယ်။ သမင်တွေတော့ တစ်ခါတလေမှတွေ့တတ်တယ်"

ကျွန်ုပ် . . .

"ချေလောက်၊ ဝက်လောက်ဆို တော်ပါပြီဗျာ။ မပစ်တာကြာလှပြီတော့ ညဘက် လက်မှတည့်ပါဦးမလား မသိဘူး"

ကိုချစ်အေး . . .

"ပစ်သာ ပစ်ပါဗျာ။ တောကောင်က ပေါပါတယ်။ ဒရယ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

မရ နောက်တစ်ကောင်ပေါ့။ ကျွန်တော့်တပည့်တွေ ပါပါတယ်။ ဒီမှာတော့ ဒသမ-၃၀၃ ရိုင်ဖယ်တွေပဲရှိတယ်"

ကျွန်ုပ် . . .

"ကောင်းပါတယ်၊ ကိုယ်က အဲ့ဒါကြီးတွေနဲ့မှ အဆင်ပြေတာ"

ကျွန်ုပ် . . .

"ဒါနဲ့ ကိုချစ်အေးရေ တောပစ်မဲ့နေရာက ဒီကနေ အတော်လှမ်းသလား"

ကိုချစ်အေး . . .

"လှမ်းတယ်၊ နှစ်မိုင်သုံးမိုင်တော့ ဝေးတယ်။ အဲ့ဒီကတောင်ခြေရွာမှာ ကျွန်တော်တို့သုံးနေကျ မုဆိုးလှည်းရှိတယ်။ တောထဲကို ညမီးလည်တာ လှည်းနဲ့မှကောင်းတာ။ လမ်းကတော့ ဆိုးသဗျို့။ အဆင်းအတက်လှည်းလမ်းကြမ်းကြီးပဲ"

ကျွန်ုပ် . . .

"အဲဒါဆို ဒီလိုလုပ်မယ်။ တောင်ခြေရွာကို ကားနဲ့သွားမယ်၊ ဟိုကျမှ လှည်းပြောင်းစီးတာပေါ့"

ကိုချစ်အေး . . .

"နားဦးသူငယ်ချင်း ညအိပ်ရေးပျက်ပြီး ပင်ပန်းဦးမှာ အားရှေ့ထား"

⌘ ⌘ ⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

□

ကျွန်ုပ်တို့သစ်စက်ဝင်းထဲပြန်ရောက်တော့ အကျိုးအကြောင်း နှင့်ပြရာ အားလုံးဝမ်းသာနေကြသည်။ ဦးဝင်းကြိုင်တို့က တောကောင် သားစားရန် ဝါသနာပါသော်လည်း တောပစ်အတွေ့အကြုံမရှိကြ။ ထို့ ကြောင့် ကျွန်ုပ်တစ်ဦးတည်းသာ စခန်းရဲအဖွဲ့နှင့် ဂုပေါင်း၍ တောလည် ရသည်ဖြစ်သည်။

ညနေ (၅) နာရီခန့်တွင် ကိုချစ်အေးနှင့်ရဲဘော်နှစ်ဦး ရောက် လာကြသည်။ ကျွန်ုပ်အတွက်လည်း ရိုင်ဖယ်သေနတ်ကြီးတစ်လက် ပါလာ သည်။ ဦးဝင်းကြိုင်ညွှန်ပြသော နိုင်ငံခြားအရက် အနည်းငယ်စီသောက်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ညစာတော့ဝက်သားဟင်းနှင့်စားကြသည်။ ည (၆)နာရီခန့်တွင် ဦးဝင်းကြိုင်က ကျွန်တော်တို့အဖွဲ့အား သူ့ Sunny Pickup ကားကလေးဖြင့် တောင်ခြေရွာထိပ်သို့ လိုက်ပို့သည်။ တောခြေ၊ တောင်ခြေဖြစ်၍ နေဝင်စောသည်။ တောင်ခြေရွာသို့ရောက်တော့ ညနေ(၆း၃၀) နာရီခန့်သာရှိသေးသော်လည်း နေကဝင်သွားပြီး အမှောင်ထုက ကြီးစိုးလာသည်။ ကားကိုပြန်လွှတ်လိုက်ပြီး ကိုချစ်အေးဦးဆောင်သော ကျွန်ုပ်တို့မုဆိုးအဖွဲ့ ရွာခံမုဆိုးအိမ်သို့ လာကြသည်။

မုဆိုးအိမ်မှာ ကားလမ်းအနီးသို့ပင် ရှိသော်လည်း ဝါးဘိုးဝါးနှင့်ကြသောင်းဝါးရုံကြီးများ ဖုံးအုပ်နေသဖြင့် ရုတ်တရက်မမြင်ရ။ ရွာလည်လမ်းပေါ်ရောက်မှ ဖြစ်ရသည်။ မုဆိုးအိမ်ဆိုသော်လည်း ဖက်ရွက်မိုး၊ ထရံကာတဲမဟုတ်၊ ပျဉ်ခင်း၊ ဝါးထရံကာ၊ ခနိုမိုးအိမ်သစ်ဖြစ်သည်။ ခြေတံရှည်အိမ်ဖြစ်၍ အောက်တွင် နွားနှစ်ကောင်နှင့် လှည်းကိုမြင်ရသည်။ ကျွန်ုပ်တို့အဖွဲ့ အိမ်ဝင်းထဲဝင်သည်နှင့် ခွေးနှစ်ကောင်က ဆီးဟောင်သည်။

"ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ်"

ကိုချစ်အေး . . .

"ဟဲ့ . . . ငကျားနဲ့၊ ငနီ ငါတို့ပါဟ"

ခွေးများမှာ ကိုချစ်အေးအသံကြားသဖြင့် ငြိမ်သွားပြီး၊ အမြီးနံ့၍ ထွက်ကြိုလာသည်။ ထိုစဉ်က အပေါ်ထပ်မှ ရွာခံမုဆိုးဆင်းလာသည်။

ကိုချစ်အေး . . .

"တင်သောင်းရေ . . . ငါတို့ပါဟ။ ညမီးလည်ချင်လို့ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်က ညည်းသည့်လည်းပါလာတယ်''

"ဟာ . . . ဆရာတို့ပါလား။ လာ . . . လာ အိမ်ပေါ်တက်ပါဦး။ ကျွန်တော် ထမင်းစားလက်စတာနဲ့ လန်းကြီးနဲ့မို့ပါ''

ကိုချစ်အေး . . .

"အေ . . . အေး . . ., ဆက်စား။ ငါတို့လာပြီ''

ကျွန်ုပ်တို့ အိမ်ပေါ်တက်လာရာ ညှီခန်းတွင် ချေသရေ၊ ချောက်သရေ၊ ဝက်ဝံသရေများအား နံရံတွင် အလှချိတ်ထားသည်။

မှုဆိုး . . .

"ဆရာတို့ညစာစားပြီးကြပြီလား။ ဒီမှာ တောဝက်သားဟင်း ချက်တယ်မျို့။ မနက်တုန်းကတော စားကြပါဦး''

စားပြီးပါပြီ တင်ဒေါင်းရော၊ ငါတို့လည်း တောဝက်သားဟင်းနဲ့ပါပဲ။ ငါလည်း မနက်က အနောက်ရိုးမတောစပ်၊ ချောင်းနံ့ဘေးက ဝက်ပေါက်တစ်ကောင်ရလို့ ချက်စားကြတာ''

"ဟုတ်တယ်ဆရာ၊ ဒီရာသီက တောဝက်အပေါဆုံးပဲ။ ကျွန်တော်လည်း နင်းကိုင်းထောင်ပြီးဖမ်းတာ။ တောဝက်တွေနေ့စဉ်ရနေလို့ အိမ်တောင်အသစ်ပြန်ဆောက်နိုင်တယ်''

"အေး . . . ဝမ်းသာပါတယ်ကွာ၊ မင်းလှည်းပြင်တော့ ငါတို့ ညမီးလည်ရအောင် ဒါနဲ့ ဘယ်ဘက်သွားကြမလဲ''

"ဆရာတို့ လက်နက်ကိုယ်စီပါတာပဲ။ ဒီတောင်စွယ်ကိုပတ်ပြီး အရှေ့ဘက်က မိုက်ခင်းတွေဘက်သွားရအောင်။ အဲဒီဘက်မှာ ဒီရာသီဆိုရင် တောဝက်ရော၊ ဂျီ(ချေ)ပါ ပေါတယ်ဆရာ''

ကျွန်ုပ်တို့အဖွဲ့လှည်းစီးကာ အမဲလိုက်ခွေးနှစ်ကောင်နှင့် ရွာမှ ထွက်ခဲ့ကြသည်။ ရွာအလွန်တောင်ခြေပတ်လမ်းရောက်သည်နှင့် မြောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကာမိုးထိုးရာ ကိုက် (၁၀၀)ခန့်ဝေးသည့်တောင်ခြေ ချုံပုတ်အတွင်းမှ မျက်လုံးစိမ်းစိမ်းတစ်စုံကိုတွေ့ရပြီး ရုတ်တရက် ပျောက်ကွယ်သွားပြန်သည်။ ရဲဘော်က အလေ့အကျင့်ရှိသူပီပီ မီးကာစား၍ ထိုးပြန်ရာ ပြန်ပေါ်လာပြီး ပျောက်သွားပြန်သည်။ ဘာကောင်မှန်းတော့မသိ။ သားကောင်ငယ်ဖြစ်မှန်းတော့ သိကြသည်။ တတိယအကြိမ်မီးအထိုးတွင် မျက်လုံးပြန်ပေါ်လာသည်နှင့် ကိုချစ်အေးက မီးအောက်ဝင်၍ လက်ဦးအောင်ပစ်တော့သည်။

"ဒိန်း"

ဟူသော သေနတ်သံကြီးနှင့်အတူ တောကောင်မှထခုန်ပြီး ပြန်ကျ၍ လဲကျသွားသည်။ ချေတစ်ကောင်ဖြစ်သည်။ အတော်လည်း ဝဖြိုးသည်။ ရဲဘော်နှစ်ဦးအောက်ဆင်း၍ ကောက်လာကြသည်။ ပိဿာ (၂၀)ခန့် ရှိမည်ထင်ရသော ချေမတစ်ကောင်ဖြစ်သည်။ ခေါင်းကိုမှန်ခြင်းဖြစ်သည်။ ညဘက်တောင် လက်ဖြောင့်လှသော ကိုချစ်အေးကို ကျွန်ုပ်က ချီးကျူးမိသည်။

"ကိုချစ်အေး . . . တည့်လှချည့်လားဗျ။ ညဘက်ကြီးတောင် ခေါင်းတည့်တည့်မှန်အောင်ပစ်နိုင်တယ်"

ကိုချစ်အေး . . .

"ဒီချေမ ကံဆိုးလို့ပါ သူငယ်ချင်းရာ။ ညဘက်မပြောနဲ့ နေ့ဘက်တောင် ကိုယ်ပစ်တာ ခေါင်းတစ်ခါမှ မထိဖူးဘူး"

မှဆိုး . . .

"ဆရာချစ်ရေ . . . လာဘ်ကောင်းတယ်ဗျို့။ ဒီညတော့ ရှားရှားပါးပါး ချေတစ်ကောင်ရတယ်။ တောဝက်တွေက ဆုပ်လိုက်နေတာဆိုတော့ လှည်းတောင်ဆုံ့ပါ့မလားမသိဘူးဗျို့"



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေကိုပတ်၍ အရှေ့ဘက်တောင်ကုန်းပေါ်အရောက်တွင် လှည်းလမ်းဆုံးသည်။ တောင်ကုန်းအောက်ခြေတွင် လယ်ကွင်းများနှင့် စိုက်ပျိုးခင်းများရှိသည်။ လှည်းအား နတ်စင်ဟောင်းတစ်ခုအနီးတွင်ဖြုတ်ပြီး နွားများအား အနားပေးသည်။ ခရီးတိုဖြစ်သော်လည်း ကုန်းတက်များချည့်ဖြစ်၍ နွားများမှာ အလွန်ပင်ပန်းနေသည်။ ကျွန်ုပ်တို့ အုပ်စုခွဲကြသည်။ မုဆိုးနှင့်ကိုချစ်အေး ရဲဘော်တစ်ယောက်ကတစ်ဖွဲ့၊ ကျွန်ုပ်နှင့် ရဲဘော်တစ်ယောက်ကတစ်ဖွဲ့ ဖြစ်သည်။ ကျွန်ုပ်တို့ တောင်ကုန်းအောက်ခြေဆင်းကြပြီး လက်ဝဲ၊ လက်ျာ၊ အဖွဲ့နှစ်ဖွဲ့ခွဲကာ စိုက်ပျိုးခင်းကျယ်ကြီးအား ပတ်ရန်ဖြစ်သည်။

လ,မထွက်သေးသော်လည်း ကြယ်ရောင်ဖြင့် စိုက်ပျိုးခင်းကျယ်ကြီးနှင့် ခပ်လှမ်းလှမ်းမှ လယ်ကွင်းများအား မြင်နေရသည်။ ပီလောပီနံစိုက်ခင်းများမှာ လူတစ်ရပ်ကျော်သဖြင့် ကျွန်ုပ်တို့တစ်ဖွဲ့နှင့်တစ်ဖွဲ့ မမြင်ရပါ။ ပီလောပီနံခင်းအတွင်း အကွယ်အကာသစ်ပင်ကြီးများ မရှိသဖြင့် ကျွန်ုပ်တို့ တောဝက်နှင့်တိုးမှာကိုပင် စိုးရိမ်နေမိသည်။ မကြာပါ။ ပီလောပီနံစိုက်ခင်းကအထွက် ကန်စွန်းခင်းအလယ်တွင် ဝက်အုပ်ကြီးအော်သံနှင့်မြေတူးသံ၊ ကန်စွန်းဥဝါးသံများအား ကြားလာရသဖြင့် ကျွန်ုပ်တို့နှစ်ဦး ပီလောပီနံခင်း မှောင်ရိပ်တွင် ဝင်ကပ်လိုက်ကြသည်။ ကြယ်ရောင်အောက်တွင် မဲမဲလုံးလုံးများအား အရေအတွက်များစွာ တွေ့ရသည်။ ကျွန်ုပ်တို့နှင့် ကိုက်(၁၀၀)ခန့်သာ ဝေးပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့က လေအောက်က ဖြစ်ပုံရသည်။ တောဝက်အုပ်၊ အနံ့ရဟန်မတူ။ အစာကိုသာ အငမ်းမရ လုစားနေကြသည်။

“ဝု . . . ဝု . . . အိ . . . အိ . . . ဂွတ် . . . ဂလု”

ကျွန်ုပ်ရဲဘော်အား လူချင်းခွဲ၍ နေရာယူစေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောဝက်ပစ်သော အတွေ့အကြုံ ကျွန်ုပ်တွင် များစွာရှိသည်။ ပစ်ပြီးသည်နှင့်နေရာတွင် ရပ်မနေဘဲ ခုန်ရှောင်ရန် ကျည်အသင့်ထိုးထားရန် တိုးတိုးမှာကြားရသည်။ ပစ်ရမည့်အနေအထားမှာ မတ်ရပ်၊ အကာအကွယ်မရှိ။ ဝက်ပစ်ဖို့လာရာ အကွယ်အကာမရှိ၍ မပစ်လိုက်ရလျှင်လည်း မုဆိုးသိက္ခာကျပေရော့မည်။ အသင့်အနေအထားဖြစ်သည်နှင့် ကျွန်ုပ်လေချွန်၍ အချက်ပေးလိုက်ရာ . . .

"ရှီ . . ."

"ဒိုင်း . . . ဒိုင်း"

ဟူသော သေနတ်သံနှစ်ချက်နှင့်အတူ မဲမဲလုံးလုံး ဝက်အုပ်ကြီး လယ်ကွင်းဖြတ်၍ပြေးကြစဉ် . . .

"ဒိုင်း . . . ဒိုင်း" ဟူသော သေနတ်သံနှစ်ချက်ကို ထပ်မံကြားလိုက်ရသည်။ ကိုချစ်အေးတို့အဖွဲ့ဖြစ်ပေမည်။ ကျွန်ုပ်က . . .

"ဟာ . . . ငါတို့ပစ်တာ ဝက်မတွေ့ကွ"

ရဲဘော် . . .

"ဆရာက မှောင်ကြီးထဲ ဘယ်လိုလုပ်သိတာလဲ"

"ဟ . . . ဝက်မှန်လို့ပေါ့။ ဝက်သိုးသာဆိုရင် ငါတို့ကို ယမ်းခိုးလျှောက်ပြီး ပြေးထိုးတာပေါ့ဟ။ ဒါကြောင့် မင်းကိုပစ်ပြီးတာနဲ့ နေရာရွှေ့လို့ သတိပေးတာပေါ့"

"မင်း ဝက်မပစ်ဖူးဘူးလား"

"ကျွန်တော် ဝက်မပစ်ဖူးသေးဘူးဆရာ။ ချေလောက်၊ ယုန်လောက်ပဲ ပစ်ဖူးတာပါ"

ထိုစဉ်တစ်ဖက်မှ မီးရောင်များမြင်ရ၍ ကျွန်ုပ်တို့က မီးပြန်ပြရာ ဝက်များအား ထမ်းလာကြသည်ကို မြင်ရသည်။ ဝက်များမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပေါက်များဖြစ်၍ ဝက်မများသာဖြစ်သည်။ အချိန် (၄၀) စီလောက် သာ ရှိပေလိမ့်မည်။

ကိုချစ်အေး . . .

"ကိုသိန်းဝင်းရေ . . . ဘယ်နှစ်ကောင်ရသလဲ ကျွန်တော်တို့တော့ နှစ်ကောင်ရတယ်"

ကျွန်ုပ် . . .

"ကျွန်တော်တို့လည်း နှစ်ကောင်ပါပဲ။ ဝက်မနှစ်ကောင်"

ကိုချစ်အေး . . .

"ဒါ . . . ဝက်ဖျန်းအုပ်ဗျ။ ကျွန်တော်က ဝက်သိုးကြီးနဲ့ ဝက်မကြီးကို ပစ်ချင်တာ။ အဲဒီကောင်ကြီးတွေကမှ အချိန် (၆၀)ကျော်တာ"

ကျွန်ုပ် . . .

"ဝက်ပျိုသားပဲ ကောင်းပါတယ် ကိုချစ်အေးရယ်၊ ဟိုကောင်ကြီးတွေက အသားမာပြီး အနံ့ရာယ်များပါတယ်။ ဝက်သိုးဆိုရင် မလုပ်တတ်လို့ကတော့ အလွန်နံတာဗျ"

"ဟုတ်ပါရဲ့ဗျာ။ ကဲ . . . လှည်းစခန်းကို သယ်ကြရအောင်။ မှဆိုးနဲ့ရဲဘော်နှစ်ယောက်က တစ်ကောင်စီသယ်။ ကိုယ်တို့ကတော့ တစ်ကောင်ကို ဝါးလုံးနဲ့ နှစ်ယောက်လျှိုထမ်းတယ်"

ကျွန်ုပ် . . .

"ဒါနဲ့နေပါဦး . . . မှဆိုးရေ့ ခင်ဗျားခွေးနှစ်ကောင်ဘယ်ရောက်နေသလဲ၊ အသံတောင် မကြားမိပါလားဗျ"

မှဆိုး . . .

"ဒီကောင်တွေက လေ့ကျင့်ထားတဲ့ ချင်းခွေးတွေဆိုတော့ အမဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် အသံမထွက်ဘူး"

ကျွန်ုပ် . . .

"ဪ . . . အဲ့သည်လိုလား"

ကျွန်ုပ်တို့လည်းရပ်စခန်းသို့ အထမ်းကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။ လဆုတ်ရက် လတစ်ခြမ်းပဲ့ကလေးမှာ ထွက်ပြူလာပြီဖြစ်သော်လည်း အလင်းရောင်မှာ မှုန်ဝါးဝါး အနောက်ရိုးမတောင်တန်းကြီးလိုတော့ မှိုင်းမှိုင်းညို့ညို့ မြင်နေရသည်။ ကျွန်ုပ်တို့ လှည်းစခန်းတောင်ခြေ ရောက်တော့ ခွေးဟောင်သံများကို ကြားရသည်။ စူးစူးရဲရဲဟောင်နေကြခြင်းဖြစ်သည်။ မုဆိုးက ဝက်သေထမ်း၍ တောင်ကုန်းပေါ် အပြေးတက်သွားသည်။ ကျွန်ုပ်တို့လည်း နောက်ကလိုက်၍ တက်ခဲ့ကြသည်။

လှည်းစခန်းရောက်တော့ လှည်းပေါ်မှ ချေသေကြီးကိုကြည့်၍ ခွေးများဟောင်နေခြင်းဖြစ်သည်။ မြယာပင်တွင် ချည်နှောင်ထားသော နွားနှစ်ကောင်ကလည်း "တဘူးဘူး"အော်၍ ရုန်းနေကြသည်။

ကျွန်ုပ် . . .

"ဘာဖြစ်တာလဲ မုဆိုး"

မုဆိုး . . .

"မသိဘူးဆရာ၊ ချေသေကြီးက လှုပ်နေတယ်၊ အဲဒါကြောင့် ခွေးတွေဟောင်နေကြတာ။ အပမှီတာများလား မသိဘူး"

ဟုတ်ပါသည်၊ ကျွန်ုပ်တို့ချေသေကြီးအား မီးထိုးကြည့်တော့ ဗိုက်ကြီးကဖောင်းလိုက်ပိန်လိုက်ဖြစ်နေပြီး ချေသေကြီးပါးစပ်မှ "အုအု" ဟု အသံထွက်နေသည်။

လက်မြန်လှသော ကိုချစ်အေးက . . .

"ခေါင်းမှန်လို့ ဦးနှောက်တွေ ထွက်နေတာကြောင့် မသေရ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကို ပစ်မယ်ကွာ"ဟု ပြောဆိုကာ ဗိုက်ကြီးအား ရိုင်ဖယ်နှင့်တစ်ချက် ပစ်ထည့်လိုက်တော့သည်။

"ဒိုန်း"

ဟူသော သေနတ်သံကြီးနှင့်အတူ ချေးသေကြီးမှာ ငြိမ်ကျသွား တော့သည်။ ခွေးများလည်း အဟောင်ရပ်သည်။ နွားများလည်း ငြိမ်သွား တော့သည်။

ကျွန်ုပ်တို့ ဝက်သေ (၄)ကောင်အား လှည်းပေါ်တင်ပြီးတော့ လှည်းပေါ်တွင် လူထိုင်စရာနေရာပင်မရှိတော့သဖြင့် ကျွန်ုပ်တို့ ကုန်း ကြောင်း လျှောက်ကြရတော့သည်။

ကျွန်ုပ်က လမ်းလျှောက်ရင်း ကျွန်ုပ်အဖော် ရဲဘော်အား. . .

"ရဲဘော်. . . ဒီလှည်းစခန်းနေရာက ဘာနေရာလဲ။ တစ်ခုခု ထူးခြားနေသလိုပဲနော်"

"ဆရာ . . . ဒီနေရာက သချိုင်းဟောင်းနေရာပါ။ ကျွန်တော် တို့တစ်ယောက်တည်း နေ့ခင်းကြောင်တောင်တောင် မလာရဲဘူး။ ကြမ်း တယ်ဆရာ"

"အေး . . . အေး . . . ကြမ်းတော့လည်း မင်းဆရာကိုချစ်အေး နဲ့တွေ့တော့ ငြိမ်သွားတာပါပဲ"

ထိုစဉ် ကိုချစ်အေးက ကျွန်တော့်အားရေဘူးကမ်းပေးရင်း. .

"သူငယ်ချင်း၊ အမောပြေမော့လိုက်ဦး"

ကျွန်တော့်မှာ ရေငတ်နေသဖြင့် တစ်ငုံမော့လိုက်ရာ အရက်များ ဖြစ်နေ၍ ထွေးထုတ်လိုက်ရသည်။

"ဖူး . . . ဖူး"

ကိုချစ်အေး . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သူငယ်ချင်း ဘယ်လိုဖြစ်တာလဲ။ ဒါ ARMY RUMလေ"

ကျွန်ုပ် ...

"ခင်ဗျားဗျာ၊ စောစောက ပြောရောပေါ့။ ရေအောက်မေ့လို့ မော့လိုက်တာ၊ စောစောစီးစီး"

ကိုချစ်အေး ...

"ဒီမှာ သူငယ်ချင်း။ အရက်သောက်တာ အချိန်ဆိုတာမရှိဘူး။ ကိုယ်ဆိုတစ်ရေးနိုးလည်း ထသောက်တာပဲ။ အခုလည်း စခန်းပြန် ရောက်တာနဲ့ ဝမ်းတွင်းသားဟင်းတွေနဲ့ အဝမြည်းကြမှာ။ အဲဒါ မုဆိုး တွေရဲ့သဘာဝပဲ"

ကျွန်ုပ် ...

"ကိုယ်လည်းသောက်ပါတယ်။ သူငယ်ချင်း ညနေပိုင်းလေး ပေါ့၊ နေ့တိုင်းလည်း မသောက်ပါဘူး။ အမြည်းမကောင်းရင်လည်း မသောက်တတ်ဘူး"

"စိတ်ချ ... သူငယ်ချင်း။ ဒီနေ့ အမြည်းစပါယ်ရှယ်ကောင်း စေရမည်။ တစ်ရွာလုံးကိုလည်း စည်းရုံးရေး ဆင်းတဲ့သဘောနဲ့ အိမ် တိုင်းစေ့၊ ဝက်သားတစ်ပိဿာစီလောက်ဝေမယ်။ ကဲ ... ကိုယ်ကတော့ အရက်နဲ့မျက်နှာသစ်လိုက်ဦးမယ် ... အေး ..."

တောင်အဆင်းဖြစ်၍ လှည်းကမြန်သလို ကျွန်ုပ်တို့ လမ်း လျှောက်ခြင်းလည်း မြန်ပါသည်။ ကျွန်ုပ်ကတော့ လမ်းလျှောက်ရသည့် ကို ပို၍နှစ်သက်ပါသည်။ လှည်းဖြင့် ကုန်းဆင်းအရှည်ကြီးအား ဆင်း ရသည်မှာ အလွန်အန္တရာယ်များလှသည်။ နွားတစ်ကောင်ကြောင့်ခေါက်ထဲ သည်နှင့် လှည်းမှောက်မည်မှာ အသေအချာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဟောင်းတောင်ကုန်းပေါ်မှ ဆင်းပြီးနောက် အလယ်ရိုးမ တောင်စွယ်ပေါ်သို့ တက်ရပြန်သည်။ အလွန်မတ်စောက်သော အတက် ဖြစ်သည်။ နွားများသက်သာစေရန် ကျွန်ုပ်တို့က လှည်းနောက်က တွန်းပေးရသေးသည်။ တောဝက်လေးကောင်နှင့် ချေတစ်ကောင်၏ အလေးချိန်မှာ မနည်းလှပါ။ မုဆိုးအိမ်ရောက်တော့ ရောင်နီပင်လာပြီ ဖြစ်သည်။ ကျွန်ုပ်တို့ခေတ္တနားချိန်၌ အပန်းဖြေနေစဉ် မုဆိုးက ချေသေကြီး အား ဖျက်တော့သည်။ ချေဝမ်းတွင်းသားဟင်းနှင့်စားရန်ဖြစ်သည်။

မုဆိုး "ဟာ . . . ဆရာချစ်ရေ လာပါဦးဗျို့၊ ဒီမှာ . . . ဒီမှာ"

ကိုချစ်အေး "ဘာဖြစ်လို့လည်း ကိုတင်သောင်း၊ ဘာတွေ့ သို့လဲ"

မုဆိုး "ချေမကြီးက ဗိုက်ကြီးနဲ့ဗျာ။ ဒါကြောင့်ဝပြီး ဗိုက်ကြီး ပူနေတာ။ အထဲက အကောင်ငယ်လေးက ချေမကြီးသေနတ်မှန်သေပေမဲ့ အတော်သေးသေးတော့ ရှုန်းကန်နေရှာတာထင်ပါရဲ့"

ကျွန်ုပ် . . .

"ကြည့် . . . ဒါကြောင့် ပြောင်ချေမကြီးဗိုက်က လှုပ်နေပြီး အသံထွက်နေတာကိုး။ သနားစရာဗျာ"

ကိုချစ်အေး . . .

"ပေါက်စကလေး ဝင်ရှုတ်သွားတာပေါ့လေ။ ကျွန်တော် တော့ သချိုင်းကုန်းဟောင်းပေါ်ဆိုတော့ အပမှီတယ်ထင်ပြီး ဆော် ညည့်လိုက်တာ"

မုဆိုး . . .

"ဆရာချစ်ရေ၊ ချေဝမ်းတွင်းသားဟင်းနဲ့ ချေမြေမနီးသား



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတစ်ပွက်ဆူ၊ ကျွန်တော်ချက်ပေးမယ်။ အလွန်ဆေးဘက်ဝင်တ
ဆရာ။ ချေလေးတစ်ကောင်လုံး ဘာမှလွှင့်ပစ်စရာမရှိဘူး။ ခွာလေးဘ
ကအစ အရိုးနုကလေးတွေပို့ ဝါးလို့အလွန်ကောင်းတယ်ဆရာ"

ကိုချစ်အေး . . .

"အေး . . . အေး . . . လုပ်ကွာ။ ငါ့မှဆိုးသက်တမ်းတ
လျှောက်မှာ တစ်ခါမှမစားဖူးသေးဘူးဟေ့"

ကျွန်ုပ် အလွန်တွန့်သွားမိသည်။ ချေမကြီးဗိုက်ထဲမှ အပြင်
မရောက်သေးသည့် ချေသားကလေးအား မြေမနင်းသေးသည့်အတွ
"မြေမနင်းသား"ဟုခေါ်ကြောင်း သိရသည်။ ကျွန်ုပ်၏မှဆိုးသက်တ
တွင် အကြိမ်ကြိမ်ကြုံခဲ့ဖူးသော ကိုယ်ဝန်ဆောင်တိရစ္ဆာန်များအ
မပစ်ဘဲ လွှတ်ပေးခဲ့သည်သာများသည်။ ယခုတော့ ညဘက်ကြီး မီး
ပစ်ရ၍ မရှောင်သာ။ နောက်တစ်ကြိမ်လည်း ချေမဗိုက်ကြီးလွယ်
အပမှိုတယ်ထင်ပြီး ပစ်ရပြန်ရာ အတော်ကံဆိုးသော ချေပေါက်က
ဖြစ်သည်။ ယခုလည်း မြေပင်မကျသေး၊ အမိဝမ်းတွင်းမှ မကျွတ်
"မြေမနင်းသား"အဖြစ် လူတို့၏ အစားကိုခံရပေဦးမည်။

⌘ ⌘ ⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကျွန်ုပ်တို့အဖွဲ့သစ်စခန်းဝင်းအတွင်း ပြန်ရောက်တော့ မနက် (၆) နာရီခန့်ရှိပြီ။ မုဆိုးတင်သောင်းက သစ်စခန်းသို့လှည်းဖြင့် လိုက်ပို့ခြင်းဖြစ်သည်။ မုဆိုးက ဝက်တစ်ကောင်နှင့် ချေတစ်ခြမ်းယူသည်။ ကိုချစ်အေးတို့အဖွဲ့က ဝက်နှစ်ကောင်ယူ၍ ကျွန်ုပ်တို့ ဧည့်သည်များအတွက် ဝက်တစ်ကောင်နှင့်ချေတစ်ခြမ်းရသည်။

ကျွန်ုပ်တို့ရောက်သည်နှင့် စခန်းကလူများ အကုန်နိုးထလာကြသည်။ မုဆိုးနှင့်ကိုချစ်အေးပြန်တော့ ကျွန်ုပ်ခြေလက်ဆေးပြီး ဆွတ္တအိပ်စက်သည်။ မန်နေဂျာကြီးနှင့် ဦးဝင်းကြိုင်တို့ကတော့ ချေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝက်အားဖျက်ကြပြီး အလုပ်သမားများအားဝေငှရန် လုပ်ဆောင်ခြင်း ချက်ပြုတ်ခြင်း လုပ်နေကြသည်။ ကျွန်ုပ်တစ်ရေးနိုးတော့ အရက်ဝိုင်း အဆင်သင့်ဖြစ်နေပြီ။ မနက်(၁၁)နာရီခန့်သာ ရှိသေးသည်။ ဦးဝင်းကြိုင်

"လာဗျို့ . . . ကိုသိန်းဝင်း။ အဆင်သင့်ပဲ။ ညက အတော်ပင်ပန်း သွားတယ် ထင်တယ်"

ကျွန်ုပ် "ပင်ပန်းပြီလားဗျား။ ဝက်သေတွေကို တောင်ကုန်းပေါ် ဝိုင်းထမ်းတင်ရတယ်။ လှည်းကလည်း အသွားတုန်းကသာ စီးရတာ အပြန်ကုန်းကြောင်းဗျ။ လှည်းစီးရတာလည်း မသက်သာပါဘူးဗျာ အခုထိ ခါးတွေကို အောင့်နေတုန်းပဲဗျ အလေ့အကျင့်မရှိတာလည် ကြာပြီလေ"

ကျွန်ုပ်က ညက ချေမကြီးအကြောင်း။ ချေဝမ်းတွင်းသား အကြောင်း။ စုံစေ့အောင်ပြောရာ တောကောင်သားစား ဝါသနာပါသော ဦးဝင်းကြိုင်နှင့် ဦးဘခက်တို့က . . .

"ကိုသိန်းဝင်းရယ် . . . ယူလာခဲ့ရောပေါ့ဗျာ။ အဲ့ဒါယောက်ျ တွေအတွက် အားဆေးဗျ။ အင်မတန်ရခဲတာ နည်းနည်းပါးပါးယူလ ခဲ့ရောပေါ့"

"အေးဗျာ . . . ခေသိုးပဲ။ ကျွန်တော်တော့ သနားလွန်း စားတောင် မစားခဲ့ပါဘူး။ ကိုချစ်အေးနဲ့မုဆိုးကတော့ ခေါင်းမဖော်တမ် စားကြတာဗျို့။ အလွန်အရသာရှိဆိုပဲ"

ကျွန်ုပ်တို့ စားသောက်ကြပြီးနောက် SITE ထဲ ဆင်းရန် ပြ ဆင်းကြသည်။ ကုမ္ပဏီကရရှိထားသော သစ်ကွက်များမှာ မြို့ကျ ရွာ အနောက်ဘက် အနောက်ရိုးမတောင်ခြေတွင်ရှိသည်။ တစ်မိုင်ကျေ ခန့်သာဝေး၍ လမ်းလျှောက်ကြရမည်ဖြစ်သည်။ ထိုအချိန်တွ



www.burmeseclassic.com

www.burmeseclassic.com



သပ်ကြပ်ကြီး ကိုချစ်အေးနှင့် ရဲဘော်နှစ်ဦးရောက်ရှိလာကြသည်။

ကိုချစ်အေး . . .

“ကိုသိန်းဝင်းတို့ သစ်ကွက်ဆင်းမလို့မဟုတ်လား။ လာဗျို့ . ကျွန်တော်တို့လည်း အဲဒီဘက်သွားမှာ အတော်ပါပဲ”

ကျွန်တော်တို့အဖွဲ့ ရွာလယ်လမ်းအတိုင်း အနောက်ဘက်သို့ ဆင်းခဲ့ကြသည်။ ရွာလယ်လမ်းမှာ သစ်တိုက်၊ သစ်ဆွဲလမ်းဖြစ်၍ ဖုန်ထနေသည်။ သစ်ကွက်များအနီးအထိ လမ်းကောင်းသည်။ သစ်ကွက်များ ဝင်လမ်းကတော့ တောလမ်းသာဖြစ်သည်။ ဆင်နှင့်ကျွဲနှင့်ဆွဲသော သစ်ဆွဲလမ်းကြမ်းကြီးဖြစ်သည်။ ကျွန်ုပ်တို့ကုမ္ပဏီက ရရှိထားသော သစ်ကွက်များမှာ သစ်ပင်ကြီးများရှိသေးသော်လည်း အခြားသစ်ကွက်များမှာ အပြောင်ရှင်းကြခြင်းဖြစ်၍ သစ်ကွက်ခုတ်ပြီးနောက် တောင်ကတုံးဖြစ်နေသည်။

ယခင်သစ်တောဥပဒေအရ သစ်ပင်ကြီးများအား ပတ်လည် ၄ ပေအထက်မှ ခုတ်ရသည်။ ပင်စည်ငုတ်ကိုလည်း ၄ ပေချန်ထားရသည်။ ထို့အပြင် ခုတ်လှဲသော သစ်ပင်ကြီးအနီးတွင် မျိုးပင်ပေါက်မျိုးများအား ထပ်မံစိုက်ပျိုးရသည်။ ယခုတော့ မဟုတ်ပါ။ ပင်စည် ၄ ပေလည်း မချန်ပါ။ မျိုးပင်ပေါက်လည်း မစိုက်ပါ။ သစ်မြစ်ဆုံကြီးကိုပင် အမြစ်ကဖေါ်၍ ငုတ်ထုတ်နေကြသည်။ သစ်ပင်ငယ်များကိုလည်း ထင်းအဖြစ်ခုတ်လှဲ ပြီး စုပုံထားသည်။ မြေလှန်စနစ်သုံးခြင်းဖြစ်သည်။ အနောက်ရိုးမပေါ် ကျွန်ုပ်မော့ကြည့်ရာ ကြီးမားသောသစ်ပင်ကြီးများ အတော်ရှားသွားသည်။ ရိုးမတစ်ခွင်လုံး ကုမ္ပဏီသစ်ကွက်များချည်းသားမသိပါ။

ကျွန်ုပ်တို့သစ်ကွက်ထဲတွင် ခေတ္တနားကြပြီး မန်နေဂျာကြီးက . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့အလုပ်နားရက်ပါ။ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်တော့ အနားပေးရပါတယ်။ လူတွေက မနားချင်ကြပေမဲ့ ဆင်နဲ့ကျွဲတွေက ပင်ပန်းလွန်းလို့ အနားမပေးရင် အလုပ်မလုပ်ချင်ကြဘူး။ ဒါ့ကြောင့် တောထဲမှာ လူရှင်းနေတာ။ ကြားရက်တွေမှာဆိုရင်တော့ စက်လွှသံ၊ အော်ဟစ်သံနဲ့ ဆူညံနေတာပဲ"

ကျွန်ုပ်တို့အဖွဲ့ ကုမ္ပဏီမှ ရရှိထားသော ခုတ်ပြီးနှင့် မခုတ်ရသေးသော သစ်ကွက်များအား ပတ်ကြည့်ကြသည်။ အတော်ကျယ်ဝန်း၍ အဆုံးထိမသွားနိုင်၊ အဝေးကပင် မန်နေဂျာကြီးလက်ညှိုးညွှန်ပြသော သစ်တောများကို လှမ်းကြည့်ရသည်။ ကုမ္ပဏီပိုင်သစ်ကွက်တိုင်းအား မိမိတို့ ကုမ္ပဏီနာမည်တပ်၍ ဆိုင်းဘုတ်များ စိုက်ထူထားသည်။

ညနေစောင်း ကျွန်ုပ်တို့ပြန်ရန်အလုပ်တွင် တပ်ကြပ်ကြီး ကိုချစ်အေးက . . .

"ကိုသိန်းဝင်းရေ . . . လိုက်ခဲ့ဦးဗျာ။ ကျွန်တော်တို့ကတော့ သစ်ကွက်လုံခြုံရေးနဲ့ အမဲလည်ဖို့ လျှောက်ကြဦးမှာ"

မန်နေဂျာကြီးနှင့် ဦးဝင်းကြိုင်တို့ ပြန်သွားကြတော့ ကျွန်ုပ် ကိုချစ်အေးတို့နှင့် ပါလာခဲ့သည်။ ကျွန်ုပ်တွင် လက်နက်တော့ မရှိပါ။

သစ်ထုတ်ကွက်များအားကျော်ပြီး ကျွန်ုပ်တို့အဖွဲ့ လျှိုလမ်းအတိုင်း အောက်ဘက်စမ်းချောင်းအတွင်း ဆင်းကြသည်။ စမ်းချောင်းရေထဲတွင် ငါးလေးများနှင့် ကျောက်ခဲ၊ ကျောက်တုံးများအား အတိုင်းသား မြင်နေရသည်။ စမ်းချောင်းတစ်ဖက်ကမ်း အနောက်ရိုးမတောင်ခြေ သစ်တောကြီးမှာ အတော်ထူထပ်နေသေးသည်။

ကျွန်ုပ်တို့အဖွဲ့ စမ်းချောင်းထဲမှ တစ်ဖက်ကမ်းပေါ်သို့တက်၍ ဥဆိုးလမ်းအတိုင်း စီတန်းလျှောက်ကြသည်။ ကျွန်ုပ်နှင့် ကိုချစ်အေးက



www.burmeseclassic.com

www.burmeseclassic.com



ခုံးက ဖြစ်သည်။ ချောင်းစပ်တွင် ပေါက်နေသည့်ကြိမ်ရုံ၊ တောပျောရုံ၊ ဝါးရုံများအားဖြတ်ကျော်အပြီး ရေစပ်တွင်ရှိနေသည့် ကြီးသော ကျောက်တုံးကြီးအကွယ်သို့အရောက်တွင် တစ်ဖက်မှရေသံနှင့် ဝက်အော်သံများအား ကြားရသည်။

"ဝု . . . ဝု . . . အိ . . . အိ . . . ဗွမ်း . . . ဗွမ်း"

ကျွန်ုပ်တို့ ကျောက်တုံးကြီးအကွယ်မှ ချောင်းကြည့်ကြရာ ဝက်သိုးကြီးနှင့် ဝက်မနှစ်ကောင် လူးအိုင်တွင် ရေစိမ်နေကြခြင်းဖြစ်သည်။ ထိုစဉ် ကိုချစ်အေးကခွဲတမ်းချ၍ သေနတ်တစ်လက်အား တပည့်ထံမှယူပြီး ကျွန်ုပ်အားပေးသည်။ ဝက်သိုးကြီးအား ကျွန်ုပ်က ပစ်ရန်ဖြစ်ပြီး ဝက်မနှစ်ကောင်အား သူတို့ဆရာတပည့်က ပစ်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ အကာအကွယ်နှင့်နေရာယူကြပြီး အသင့်အနေအထား ပြင်ကြသည်။ ဝက်များကတော့လူး၍ ကောင်းတုန်းပင်။ အသင့်ဖြစ်သည်နှင့် ကျွန်ုပ်က လေချွန်၍ အချက်ပေးလိုက်ရာ . . .

"ဒိန်း . . . ဒိန်း . . . ဒိန်း"

ယမ်းပေါက်ကွဲသံမှာ တောဟိန်းသံကြီးနှင့် ပဲ့တင်ထပ်သွားသည်။ ကိုက် (၅၀)ခန့်ပစ်မှတ်ဖြစ်၍ ပစ်ချက်၊ ထိချက်ကောင်းသည်။ ဝက်သိုးကြီးမှာ ခေါင်းထိ၍ လူးအိုင်ထဲက ထပင်မထနိုင်တော့။ ဝက်မများကတော့ ရုန်းကန်နေသေးသည်။

ကိုချစ်အေး "ပိုင်လိုက်တာဗျာ။ ကျွန်တော်တို့ပစ်ရင် တစ်ကောင်နှစ်ကောင်ပဲရမှာ။ ခင်ဗျားပါတော့ အကုန်ရသဗျာ။ ဝက်သိုးကြီးက အချိန်(၆၀)ကျော်မယ်။ ဝက်မတွေကတော့ (၅၀)လောက်ရှိမှာပေါ့ဗျာ . . . ဟိုဝက်မတစ်ကောင်က ဝလိုက်တာ(၅၀)ကျော်မယ်ထင်တယ်"

ကျွန်ုပ် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီဝက်မကာ ဇီးကြီးနဲ့ဗျ။ ဒါကြောင့် ဗိုက်ကြီးဖောင်းနေတာလေ"

ကိုချစ်အေး . . .

"ဟာ . . . လာပြန်ပြီ" "မြေမနင်းသား" တောဝက်တွေက ချေတွေလို တစ်ကောင်တည်းမဟုတ်ဘူးဗျ။ လေးငါးကောင် သားလောင်း ပါတတ်တယ်။ ကော်တာပဲဗျို့"

သူက အားရဝမ်းသာပြောနေသော်လည်း ကျွန်ုပ်ကတော့ အတော်စိတ်ပျက်မိသည်။ ကိုယ်ဝန်ဆောင် တောကောင်များနှင့်သာ တိုးနေသဖြင့် အံ့လည်းအံ့ဩမိသည်။ ကျွန်ုပ်၏မုဆိုးဘဝတွင် ကိုယ်ဝန်ဆောင် တောကောင်များအား ဘယ်တုန်းကမှ မပစ်ခဲ့။ အမြဲတမ်း ရှောင်ခဲ့သည်။ ယခုမှ (၂)ကြိမ်တိုင်တိုင်တိုးခြင်းအတွက် စိတ်လည်း အတော်မကောင်း ဖြစ်မိသည်။ ကိုချစ်အေးတို့ကတော့ ရှောင်မည်မဟုတ်။ သားကောင်များ ကြီးမားလွန်းသည့်အတွက် ကျွန်ုပ်တို့ မထမ်းနိုင်ပါ။ ရဲဘော်နှစ်ယောက် သစ်စခန်းပြန်၍ လူခေါ်ကြသည်။ ကျွန်ုပ်နှင့် ကိုချစ်အေးတို့ ကျောက်တုံးကြီးပေါ်တက်ထိုင်၍ သူ့တွင်ပါလာသည့် ရေဘူးထဲမှ ARMY RUM ကို တစ်လှည့်စီမော့ကြတော့သည်။

ကျွန်ုပ် . . .

"ကိုချစ်အေး . . . နောက်ဆို ဇီးရှိတဲ့ တောကောင်တွေ မပစ်ပါနဲ့ဗျာ။ သစ်တောဥပဒေနဲ့လည်း ငြိစွန်းတဲ့အပြင် လူကသတ္တဝါ အပေါ် မညှာတာရာ ရောက်ပါတယ်။ သဇ္ဈေသားလောင်းလေးတွေ သနားပါတယ်ဗျာ"

ကိုချစ်အေး . . .

"ကျွန်တော်လည်း ဆေးဘက်ဝင်တယ်ဆိုလို့ ပစ်တာစားတာ



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ။ အခုပစ်ခဲ့တာတွေကလည်း စီးရှိမှန်း သိမှမသိဘဲ။ နောင်ဆို ခင်ဗျားပြောတဲ့အတိုင်း ဆင်ခြင်ရတော့မှာပေါ့"

"ဒါနဲ့ ကိုသိန်းဝင်းတို့ ဘယ်တော့ ပြန်ကြမှာလဲ"

"သစ်ကွက်တွေစစ်ပြီး အမှာစာတွေနဲ့ ကိုက်မကိုက်စစ်ဆေးပြီး ပြီဆိုတော့ ဒီညအိပ်ပြီး မနက်ဖြန်ပြန်ကြမယ်လေ"

"အဲဒါဆိုရင် စာတစ်စောင်နဲ့ငွေအချို့ မိန်းမဆီပေးလိုက်ချင်တယ်ဗျာ။ ခင်ဗျား တောင်ငူကလာက ကျွန်တော့်အိမ်သိသားပဲ။ ပို့ပေးစမ်းပါ"

"စိတ်ချ . . . သူငယ်ချင်း ပို့ပေးမယ်။ တခြားပစ္စည်းပို့ချင်ရင်လည်းပေးလိုက်။ ကုမ္ပဏီကားတွေ ပေါတယ်။ ဘယ်ကားဆွဲသွားသွား ရတယ်"

"ဒါဆို၊ ချေသားခြောက်နဲ့တောဝက်သားခြောက်ပါ ပေးလိုက်မယ် ဗျာ။ ခင်ဗျားအတွက်ပါပါတယ်။ ကျွန်တော်အိမ်မပြန်ရတာ (၆)လ လောက်ရှိပြီ"

ကျွန်တော်တို့စကားကောင်းနေစဉ် အထမ်းသမားများနှင့် ခိုဘော်နှစ်ဦးရောက်လာသဖြင့် ဝက်များအား နှစ်ယောက်တစ်ကောင် ဒါလုံးလျှို၍ ထမ်းကြပြီး စခန်းပြန်ခဲ့ကြသည်။

စခန်းရောက်တော့ ဝက်ဖျက်သူ၊ ဟင်းချက်သူများနှင့် အလုပ် ရှုပ်ကုန်သည်။ ကျွန်ုပ်၏ကုမ္ပဏီမှ ဦးဝင်းကြိုင်က "မြေမနှင်းသား" ဝက်ပေါက်ကလေး (၅)ကောင်အား တုံးတစ်၍ ကိုယ်တိုင်ချက်သည်။ ဦးဘခက်နှင့် ဦးတင်လှိုင်တို့ကလည်း အားရပါးရ စားကြသည်။ အလွန်ချိုပြီး အလွန်နူးညံ့ကြောင်း ချီးမွမ်းကြသည်။ ကျွန်ုပ်အား အတင်း ကျွေးသော်လည်း မစားခဲ့ပါ။ မည်မျှပင် ဆေးဘက်ဝင်၍ အရသာရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြွားသော်လည်း ကျွန်ုပ်မစားဖြစ်ခဲ့ပါ။

တောကောင်သားဆိုလျှင် လူအတော်များများ စားကြသည်။ ဆေးဘက်ဝင်သည်ဟုဆိုလျှင် အူမ၊ ချေးခါးအကုန်စားကြသည်။ အား ကောင်းသည်ဆိုပြီး မျောက်သွေးကိုဖောက်သောက်ကြသည်။ မျောက် အရှင်ဦးနှောက်ကို ဖောက်၍စားကြသည်။ ဖျံသိုကို အရက်နှင့်စိမ်၍ သောက်ကြသည်။ အကောင်းတကာ့ အကောင်းဆုံးအားဆေးမှာ လူသား၊ လူဦးနှောက်၊ လူသွေးဟုသာ တစ်ယောက်ယောက်က ထောက်လိုက် လျှင်ဖြင့် လူအချင်းချင်းပင်သတ်၍ စားကြဦးမလား မသိနိုင်တော့ပါ။

⌘ ⌘ ⌘ ⌘ ⌘

❀ ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ထောင်မှူးများ၊ တာဝန်မှူးကျလျှင် တစ်ခါတစ်ရံ အမျိုးသမီးဆောင်များသို့ ဝင်ရတတ်သည်။ တစ်ခါတစ်ရံဆိုသည်မှာ အမျိုးသမီးဆောင်များ၌လည်း တာဝန်မှူး၊ တာဝန်ကြပ်ရှိသဖြင့် နေ့စဉ် ဝင်ရန်မလို။ အရေးပေါ်လူနာကိစ္စများ၌သာ အမျိုးသား ဆရာဝန် (ဓါ ဆေးမှူးနှင့် ကျွန်ုပ်တို့တာဝန်မှူးများ စုပေါင်းဝင်ရောက်ခြင်းဖြစ်သည်။

အမျိုးသမီးအချုပ်ဆောင်မှာ ဘူးတံခါးကြီး၏ ဘယ်ဘက်ခြမ်း တွင်ကပ်နေပြီး ထောင်ကျဆောင်မှာ ဘူးတံခါးကြီး၏ ညာဘက်ခပ်လှမ်း လှမ်းတွင်ရှိသည်။ နှစ်ဆောင်စလုံးအား အပြင်ကလူမမြင်စေရန် သွပ်ပြား နှင့်လည်းကောင်း၊ အုတ်တံတိုင်းဖြင့်လည်းကောင်း၊ အလုံကာရံထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ရင်းအဆောင်ထဲသို့ ကျွန်ုပ်တို့တစ်ခါတစ်ရံ ရောက်လျှင် အသက်ရှုပင် မဝချင်၊ အနံ့ပေါင်းစုံဖြင့် မွန်းကြပ်လှသည်။

ကျွန်ုပ်၏အမျိုးသမီးမှာ ထောင်မှူး ဒေါ်ခင်မြကြွယ်ဖြစ်သည်။ သူက အမျိုးသမီး အချုပ်ဆောင်နှင့် ထောင်ကျဆောင်အားလုံး၏ အဆောင်မှူးဖြစ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် အမျိုးသမီးအချုပ်အားထောင်ကျသူများအကြောင်းကို သူက ကျွန်ုပ်အား ပြောပြတတ်သည်။ သူပြောပြသော တစ်ယောက်မှာ "ဝိုင်းစိန်မ"ဖြစ်သည်။ အရွယ်မရောက်သေးဘဲ လူလေးဦးအား သတ်မှုဖြင့်ထောင်ကျလာသူ ကရင်မကလေးအကြောင်းဖြစ်သည်။

တစ်နေ့သည် (၉)နာရီခွဲခန့် ကျွန်ုပ်တို့ အပြင်ပါတ်ကင်းတာဝန်ထမ်းဆောင်ပြီး ထောင်ထဲပြန်ဝင်၍ (Main Jail)၌ အနားယူရင်း ရေနွေးကြမ်းသောက်နေကြစဉ် တယ်လီဖုန်းဝင်လာသည်။ ဘူးတံခါးကြီးမှ ဖြစ်သည်။

"တာဝန်မှူးဆရာ၊ အမျိုးသမီး ထောင်ကျဆောင်က အရေးပေါ်လူနာအတွက် ဆေးမှူးခေါ်နေပါတယ်။ အမြန်လာပါ"

ကျွန်ုပ် . . .

"အေး . . . အေး . . . ကောင်းပြီ"

"ဆန်းဦးရေ . . . ထောင်ဆေးရုံကို သွားစမ်းကွာ၊ ဆေးမှူးမောင်မြကိုခေါ်ခဲ့၊ အမျိုးသမီးအကျဆောင်ဝင်ရမယ်လို့"

"ဟုတ်ကဲ့ . . . ဆရာ"

ဆေးမှူးမောင်မြ ချက်ချင်းရောက်လာသည်။ ကျွန်ုပ်တို့အဖွဲ့ တာဝန်ကြပ်အားခေါ်၍ အမျိုးသမီးဆောင်သို့ သွားကြသည်။ အမျိုးသမီးထောင်ကျဆောင်မှာ အပြင်တံခါးမကြီးအား အပြင်ဘက်က သော့ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားလေ့ရှိပြီး အတွင်းဝင်းတံခါးအား အမျိုးသမီးဆောင် တာဝန်ကျ သူမှ သော့ကိုအတွင်းမှ ခတ်ထားလေ့ရှိသည်။ ကျွန်ုပ်တို့အတွင်းရောက် တော့ အမျိုးသမီးထောင်ကျဆောင်မှာ နှစ်ထပ်အိပ်ဆောင်ကြီးဖြစ်သည် ဝင်းအတွင်း၌လည်း သရက်ပင်ကြီးများဖြင့် အတော်ကျယ်ဝန်းသည် အောက်ထပ်တွင် အခန်းများဖွဲ့ထားသော်လည်း အပေါ်ထပ်မှ Hall ခ ကြီးဖြစ်သည်။ ရုံးခန်းအား အောက်ထပ်အလယ်ခန်းတွင် ဖွင့်လှစ်ထ သည် ကျွန်ုပ်၏ဇနီးမှာလည်း ယနေ့တာဝန်မှူးဖြစ်ရာ မေးမှုအား

"ဆရာမမြရေ ရုံးခန်းဘေးကအခန်းက ကလေးလူနာ၊ အ ထပ်က မိုက်အောင့်တာနဲ့ မျှားတာနဲ့အစုံပဲ။ သူတို့က နေ့ဘက် အကောင်း ညဘက်မှဖြစ်ကြတာ။ ရောဂါကို စုထားကြတယ်၊ ဘယ်အ ဝင်မလဲ"

"အောက်ထပ်က ကလေးလူနာကို အလျင်ကြည့်ရအောင် ဆရာမကြီး ကလေးက ဘာဖြစ်တာလဲ"

"ကလေးက ကိုယ်ပူပြီး မျှားတာပါ။ နို့မစို့နိုင်ဘဲ တစ်ည အော်နေတယ်"

ထိုစဉ်တွင် တာဝန်ကြပ်ဆရာမက သော့ဖွင့်ပေးသော်လည ခေတ်ဟောင်းက သော့ကြီးများဖြစ်၍ အတော်နှင့်မပွင့် ကျွန်ုပ်၏ အ သမီးက ရုံးခန်းထဲမှ မိန်းကလေးတစ်ဦးအား လှမ်းခေါ်လိုက်သည်

"ဝိုင်းဝိုင်းရေ. . . လာဦးဟေ့"

"ဟုတ်ကဲ့ . . . ဆရာမ"

ရုံးခန်းထဲမှ ဝဝတောင့်တောင့် မိန်းကလေးတစ်ဦး ထွက်လ သည်။ တာဝန်ကြပ်က သူမအား သော့တွဲပေးလိုက်သည်နှင့် ချက်ချ ရွေးချယ်ပြီးဖွင့်ပေးရာ အလွယ်တကူ သော့ပွင့်သွားသည်။ ခေါင်းမြီး



www.burmeseclassic.com

www.burmeseclassic.com



တ ကျွန်ုပ်အား . . .

"ဒါ . . . တို့ပြောပြဖူးတဲ့ ပိုင်းစိန်မလေ၊ ညဘက် တာဝန်ကျ ဝန်ထမ်းတွေအတွက် လက်တိုလက်တောင်းနိုင်းရအောင် ထုတ်ထားတာ။ သူက အင်မတန်မှဖင်ပေါ့တယ်။ အရိပ်အကဲလည်း နားလည်တယ်။ တစ်ဆောင်လုံးမှာ သူ့လက်၊ သူ့ခြေချည်းပဲ"

ကျွန်ုပ် . . .

"သူက ထောင်ဘယ်လောက်ကျသလဲ။ ဘာအလုပ်ချထားသလဲ"

ဒေါ်ခင်မြကြွယ် . . .

"ပိုင်းပိုင်းက ထောင် (၇)နှစ်ကျတယ်။ ကလေးခန်း၊ အခန်းလူကြီးပေါ့။ နေ့ဘက်မှာ သူ့ကလေးအဖွဲ့နဲ့ တစ်ဆောင်လုံး သန့်ရှင်းရေးလုပ်တယ်။ သူတစ်ယောက်တည်း ရေလောင်းအိမ်သာသန့်ရှင်းရေးလုပ်လည်းလုပ်တယ်။ ရေထည့်တယ်"

ဆေးမှူးမောင်မြနှင့်တာဝန်ကြပ်တို့ ကလေးလူနာအား ကုသပေးနေစဉ် ဒေါ်ခင်မြကြွယ်က ကျွန်ုပ်အား ညလယ်စာအဖြစ် ကော်ဖီ၊ ဘိတ်မုန့်တို့ဖြင့် ဧည့်ခံသည်။ ကော်ဖီကို ပိုင်းစိန်မက ဖျော်ပေးခြင်းဖြစ်သည်။

ဆေးမှူးက အောက်ထပ်အပြင် အပေါ်ထပ်လူနာပါ ကြည့်ရဦးမည်ဖြစ်ရာ ကျွန်ုပ်က အချိန်ရသဖြင့် . . .

"ပိုင်းစိန်မ . . . ခဏလာပါဦး။ သမီးအမှုအကြောင်းကို ဦးကိုခပ်တိုတို ပြောပြပါလား။ ဦးနားထောင်ချင်လို့ပါ"

"ဟုတ်ကဲ့ . . . ဆရာဦး။ သမီးပြောပြပါ့မယ်

သမီးနာမည်က မပိုင်းစိန်ပါ။ သမီးအဖေက ကရင်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဦးအောနော်တင်။ အမေက မြန်မာလူမျိုး ဒေါ်ခင်စိန်ပါ။ သမီးတို့ထ
သင်းရဲပါတယ်။ အဖေ့အလုပ်က လယ်သူရင်းငှား၊ အမေက ကောက်
စိုက်သမပါ။ သမီးတို့နေတာ ဝိုက်ကြီးမြို့နယ် ဥဝိုကျေးရွာပါ။ သမီး
ရွာကျောင်းမှာ (၄)တန်းအထိ ပညာသင်ဖူးပါတယ်။ မိဘတွေ စီးပွားရေး
မကောင်းတာနဲ့ (၄)တန်းအောင်ပြီး ကျောင်းထွက်လိုက်ရတာ။ ကျောင်း
ထွက်ပြီးတော့လည်း အိမ်မှာ ထမင်းချက်၊ ဟင်းချက်၊ ဗာဟီရလုပ်
တာပေါ့။ အဲ့ဒီအချိန်က သမီးအသက် (၁၀)နှစ်ရှိပြီ။

လယ်အလုပ်ဆိုတာလည်း နွေဘက်မှာ အလုပ်မှမရှိတော့
အဖေက ငါးရှာ၊ ဖားရှာ အမေက ထင်းရှာပေါ့။ အိမ်သားတွေစား
သောက်ဖို့တော့ အဆင်ပြေပါတယ်။ တစ်နေ့တော့ ကံဆိုးပြီး အမေ
မိုးထိခံရတယ်။ ရပ်ရွာက ဝိုင်းကူညီပြီး ဝိုက်ကြီးဆေးရုံကို ပို့ပေမဲ့
အသက်မမီတော့ဘဲ ဆုံးရှာတယ်။ အဲဒါကြောင့် သမီးတို့သားအမိရှာမှ
မနေတော့ဘဲ အင်းစိန်က အမျိုးတွေဆီကို ပြောင်းလာကြတယ်။
မြို့မှာတော့ အလုပ်အကိုင်ပေါပြီး သမီးတို့ဘဝရပ်တည်ရေးအတွက်
အဆင်ပြေမယ်ထင်လို့ပါ။ ဒါပေမဲ့ အမျိုးအိမ်ကလည်း မိသားစုကများ
အိမ်ကကျဉ်းတော့ သမီးတို့သားအမိကို လက်ခံထားပေမဲ့ အတော်ဆင်း
ကြတာနဲ့ သမီးတို့ရရာ အလုပ်ရှာကြရတယ်။ ရပ်ကွက်ထဲလိုက်ပြီး အဝတ်
လျှော်တယ်။ ရေထမ်းတယ်။ ရရာအလုပ်လုပ်တာပဲ။ ရတဲ့ငွေကို သမီး
အသုံးစရိတ်ချန်ထားပြီး တည်းအိမ်ကို အကုန်ပြန်ပေးတယ်။ အဲ့ဒါကို
အဆင်မပြေပြန်ဘူး။ အမျိုးအိမ်က သူတို့တော့ ကောင်းကောင်းစား
သမီးတို့ကိုတော့ ဖြစ်သလို ကျွေးလာတယ်။

အဲ့ဒါနဲ့ တစ်နေ့မှာ အဝတ်လျှော်တဲ့အိမ်က ပေးပေးတဲ့
အင်းစိန်ဘိုကုန်းက အိမ်တစ်အိမ်မှာ သားအမိနှစ်ယောက်စလုံး အိမ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရတယ်။ အဲ့ဒီအိမ်မှာပဲနေရပြီး အဲ့ဒီအိမ်မှာပဲ စားကြရတယ်။ သစာလည်းပေးပါတယ်။ လစာက သိပ်မကောင်းပေမဲ့ နေစရာ၊ စားစရာ ဆိုို့ သမီးတို့သားအမိ အသက်ရှူချောင်ကြရတယ်။ နေရတာကတော့ အားကိုဒေါင်အဖီလေးက အခန်းကျဉ်းကလေးမှာပါ။ စားရတာတော့ အိမ်ကြီးရှင်တွေရဲ့ ထမင်းကျန်၊ ဟင်းကျန်ဖြစ်ပေမဲ့ အတော်ကောင်း ပါတယ်။ သမီးတို့အသားအမိက တစ်အိမ်လုံးအတွက် အောက်ခြေသိမ်း လုပ်ရတယ်။ ထမင်းဟင်းချက်တာရော၊ သန့်ရှင်းရေးနဲ့ အဝတ်ဖွတ်၊ မီးပူတိုက်၊ အတော်စုံတယ်။

အဲဒီအိမ်ကြီးမှာ အိမ်သား(၆)ဦးရှိပေမဲ့ ယောကျ်ားလုပ်သူက နယ်ဆင်းပြီး အလုပ်သွားလုပ်နေတယ်။ မိန်းမနဲ့သမီးငယ် မိန်းကလေး ရယ်၊ အဘိုးကြီး၊ အဘွားကြီးရယ်၊ မွေးစားသားဆိုသူရယ်(၅)ဦးပဲရှိ တယ်။ မွေးစားသားကိုထွေးက အသက်(၂၀)လောက်ရှိပြီး ကလေး ကျောင်းကြိုကျောင်းပို့နဲ့ အန်တီလေး အပြင်ထွက်၊ ဈေးဝယ်ရင် ကား မောင်းပေးရတယ်။ အဘိုးကြီး၊ အဘွားကြီးရဲ့ ကျေးဇူးရှင်ရဲ့သားဖြစ်ပြီး မိဘတွေမရှိတော့တာကြောင့် မွေးစားထားတာလို့ သိရတယ်။ ကိုထွေး က အရက်လည်းသောက်တတ်တယ်။ ခြော် . . . ပြောရဦးမယ်၊ သမီး ဆူနေလို့ အန်တီလေးနာမည်က ဒေါ်မေစီ။ သူ့သမီးနာမည်က စီစီထွန်း တဲ့။ သူ့အဖေနာမည် ဦးတင်ထွန်းကို အဖျားနာမည် ယူထားတာဆိုပဲ။ အန်တီလေးက စိန်ပွဲစား၊ ကျောက်ပွဲစားလည်း လုပ်တယ်။

အန်ကယ်ကြီးဦးတင်ထွန်းက သစ်အရောင်းအဝယ်လုပ်လို့ ကြာခဏ နယ်ဆင်းရတယ်။ ဝေါက်သီးလည်း ရိုက်တယ်။ သဒေ. . . ည်း အလွန်ကောင်းတယ်။ နယ်ကပြန်လာရင် သမီးကိုမုန့်ဖိုးလည်း အမြဲတမ်းပေးတတ်လို့ သမီးစုထားတာ အတော်ရနေပြီ။ အန်ကယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က အိမ်ကပ်တယ် မရှိပါဘူး။ အမြဲတမ်းလိုလို ခရီးထွက်နေရတာများ
တယ်။ သူ့ပါဂျဲရိုးကားကြီးနဲ့ ခရီးတစ်ခါထွက်ရင် နှစ်ပတ်လောက်တော
အနည်းဆုံးကြာတယ်။ သစ်ကွက်တွေ ဆင်းရတာလို့သိရတယ်။ အန်ကယ်
ကြီးလည်း အရက်သောက်တတ်တယ်။ သူသောက်တာက အကောင်းစား
အရက်ပုလင်းလှလှတွေ အိမ်ပြန်နားရင် နေ့တိုင်းသောက်တယ်။ ဒါပေမဲ့
သူက နည်းနည်းပဲသောက်တာပါ။ အရက်သောက်ပြီးတာနဲ့ ထမင်းစား
တယ်။ ပြီးတာဖတ်တယ်။ ည(၁၀)နာရီထိုးတာနဲ့ မျက်နှာသစ်သွားတိုက်
ပြီး အိပ်ရာဝင်တော့တာပဲ။

အန်ကယ်ဦးတင်ထွန်းရှိတဲ့ရက်တွေမှာတော့ ညပိုင်းမှာ သူ
မိသားစုက TV ကြည့်တယ်။ အခွေထိုးကြည့်တယ်။ အန်ကယ်ကြီး
မရှိတဲ့ ညတွေ၊ နေ့တွေမှာတော့ အန်တီလေးနဲ့ကိုထွေးက ခြေသည်း
တရှုန်းရှုန်းနဲ့ ဖဲရိုက်နေကြတာများတယ်။ အိမ်မှာမရိုက်ရင်လည်း အပြ
ကို ကားတစ်စီးနဲ့ထွက်ပြီးရိုက်တာပဲ။ အဘိုးကြီးက ချစ်တော
ချစ်တောက်ဆူတတ်ပေမဲ့ အဘွားကြီးက ဘာမှမပြောဘူး။ ခေါက်ပိ
လေဖြတ်ထားတော့ ဘီးတပ်ကုလားထိုင်လှည်းနဲ့ပဲ အိမ်အောက်ထပ်
သွားနေတော့တာပါပဲ။

စီစီထွန်းကလေးက (၅)နှစ်ကျော်ကျော်လောက်ပဲရှိသေး
ကျောင်းအကောင်းစားတွေနေရလို့လား မသိဘူး အရမ်းတတ်တ
အမေတူ၊ အဖေတူနဲ့ ရုပ်ချောတယ်။ ဒါပေမဲ့ တစ်ဦးတည်းသော သမီး
အလိုလိုက်ထားလို့ထင်ပါရဲ့။ အတော်ဆိုးတယ် စိတ်ကလည်းကြီး
ကောက်တတ်တယ်။ သူစိတ်ကောက်ရင် ကြောက်ဖို့ကောင်းတယ်
သူနားသွားတာနဲ့ သမီးတို့သားအမိဆိုရင် အနီးမှာရှိတဲ့ ဧည့်ရာပစ္စည်း
ကောက်ပေါက်တတ်တယ်။ သမီးအမေဆိုရင် တစ်ခါ သူစိတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကို သွားချော့မိလို့ အနီးမှာရှိတဲ့ လက်ဖက်ရည်ပန်းကန်နဲ့ပေါက်တာ ကွဲသွားဖူးတယ်။ ကံကောင်းလို့ မျက်စိမမှန်တာ။ ဆေးခန်းကိုလည်း ပြမပေးပါဘူး။ နနွင်းသိပ်ပြီး ပျောက်ရတာပါ။ သမီးလည်း တစ်ခါသူ စိတ်ကောက်နေတုန်း ကော်ဖီသွားတိုက်တာ မသောက်ဘဲ သမီးကိုယ် ပေါ်လောင်းချလို့ အပူလောင်ခံရသေးတယ်။

အဘိုးကြီးနဲ့အဘွားကြီးအကြောင်းလည်း ပြောရဦးမယ်။ ဘိုးဘိုးကြီးက စာဖတ်ဝါသနာပါတယ်။ အိမ်အနောက်ဘက်က ဖိုရုံထဲ မှာလည်း တကုတ်ကုတ် ဖိုထိုးနေတတ်တယ်။ အိမ်သားတွေနဲ့ စကား ပြောခဲတယ်။ နိုင်းစရာရှိရင် သမီးကို ခေါ်နိုင်းတတ်တယ်။ ဘိုးဘိုးကြီးက သဘောကောင်းပါတယ်။ ဘွားဘွားကြီးကတော့ မလွယ်ဘူး။ လမ်း မလျှောက်နိုင်လို့ အိမ်ထဲမှာဘီးတပ်ကုလားထိုင်နဲ့ သွားနေတတ်ပေမဲ့ အိမ်ထဲကနေ ခြံထဲဆင်းတာနဲ့ သမီးကတွန်းပေးရလေ့ရှိတယ်။ တစ်ခါ သမီးရဲ့ ဘူ့လှည်းနဲ့ပန်းအိုးတို့ အုတ်ခဲတို့နဲ့တိုက်မိရင်တော့ တုတ်ကောက် ကိုင်ပြီး မညှာမတာရိုက်တော့တာပဲ။ ထမင်းချိန် (၅)မိနစ်(၁၀)မိနစ် နောက်ကျမှကျွေးမိရင် သမီးကိုရိုက်တာပဲ။ သမီးက ခံနိုင်ပါတယ်။

ဒါပေမဲ့ သမီးမအားလို့ သမီးအမေက ဘွားဘွားကို ထမင်း ကျွေးရတဲ့နေ့ကျရင် အလိုမကျတာ ဟင်းချက်ညံ့တာနဲ့ ပတ်သက်ပြီး ရိုက်တတ်တယ်။ ရိုက်တာမှ အနီးခေါ်ပြီး ပါးကိုရိုက်တာ။ ဘွားဘွားက ခြေထောက်ပိုင်းမသန်ပေမဲ့ အပေါ်ပိုင်းလက်တွေက အလွန်သန်တာ ဘီးတပ် လှည်းကို လက်နဲ့တွန်းပြီးသွားနေရလို့လားမသိဘူး။ သူ့လက်တွေက သန်မာပြီး အရမ်းကြမ်းတယ်။ ဟိုတစ်ခါက သမီးအမေပါးကို အရိုက် ခံရတာ သွားတောင်နဲ့ပြီး ကျိုးသွားရှာတယ်။ သမီးကတော့ ကလေးမို့ ကျေနပ်ဘူး မှတ်ထားတတ်တယ်။

www.burmeseclassic.com



အဲ့သည်လိုနဲ့ နေလာလိုက်တာ နှစ်ပေါက်လာပါရော။ သမီး… သားအမိလည်း တုသား၊ ပေသား ကျလာပါတယ်။ အဆဲအဆို အရို… အနှက်ခံရတာလည်း နေ့တိုင်းလိုဖြစ်ပေမဲ့ ခံနိုင်ရည်ရှိလာပါသည်။ မခံနိုင်… လို့လည်း မဖြစ်ဘူးလေ။ သမီးတို့မှာ နေစရာအိမ်နဲ့ တခြားအလု… အကိုင်မှမရှိတာ။ အန်တီလေးတို့မိသားစု အနှံ့အတာခံပြီး သည်း… နေရတာပါပဲ။ ကြာမှန်းပြီးလည်း ကျေးဇူးတင်နေမိပါတယ်။ အမေက ည… အိမ်ရာဝင်ခါနီးမှာ သမီးကို ဆုံးမတတ်တယ်။ အိမ်သားတွေအ… မကျေရစိတ်မထားဖို့နဲ့ သည်းခံ၊ ခွင့်လွှတ်ဖို့၊ နေ့စဉ်၊ ညစဉ် မေတ္တာပို့… ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုတောင်းပေးဖို့ပါ။ သမီးက အမေ့စကား… နားထောင်ပါတယ်။ သည်းခံပါတယ်။ ဒါပေမဲ့ မေတ္တာပို့ရင်တော့ ဘိုး… ကြီးနဲ့ အန်ကယ်ကြီး ဦးတင်ထွန်းကို ကိုယ်ရောစိတ်ပါ မေတ္တာများ… ပို့တယ်။ တခြားလူတွေကို သာမန်ပဲ။ ဘွားဘွားကြီးကို မေတ္တာပို့… တော့ အရိုက်အနှက်ခံရတာတွေ၊ သူ့အဆဲခံရတာတွေကို ပြန်မြင်… စိတ်ရမိတယ်။ ဒါကြောင့် စိတ်လက်မပါဘဲ နှုတ်ကသာ ဝတ်ကျေတန်း… မေတ္တာပို့မိတယ်။ ဒါတောင် အမေကိုကြောက်လို့ မဟုတ်ရင်ပို့ဖြစ်… တောင်မဟုတ်ဘူး။ ကိုယ့်နှိပ်စက်ထားသူကို ကိုယ်ကကျန်းမာပါ… ချမ်းသာပါစေလို့ ဆုတောင်းရတာ အဝင်မကျလှပါပဲ။

တစ်နေ့တော့ အန်ကယ်ကြီးဦးတင်ထွန်း စက်ဘူကို အ… ကီစွန့်သွားရတယ်။ လေဆိပ်ကိုလိုက်ပို့တဲ့ ကိုထွေးနဲ့အန်တီလေ… အပြန်မှာ အတော်ပျော်မြူးလာပုံပဲ။ သူတို့နှစ်ယောက်ကိုကြည့်… မရိုးသားမှန်း သမီးသိနေပါတယ်။ တစ်ပူးတွဲတွဲနဲ့တွေ့နေပြီး … ယောက်နဲ့တစ်ယောက် ဟိုပုတ်၊ သည်ပုတ်နဲ့ သမီးမျက်စိထောင် မှ… လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က လေဆိပ်ကအပြန် အန်တီလေးရေချိုးတယ်။ ...ထ်ကာ်တွေကိုသာလိမ်းလေ့ရှိတဲ့ အန်တီလေးက သနပ်ခါးလိမ်းချင် ...ယ်ဆိုလို့ သမီးကသွေးပေးရတယ်။ မိန်းမချောနဲ့ထင်ပါရဲ့၊ အန်တီလေး ...က တံခါးပိတ်တစ်ကိုယ်လုံးချွတ်ပြီး သနပ်ခါးလိမ်းတယ်။ အန်တီလေး ...က အသက်(၃၀)လောက်သာရှိသေးလို့ အတော်လှပနိုးပြေပါတယ်။ အဝတ် ...စားလဲပြီးတော့မှ သူ့လက်စွပ်ရေချိုးခန်းထဲမှာ ကျန်ခဲ့တယ်ဆိုပြီး ...မီးကိုသွားယူခိုင်းတယ်။ သမီးသွားယူတော့ မတွေ့ဘူး။

"အန်တီလေး . . . ရေချိုးခန်းထဲမှာ မတွေ့ဘူး"

"ဟင် . . . နင်သေသေချာချာရှာရဲ့လား ပိုင်းစိန်မ။ ဒါ . . . ...ပ်ပြာခွက်ဘေးက စင်ပေါ်မှာချွတ်ထားခဲ့တာ"

"မရှိပါဘူး . . . အန်တီလေး။ ဆပ်ပြာခွက်ဘေးမှာ သွားတိုက်၊ ...သွားပွတ်တံတစ်ချောင်းရှိလို့ သွားပွတ်တံခွက်ထဲကို ကောက်ထည့်ထား ...တယ်"

"သွားပွတ်တံခွက်ထဲမှာရော မတွေ့ဘူးလား"

"မရှိပါဘူး . . . အန်တီလေး။ သမီး အသေအချာ ရှာခဲ့တာ ...

"မဟုတ်တာ . . . ဒီအိမ်ကို ဘယ်လူစိမ်းလာလို့လဲ၊ နင် . . . ...တ်ရော၊ ဟုတ်ရဲ့လား။ ငါ့စိန်လက်စွပ်က သိန်းနဲ့ချီတန်တာ"

"အဟုတ်ပါ . . . အန်တီလေးရယ်။ သမီးတို့က ဆင်းရဲပေမဲ့ ...တော်။ "မငှက်တတ်ပါဘူး။ ဈေးစဉ်လည်း ငါးပါးသီလ- မြဲအောင် ...မေက ဆုံးမတတ်ပါတယ်"

"အမေဆုံးမပေမဲ့ ညည်းက လိုက်နာလို့လား။ လာစမ်း ဒီ...း ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက ကျွန်မတစ်ကိုယ်လုံးအား အဝတ်အစားချွတ်၍ ရှာပါသည်။ ကျွန်မအသက် (၁၃)နှစ်ထဲဝင်လာပြီဖြစ်၍ ရှက်မိပါသည်။ သို့သော် အလုပ်ရှင်ကျေနပ်စေရန် အရှာခံရပါသည်။

"လာ . . . လိုက်ခဲ့ဦး။ နင်တို့အခန်းထဲသွားရှာမယ်။ အခေ ကိုများ လက်ဆင့်ကမ်းလိုက်သလား မသိဘူး"

"မဟုတ်ရပါဘူး . . . အန်တီလေးရယ်။ ကျွန်မတို့အခန် ကိုလည်း ကြိုက်သလောက် ရှာနိုင်ပါတယ်။ အီး . . . ဟီး . . . ဟီး"

"ငိုမနေနဲ့ အိမ်ကျက်သရေယုတ်တယ်။ လုပ်တုန်းကလုပ်ပြီး ဘာရမှ . . . တယ်လေ။ ငါလုပ်လိုက်ရ"

လုပ်လိုက်ရဟု ပြောရုံရှိသေးသော်လည်း လက်ဆစ်ခေါက် ကျွန်မခေါင်းပေါ် ရောက်ပြီးဖြစ်သည်။

"ခေါက်" ဆိုပြီး ကျွန်မခေါင်းမှထွက်သွားသည်။

ကျွန်မတို့အခန်းထဲကိုလည်း အနံ့ရှာသည်။ မတွေ့။ သို့သေ ကျွန်မစုထားသော ငွေတစ်သောင်းကျော်အား အဝတ်သေတ္တာကလေး တွင် တွေ့သွားသည်။

"ဒါက . . . ဘယ်ကပိုက်ဆံတွေလည်း။ နင်နိုးပြီးစုထားတာ မဟုတ်လား။ မှန်မှန်ပြောစမ်း"

"မဟုတ်ပါဘူး။ အန်တီလေး . . . ဒီငွေတွေက အန်ကယ်ကြီ ကျွန်မကို မုန့်ဖိုးပေးထားတာတွေ စုထားတာပါ။ မယုံရင် အန်ကယ်ကြီ ပြန်လာရင် မေးကြည့်ပါ"

"အေး . . . ဟုတ်ပြီ။ ပြန်လာရင် မေးကြည့်မယ်။ မဟုတ် ကတော့ ရဲစခန်းအပ်ပြီး ထောင်ချပစ်မယ်။ ဒီနေ့ကစပြီး အိမ်အ ထပ်ကို ငါမခေါ်ဘဲ မတက်ခဲ့နဲ့။ မှတ်ထားနော်။ ညည်းအမေကို



www.burmeseclassic.com

www:burmeseclassic.com



ပြောထား ကြားလား . . . ဝိုင်းစိန်မ"

"ဟုတ်ကဲ့ပါ . . . အန်တီလေး"

ဘိုးဘိုးနှင့်ဘွားဘွားမှာ အိမ်အောက်ထပ်တွင် အတက်အဆင်း သွယ်ကူစေ၍ နေကြသည်။ ယခု စိန်လက်စွပ်ပျောက်သော ကိစ္စတွင် သည်း ဘိုးဘိုးကဘာမှဝင်မပြော။ ဘွားဘွားက . . .

"ဝိုင်းစိန်မ ချိုကြွနေတာကြာပြီ။ လာစမ်းဒီနားကို တုတ်ပါ ကောက်ခဲ့"

ကျွန်မလည်း အနီးရှိမတ်ရပ်တံမြက်စည်းတွေ၌ ကောက်ပေး ရော ကျွဲရိုက်၊ နွားရိုက် ရိုက်သဖြင့် တံမြက်စည်းတံပင် ကျိုးသွားရ သည်။ ထိုစဉ် အမေအောက်ထပ်မီးဖိုချောင်မှပြေးလာပြီး . . .

"သခင်မကြီး . . . တော်ပါတော့ရှင်။ ကျွန်မသမီးလေးက မိုက်ရှင်မသိဘဲ အပ်တိုတစ်ချောင်းတောင် မခိုးဖူးပါဘူးရှင်"

"ငါ့သမီး စိန်လက်စွပ်က အပ်တိုမဟုတ်ဘူး။ သိန်းကျော်တန် တယ်။ နင်ပါ ဒီနားလာခဲ့စမ်း။ သားသမီး မလိမ်မာရင် မိဘခေါင်းတဲ့။ သိရဲ့မဟုတ်လား။ မိဘက အဆုံးအမည့်ဖျင်းလို့ ဒီလိုဖြစ်ရတာ။ ကဲဟယ် ကဲဟယ် . . . ဘုန်း . . . ဘုန်း . . . ဘုန်း"

အမေ့မှာ ကျောကော့အောင် ခံရရှာပါသည်။ "အင့် . . . အင့် . . . ဟင့်" ပြီးတော့ ငိုရှာသည်။ ကျွန်မလည်း ပြန်မပြောရဲ ဆိုစဉ် ဘိုးဘိုးအခန်းထဲက ထွက်လာပြီး "အဘွားကြီးရပ်စမ်း။ ကလေး ရိုက်ရင် လူကြားကောင်းသေးတယ်။ အမေပါရိုက်ရတယ်လို့။ ဘာ တွေ့ သဲ ခင်များသမီး အထားမှားတာဖြစ်မှာပေါ့ . . . တော်စမ်း"

"ရှင်ဘာသိလို့ ရှေ့နေလိုက်နေတာလဲ။ စိန်လက်စွပ်က အခု အထိ မတွေ့သေးဘူး။ ငါးပြားဆယ်ပြားတန် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ကုပ်ကုပ်ကလေး ထွက်ခဲ့ကြသည်။ ဘိုးဘိုးကို အလွန်ကျေးဇူးတင်မိသည်။ အဘွားကိုတော့ ကျွန်မစိတ်ထဲ တောင်းမှတ်ထားလိုက်သည်။ ထိုနေ့က အန်တီလေးက ကော်ဖီနှစ်ခွက်ယူခဲ့ရန် အပေါ်ထပ်မှ လှမ်းအော်၍ ကျွန်မတက်ပို့ရသည်။ အန်တီလေးနှင့် ကိုတွေးအပေါ်ထပ်ညှိခန်းတွင် ထိုင်နေကြသည်။ အန်တီလေးမှာ သနပ်ခါးတွေပျက်နေပြီး အဝတ်အစားကို ကပိုကရိုဖြစ်နေသည်။

ညဘက်တွင် အိမ်သားများအား ထမင်းကျွေးပြီး ကျွန်မတို့သားအမိ အိုးခွက်ပန်းကန်များအား တိုက်ချွတ်ဆေးကြောကြရသည်။ ပြီးမှ ကျွန်မတို့နေသော ကားဂိုဒေါင်အနီး အဖီကလေးသို့ပြန်ပြီး ညစာစားကြရသည်။ ယနေ့ အိမ်ကြီးရှင်များ ထမင်းစားနည်းကြဟန်တူသည်။ ဟင်းကျန်၊ ထမင်းကျန်များစွာ ပိုနေသည်။ ကျွန်မလည်း ထိုညကအရိုက်ခံရပြီး ပင်ပန်းလွန်းလို့လားမသိပါ။ ထမင်းအတော်စားနိုင်သည်။

ထမင်းစားနေစဉ် ကျွန်မက ညနေကော်ဖီသွားပို့စဉ်က အန်တီလေး အမူအရာပျက်နေသောအကြောင်း ပြောပြရာ အမေက . . .

"ဟဲ့ . . . တိုးတိုးပြောသမီး။ ကြားသွားလို့ အမေတို့ အလုပ်ပြုတ်နေဦးမယ်။ အမေသိတာကြာပြီ။ အန်တီလေးနဲ့ကိုတွေးက ဖြစ်နေကြတာ"

"အမေ . . . ဖြစ်နေကြတာဆိုတာ ဘာလဲအမေ"

"ဟဲ့ . . . ကြိုက်နေကြတာလို့ပြောတာ"

"အန်တီလေးမှာ အန်ကယ်ကြီး ရှိရက်သားနဲ့ ကြိုက်လို့လားဟင်"

"ကြိုက်လို့မရလို့။ အန်ကယ်ကြီးမရှိတဲ့အချိန်ကျမှ ခိုးကြိုက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို အနိတ်ဘီလေးက ဘယ်ကောင်းမလဲ၊ အနိကယ်ကြီးကို သနားစရာ"

"တော်တော့ . . . သမီး။ ဒါက သူတို့အိမ်တွင်းရေးကိစ္စ၊ သမီးစိတ်မဝင်စားနဲ့။ နောက်ပြီး သမီးက (၁၃)နှစ်ဆိုပေမဲ့ ထွားတော့ အပျိုဖော်ဝင်တော့မယ်။ သတိထားပါ။ ကိုထွေးသမီးကို ကြည့်တဲ့အကြည့် က မရိုးသားဘူး။ အနေအထိုင် အပြောအဆို အသွားအလာ ဆင်ခြင် နိုင်မှတော်ကာကျမယ်သမီး"

"ဟုတ်ကဲ့ပါ . . . အမေ"

ကျွန်မလည်း အမေပြောမှ သတိရတော့သည်။ ကျွန်မကိုယ် ကျွန်မ ကလေးတစ်ယောက်ဟုပင် ထင်ထားသည်။ ဟုတ်ပါသည်၊ ကျွန်မ အပျိုပေါက်ဖြစ်နေပါပြီ။ ကိုထွေးကျွန်မကိုကြည့်သော အကြည့်ကိုလည်း သတိရမိသည်၊ သူကြည့်လျှင် ကျွန်မ မနေတတ်။ ရှိုးတိုးရှန့်တန့် ဖြစ်နေတတ်သည်ကို ယခုမှ ကျွန်မအာ့ဖြေသိတော့သည်။

⌘ ⌘ ⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့များတွင် အန်တီလေးခေါ်မှ ကျွန်မတို့သားအမိ အိမ်ပေါ်ထပ်တက်ရသည်။ သန့်ရှင်းရေးလုပ်ရသည်။ ထမင်းပွဲပြင်ဆင်ပေးရသည်။ အန်ကယ်ကြီးရှိလျှင်တော့ အောက်ထပ်တွင် ထမင်းစားခန်းတွင် မိသားစု စုံညီစွာစားကြ၍ ကျွန်မတို့သက်သာပါသည်။ အန်ကယ်ကြီးမရှိလျှင်တော့ အန်တီလေး ကိုတွေးနှင့်သမီးအတွက် အပေါ်ထပ်တက်၍ ပြင်ဆင်ပေးရသဖြင့် ကျွန်မတို့သားအမိမှာ အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် အတော်ပင်ပန်းပါသည်။

ကျွန်မတို့ ထမင်းပြင်ဆင်ပေးနေစဉ် အန်တီလေးလက်တွင် ပျောက်သွားသည်ဆိုသော စိန်လက်စွပ်ကို ပြန်တွေ့ရသည်။ အထား



www.burmeseclassic.com

www.burmeseclassic.com



မှားပြီး ပြန်တွေ့တာလား။ ကျွန်မတို့အား အိမ်ပေါ်သို့မတက်စေရန် သက်သက်လုပ်ကြံဖန်တီးတာလားတော့ မသိပါ။ ကျွန်မတို့ကလည်း မမေးရဲပါ။ ယခုတစ်လော အန်ကယ်ကြီးမရှိသောအချိန်တွင် အန်တီလေးနှင့် ကိုထွေးအပြင်မထွက်ကြ။ အခန်းအောင်းနေတတ်သည်က များသည်။

နှစ်ပတ်ခန့်ကြာတော့ အန်ကယ်ကြီး ခရီးမှ ပြန်လာသည်။ သူ့မိသားစုအတွက်သာမက ကျွန်မတို့သားအမိအတွက်လည်း အဝတ်အစားကလေးများပါလာ၍ ပေးသည်။ နိုင်ငံခြားဖြစ်များဖြစ်၍ အတော်လှသည်။ ကျွန်မတို့သားအမိမှာ အဝတ်သစ်၊ အစားသစ်မရှိပါ။ အန်တီလေးစွန့်သော အဝတ်အစားများကိုသာ အကောင်းလုပ်၍ ဝတ်ဆင်နေရသည်။ ယခုအန်ကယ်ကြီးပေးသော အဝတ်အစားများမှာ ကျွန်မတို့ဘဝတွင် အကောင်းဆုံး၊ အဝတ်အစားများဖြစ်၍ မဝတ်ဖြစ်ဘဲ နှမြောသစွာ သိမ်းဆည်းထားရသည်။

အန်ကယ်ကြီးမှာ တစ်ညသာ အိမ်တွင်အနားယူနိုင်ပြီး အလုပ်အကြေးများအတွက် နောက်တစ်နေ့တွင် သစ်ကွက်များသို့ ဆင်းရမည်ဖြစ်၍ သူ့ပါဂျဲရိုးကားကြီးအား ရေဆေးထားရန် ကျွန်မအားခိုင်းထားသဖြင့် နောက်တစ်နေ့မနက်စောစောတွင် ကျွန်မရေပိုက်ဖြင့် ရေဆေးနေစဉ် အိပ်ရာမှစောစောထလေ့မရှိသော ကိုထွေးရောက်လာပြီး . . .

"ဝိုင်းစိန်မ တခြားအလုပ်သွားလုပ်တော့။ ငါရေဆေးလိုက်မယ်။ အန်ကယ်က ဒီကားကြီးနဲ့နယ်ဆင်းမှာဆိုတော့ အောက်ပိုင်းတွေ ငါစစ်ရဦးမယ်။ သွားတော့"

"ဟုတ် . . . ဟုတ်ကဲ့"

ကျွန်မ မီးဖိုချောင်ပြန်ဝင်၍ အမေ့အားကူရသည်။ အိမ်သားများအတွက် မနက်စာလည်း အမြန်ပြင်ဆင်နေရသည်။ အလုပ်လုပ်

www.burmeseclassic.com



နေရင် ကျွန်မတွေးမိသည်မှာ ကိုထွေးအန်ကယ်ကြီးကားအား တစ်ခါမှ ရေမဆေးပေးဘူးပါ။ သူတို့စီးသောကားကိုပင် မဆေး။ အပြင်တွင်သာ သွားဆေးလေ့ရှိသည်။ ကျွန်မစိတ်ထဲ မသက်သာ၍ မီးဖိုခန်းပြတင်းပေါက်မှ လှည်းကြည့်မိရာ ကိုထွေးကားအောက်ထဲဝင်၍ ပြင်ဆင်နေသည်ကို တွေ့ရသည်။ ထူးတော့ အတော်ထူးဆန်းနေပါသည်။

ကျွန်မတို့သားအမိ အိမ်သားများအတွက် မနက်စာ လက်ဖက်ရည်၊ ကော်ဖီနှင့်မုန့်များကို ပြင်ဆင်ပြီးသည်။ (၈)နာရီထိုးချိန်တွင် အိမ်သားများ ရောက်လာကြသည်။ မိသားစုစုံညီစွာရှိသော မနက်စာ စားချိန် ဖြစ်သည်။ အန်ကယ်ကြီးမရှိသော အချိန်မှာတော့ ယခုလို စုံညီစွာ အချိန်နှင့်စားလေ့မရှိပါ။ အန်ကယ်ကြီးမရှိသော နေ့ရက်များတွင် (၉)နာရီခန့်မှ အိပ်ရာထတတ်သဖြင့် (၉း၃၀) နာရီ ကလေးကျောင်းပို့ ချိန်ကို ကမန်းကတန်း လုပ်ရလေ့ရှိသည်။ ကလေးကျောင်းကို အမြဲတမ်း နောက်ကျလေ့ရှိသည်။ ယနေ့တော့ အန်ကယ်ကြီးက စီစီထွန်းကလေး ကိုနှိုးလာသည်။ အန်တီလေးက လွယ်အိတ်ကို ယူလာသည်။ စီစီလေးက အန်ကယ်ကြီးပေါင်ပေါ်တွင် ထိုင်၍ မနက်စာစားသည်။ ထိုစဉ် ကိုထွေး လည်း အဝတ်အစားလဲပြီး ကလေးကျောင်းပို့ရန် ရောက်လာသည်။

အန်ကယ်ကြီးက . . .

"မောင်ထွေးရေ . . . ငါဒီနေ့သစ်ကွက်တွေဆင်းပြီး ကုမ္ပဏီ အဖွဲ့တွေနဲ့ အလုပ်အကြောင်းတွေ လုပ်ရမှာမို့ တစ်ပတ်လောက် အနည်း ဆုံးကြာမယ်။ သမီးကိုဂရုစိုက်ပါ။ ကျောင်းပို့ချိန်၊ ကျောင်းကြိုချိန် နောက်မကျစေနဲ့။ အစစအရာရာ စိတ်ချပါရစေ"

"ဟုတ်ကဲ့ပါ . . . အန်ကယ်၊ စိတ်ချပါ"

အန်ကယ်ကြီးက ကျွန်မတို့သားအမိဘက်လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်းစိန်မတို့ သားအမိကိုလည်း အန်ကယ်ကြီးက အားကိုးတယ်နော်။ အလုပ်သမားလို မနေပါနဲ့။ မိသားစုဝင်တွေလိုနေပါ။ လိုအပ်တာရှိရင်ပြော။ အားမနာနဲ့"

"ဟုတ်ကဲ့ပါ . . . အန်ကယ်ကြီး"

အန်ကယ်ကြီးက ယောက္ခမများဘက်သို့လှည့်၍ . . .

"အဖေနဲ့အမေတို့လည်း တစ်လတစ်ခါ ဆေးစစ်ကြရဲ့လား။ အသက်တွေကြီးကြပြီ။ ဂရုစိုက်ပါ။ အဖေလည်း ဗိုက်ထိုးတာ နည်းနည်းလျှော့ပါ။ ရင်ဘတ်ကို မီးအပူရှိန်ဟပ်တာ ကြာရင်မကောင်းဘူး"

ဘိုးဘိုး . . .

"ငါကတော့ ခေါင်ခေါင်မြည်ပဲဟေ့။ ဘာမှမဖြစ်ဘူး မင်းအမေသာ ဟိုဟာဖြစ်လိုက်၊ သည်ဟာဖြစ်လိုက်နဲ့ အစားကလည်း မရှောင်ဘူး"

ဘွားဘွား . . .

"ကျွန်မလည်း ကျန်းမာရေးကောင်းသားပဲ။ မသေခင် ကိုယ်ကြိုက်ရာ ကိုယ်စားတာဘာဖြစ်သလဲ"

ဘိုးဘိုး . . .

"ဝက်သား၊ မျှစ်ချဉ်နဲ့မှိုတွေ စားနေလို့ပြောရတာဟေ့။ အဲ့ဒါ တက်စာတွေ ခင်ဗျားက သွေးတိုးလည်းရှိတယ်။ စားရင်လည်း အာသာ ပြေရုံမဟုတ်ဘူး။ အဝစားတာ။ တစ်နေ့တော့ ဒုက္ခရောက်ဦးမယ်။ မှိုစားတာ ကန်စွန်းရွက်ကလေးနဲ့ရောစားပါဆို . . . ပြောမရဘူး။ မှိုထဲ ကန်စွန်းရွက်ပါတာနဲ့ ပိုင်းစိန်တို့သားအမိကို ပြဿနာလုပ်ကရော။ သူ့အတွက် မှိုဟင်းသပ်သပ်လုပ်ပေးရတယ်သာ ချေ။ မင်းအမေကိုလည်း ပြောခဲ့ဦး"

"ဟုတ်သားပဲ . . . အမေရယ်။ အစ . . . အသောက်ဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အစားတစ်လုတ်နဲ့ ဒုက္ခရောက်တတ်ပါတယ်။ သတိထားဆင်ခြင်ပါ"

"မင်းကပါ ငါ့ကို ဆရာလာလုပ်နေပြန်ပြီ။ မသေခင်မှာ ငါစားချင်တာ အဝစားပစ်မယ်။ ဘယ်မှလာမပြောနဲ့ မသဒ္ဓါရင်လည်း မကျွေးကြနဲ့တော့။ ငါ့ပိုက်ဆံနဲ့ငါဝယ်စားမယ်"

အန်ကယ်ကြီး . . .

"မဟုတ်ပါဘူးအမေရယ်၊ မသဒ္ဓါစရာ အကြောင်းမရှိပါဘူး။ အန္တရာယ်ဖြစ်မှာစိုးလို့ပြောရတာပါ"

"အေး . . . ဒါဆိုရင် မပြောနဲ့တော့။ ငါစားချင်ရာစားမယ်"

"ဩော် . . . အမေရယ်"

အန်ကယ်ကြီး လက်လျှော့သွားပါသည်။

ယောက္ခမများဖြစ်သော်လည်း အမေအရင်းလို သဘောထားသောသူ့စိတ်ဓာတ်နှင့် ဇီလာဆန့်ကျင်နေ၍ စိတ်ပျက်သွားပုံရသည်။

စားသောက်ပြီးကြတော့ ကိုထွေးနှင့်အန့်တီလေးက ဇီဇီလေးအားကျောင်းပို့သည်။ အန်ကယ်ကြီးက ပါးရဲရိုးကားကြီးအား ကိုယ်တိုင်မောင်းပြီး နယ်ဆင်းသွားတော့သည်။

ကျွန်မတို့သားအမိ စားသောက်ပြီးသော ပန်းကန်များအားဆေးကြောသိမ်းဆည်းနေရင်း ကျွန်မအမေ့အား ပြောမိသည်။

"အမေရေ . . . ကျွန်မ ဒီနေ့ဘယ်လိုဖြစ်မှန်းမသိဘူး။ အန်ကယ်ကြီးအတွက် စိတ်ပူနေမိတယ်၊ ကားတစ်ခုခုဖြစ်မယ်လို့ စိတ်ထဲမှာထင်နေမိတယ်"

"ဟဲ့ . . . ဖွဟဲ့ . . . လွဲပါစေ . . . ဖယ်ပါစေ။ မဦးမှုတ်မပြောကောင်းမဆိုကောင်း သမီးရယ်။ စောစောစီးစီး အဲ့ဒီလိုမပြောရဘူးကွဲ့၊ နိမိတ်ဖတ်သလို ဖြစ်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အိမ်သားများ နေ့လယ်စာ စားချိန်တွင် ဖုန်းဝင်လာသည်။ တိုက်ကြီးအထွက် ကျွန်မတို့နေသည့် ဥတ္တိုကျေးရွာအနီးတွင် အန်ကယ်ကြီးကားဘရိတ်ပေါက်၍ တစ်ဖက်မှလာသည့် သစ်ကားကြီးဖြင့် ဝင်တိုက်မိပြီး သေဆုံးသွားကြောင်း သတင်းဖြစ်သည်။ ကျွန်မတို့သားအမိ ချုံးပွဲချ၍ ငိုမိသော်လည်း အိမ်သားများက မငိုကြ။ အန်တီလေးက မျက်ရည်စို့ရုံသာပင်။ သူတို့တိုက်ကြီးဆေးရုံသို့ လိုက်ကြသည်။ ကျွန်မတို့အားကိုးသော မှဲတောင်ကြီးပြိုသွားပြီဖြစ်သည်။ ကျွန်မတို့ သားအမိ စိတ်မကောင်းလွန်း၍ နေ့လယ်စာပင် မစားဖြစ်ကြတော့ပါ။

ညနေတွင် အိမ်နီးချင်းကားကြီးဖြင့် စီစီထွန်းကလေးကျောင်းမှ ပြန်လာသည်။ သူ့အားလာမကြိုသဖြင့် ငိုယိုပြီး စိတ်ကောက်လာရှာသည်။ ကျွန်မတို့သားအမိက ချော့ရသည်။ သူကဆိုးလေပင် ဖြစ်သည်။ ထုံးစံအတိုင်း ကျွန်မတို့သားအမိမှာ စီစီထွန်းခေါ်လက်ချက်ဖြင့် ဒဏ်ရာအနာတရ ဖြစ်ရသေးသည်။ ညမိုးချုပ်စ သူ့အမေပြန်လာမှ အငိုတိတ်သည်။ အန်ကယ်ကြီးမှာ ကားချင်းခေါင်းခြင်းဆိုင်တိုက်မိ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်သွား၍နေ့ချင်းပင် သင်္ဂြိုလ်ခဲ့ရကြောင်း သိရသည်။ ကားကိုတော့ နောက်တစ်နေ့မှသွားဆွဲရမည်ဟု အန်တီလေးက ပြောသည်။

ထိုနေ့က ကျွန်မတို့သားအမိ ညစာနှင့်မနက်စာ ပေါင်းစားရသော်လည်း ဟက်ဟက်ပက်ပက်မရှိပါ။ ည စားသောက်သိမ်းဆည်းပြီး အိပ်ရာဝင်တော့ ဘုရားဝတ်ပြုရင်း အန်ကယ်ကြီးကောင်းရာသုဂတိ ရောက်စေရန် ကျွန်မတို့သားအမိ ဆုတောင်းမိကြသည်။ အိမ်နှင့်ခြံကြီးမှာတော့ ယနေ့ည အထူးတိတ်ဆိတ်ငြိမ်သက်နေသည်။ ဘုရားဝတ်ပြုပြီး အိပ်ရာဝင်တော့လည်း အမေတော်နှင့်ကျွန်မအိပ်မပျော်ပါ။ ဒါမေ တော့ တစ်နေ့လုံးပင်ပန်းလွန်း၍ အိပ်ပျော်သွားရှာသည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင်း အန်ကယ်ကြီးသေဆုံးရခြင်းမှာ ကိုထွေးပေယောဂများလားဟု စဉ်းစားရင်း အိပ်ပျော်သွားသည်။

အန်ကယ်ကြီးကို စိတ်စွဲ၍ ထင်ပါသည်။ ညအိပ်မက်မက်ရာ အိပ်မက်ထဲ၌ အန်ကယ်ကြီးက . . .

"သမီး . . . ဝိုင်းစိန်မ အန်ကယ်ကြီးကို လုပ်ကြံတာ မောင်ထွေးပဲ၊ ကားဘီးက ဘရိတ်ဆီပိုက်ခေါင်းတွေကို လျှော့ထားတော့ ဘရိတ်ဆီက တဖြည်းဖြည်းကုန်သွားပြီး အရေးပေါ်ဘရိတ်နင်းတော့ မမိတော့ဘူး။ အဲ့ဒါကြောင့် အန်ကယ်ကြီးသေရတာ မောင်ထွေးကို သတိထားပါ"

ကျွန်မ ညဦးလယ်အိပ်မက်ကလန့်နိုးတော့ ချွေးစေးများ ပြန်နေပြီး အလွန်စိတ်မကောင်းဖြစ်မိသည်။ အိပ်မက်ထဲတွင် အန်ကယ်ကြီးမှာ မနက်ကဝတ်ထားသည့် အဝတ်အစားနှင့်ဖြစ်ပြီး သွေးအလူးလူးနှင့် ဖြစ်သည်။ ကျွန်မပြန်အိပ်သော်လည်း အိပ်မပျော်တော့ပါ။ မနက် (၄)နာရီတွင် အိပ်ရာကထရသည်။ အမေ့အား အိပ်မက်အကြောင်း တိုးတိုး ပြောပြပြီး စိတ်မရှင်လန်းတော့ပါ။ ဥပဒေအရ ကျွန်မလုပ်ပိုင်ခွင့်ရှိသော် ကိုထွေးအား အန်ကယ်ကြီးကို ကိုယ်စားလက်စားချေရမည် ဟုတော့ စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

ကျွန်မတို့သားအမိ မနက်စာ၊ နေ့လယ်စာအတွက် ရေနွေးအိုးတည်၊ ထမင်းချက်၊ ဟင်းချက်ရန် ပြင်ဆင်နေရသော်လည်း ကျွန်မစိတ် မပါ,ပါ။ အန်ကယ်ကြီး မျက်နှာကိုသာ တရေးရေးမြင်ယောင်ပြီး သနားနေမိပါသည်။

ယနေ့ အိမ်သားများ စောစောနိုးကြသည်။ မနက်စာ လက်ဖက်ရည်ပွဲအား (၇)နာရီ၌ပင် ပြင်ဆင်ပေးရသည်။ အန်တီကြီးနှင့်ကိုထွေး



www.burmeseclassic.com

www.burmeseclassic.com



စောစောခရီးထွက်ကြရမည်ဖြစ်သည်။ စနေနေ့ဖြစ်၍ စီစီလေးလည်း ကျောင်းပိတ်ရက်ခေါ်သွားရန် ပြောဆိုနေကြသည်။ ယောက္ခမဖြစ်ကြသော ဘိုးဘိုးနှင့်ဘွားဘွားကတော့ ဘာမျှမပြောကြ။ တားသောက်အပြီး အခန်းထဲပြန်ဝင်သွားကြသည်။

အန်တီလေးတို့ကားထွက်သွားတော့ အဘွားက ကျွန်မကိုခေါ်သည်။ အဘိုးကတော့ အိမ်နောက်ဖိုရုံထဲတွင် ရှိနေပေလိမ့်မည်။

"အွားဘွား . . . ကျွန်မကို ခေါ်တယ်ဆို"

"အေး . . . နင့်ကို အလုကြည့်ချင်လို့ ခေါ်တာမဟုတ်ဘူး။ နိုင်းစရာရှိလို့ခေါ်တာ။ ဒီမနက် ဘာဟင်းချက်သလဲ"

"အဘွားကြိုက်တဲ့ ဝက်သားနီချက်၊ ငါးပတ်မွှေနဲ့ သီးစုံချဉ်ရည်ဟင်းပါအဘွား"

"အေး . . . ကောင်းတယ်။ ကောင်းတယ်။ ဒါပေမဲ့ ငါကြိုက်တာမပါသေးဘူး။ ဒီနားက ဈေးကိုသွား မှို(၂၀)သား ဝယ်ခဲ့။ တညင်းသီးလည်းပေါ်နေပြီ။ အဲဒါ လေးငါးလုံးဝယ်ခဲ့ပြီးပြုတ်ပေး။ မှိုကိုတော့ ရေတ်သီးလေးနဲ့ ကြော်ချက်ချက်ပေး ကျက်ရင်ပြော။ ဒီနေ့ ငါအဘိုးကြီးနဲ့မစားဘူး။ နောက်ကျခံစားမှာ။ အဘိုးကြီးကို ငါစားမဲ့ဟင်းတွေ ထည့်မပေးနဲ့။ အသိလည်းမပေးနဲ့။ သိသွားရင်တော့အသေပဲ။ ကဲ . . . မြန်မြန်သွား မြန်မြန်ပြန်လာခဲ့"

"ဟုတ်ကဲ့ . . . ဘွားဘွား"

ကျွန်မအမေ့အား အကျိုးအကြောင်းပြော၍ ပိုက်ဆံတောင်းပြီး ဈေးသို့ပြေးခဲ့သည်။ အန်တီလေးနှင့်ဈေးသွားနေကျဖြစ်၍ လမ်းသိသည်။ မိုးဦးကျကာလဖြစ်၍ ဈေးတွင်မှိုများအရမ်းပေါသည်။ တောင်ပို့မှို၊ ဓက်စွပ်မှိုများ။ မွေးမြူရေးမှိုများလည်းရှိသည်။ ကျွန်မ အဘွားမှာသည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဝယ်သည်။ အပြန်လမ်း။ လမ်းထိပ်ညောင်ပင်အောက် အမှိုက်
အနီးတွင် တောင်ပို့ကြီးရှိရာ တောင်ပို့ခြေရင်း၌ မှိုများပေါက်နေသည်
ခြေကျဉ်းများပါသည်။ ကျွန်မကတောသူဖြစ်၍ မှိုအကြောင်းနားလည်
ပါသည်။ ခြေကျဉ်းပါသောမှိုများမှာ အဆိပ်ရှိတတ်သည်။ မှိုတစ်ပွင့်အား
လက်နှင့်ချေ၍ ပွတ်ကြည့်ရာမဲသွားသည်။ ကျွန်မလေးငါးပွင့်ခူး၍ မှိုထုပ်
နှင့်ရောပြီး အိမ်ပြန်ခဲ့သည်။ အခွင့်သာတုန်း အဘွားအား ပညာပေးရန်
ဖြစ်သည်။

အိမ်ပြန်ရောက်တော့ အမေမအားသဖြင့် ကျွန်မပင် မှိုများ
အားနွင်၍ ရေဆေးပြီး အဘွားပြောသည့်အတိုင်းချက်သည်။ မှိုအနံ့မှာ
အလွန်သင်းပျံ့လှသည်။ သွားရည်ကျချင်စရာပင်။ တညင်းသီးကိုလည်း
ပြုတ်ရာ စီးပိုင်နေသည် (၁၁း၀၀)နာရီတွင် အဘိုးအား ထမင်းခူးကျွေး
သည်။

"ပိုင်းစိန်မ . . . နင့်အဘွားရော ထမင်းမစားသေးဘူးလား
ဘယ်နားမှာလဲ သွားခေါ်လိုက်"

"ဘိုးဘိုး . . . ဘွားဘွားက မဆာသေးလို့ နောက်ကျမှ
စားမယ်တဲ့။ ခြံထဲက ခရေပင်အောက်မှာရှိပါတယ်"

"အေး . . . အေး . . . ဒါဖြင့် ငါစားတော့မယ်"

အဘိုးစားပြီး အခန်းထဲဝင်သွားမှ အဘွားကြီးကို သွားခေါ်ရ
သည်။ သူကြိုက်သောဟင်းများကို ပြင်ဆင်ကျွေးမွေးရသည်။ မှိုဟင်းနှင့်
တညင်းသီးကို အတော်စားသည်။ အဘွားက ဝက်သားဟင်းကိုလည်း
အဆီနှင့်အခေါက်မှကြိုက်သည်။ ကျွန်မအထင်မှိုစားပြီး အော့အန်ည်
ထင်နေသည်။ သို့သော်မဟုတ်ပါ။ အဖွားက သမ်းဝေရင်း . . .

"ဝါး . . . ဝါး . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"စားလို့ကောင်းလိုက်တာ။ ဒီနေ့မှိုဟင်းက အရသာထူးတယ်။ ဘက်စွပ်မှိုမဟုတ်လား။ ငါက အဲ့ဒီတောမှိုစစ်စစ်မှ ကြိုက်တာ။ ရန်ကုန်က မွေးမြူရေးမှိုတွေက ချွဲတဲထဲ ပေါ့ရွှတ်ရွှတ်နဲ့ စားမကောင်းဘူး။ ကဲ. . . ငါအိပ်တော့မယ်။ အိပ်ခန်း တွန်းပို့စမ်း"

"ဟုတ်ကဲ့ . . . ဘွားဘွား"

ကျွန်မ မှိုဟင်းအကျန်များအား အမေစားမှာစိုး၍ အမှိုက်ပုံးသို့ သွားသွန်ပစ်လိုက်ပြီး အိုးကိုပါဆပ်ပြာနှင့်တိုက်၍ ရေစင်အောင်ဆေး လိုက်သည်။ ပြီးနောက် ကျွန်မတို့သားအမိ ထမင်းစားကြသည်။ လူနည်း၍ ယနေ့ဟင်းပိုလျှံနေသည်။

ညနေ မိုးချုပ်မှ အန်တီလေးတို့ပြန်လာကြသည်။ ည (၈)နာရီ ထမင်းစားတော့ အဘွားအိပ်ရာက မထသေးပါ။ အဘိုးက ကျွန်မအား သွားနှိုးခိုင်းတော့ အဘွားအား ခေါ်မရတော့ပါ။ ချက်ချင်းဆေးရုံသို့ ပို့ကြသော်လည်း အဘွားမှာမနိုးသောအိပ်ခြင်းဖြင့် အိပ်ပျော်သွားပြီဖြစ် သည်။ သွေးတိုးလွန်း၍ ဦးနှောက်သွေးကြောပေါက်ပြီး သေဆုံးသွား သည်ဟု သိရသည်။ အသက်ကြီးပြီး ဒုက္ခိတကြီးဖြစ်၍ အသေအချာ စစ်ဆေးကြဟန်မတူပါ။ အန်တီလေးမှာ တစ်ပူပေါ်နှစ်ပူဆင့်၍ အတော် ပူဆွေးနေဟန် ဖြစ်ပေါ်နေသည်။

ထိုညက ကိုထွေးပင်ပန်းလို့ဟုဆိုကာ အောက်ထပ်တွင် ထမင်း စားခန်းထဲ အရက်လာသောက်သည်။ အမေက ထမင်းစားရန် အခန်း ပြန်သွားသောအချိန် ဖြစ်သည်။ ယနေ့အိမ်သားများ အလုပ်များနေကြချိန် ဖြစ်၍ ကျွန်မတို့မှာ အချိန်နှင့်မနားကြရ။ တစ်ဦးပြီးတစ်ဦးအား ခူးခပ်ပြင် ဆင်ပေးနေရသည်။ ကိုထွေးမူးလာလျှင် ရစ်တတ်သည်။ ယခုလည်း အမြည်းထပ်တောင်း၍ ထည့်ပေးနေသော ကျွန်မအားခေါ်၍ အရက်ငှဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်းသည်။ ကျွန်မအရက်ငှဲ့ပေးနေစဉ် ပခုံးအားကိုင်သည်။ ပြီးနောက်ခါး အားဖက်သည်။ ကျွန်မရှုန်းကန်ဖယ်ရှားနေစဉ် အန်တီလေးအပေါ်ထပ်မှ ဆင်းလာပြီး . . .

"ကိုထွေး . . . ဒါဘာလုပ်တာလဲ။ ဟိုကောင်မကလေးရော ဘာလို့ မြူဆွယ်နေတာလဲ။ အပျိုလေးဖြစ်ပြီး အရက်ငှဲ့ပေးရတယ်လို့ လာစမ်း ဒီကို . . ."

"ဖျန်း . . . ဖျန်း"

"အန်တီလေး . . . အို . . . အ . . . အ"

ကျွန်မ ရှင်းပြခွင့်မရပါ။ အန်တီလေးက ကျွန်မပါးအား နှစ်ချက် ဆင့်ရိုက်ပါသည်။ ပြီးနောက် ကျွန်မအား အိမ်အပေါ်ထပ်သို့ ဆွဲခေါ် သွားပြီး ရေချိုးခန်းထဲသွင်း၍ ပိတ်ထားပါသည်။ ပြီးနောက် တံခါးလာ ဖွင့်ပေးပြီး အသင့်ပါလာသော မောင်းချခွာနှင့်ထိုးတော့သည်။

"ကောင်မ . . . ငါ့အချစ်ကို လုတဲ့ကောင်မ . . . သေစမ်း"

ရည်းစားလူလု အနုကျွဲခတ်ဟူသော စကားပုံအတိုင်းဖြစ်ပါ လိမ့်မည်။ ကျွန်မ မောင်းချခွာအား မနည်းရှောင်နေရသည်။

တစ်ချက်တွင် အန်တီလေးက ဓားနှင့်အထိုး အရှိန်လွန်၍ အုတ်ရေကန်နှင့်နဖူးဆောင့်မိစဉ် ကျွန်မက တံခါးထောင့်တွင် ထောင် ထားသော အဝတ်လျှော်လက်ရိုက်တုတ်ကိုတွေ့ရသဖြင့် အလျင်အမြန် ယူပြီး အန်တီလေးအုတ်ဆက်အား နှစ်ဖက်စုကိုင်၍ရိုက်ချလိုက်ရာ "ခွပ်" ဟူသောအသံနှင့်အတူ သံမံတလင်းပေါ်သို့ ပျော့ခွေလဲကျသွားသည်။ သွေးများကလည်း မြင်မကောင်းအောင် ထွက်လာသည်။ ကျွန်မ ရေချိုးခန်းတံခါးပိတ်ပြီး အောက်ထပ်ဆင်းလာခဲ့တော့သည်။ ဧည့်ခန်း ခန်းတွင်မှာတော့ ကိုထွေးကထိုင်ရာက မထသေးပါ။ အတော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မှုနေသည်။ ကျွန်မအား မြင်သည်နှင့် . . .

"အချစ်ကလေး . . . လာစမ်း။ ဘယ်သွားနေတာလဲ. အရက်ငှဲ့ပေးစမ်း။ အမြည်းလည်းကုန်ပြီ"

"ဟုတ်ကဲ့ . . . ကိုထွေး"

ကျွန်မ မှီဟင်းများအား သွန်ပစ်လိုက်သည်ကို နမြောမိသည်။ ယခုအချိန်ကိုထွေးအား ကျေးလိုက်လျှင် ကိစ္စပြတ်ပြီ။ ကျွန်မ အရက်ငှဲ့ပေးရင်း ဆင်ကြံကြံနေမိသည်။ ကိုထွေးက ကျွန်မခါးကို အတင်းဖက်ထားသည်။

"လွှတ်ပါကိုထွေးရယ် . . . ကျွန်မအမြည်း သွားယူပေးမယ်လေ"

"အင်း . . . မြန်မြန်ပြန်လာခဲ့"

ကျွန်မ အိမ်နောက်ဘက်တံခါးအားဖွင့်၍ ခြံအနောက်ဘက်ခြံရုံတောအနီးသို့ ပြေးခဲ့သည်။ ထိုနေရာတွင် "ဆင်မီးတောက်" အပင်တစ်ပင်အား ကျွန်မတွေ့ထားသည်။ အံနီနှင့်အစက်ရောပြီး သစ်ခွပွင့်အလား လှပသောအပွင့်ပွင့်သည့် အဆိပ်ပင်ဖြစ်သည်။ ကျွန်မ လက်နှင့်ဆက်၍ ဥကလေးအားတူးခဲ့ပြီး မီးဖိုချောင်တွင် ငရုတ်ဆုံအတွင်းဆောင်းထုအရည်ညှစ်ပြီး ဖန်ခွက်ထဲထည့်၍ ယူခဲ့သည်။ ဝက်သားတစ်ခွက်လည်း ခပ်ခဲ့သည်။

"ကြာလိုက်တာ အချစ်ကလေးရာ ပေးစမ်းပါ အမြည်း။ အရက်လည်းထည့်ပေးဦး။ မြန်မြန်လုပ်"

ကျွန်မအသင့်ယူလာသော ဖန်ခွက်ထဲသို့ အရက်ငှဲ့ပြီး ပေးလိုက်ရာ ကိုထွေးမှာတစ်ရှိန်တည်း မော့ချလိုက်တော့သည်။ ပြီးနောက်"ပူတယ်၊ ပူတယ်" ဟု အော်ဟစ်ခါ လူးလိမ့်ပြီး ငြိမ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဲဒီနောက်မှာ ကျွန်မလည်း ရဲစခန်းသွားပြီး အဖမ်းခံတာပါ။ စစ်ဆေးလို့ အကြောင်းစုံသိရတာနဲ့ တရားသူကြီးက ကျွန်မကိုညာတာပြီး ထောင်ဒဏ်(၇)နှစ်ပဲ ချတာပါ။ အသက်လည်း မပြည့်သေးဘူးလေ"

ကျွန်ုပ် ...

"အင်း ... ဝိုင်းစိန်မ ဘဝက အတော်ဆိုးတာပဲ။ ဒါနဲ့မင်း အမေကရောကွဲ့"

"အမေကတော့ အဲ့ဒီအိမ်မှာပဲ အဘိုးနဲ့ စိစိထွန်းကလေးပဲ ကျန်ခဲ့တာဆိုတော့ အဖိုးက အတင်းခေါ်ထားတာ"

"မင်း ... ဒီကလွတ်သွားရင်ကောကွယ်"

"အဘိုးက လက်ခံရင်တော့ အဲ့ဒီအိမ်မှာပဲ ပြန်နေမှာပါ။ အဘိုးက ကျွန်မကို မွေးစားမယ်လို့လဲ ကြားရပါတယ်"

"အေး ... အေး ကောင်းပါရဲ့ကွယ်။ အဆိုးနဲ့ အကောင်းဆိုတာ ဒွန်တွဲနေတတ်တဲ့သဘာဝရှိတယ်။ လိမ္မာအောင်နေပါ ဝိုင်းစိန်မရယ်။ စိတ်ရိုင်းတွေကို မမွေးပါနဲ့တော့။ မင်းလွတ်ချိန်ကျတော့လည်း လူကြီးဖြစ်ပါပြီ"

"ဟုတ်ကဲ့ပါ ... ဆရာ"

"ဝိုင်းစိန်မ ... ဦးကို အခုတိုက်တဲ့ကော်ဖီထဲမှာရော ဘာထည့်ထားသေးလဲ။ မှန်မှန်ပြော"

"ဘာမှ မပါပါဘူးဆရာ"

"မပါလို့ရမလား။ အဲ့ဒီကော်ဖီထဲမှာ ကော်ဖီအပြင် သကြားနဲ့ နို့ဆီပါသေးတယ်။ မှတ်ထား ... ဟား ... ဟား ... ဟား"

"အို ... ဆရာကလည်း"



www.burmeseclassic.com

www.burmeseclassic.com



အပျိုပေါက်မကာလေး ရှက်သွားဟန်တူပါသည်။ လူကြမ်းသော်လည်း နုလုံးသားက နူးညံ့ဟန်တူပါသည်။ ဆေးကုသမှုပြီးဆုံးပြီးနောက် ကျွန်ုပ်တို့အဖွဲ့ အမျိုးသမီးအဆောင်အတွင်းမှ ပြန်ထွက်ခဲ့တော့ ည(၁၂)နာရီထိုးပြီဖြစ်သည်။

⌘ ⌘ ⌘ ⌘ ⌘

❦ ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

တစ်နေ့တွင် ကျွန်တော်တို့ထိုင်နေကျ "ရွှေပြည်သိမ်း" လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်နှင့်မောင်ညိုမှိုင်း (သန်လျင်)၊ ထုတ်ဝေသူ NEW IDEA စာအုပ်တိုက်မှ ဦးတင်ထွန်းဆုံကြသည်။ မောင်ညိုမှိုင်း စာအုပ်ကိစ္စနှင့် ထုတ်ဝေသူ၏ သထုံ၊ မော်လမြိုင်စာအုပ်တိုက်များအား လှည့်လည်ရန်ကိစ္စဖြစ်သည်။

ကျွန်တော့်အား ဧည့်သည်အဖြစ် ဖိတ်သည်။ ထုတ်ဝေသူမှာ PUBLICA ကားကလေးရှိသော်လည်း သူ့ကားက ခရီးဝေးစိတ်ချရသည့်အပြင် အပေါင်းအသင်းများ တစုတဝေးတည်းစီးရန်၊ စကားပြောရန် အဆင်ပြေသဖြင့် အဝေးပြေးကားကြီးနှင့်သွားရန် ဆုံးဖြတ်ကြသည်။

www.burmeseclassic.com



ကြာသပတေးနေ့ညနေတွင် "ရွှေပြည်သိမ်း" လက်ဖက်ရည်ဆိုင်၌ဆုံကြပြီး ထိုညတွင် ထုတ်ဝေသူကိုတင်ထွန်းအိမ်တွင် ညအိပ်ကြရန် စီစဉ်ထားသည်။ အစီအစဉ်အတိုင်း ကျွန်တော်တို့ဆုံကြပြီး ကိုတင်ထွန်းအိမ်တွင် ညအိပ်ဖြစ်သည်။ သူ့အိမ်မှာ စမ်းချောင်း၊ ပုသိမ်လမ်း၊ အမှတ်(၂၅)၊ အပေါ်ဆုံးလွှာဖြစ်၍ အတော်အဆင့်မြင့်သည်။ နယ်ဆင်း၍ ဘုရားဖူး၊ တောင်တက်ရန် ပထမလေ့ကျင့်ရာ စခန်းလည်း ဖြစ်သွားသည်။

ကိုတင်ထွန်းအိမ်ခန်းမှာ ကျယ်ဝန်းသော်လည်း စာအုပ်များနှင့် ပြည့်နေသည်။ ကျွန်တော်တို့အား ကိုတင်ထွန်း၏အမေ့လက်ရာဟင်း ထမင်းများနှင့် ဖွယ်ဖွယ်ရာရာ ညစာကျွေးမွေးသည်။ အမေမှာ အသက်(၇၀)ကျော်သော်လည်း ကျန်းမာရေးကောင်းပုံရသည်။ အမေအိုကြီးနှင့် ညီအစ်ကို မောင်နှမများအား လုပ်ကျွေးပြုစုနေသော ကိုတင်ထွန်းအား ကျွန်တော်တို့ သာဓုခေါ်မိကြသည်။

ညစာစားသောက်ကြပြီးနောက် ကျွန်တော်တို့အောက်ဆင်း၍ လိုအပ်မည့်ပစ္စည်းများ ဝယ်ကြရင်း၊ လမ်းလျှောက်ကြသည်။ စမ်းချောင်းရပ်ကွက်မှာ ညပိုင်းတွင် အလွန်စည်ကားသော ရပ်ကွက်ကြီးတစ်ခုဖြစ်သည်။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်နှင့် စားသောက်ဆိုင်၊ ကုန်မျိုးစုံဆိုင်နှင့်ကွမ်းယာဆိုင်များပေါ်လာသည်။

ညနေပိုင်းလေညင်းခံရင်း လမ်းလျှောက်သူ၊ စားသောက်သူများဖြင့် ဘုရားပွဲတမျှ စည်ကားလာသည်။ ထိုအချိန်တွင် တောမြို့သန်လျင်တွင်နေထိုင်သော မောင်ညီမှိုင်းမှာ သောင်ပြင်လွတ်သည့် ရွှေဟင်္သာလေးလို မျက်စိကလယ်ကလယ်နှင့် မျက်မှန်တပ်ရသူဖြစ်သောကြောင့် လမ်းကူးလမ်းဖြတ်ရာတွင် ကားမတိုက်စေရန် ကိုတင်ထွန်းက တွဲရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကိုတင်ထွန်းအိမ်ဧည့်ခန်းတွင် ညအိပ်ကြရာ အပေါ်ဆုံးထပ်ဖြစ်၍ လေဝင်သဖြင့် နွေရာသီဖြစ်သော်လည်း အေးချမ်းစွာ အိပ်စက်ခဲ့ရသည်။

မနက် (၄) နာရီတွင် အိပ်ရာကထကြ၍ ခရီးထွက်ရန်ပြင်ဆင်ကြသည်။ မနက်(၅)နာရီတွင် ကိုတင်ထွန်း ကြိုတင်မှာထားသော TAXI ကားရောက်လာ၍ အောက်သို့ဆင်းကြသည်။ အောင်မင်္ဂလာ အဝေးပြေးသို့သွားကြသည်။ "ဝင်း"အဝေးပြေးရပ်နားရာစခန်းသို့ မေးမြန်းစုံစမ်းရှာဖွေနေရသဖြင့် ကားရပ်စခန်းသို့ မနက် (၆) နာရီထိုးမှရောက်တော့သည်။ ကားမှာ(၇း၃၀)မှထွက်မည်ဖြစ်၍ ကျွန်တော်တို့ စခန်းအနီးတွင် BRAKFAST စားကြရင်း ကားစောင့်ကြပါသည်။

(၇း၃၀)နာရီတိတိအချိန်တွင် ကားထွက်ပါသည်။ ထိုင်ခုံဆက်ယူထား၍ခရီးသွားရင်း စကားပြောရသည်မှာ အဆင်ပြေလှသည်။ တောက်ကြန့်၊ အင်းတကော်ကျော်တော့ကားမှာ မြန်လာသည်။

ခေတ်မီခရီးသည်တင်ကားကြီးဖြစ်၍ အရှိန်မြန်မြန်မောင်းသော်လည်း မြန်မှန်းမသိရပါ။ VIDEO ဖွင့်ပေးသဖြင့် ရုပ်ရှင်ကြည့်ရင်း စကားပြောရင်းမှ မုပ္ပလင်သို့ (၁၂) နာရီ မထိုးမီရောက်သည်။

ကားရပ်နားသောဆိုင်မှာ ကြီးကျယ်ခမ်းနားလှပြီး စားစရာသောက်စရာ အစုံရသည်။ ထမင်းဟင်းများလည်း အလွန်ကောင်းမွန်သန့်ရှင်းသဖြင့် ကျွန်တော်တို့အဖွဲ့ စား၍မြိန်လှသည်။ နာရီဝက်အချိန်ရ၍ စားသောက်ကြပြီးနောက် ကားကြီးထွက်ပြန်သည်။

ကျွန်တော်တို့အဖွဲ့ သထုံမရောက်ခင် အလံတစ်ရာဘုရားအလှူခံဂိတ်တွင်ဆင်းကြပြီး ဆိုက်ကားစီး၍ အလံတစ်ရာဘုရားသို့ သွားကြသည်။ ထူးဆန်းသည်မှာ ရန်ကုန်၊ မော်လမြိုင်လမ်းကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခြေရင်းအထိ ကုံကော်ပင်ကြီးများအား စိတန်းစိုက်ပျိုးထားခြင်း ဖြစ်သည်။

အပင် (၁၀၀၀) တိတိရှိကြောင်း ဆိုက်ကားဆရာက ရှင်းပြသည်။ လမ်းမကြီးမှာ မြေနီလမ်းဖြစ်သော်လည်း ဖြောင့်တန်းညီညာနေပြီး ကုံကော်ပင်တန်းနှင့်အပြိုင် ဖောက်လုပ်ထားခြင်းဖြစ်သည်။

ဘုရားကြီးမှာ ယခင် ကျွန်တော်တို့ လွန်ခဲ့သော(၃)နှစ်ခန့်က ရောက်စဉ်က ထုံးသင်္ကန်းသင်္ကန်းကပ်ထားသော်လည်း၊ ယခုအခါတွင် ရွှေပြား သင်္ကန်းများကပ်ထားသဖြင့် အလွန်သပ္ပာယ်ကြည်ညိုဖွယ်ရာ ကောင်းလှသည်။ အဝေးမှပင် ရွှေရောင်တဝင်းဝင်းနှင့် ဖူးတွေ့ရသည်။

ဆိုက်ကားက ဘုရားခြေရင်းအထိ ရောက်သည်။ လူတစ်ယောက် (၃၀ိ/-)စီပေးရသည်။ ကျွန်တော်တို့အုပ်စု အထုပ်အပိုးများဖြင့် အနီးရှိကြည်ဆိုင်တွင် ခေတ္တထိုင်ရင်း ကြနက်ရည်သောက်၍ အပန်းဖြေကြသည်။

ကိုတင်ထွန်းက ဆိုင်ရှင်အမျိုးသမီးအား မေးသည် –

"ဒီက . . . ညီမ ဘုရားပွဲတော်က ဘယ်တော့လဲ"

"ဖေဖော်ဝါရီလထဲမှာ ပြီးသွားပြီအစ်ကို၊ အလွန်စည်ကားပါတယ်။ ကျွန်မတို့ဆိုင်တွေက ပွဲတော်အကျန်တွေပေါ့။ ကျွန်မတို့ဆိုင်လည်း သိမ်းတော့မှာပါ"

မောင်ညိုမှိုင်း . . .

"အခုဒီက ဆရာတော်က အလျင်ဆရာတော်ပဲလား"

"မဟုတ်တော့ဘူးရှင့်၊ အရင်ဆရာတော်က ပျံလွန်တော်မူသွားပြီ၊ ဦးစန္ဒနဝံသလို့ခေါ်တယ်။ ယခုတိုက်အုပ်ဆရာတော်ကတော့ ဦးဓာနယျပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဆရာတော်က ပဒိုင့်ဆရာတော်မဟုတ်လား။ ကျိုက်ခေါက်ဘုရားပွဲလာတုန်းက ပဒိုင့်ကလေးတွေပါလာလို့ စိတ်ဝင်စားမိတာပါ။ သီချင်းလည်း ဆိုကြတယ်လေ"

"ဟုတ်ပါတယ်။ ပဒိုင့်ကလေးတွေက ဆရာတော်ကို အလွန်ချစ်ခင်ရှိသေကြတာ။ ဆရာတော့်အကြောင်းကို စပ်ထားတဲ့သီချင်းကို ဆိုကြတာထင်ပါတယ်။ အခုလည်း ဒီဘုရားမှာ ပဒိုင့်တွေရှိပါတယ်။ 'သူတို့က ဆရာတော့်ဓာတ် ကျိုက်ကော်သိမ်ဆိပ်တိုက်နယ်၊ ထီပုံရွာက လာကြတာပါ"

"၁၃၁၄ တပေါင်းလမှာ ဒီဘုရားကြီးကို အုတ်မြစ်ချပါတယ်။ အနှစ် (၂၀) ကြာ၊ ၁၃၃၄ မှ ဘုရားတည်မှုပြီးစီးပါတယ်။ ၁၃၃၄ တပို့တွဲလဆန်း (၁)ရက်နေ့ကစပြီး လဆန်း (၁၆) ရက်နေ့အထိ ဘုရားပွဲတော်လုပ်ပါတယ်။ အဲဒီမှာမင်းသားကြီးစိန်တင်ဝင်းရဲ့ ပဒိုင့်ဓာတ်ကို ညလုံးပေါက်ကပါတယ်၊ အခုတော့ မင်းသားကြီးစိန်တင်ဝင်းလည်း ဖဲလဖြတ်ခံထားရလို့ မကနိုင်တော့ပါဘူး။ အရွယ်ကလည်းကြီးပြီလေ"

"အခုမင်းသားကြီးက ဘယ်မှာနေတာလဲဗျ။ တွေ့ပြီး စကားပြောလို့ရနိုင်မလား"

"စကားပြောနိုင်ပါတယ်။ သူက အခုဘုရားအနီးက ရွာတင်နေတာပါ"

"အေးဗျာ . . . ကျွန်တော်က သန်လျင် ကျိုက်ခေါက်ဘုရားပွဲတော်မှာ ပဒိုင့်ဓာတ်ကိုကြည့်လိုက်ရလို့ စိတ်ဝင်စားလို့ မေးမြန်းရအောင်လာတာပါ။ စာတစ်အုပ်လောက်ရေးချင်လို့ပါ"

ကျွန်တော် "ဆရာတော်က ဘယ်တုန်းက ပျံလွန်တော်မူတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"၁၉၈၈–ခုနှစ်ကပဲ ဒီဘုရားကြီးကို တည်ဖို့ဆရာတော်ဟာ အနှစ် ၂၀ ကျော်ကျော်ကျိုးပမ်းခဲ့ရတာပါ။ ပအိုဝ့်စာတ်ကတာလဲ၊ ဘုရားကြီး ရန်ပုံငွေအတွက်ပါ။ ဆရာတော်ပျံလွန်တော်မူသွားပြီးမှ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ်တင်ပြီး အလံတစ်ရာပြည့်အောင် ပြုပြင်တည်ခဲ့တာပါ။ ဆရာတော်ပျံလွန်တော်မူတော့ သက်တော် (၈၁) နှစ်ရှိပါပြီ"

"ဒါနဲ့ . . . ဒီဘုရားနယ်မြေမှာ သက်သတ်လွတ်စားကြတယ် ဆိုတာ ဟုတ်သလားဗျ"

"ဟုတ်ပါတယ်။ ဒီဘုရားကြီးအနီးတစ်ဝိုက်မှာ ရွာ(၁၂)ရွာ ရှိပါတယ်။ ဘုရားကြီးဝေယျာဝစ္စကို လုပ်ပေးတဲ့ရွာတွေပါ၊ အတွင်း (၆)ရွာ နဲ့အပြင် (၆)ရွာလို့ ခေါ်ပါတယ်။ အတွင်း (၆)ရွာက ယောဂီတွေပါနေပါ တယ်။ ကုံကျော်ပင်တန်းဘောမှာပါ။ သက်သတ်လွတ်စားကြတယ်။ အပြင် (၆) ရွာကတော့ အသက်မလွတ်ပါဘူး။ ဒါကြောင့်လည်း ဘုရားဝေယျာဝစ္စ လုပ်ရာမှာ အတွင်း (၆) ရွာပြီးမှ အပြင် (၆)ရွာက လုပ်ရပါတယ်။ ဒုတိယ ဦးစားပေးပေါ့"

ကိုတင်ထွန်း"ဘုရားထဲမှာ ကားကြီး၊ ကားလေးအများကြီးတွေ့ တယ်ဗျ၊ ကားလေးမှာလည်း "အလံတစ်ရာ"လို့ရေးထားတယ်။ အဲဒီ ဘုရားပိုင်တဲ့ကားတွေလား"

"ဟုတ်ပါတယ်ရှင်။ စေတနာရှင်တွေက ဘုရားကိုလှူထားတာပါ။ ဘုရားတည်တုန်းကလည်း သုံးတယ်။ အခုလည်း ဘုရားကြီးရန်ပုံငွေ အတွက် အတွင်းရွာတွေက ယာဉ်မောင်း၊ စက်ပြင်တွေက ကျောက်ဆစ် အုတ်တိုက်လုပ်ပြီး ရန်ပုံငွေရှာနေကြတာပါ။ ကားအစီးပေါင်း (၂၄)အောက် ရှိမယ်ထင်ပါတယ်။ အလံတစ်ရာဘုရားကြီးက ပရိဘောဂ အလွန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



ဝပါတယ်ရှင်''

ကျွန်တော် ''ဟုတ်တယ်ဗျ။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျွန်တော်ရောက်တုန်းက ဘုရားကြီးက ထုံးသင်္ကန်းပဲကပ်ထားတာ အခုတော့ ရွှေရောင်ကိုဝင်းနေတာပဲ''

''ဟုတ်ပါတယ်ရှင်၊ အခုရွှေပြားသင်္ကန်းတွေ ကပ်လှူမှုဖော်ထားပါတယ်''

မောင်ညီညိုမှိုင်း . . .

''ဘုရားသမိုင်း၊ အသေးစိတ်ကို သိချင်တယ်ဗျား ဘယ်သူ့ကို မေးရင်ရနိုင်မလဲ''

''ဘုရားတန်ဆောင်းထဲမှာ စာအုပ်ရောင်းပါတယ်၊ တိုက်အုပ်ဆရာတော်ကိုမေးရင်လည်း၊ သိနိုင်ပါတယ်ရှင်''

ကျွန်တော်တို့အဖွဲ့ ဘုရားထဲဝင်ကြရန် ပြင်ဆင်စဉ် ကျွန်တော်မှ

''ခဏကလေးစောင့်ကြဦးဗျာ။ ဟိုအနားမှာ အိမ်သာတွေ မြင်ရတယ်။ ဘုရားမဖူးမီ အပေါ့အပါးသွားချင်လို့ပါ''

ကျွန်တော် အိမ်သာခန်းဘက်သို့ လှမ်းခဲ့သည်၊ ဆိုင်တန်းများနှင့်တော့ ပေ (၁၀၀)ကျော်ဝေးပေမည်။ အိမ်သာများမှာ အုတ်နှင့်ဆောက်ထားပြီး ကန့်များထဲတွင်ရေအပြည့်။ ကျွန်ုပ်အပေါ့အပါးများအပြီး ပြန်ထွက်လာစဉ် ထန်းပင်အနီး၊ အမိုးအောက်မှ အမျိုးသမီးတစ်ဦးက လှမ်းခေါ်သည်။

''ဦးလေး ခဏနေပါဦး။ အိမ်သာတက်ခ (၁၀၀)ကျပ် ကျပါတယ်''

''ဒါ ဘုရားပိုင်အိမ်သာတွေ မဟုတ်ဘူးလားကွဲ့''

''ဟုတ်ပါတယ်။ ကျွန်မက ရေခပ်ထည့်ထားရလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါးဆယ်ကျပ်မရဘူးလား"

"မရပါဘူးရှင့် (၁၀၀)ကျပ်အဝတီကျပါတယ်။ အခု ဘုရားဖူးလာသူနည်းတော့ ဝင်ငွေမကောင်းဘူးရှင့်"

"မင်းက ကန်ထရိုက်ဆွဲထားတာလား"

"မဟုတ်ပါဘူး၊ ကျွန်မက ရေခပ်ထည့်ပေးရုံပါပဲ"

ဘုရားကြီးဝင်းဝိုင်း ပစ္စည်းကိုလည်း၊ မိမိကိုယ်ကျိုးအတွက် လုပ်စားသူကိုလည်း တွေ့ခဲ့ရ၍ အလွန်အံ့ဩမိသည်။ အများက သက်သတ်လွတ်စား၍ တစ်သက်လုံးဘုရားကျွန်ခံ၍ ကုသိုလ်အမှုပြုကြသည်။

ကျွန်တော်တို့ အလယ်တစ်ရာဘုရားကြီးဝင်းအတွင်း ဝင်ခဲ့ကြပါသည်။ တောင်ဘက်မုခ်တွင် ဘုရားဝတ်ပြုကြသည်။ အလှူငွေထည့်ကြသည်။ ဘုရားပုံတော်နှင့်ဆရာတော်ကြီးပုံတော်၊ ဘုရားသမိုင်းစာအုပ်များဝယ် ကြသည်။ အလှူခံဌာနတွင် ယောဂီကြီးတစ်ဦးကို တွေ့သော်လည်း သူကရှင်းမပြ၊ ဓာတ်ပုံနှင့်စာအုပ်ကိုသာရောင်းပြီး တိုက်အုပ်ဆရာတော်နှင့်တွေ့ရန် ညွှန်ပြသည်။

ကျွန်တော်တို့ ဘုရားရင်ပြင်တော်ပေါ်၌ နေပူကျဲကျဲ ထဲ လျှောက်ကြပြီး တိုက်အုပ်ဆရာတော်ရှိရာ အရှေ့ဘက်မုခ်သို့လာကြသည်။ ဆရာတော်ဦးဇာနယျအားဖူးတွေ့ရပြီး ဆရာတော်ကနေရာပေး၍ ဘုရားကြီးအကြောင်းအား ကျွန်တော်တို့ မေးမြန်းသမျှ စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

ဆရာတော် . . .

"ဒကာကြီးတို့က ဘယ်ကလာကြတာတုန်းကွဲ့"

မောင်ညိုမှိုင်း . . .

"ရန်ကုန်ကပါဘုရား။ စာရေးဆရာတွေပါဘုရား။ ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းအသေးစိတ်သိချင်၍ လာကြကြောင်းပါဘုရား"

"မြောက်ဘက်မုခ်နားမှာ ဆရာတော် ဦးစန္ဒနဝံသရေးထိုးထားတဲ့ ကျောက်စာရှိတယ်ဒကာကြီး။ အဲဒါ အနိုင်အမာဆုံးပဲ။ ဘုရားသမိုင်းစာအုပ်တွေကလည်း တောင်ဘက်စောင်းတန်းမှာ ရောင်းပါတယ်"

မောင်ညိုမှိုင်း . . .

"တင်ပါ့ဘုရား . . . တပည့်တော်တို့ဝယ်ပြီးပါပြီဘုရား။ အဲဒီစာအုပ်ထဲမှာ မပါတာလေးတွေ မေးချင်တာပါဘုရား"

"မေးပါ . . . ဒကာကြီး။ ဘုန်းကြီးသိသမျှ ဖြေပါ့မယ်"

"ဆရာတော် ဦးစန္ဒနဝံသ ပြန်ဝင်စားတဲ့ ကိုယ်ရင်လေးရှိတယ်ဆိုတာ ဟုတ်ပါသလားဘုရား။ တပည့်တော်တို့တွေ့ချင်ပါတယ်ဘုရား"

"ဟုတ်ပါတယ် ဒကာကြီး။ ဟိုအပေါ်ဘုရားစင်နားက ဆရာတော်ကြီးဓာတ်ပုံပါ။ အဲဒါ ငယ်စဉ်တုန်းကပါ။ အခုတော့ လူထွက်ပြီးလူပျိုတောင်ဖြစ်နေပါပြီ။ သူက ဒီမှာမနေပါဘူး။ ကျိုက်ခေါက်နားကထီးပုံစုရွာပြန်သွားပါတယ်။ ဆရာတော်ဘုရားကြီးရှိစဉ်က အကြောင်းတွေကို သူကအကုန်အစင် ပြန်ပြောနိုင်ပါတယ်"

မောင်ညိုမှိုင်း . . .

"မတွေ့ရတာ နာတာပဲနော်။ ဓာတ်ပုံထဲမှာတော့ ဆရာတော်နဲ့အတော်တူတာပဲ"

ကျွန်တော် . . .

"ဆရာတော်ဘုရား၊ ဒီအပေါ်က တောင်တန်းကြီးကို ဘယ်လိုခေါ်ပါသလဲဘုရား"

"ပထမအဆင်းကတောင်က (က-ကြီး) ပုံစံဖြစ်နေလို့ ကကြီးတောင်လို့ခေါ်တယ် ဒကာကြီး။ အနောက်ဘက်တောင် မြင်းမြင့်ကတော့

www.burmeseclassic.com



ခိုးမသခေတာင်လို့ ခေါ်ပါတယ်။ ဘုရားစေတီတွေအများကြီးရှိတယ်။ ဒကာကြီးတို့ တက်ဖူးကြဦးမှာလား"

ကိုတင်ထွန်း . . .

"တင်ပါ့ဘုရား။ တပည့်တော်တို့တောင်ပေါ်ကို တက်နိုင်သမျှ တက်ပြီးဖူးပါ့မယ်။ ညကိုတော့ ဒီရပ်ထဲမှာ အိပ်လို့ရမလားဘုရား။ တပည့်တော်တို့က အရှင်ဘုရားနဲ့လည်း စကားပြောချင်၊ မေးချင်၊ လျှောက်ချင်သေးလို့ပါဘုရား"

"အိမ်း . . . အိမ်း . . . ရပါတယ် ဒကာကြီးတို့။ ဒီက ကပ္ပိယကြီးက စီစဉ်ပေးပါလိမ့်မယ်"

ရပ်ကြီးမှာ ဘုရားတန်ဆောင်းနှင့်တွဲထားသည်။ အခန်းများဖွဲ့ထားပြီး ဘုန်းတော်ကြီးများသည်း နေထိုင်သည်။ တန်ဆောင်းကြီးအား ပျဉ်များဖြင့် ကာရံထားသဖြင့် အလွန်ပူလှသည်။ သစ်ရိပ်၊ ဝါးရိပ်မရှိရှား ခေါင်မှာလည်းအလွန်နိမ့်သည်။

ကျွန်တော်တို့ ညအိပ်ရန်နေရာမှာ တန်ဆောင်းအတွင်း ကြမ်းခင်းပေါ်တွင် ဖြစ်သည်။ ထိုင်ရင်းညအိပ်ရမည့် အခြေအနေကို စဉ်းစားနေစဉ် ဘုရားရင်ပြင်တော် ကျောက်ပြားများပေါ်သို့ လေအဝှေ့တွင် လိမ့်၍ပါလာသော ပလတ်စတစ်အိတ် (ကျွတ်ကျွတ်အိတ်)အသံများကို ကြားရသည်။

တရှဲရှဲနှင့်တရှပ်ရှပ်နှင့် လူလမ်းလျှောက်သံနှင့် တူလှသည်။ ညဘက်တွင်လည်း အလွန်ပူလောင်နေမည်မှာ အသေအချာဖြစ်သည်။ ရေချိုးရန်၊ အပေါ့အလေးသွားရန် နေရာရှိကြောင်း သိရသော်သည်း အလှမ်းဝေးသည်။

ကျွန်တော်ညအိပ်ရန် ဝန်လေးနေမိသည်။ ဘုရားတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းဖြစ်၍ ညစာအတွက်လည်း အခက်အခဲရှိသည်။ ဘုရားဝင်းအပြင်တွင် အအေးဆိုင်နှင့် လက်ဖက်ရည်ဆိုင်သာရှိသည်။ ထမင်းစားရန်အတွက်(၂)မိုင်ခန့်ခရီးလမ်းလျှောက်ပြီး ရှိန်ကုန်မော်လမြိုင်လမ်းဘေးရှိ ထမင်းဆိုင်တစ်ဆိုင်ကို ရှာဖွေရဦးမည်။

ကျွန်တော်တို့အဖွဲ့ ဆရာတော်အား ဝတ်ဖြည့်ပြီး ကကြီးတောင်ပေါ်သို့ တက်ရန်လမ်းလျှောက်ထွက်လာကြသည်။ အချိန်မှာ ညနေ(၃) နာရီခန့်ရှိပြီဖြစ်သော်လည်း နေမှာပူလောင်တုန်းပင်။ အနောက်ဘက်မုခ်စကြံန်လမ်းအတိုင်း လျှောက်ခဲ့ကြပြီးနောက် တောင်ခြေသို့ ရောက်သည်။

တောင်ခြေမှတက်လာရာ မတ်စောက်လာပါသဖြင့် ကျွန်တော်မတက်တော့ပါ။ နားမှာနာလာသည်။ လှေခါးထစ်များမှာ ကျောက်တုံးများခင်းထားသော လမ်းသာသာသာဖြစ်သည်။

မောင်ညိုမိုး . . .

"ကဲ . . . တောင်မှူးကြီး။ ခင်ဗျားမလိုက်နိုင်ရင် ဒီနားမှာဇရပ် လေးမှာပဲ စောင့်နေခဲ့ပေတော့။ ကျုပ်တို့ကတော့ အလျော့မပေးဘူး။ အပေါ်ရောက်အောင်တက်မယ်၊ အပေါ်မှာ မှတ်တမ်းတင်ဓာတ်ပုံတလေးတွေရိုက်မယ်"

"စိတ်ချ၊ လက်ချသွားကြပါဗျာ၊ ကျွန်တော်စောင့်နေပါ့မယ်"

သူတို့တောင်ပေါ်သို့ တက်သွားကြသည်။ ကျွန်တော်တောင်တက်လမ်းဘေးရှိ ရေအိုးစင်ကလေးမှရေကို သောက်ကြည့်သည်။ လက်ကိုင်ရိုးတပ် အုန်းမှုတ်ခွက်ကလေးဖြင့် သောက်ရခြင်းဖြစ်သည်။ ရေမှာကြည်လင်အေးမြနေသည်။

ပြီးနောက် ရေအိုးစင်အနီးရှိ တစ်ဖက်ရပ် သွပ်မိုး သစ်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ကလေးတွင်ဝင်ထိုင်၍ ပုတီးစိပ်တော့သည်။ ပုတီး(၁၁)ပတ်ပြည့်သော် တောစောင့်နတ်၊ တောင်စောင့်နတ်များအား အမျှဝေသည်။

ပြီးနောက်အရှိ ရေအိုးစင်နောက်တွင် ထောင်ထားသော မုတ်ရုပ်အုန်းတံမြက်စည်းကလေးအားတွေ့ရသဖြင့် ဇရပ်ကလေးရှေ့နှင့် တောင်ပေါ်တက်သည့် လှေကားထစ်များအားလှဲကျင်းပြီး သန့်ရှင်းရေး လုပ်တော့သည်။ ဝါးရွက်ကြွေနှင့်သြောင်ရွက်များ ရှင်းလင်းသွားသည်။ ပြောင်ပြောင်ပြောင်ပေါ်လာ၍ စိတ်ချမ်းသာမိသည်။ ထိုစဉ်တွင် မောင်ညိုမှိုင်း နှင့် ကိုတင်ထွန်းတို့ ပြန်ဆင်းလာကြသည်။

မောင်ညိုမှိုင်း . . .

''သောင်မှူးကြီးတို့ကတော့ အလုပ်ကို ဖြစ်နေတာပဲ။ ယူတတ်ရင် ကုသိုလ်ဆိုတာရတာပဲနော်။ ကျွန်တော်တို့တော့ ပင်ပန်းပြီး ပြန်လှည့် လာရတယ်။ ကကြီးတောင်ပေါ်ပဲရောက်တယ်ဗျို့။ အပေါ်ဆင့်က မိုးမခ တောင်ပေါ်တော့ မတက်နိုင်တော့ဘူး။ ပြန်လှည့်လာရတယ်။ သောင်မှူး ကြီး နားပါဦးဗျာ၊ ကျွန်တော်လည်း ကုသိုလ်လေးဝေမျှပါဦး''

ကိုတင်ထွန်း . . .

''ဆရာမှိုင်း ခဏနေပါဦးဗျာ၊ သောင်မှူးကြီး တံမြက်စည်း လှည်းနေပုံကို ကျွန်တော်မှတ်တမ်းတင်၊ ဓာတ်ပုံရိုက်ပေးလိုက်ဦးမယ်''

ကိုတင်ထွန်းဓာတ်ပုံရိုက်ပြီးတော့ မောင်ညိုမှိုင်းကျွန်တော့်ထံမှ တံမြက်စည်းယူ၍ ဝင်လှည်းသည်။ ဖုန်လုံးများကြားထဲတွင် မောင်ညိုမှိုင်း ကိုယ်ပျောက်သွားတော့သည်။

သရဲ တစ္ဆေ ကျွဲရဆရာကြီးမို့ တောင်စောင့်နတ်များက ကူညီ လိုက်ဟန်တူပါသည်။ ထိုစဉ်တွင် ကိုတင်ထွန်းကလည်း အားကျမခံ သောက်ရေအိုးစင် ခေါင်မိုးပေါ်မှတွေ့ရသော ကြက်ရှေးတံမြက်စည်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြင့် သောက်ရေအိုးစင်ခေါင်မိုးအား လုံကျင်းနေတော့သည်။

တောင်ပေါ်တက်ဘုရားဖူးသူနှင့် မတက်နိုင်၍ အောက်တွင် လွှန်ခဲ့သောကျွန်တော့်ထံမှ ကုသိုလ်များအား သူတို့နှစ်ယောက် လုယူနေကြပါသည်။ ကုသိုလ်ခိုးပြမျာဖြစ်ဟန်တူသည်။

ကျွန်တော်တို့တောင်ပေါ်က ဆင်း၍အလယ်တစ်ရာဘုရားကြီး၏ ထူးခြားလှသော ကံ့ကော်ပင်တောတန်းအောက် အရိပ်၌ နားခဲ့ကြသည်။ ကံ့ကော်ပင်တန်း၏ လက်ဝဲဘက်တွင် မြေနီကားလမ်းရှိသည်။

လက်ယာဘက်တွင် သန့်ရှင်းနေသော ကံ့ကော်ပင်အောက်မြေလမ်းကျယ်ကြီးနှင့် လက်ယာဘက်တွင် ယောဂီများနေထိုင်သည့် လုံချင်းအိမ်ကလေးများအား ပုံစံအမျိုးမျိုးဖြင့် သစ်ရိပ်၊ ဝါးရိပ်တွင် သန့်ရှင်းသပ်ရပ်စွာ မြင်တွေ့ရသည်။ အိမ်ခြံများရှေ့ရှိ ကံ့ကော်ပင်များအား အပိုင်သတ်မှတ်ထားဟန်တူသည်။

ရေအိုးစင်ကလေးများ တည်ထားသည်။ သတ်မှတ်ထားသည်။ ကံ့ကော်ပင်များအောက်တွင် လုံကျင်းထားသည်မှာ ပြောင်ဝင်းနေသည်။ အချို့ယောဂီအိုကြီးများကတော့အောက်တွင် လုံကျင်းသန့်ရှင်းနေကြတုန်းပင်။ အမျိုးသမီးကြီးများသာဖြစ်သည်။ နေမင်းကြီးမှာ အနောက်ဘက်သို့ တဖြည်းဖြည်း ဝင်သွားတော့သည်။

ကျွန်တော်တို့ တိုက်အုပ်ဆရာတော်သည် တန်ဆောင်းသို့ ရောက်တော့ ဆရာတော်အခန်းထဲတွင် ငွေများရေတွက်နေသည်။ ယနေ့ အလယ်တစ်ရာဘုရားကားများ လုပ်အားပေးများဟု သိရသည်။ ကျွန်တော်တို့ ဘုရားပေါ်တွင် ညအိပ်ရန်ဆရာတော်ထံမှ ခွင့်ပြုချက်ရပြီးသော်လည်း မအိပ်လိုတော့ပါ။

ဘုရားပေါ်တွင် ရေရှားဟန်တူပါသည်။ အပေါ်အထိလှေကားတက်သွားရန်



www.burmeseclassic.com

www.burmeseclassic.com



လည်း အိပ်သောကို မမြင်ရ။ တစ်ည နှစ်ခါ၊ သုံးခါဆီးသွားတတ်သော မောင်ညိုမှိုင်းအတွက်မလွယ်။ ကျွန်တော်တို့မှာလည်း ဖုန်အလူးလူးဖြင့် ရေချိုးမှုဖြစ်ဖေတော့မည်။

ကျွန်တော်တို့သုံးဦးတိုင်ပင်၍ ဆရာတော်အား နှုတ်ဆက်ဝတ်ပြုပြီး စာအုပ်များနှင့်မုန့်များလှူဒါန်းခဲ့သည်။

မောင်ညိုမှိုင်း . . .

"အရှင်ဘုရားတပည့်တို့ ပြန်ခွင့်ပြုပါဘုရား။ ဒီမှာ ညမအိပ်တော့ပါဘူး။ မင်းသားကြီး ဦးစိန်တင်ဝင်းလည်း လေဖြတ်ထားပြီး ရွာထဲမှာနေတာဆိုတော့ တပည့်တော်တို့ မသွားတော့ပါဘူးဘုရား။ အဲ . . . ဆရာတော်ဘုရားကြီးရဲ့ "အလံတစ်ရာဘုရားကျောက်စာ"ကိုတော့ ကူးယူသွားချင်ပါတယ်ဘုရား။ ညွှန်ပြတော်မူပါဘုရား"

"အိမ်း . . . အိမ်း . . . ကောင်းပါပြီ ဒကာတို့၊ ဘုရားကျောက်စာက မြောက်ဘက်မုခ်နားမှာရှိပါတယ်။ သွားကြပေရော့"

"တင်ပါ့ဘုရား"

ကျွန်တော်တို့အဖွဲ့ မြောက်ဘက်မုခ်ဘက်သို့ သွားကြသည်။ ကျောက်စာတိုက်မှာ မြောက်ဘက်မုခ်အနီး အထက်ပစ္စယံပေါ်တွင် တည်ထားသည်။ ကျောက်ဖြူ ကျောင်ကျောက် ကျောက်သားပေါ်တွင် ရေးထိုးထားခြင်းဖြစ်သည်။ အောက်ပါအတိုင်းဖြစ်သည်။

"သထုံမြို့နယ်၊ အလံတစ်ရာမဟာစေတီကျောက်စာ"

သထုံမြို့နယ်၊ ကျိုက်ကော်သိမ်ဆိပ်တိုက်နယ်အနီး၊ ထီးမုံရွာ စေတီ၊ သက်တော် (၅၉)နှစ်၊ ဝါတော်(၁၄)ဝါရှိ ၁၂၅၅-ခုနှစ်၊ ဒုတိယဝါဆို လဆန်း (၉)ရက်၊ အင်္ဂါနေ့တွင် (ပဒိုင်အမျိုးသား) ဆရာတော်ဦးစန္ဒိမသ ဦးဆောင်၍ အဖွဲ့ဝင်တို့ထက်အင်အားဖြင့် (၂၂) နှစ်အတွင်း ၁၃၁၄-ခုနှစ်မှ



www.burmeseclassic.com

www.burmeseclassic.com



စေတင်၍ အလံတစ်ရာစေတီကို ဒုတ်မြစ်ချတည်ဆောက်သည်။

ဘုန်းကြီး ထိ ပါရမီဆယ်ပါးအဖွဲ့ဝင် (၂၉၅၆၁၉၁) အလံတစ်ရာကျောင်းတော် ဗုဒ္ဓဂါမရွာ၌ လူနေရပ်ကွက် (၅)ခု၊ အိမ်ခြေ (၁၂၂၄)အိမ်၊ လူဦးရေ (၅၃၁၉)ဦး၊ အလံတစ်ရာကျောင်းတော်နေ၊ ရသေ့၊ ရသေ့မ၊ ဉပါသကာ၊ ယောဂီအားလုံး ရာသက်ပန်သက်သတ်လွတ်၊ ဘောဇဉ်စားသုံးရန် သစ္စာပြုထားကြသည်။

၁၃၄၀–ပြည့်၊ တန်ခူးလဆန်း (၁၂)ရက် ပြီးစီးအောင်မြင်သည်၊

ကျွန်တော်တို့အဖွဲ့ ကျောက်တံတားနေကြစဉ် ပအိုဝ့်အမျိုးသားအင်္ကျီ လုံချည်နီနီရဲရဲများ ဝတ်ထားကြသော အမျိုးသမီး၊ အမျိုးသားများ ပန်းများကိုင်ဆောင်၍ အိုးစည်ဗုံမောင်းတီးခတ်တန်းစီ၍ ဘုရားဝင်း အတွင်းသို့ ဝင်လာကြသည်။ လူ (၅၀)ခန့်ရှိသည်။ ညနေချမ်း၊ ဘုရားကြီးအား ပန်းကပ်သောက်တော်ရေကပ်ရန် ဖြစ်ကြောင်းသိရသည်။

ကျွန်တော်တို့ပစ္စည်းများယူ၍ ကားဆိပ်သို့ ဆင်းခဲ့ကြသည်၊ ဈေးဆိုင်တန်းအနီးတွင် ဆိုက်ကားရ၍တော်ပေသေးသည်။ (၂) နိုင်ခန့်ခရီးကို တစ်ဦး(၁၀၀/–)ကျပ်စီပေးရသည်၊ ဆိုက်ကားတစ်စီးတည်း လူ(၃)ယောက် နိုင်သည်။ ကံ့ကော်တောလမ်းအတိုင်း ပြန်လာကြရ. ရွာတွင်းဝင်ပြီးနောက် ရန်ကုန်–မော်လမြိုင်လမ်းမသို့ ရောက်သည်၊ ညနေစောင်းချိန်ဖြစ်သော်လည်း အလင်းရောင်ရှိသေးသည်။ ကားမရလျှင် ဤရွာတွင် ညအိပ်ရန် တည်းခိုခန်းစုံစမ်းကြရာ အနီးရှိလူတစ်ဦးက –

"ဆရာကြီးတို့ ဒီရွာမှာ တည်းခိုခန်းမရှိပါဘူး။ တည်းနိုင်ချင်တော့ နီးစပ်ရာအိမ်တွေမှာ တည်းခိုလို့ရပါတယ်။ ကျွန်တော်မေးပေးပါမယ်။ ဒါပေမယ့် သထုံ–မော်လမြိုင်သွားမဲ့ ဒိုင်နာကားလေးတွေရှိတတ်ပါတယ်။ ခဏစောင့်ကြည့်ပါဦး။ ကျွန်တော်တားပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကားစောင့်ရင်း လက်ဖက်ရည်ဆိုင်လေးတွင် လက်ဖက်ရည်သောက်ကြသည်။ ထမင်းဆိုင်တော့ မမြင်ရပါ။ ရွာမှာလည်း လမ်းဘေးရွာငယ်လေးဖြစ်သည်။ လက်ဖက်ရည်၊ ကြေးအိုးဆိုင်နှင့် ကွမ်းယာ၊ ဆေးလိပ်ဆိုင်လေးများလောက်သာ တွေ့ရသည်။

ယင်းရွာသားကြီးမှာ သဘောကောင်းလှသည်။ ကျွန်တော်တို့ လက်ဖက်ရည်သောက်သဖြင့် သူ့အားတိုက်သော်လည်း မသောက်ပါ။ နာရီဝက်ခန့်အကြာတွင် ဒိုင်နာကားလေးတစ်စီးလာသည်။ ရွာသားကြီးက တားပေးသည်။ ကားပေါ်တွင် လူ (၅)ဦးခန့်သာပါသဖြင့် ကျွန်တော်တို့ ထိုင်ခုံနေရာရသည်။

သတုံသို့တစ်ဦး(၅၀၀/–)ကျပ်စီပေးရသည်။ မော်လမြိုင်အထိ သွားမည်ဟုသိရသည်။ ကျွန်တော်တို့က ဗိုက်ကျိုက်တောင် တက်ကြမည်ဖြစ်၍ သတုံ့ဈေးတာရုံဘုရားရှေ့တွင် ဆင်းကြသည်။ ဈေးတာရုံဘုရားအား ဖူးမြော်ကြပြီးနောက် တည်းခိုခန်းရှာ၍ (၃) လမ်းအကျော် အတွင်းထဲ၍ တည်းခိုခန်းရသည်။

တစ်ဦး(၂၀၀/–)နှုန်းသာပေးရသည်။ တည်းခိုခန်းတွင် ပစ္စည်းများအားထားပြီးနောက် ရေတစ်ဝချိုးကြသည်။ သတုံ့ရေမှာလည်း သန့်စင်ပြီးအေးမြနေ၍ လန်းဆန်းအမောပြေသွားကြသည်။

ညစာစားရန် ထမင်းဆိုင်ရှာရပြန်သည်။ အရှေ့ဘက်တွက်၍ မော်လမြိုင်လမ်းမကြီးအား ဖြတ်ကျော်ပြီးနောက် အနီးရှိဆိုက်ကားသမား တစ်ဦးအား မေးမြန်းရာ ''ရွှေမြိုင်''ဟူသော မြန်မာထမင်းဆိုင်သို့ရောက်သည်။

တောင်တက်ထား၍ ပင်ပန်းသဖြင့် အလွန်ထမင်းမြိန်ကြသည်။ ကျွန်တော်က ဝီစကီနှစ်ပက်သောက်လိုက်၍ ထမင်းပိုမြိန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးအဖြစ်သောက်ခြင်းသာဖြစ်သည်။ မောင်ညိုမှိုင်းနှင့် ကိုတင်ထွန်း တို့ကတော့ သောက်တတ်ကြသော်လည်း မသောက်ပါ။

ကျွန်တော်တို့ တည်းခိုခန်းပြန်ရောက်တော့ ညကိုးနာရီခွန့် ရှိပြီ။ ထုံးစံအတိုင်း ကျွန်တော်က မျက်နှာသစ်၊ သွားတိုက်၊ ခြေသက် ဆေး၍ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပါသည်။ ဟိုလူနှစ်ယောက်ကတော့ အပေါ့အပါးသွားပြီး အိပ်ရာဝင်ကြသည်။

မျက်နှာမသစ်၊ သွားမတိုက်၊ ဘုရားမရှိခိုး၊ ပုတီးမစိပ်ပါ။ အတော်ညစ်ပတ်သောလူများ ဖြစ်သည်။ ကျွန်တော်တို့တော့ အရက် သောက်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်သည်ဟု ကဲ့ရဲ့ကြသည်။ ခရီးသွားနေစဉ် ပင်ပန်းသောကြောင့် အရက်ကို ဆေးအဖြစ်သောက်ခြင်းသာဖြစ်သည်။

ညဉ့်ဘက်အိပ်၍ အလွန်ကောင်းသည်။ သထုံညချမ်းမှာ မတ်လဆန်းဖြစ်၍ ရန်ကုန်ထက်မှုပါသည်။ လျှပ်စစ်မီးလာနေ၍ ပန်ကာ ဖွင့်နိုင်သောကြောင့် အဆင်ပြေပါသည်။

မနက် (၉) နာရီ အိပ်ရာထကြသည်။ မျက်နှာသစ်ပြီး ရေချိုးကြ ပြန်သည်။ မနက် (၇) နာရီတွင် တည်းခိုခန်းအား သော့ပြန်အပ်၍ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကားစောင့်သည်။ မော်လမြိုင်သို့သွားမည့် မှန်လုံကားကြီးရသဖြင့် အဆင်ပြေပြန်သည်။

မုတ္တမမှ မော်လမြိုင်တံတားကြီးအားကျော်ခဲ့ပြီး မော်လမြိုင်မြို့ ထဲရောက်သည်။ ဈေးအနီးတွင် ခရီးသည်များဆင်းချ၍ ဆက်ထွက် လာရာ မော်လမြိုင်အဝေးပြေးကား ဂိတ်အတွင်းရောက်မှ ဂိတ်ဆုံးတော့ သည်။ အချိန်မှာ နေ့လယ် (၁၁) နာရီကျော်ပြီဖြစ်၍ ကားရပ်နားရာ အနီးရှိ ထမင်းဆိုင်သို့ဝင်ကြသည်။ "မြူးမံ" ထမင်းဆိုင်ဟု ဆိုင်းဘုတ် ကြီးရေးထားသည်။ ထမင်းစားရန်အတွက် ဆိုင်ရှင်ကိုမေးကြည့်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာဖြင့် စီစဉ်ပေးသည်။

ဟင်းများမှာ ကြက်သား၊ ဝက်ကလီစာ၊ ဆိတ်ကလီစာ၊ ငါးဟင်း၊ ခရမ်းချဉ်သီးသုပ်နှင့် အရန်ဟင်းများအဖြစ် ကြက်ဟင်းခါးသီးကြော်၊ ဟင်းသီးဟင်းရွက်ကြော်၊ ချဉ်ပေါင်ရွက်ကြော်နှင့်ပဲဟင်းတို့ ဖြစ်သည်။ ငပိရည်၊ ငပိထောင်းနှင့် တို့စရာများလည်းပါသေးသည်။ ထမင်းစားနေစဉ် ဆိုင်ရှင်ဒေါ်သန်းသန်းဝင်းမှ သန်လျင်မှမောင်ညိုမှိုင်းနှင့် အိမ်နီးချင်းဖြစ်ခဲ့ဖူးသူဖြစ်ကြောင်း သိရတော့သည်။

အသိမိတ်ဆွေများဖြစ်ကြ၍ မောင်ညိုမှိုင်းတို့တာအား စကားပြောတော့သည်။ ထမင်းစားပြီးနောက် ကော်ဖီနှင့်မုန့်များရောက်လာသည်။ ဆိုင်ရှင်ဒေါ်သန်းသန်းဝင်းမှာလည်း စာချစ်သူတစ်ဦးဖြစ်သည်။ အားလပ်ချိန်တွင် စာဖတ်တတ်ကြောင်းသိရသဖြင့် ကျွန်တော်တို့ စာအုပ်များ လက်ဆောင်ပေးခဲ့သည်။

သူမအားနှုတ်ဆက်ပြီး သူမညွှန်ပြရာ အဝေးပြေးကားဝင်းထောင့်တွင်ရှိသည့် မော်ရွှေမြိုင်တည်းခိုခန်းသို့ လာခဲ့ကြသည်။ တည်းခိုခန်းမှာ(၃)ထပ်အဆောက်အဦ ဖြစ်သည်။

ပထမထပ်၊ အစွန်ထောင့်ခန်း။ (၃) ဦးခန်းအားပေးသဖြင့် ခေတ္တအမောဖြေ၊ အနားယူကြပြီးနောက်၊ ရေချိုးကြသည်။ မော်လမြိုင်ရေမှာ သတ္တုရေထက် စိမ်းပြကြည်လင်နေသည်၊ ရေချိုးပြီးနောက် ကျွန်တော်တို့ မြို့ထဲလည်ပတ်၍ ဈေးဝယ်ရန်ဖြစ်သည်။

အပြင်သွားရန်အတွက် "ဆိုင်ကယ် ကယ်ရီ" ခေါ် အငှားယာဉ်များရှိသည်။ Super Cub အမျိုးအစား၊ ယိုးဒယားဆိုင်ကယ်ငှားများဖြစ်သည်။ နောက်ထိုင်ခုံတွင် လူ (၂) ဦး တင်သည်။ ဈေးကလည်း ကားငှားသည်ထက်မနိုင်၊ လမ်းမများတွင် အရှိန်ပြင်းစွာဖြင့် ဥဒဟို သွားလာနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျွန်တော်တို့မစီးရဲပါ။ အနီးတွင် တွေ့ရသည့် (လေးဘီးကား) တစ်စီးအား ငှားရမ်းလိုက်သည်။

မော်လမြိုင်ထောင်နှင့် ကျိုက်သံလံဘုရားဘက်သွားရန် ဖြစ်သည်။ လူသုံးဦး (၂၀၀၀/-)ကျပ်ပဲ တောင်းသည်။ ဆိုင်ကယ်ကယ်ရီများပေါ်ပေါက်၍ ကားငှားရမ်းသူနည်းကြောင်း ကားဆရာက ပြီး(ညည်း)ပြသည်။ မော်လမြိုင်ထောင်တွင် ကျွန်တော့်သူငယ်ချင်း မိုးကြိုးအောင်က ထောင်ပိုင်ကြီးဖြစ်သည်။

ရဲစခန်းတွင်လည်း ရဲအုပ်ကြီး သူငယ်ချင်းမောင်မောင်ဝင်း ရှိသေးသည်။ မော်လမြိုင်ထောင်ရောက်တော့ ဦးမိုးကြိုးအောင်မရှိ၊ စိုက်ပျိုးခင်းသွားနေကြောင်းသိရသဖြင့် သူ့ဇနီးအား စာအုပ်လက်ဆောင်ပေး၍မှာခဲ့သည်။

ကျွန်တော်တို့အဖွဲ့ "ကျိုက်သံလံဘုရား" သို့ တက်ကြသည်။ ဘုရားဖူးကြသည်။ မြောက်ဘက်မုခ်အဆင်းတွင် ဝေါပကာလူကြီး တစ်ဦးနှင့်တွေ့ပြီး သူကပင် မင်းတုန်းမင်း၏မိဖုရား (စိန်တုံးမိဖုရား) ကိုးကွယ်ဆောက်လုပ်လှူဒါန်းသော ဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့လိုက်ပို့သည်။

ကျွန်တော်တို့ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ရင်း အလှူငွေကပ်၍ စာအုပ်များလှူဒါန်းသည်။ ဆရာတော်၏ ခွင့်ပြုချက်အရ အတွင်းခန်းဝင်၍ မင်းတုန်းမင်းနှင့် စိန်တုံးမိဖုရားတို့ လှူဒါန်းထားသော သိမ်ဟိုဠ်ကျွန်းမှ စွယ်တော်ပင့်ဆောင်လာသည့် ရွှေပလ္လင်၊ လှူဒါန်းထားသည့် ရှေးဟောင်းရွှေစာတိုက်၊ လက်ရာမြောက်စွာ ထုလုပ်ထားသည့် ပန်းကန့်ဝင်၊ တံကဲများအား ကြည့်ရှုလေ့လာဖူးမြော်ပြီး ဓာတ်ပုံရိုက်ကြသည်။

www.burmeseclassic.com



ရှေးဟောင်းအနုပညာလက်ရာများဖြစ်သည်။ အနှစ်(၂၀၀)ခန့် ရှိပြီဖြစ်သော်လည်း အကောင်းအတိုင်းပင်၊ ထိန်းသိမ်းစောင့်ရှောက်သော ဆရာတော်များကြောင့်လည်းဖြစ်မည်။ ဦးပန္နင်းမှ တိုင်ဖုံးများတွင် ဇာတ်တော်တစ်ခုလုံးအား ပုံဖော်ထုလုပ်ထားသော ရွှေကနုတ်ပန်းများအား လှည့်လည်ပြသသည်။

ရှေးမြန်မာတို့၏ဂုဏ်ယူဖွယ်ရာ အနုစိပ်လက်ရာများဖြစ်သည်။ တိုင်ဖုံးကနုတ်ပန်းများအား သစ်ပင်တစ်ပင်တည်းအား အဆက်အစပ်မရှိ ထုလုပ်ထားခြင်းဖြစ်သည်။ မမျှော်လင့်ဘဲ ရှေးဟောင်းပန်းပုလက်ရာများအား ကြည့်ရှုခွင့်ရသဖြင့် အလွန်စိတ်ချမ်းသာပီတိ ဖြစ်မိသည်။ မြန်မာ့ရှေးဘုရင်များ၏ ဘာသာရေးကိုင်းရှိုင်းမှုနှင့် အလှူအတန်း၊ ရက်ရောမှုကိုလည်း ဂုဏ်ယူမိသည်။

ကျွန်တော်တို့တစ်ဝကြီး ကြည့်ရှု ဓာတ်ပုံမှတ်တမ်းတင်ကြပြီး ဆရာတော်အား နှုတ်ဆက်ကန်တော့၍ ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် ဆိုင်ကယ်မြို့တော်ဖြစ်၍ ကားသမားများမှာ အတော်သတိထား၍ မောင်း ကြရသည်။

တစ်လလျှင် ဆိုင်ကယ်တိုက်မှုပေါင်း (၁၀၀) ကျော်ပြီး လူ (၂၀၀)ကျော်ခန့် ဆေးရုံပို့ရကြောင်း၊ သေဆုံးသူလည်းများကြောင်း သိရသည်။ သူတို့ဆိုင်ကယ်စီးသည်မှာ (HELMET) ခေါ် ဦးထုပ်ဆောင်းသူက နည်းသည်။

ဆိုင်ကယ်တစ်စီး (၃) ယောက်လည်း စီးကြသည်။ အမြန်နှုန်းမ မလျှော့၊ ဖမ်းဆီးမည့်သူလည်း မမြင်မိ။ လမ်းဆုံအကွေ့များတွင် ကားက ဆိုင်ကယ်များအား ဦးစားပေးစောင့်စားပြီးမှ ကွေ့ကြရသည်။ ခေတ်မီ လာ၍ ခရီးလမ်းကြောင်းလျှင် ပြန်လာသော်လည်း မလျော့မှုပါ။ အတွက်

www.burmeseclassic.com



အနွယ်ရာယ်များ၌ ကြောက်စရာကောင်းလှသည်။

ဆိုင်ကာယ်ရှင်းတိုက်ရုံသာမက၊ လမ်းသွား၊ လမ်းလာများကိုလည်း အရှိန်မထိန်းနိုင်သဖြင့် ဝင်ရောက်တိုက်မိုက်မိမှုများလည်း မကြာခဏဖြစ်သွားကြောင်း ကားဆရာကရှင်းပြသဖြင့် ကျော့ချမ်းမိသည်။

တိုးတက်မှု၏ အနိဋ္ဌာရုံများလားဟုလည်း စဉ်းစားဝေဖန်မိသည်။ တိုးတက်ခေတ်မီစည်းကမ်းရှိရန် အတော်လိုသေးသည်ဟု သုံးသပ်မိသည်။

ကျွန်တော်တို့သည် တည်းခိုခန်းသို့ ပြန်ရောက်ကြသည်။ တည်းခိုခန်းမှာ အဝေးပြေးကွင်းအတွင်း အရိပ်ရသစ်ပင်မရှိသဖြင့် ကျနေအောက်၌ပင် အလွန်ပူလောင်နေသည်။ အခန်းတွင်း၌ ပန်ကာဖွင့်၍ အနားယူကြသည်။

မောင်ညီညွှန့်မှာ မျက်မှန်ချွတ်၊ နားကြပ်ချွတ်ထားသဖြင့် ကျွန်တော်နှင့်ကိုတင်ထွန်းက မကောင်းပြော၍ စကြ၊ နောက်ကြသော်လည်း သူမကြားပါ။ မမြင်ပါ။ ဒီလိုဆိုတော့လည်း သနားစရာကလေးပင်။

ကျွန်တော်တို့ ခေတ္တအနားယူ၊ ရေချိုး၊ အဝတ်အစားလဲပြီး လေးဘီးကားငှား၍ ထွက်ကြပြန်သည်။ ဤတစ်ခါတော့ ထုတ်ဝေသူကိုတင်ထွန်းမှ ပေးပို့ထားသော စာအုပ်တိုက်များသို့ဖြစ်သည်။ လေးဘီးကားဆရာမှာ အသွား(၂၀၀၀/-)ပဲ တောင်းသည်။ စောင့်ဆိုင်းခမယူပါ။

ကိုတင်ထွန်းက ကျွန်တော်နှင့်ကိုညီညွှန့်တို့အား စာအုပ်တိုက်ဆိုင်ရှင်များနှင့် မိတ်ဆက်ပေးသည်။ နောက်ဆုံးဝင်သည့် "ကျော်" စာပေမှ ဦးကျော်နှင့်လည်း မိတ်ဆက်ပေးသည်။

အပြန်တွင် ဦးကျော်က ညစာကျွေးရန် လိုက်ပို့ရန် ပြောသော်လည်း ကျွန်တော်တို့တွင် လေးဘီးကားငှားထားပြီဖြစ်သဖြင့် လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။

ဦးကျော်သမီး ညမှာကလည်း မော်ရွှေလှပြီး စာအုပ်တစ်မျိုးစီအတွက် (၅၀)အုပ်စီ အပြန်ထုံးပို့ပေးရန်မှာသည်။ (၁၀)တန်း စာမေးပွဲများ အပြီးတွင် အလွန်ရောင်းကောင်းကြောင်းပြောသည်။

ဟုတ်ပေလိမ့်မည်။ သူတို့ မျက်နှာချင်းဆိုင် ဆိုင်နှစ်ဆိုင်တွင် စာအုပ်ဝယ်သူကာမစဲ၊ တန်းစီ၍ပင်ဝယ်နေကြသည်။ စာအုပ်အမျိုးကလည်း စုံသည်လေ။

အပြန်တွင် ကျွန်တော်တို့ လေးဘီးကားဖြင့် မော်လမြိုင်ကမ်းနားလမ်းအားပတ်၍ ပြန်ကြစဉ် ကျွန်တော်က စပ်စုသည်။

"ဘယ့်နှယ့်လဲ မောင်ညီမြိုင်းနဲ့ ကိုတင်ထွန်းရေ စာရေးဆရာတွေ ထုတ်ဝေသူတွေထက် စာအုပ်အရောင်းဆိုင် ပိုင်ရှင်အလုပ်က ပိုကောင်းတယ်ထင်တယ်ဗျနော်"

"ဟုတ်သပေါ့ဆရာရယ်၊ အခုဆိုင်ရှင်ဆိုရင် ဆိုင်ခန်းကနှစ်ခန်း။ Hilux ကားအသစ်တစ်စီး၊ Super Roof ကားတစ်စီး။ ဆိုင်ကယ်ကလည်း သုံးစီးလောက်ရှိတယ်။

"ကိုတင်ထွန်းမှာလည်း Publia ကားအစုတ်တစ်စီးရှိပါတယ်ဗျာ။ ဟဲ . . . ဟဲ . . . ဟဲ့"

အားလုံးသဘောကျ၍ ဝိုင်းရယ်ကြသည်။

မော်လမြိုင်ကမ်းနားတွင် လေညင်းခံရင်း၊ လေးဘီးကားဆရာက ဖြည်းဖြည်းမောင်းပေးသည်။ တည်းခိုခန်းပြန်ရောက်တော့ ည (၆)နာရီ ကျော်ပြီ။ ကားဆရာကစောင့်ဆိုင်းခ, မယူ၊ အသွားအပြန် (၅၀၀၀/-)ကျပ်ပဲ တောင်းသည်။ တည်းခိုခန်းမန်နေဂျာက သိ၍ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ ခုညသည်လာတယ်။ မော်လမြိုင် ထောင်ပိုင်ကြီးတဲ့ မြို့မမစားသောက်ဆိုင်မှာ စောင့်နေတယ်လို့ပြောတယ်"

"ကျေးဇူးပဲ . . . မနေ့ကျာကြီး။ ကျွန်တော်တို့နဲ့ချိန်းထား တယ်။ ညစာစားကြဖို့ပဲ။ ကျွန်တော်တို့အပေါ် မတာက်တော့ဘူး။ ကိုယ် သွားတော့မယ်"

ကျွန်တော်တို့လိုက်လာကြရာ စားသောက်ဆိုင်ရှေ့တွင်စုံရျှ၍ ထွက်ထိုင်စောင့်မျှော်နေသော သူငယ်ချင်းထောင်ပိုင်ကြီး ဦးနိုးကြီးအောင် နှင့်တပည့်ဖြစ်သူအား အဝေးမှပင်မြင်ရသဖြင့် လက်ပြနှုတ်ဆက်ကြ သည်။

ဦးနိုးကြီးအောင် "ကိုသိန်းဝင်းရေ ကိုယ်စောင့်နေတာကြာ ပြီကွ။ မင်းတို့ဘယ်သွားကြတာလဲ"

"မြို့ထဲစာအုပ်ဆိုင်တွေသွားပြီးအပြန် ကမ်းနားလမ်းပတ်လို့ ကြာသွားတာ သူငယ်ချင်း။ ဒါနဲ့ မင်းက ထောင်ပိတ်ပြီးမှလာတာဆို"

"ဟုတ်တယ်လေ သူငယ်ချင်း။ ဒီနေ့တနင်္ဂနွေနေ့ဆိုတော့ စော စော ထောင်ပိတ်နိုင်တယ်လေကွာ။ မင်းဗိုက်ဆာနေပြီလား"

"ဟုတ်ပါရဲ့ဗျာ။ ထောင်လောကကြီးက ထွက်လာကြတော့ ထောင်အထောက်တွေမှာတောင်ကုန်ပါပြီ။ ဒါနဲ့ ကိုနိုးက နေ့လယ်က ဖိုက်ခင်း သွားတယ်ဆို။ စာအုပ်ပေးခဲ့တာရော တွေ့ပြီးပြီလား"

"ဟုတ်တယ် ကိုသိန်းဝင်းရေ ထောင်ဖိုက်ခင်းကို သွားစစ် ရသေးတယ်။ အဲ့ဒါလည်း ထောင်ကိစ္စအပြင် နေ့စဉ်အလုပ်တစ်ခုပဲ။ ခင်ဗျားစာအုပ်ကို မိန်းမက ရောက်ရောက်ချင်းပေးပါတယ်။ အဲ့ဒါတွေ့ချင် လွန်းလို့ ထောင်စောစောပိတ်၊ ရေမိုးချိုးပြီး ထွက်လာတာ"

ကျွန်တော် "ကဲ . . . ကဲ . . . ဗိုက်ဆက်ပေးရဦးမယ်။ ဒါက

www.burmeseclassic.com



တာရေးဆရာ သန်လျင်မောင်ညိုမှိုင်း။ ဒီကဆရာကတော့ New Idea တာပေက ထုတ်ဝေသူဦးတင်ထွန်းပါ။ ဒါက မော်လမြိုင်ထောင်ပိုင်ကြီး ဦးမိုးကြိုအောင်ပါ" သူတို့ မတ်တတ်ရပ်၍ လက်ဆွဲနှုတ်ဆက်ကြသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဆရာ"

"ဝမ်းသာပါတယ် ထောင်ပိုင်ကြီး"

ကျွန်တော်တို့ခွေကွှာထိုင်ကြစဉ် "မြူးမမ"စားသောက်ဆိုင်ပိုင်ရှင် ဒေါ်သန်းသန်းဝင်းရောက်လာပြီး . . .

ထိုစဉ် ဦးမိုးကြိုးအောင်က ကျွန်တော့်အား တိုးတိုးလေး ကပ်ပြောလာသည်။

"သူငယ်ချင်း . . . ကြိုက်တဲ့ဆိုင်သွားလေ၊ ငါကျွေးမှာပါ"

"အေးပါ . . . မင်းတို့မြို့ရောက်တော့လည်း မင်းတာဝန်ပေါ့။ တခြားဆိုင်မသွားတော့ပါဘူး ဒီဆိုင်မှာပဲစားမယ်၊ ဒီမှာအကုန်ရပါတယ်။ လက်ရာလည်း ကောင်းပါတယ်။ ကြိုက်တာမှာစား။ မှာသောက်လို့ ရတယ်"

"သူငယ်ချင်း . . . မင်းသောက်သေးသလား"

"အင်း . . . ညနေပိုင်း နစ်ပက်လောက်သောက်တယ်။ နေ့ တိုင်းတော့ မဟုတ်ပါဘူး"

"ကိုယ်တော့ မသောက်တော့ဘူး။ အရက်သောက်ရင် ပြဿနာက တက်တက်လာလို့မသောက်တော့တာပါ။ မော်လမြိုင်ထောင် က အုတ်မိုးနိမ့်တယ်။ ဘုရားနဲ့လည်းနီးပြီး မြို့လယ်ခေါင်ရောက်နေတာ။ အမြဲသတိရှိနေရတယ်သူငယ်ချင်း။ နောက်ပြီး ကိုယ်နေတဲ့အိမ်က အဖွဲ့ မခံဘူး သူငယ်ချင်းရေ့ အရင်ထောင်ပိုင်တွေအကြောင်းလည်း မင်းကြား မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုင်တောင်ပိုင်ကြီး အရက်မသောက်တော့ဘူးဆိုတော့ အံ့ဩစရာပဲပေါ့၊ အခုမိုးကြိုးရောပစ်သေးသလား"

"မပစ်နိုင်တော့ပါဘူး သူငယ်ချင်းရာ၊ အသက်လည်း ကြီးလာပါပြီ။ ၂၀၀၉-ခုနှစ် ကုန်လောက်မှာ ပင်စင်ယူတော့မှာ"

ကျွန်တော် ဦးမိုးကြိုးအောင်အား နောက်ပြောင်ခြင်းဖြစ်သည်။ သူငယ်စဉ်က ရောက်ရာအရပ်တွင် အထက်လူကြီးနှင့် မတည့်သဖြင့် ပြဿနာဖြစ်လေ့ရှိသည်။သူနှင့်ပတ်သက်၍ပြဿနာဖြစ်ခြင်းကို ကျွန်တော်တို့အပတ်စဉ်တူ၊ သူငယ်ချင်းများက "မိုးကြိုးအောင်၊ မိုးကြိုးပစ်ခြင်း"ဟု အစီပွားယ်ပွင့်ထားသည်။

"အေးဗျာ . . . ဘာလိုလိုနဲ့ ကျွန်တော်တို့တစ်တွေ အသက် (၆၀)နား နီးလာကြပြီနော်။ ကိုမိုး၊ ကျန်းမာရေးရော ကောင်းရဲ့လား"

"ကောင်းပါတယ်၊ အနည်းအပါးတော့ ရောဂါရှိတာပေါ့။ သူငယ်ချင်းရော၊ ဘာရောဂါရှိသလဲ"

ကျွန်တော် "လောလောဆယ်တော့ မရှိသေးဘူး။ အသက်ကြီးလာရင်တော့ သူ့အလိုလို ဖြစ်လာမှာပေါ့၊ မဟုတ်ဘူးလား သူငယ်ချင်း"

"ဟုတ်ပါ့ သူငယ်ချင်းရယ်၊ ဒါနဲ့ တို့အပတ်စဉ် (၆)က သူငယ်ချင်းတွေလည်း တော်တော်လျော့သွားပြီးနော်။ In Service ဆိုလို့ (၁၀) ယောက်ကျော်လောက်ပဲရှိတော့။ မူလက (၆၆)ယောက်တောင်နော်"

"ဟုတ်ပါ့ဗျာ၊ ဦးမြင့်သန်းနဲ့ ကိုအောင်ကျော်ဌေးတို့မှ မှတ်တမ်းတင်ထားတဲ့စာရင်းအရတော့ ဖသေဆုံးသူက(၁၀)ယောက်ကျော်ပြီး။ နုတ်ထွက်သွား၊ အထုတ်ပယ်ခံရသူ၊ ပင်စင်သွားသူက (၄၀) ကျော်လောက် ရှိတယ်"

"တရားသဘောအရပေါ့ သူငယ်ချင်းရယ် "ချစ်ခင်ခေါင်းသင်း

www.burmeseclassic.com



ဆက်ဆံခြင်းက ကြွေကွင်းနောက်ဆုံးရှိတတ်သည်''ဆို မဟုတ်လား။ ယဉ်စင့်ကတော့ လောဘ၊ ဒေါသ၊ မောဟနဲ့ ရာထူးတိုးတက်ရေး ချမ်းသာရေးအတွက် ဦးစားပေးပြီးလုပ်ဆောင်ခဲ့ကြတာ။ ကြီးလာမှကျန်းမာရေးဟာ အရေးကြီးဆုံးပဲလို့ သိလာရတယ်။ ပစ္စည်းဥစ္စာချမ်းသာပြီး ကျန်းမာရေးမကောင်းရင် အလကားပေါ့သူငယ်ချင်းရယ်၊ ငွေရှိတိုင်း ရောဂါမပျောက်နိုင်ပါဘူး။ ငွေရှိတိုင်းလည်း အသက်ပြန်ငယ်လို့ မရတော့ပါဘူး''

''အေးဗျာ . . . ခင်ဗျားဆိုက သတိ၊ သံဝေဂတရားသဘောတွေကြားရတာ အလွန်အဖိုးတန်ပါတယ်။ ကိုမိုးငယ်စဉ်ကနဲ့ လုံးဝမတူတော့ဘူးနော်။ ခံယူချက်တွေ အတော်ပြည့်ဝလာပြီ။ အရင်တုန်းကတော့ သောက်မယ်ဆို ရှေ့ဆုံးက ရန်ဖြစ်မယ်ဆိုရှေ့ဆုံးကပဲနော်''

''ဘဝသံသန်းစာတွေပေါ့၊ သူငယ်ချင်းရယ်။ မကောင်းတဲ့စိတ်တွေကို အသက်အရွယ်နဲ့ အချိန်က ကုစားသွားတာပါ၊ ငယ်စဉ်ကတော့ ကြောင်းကျိုး ဆင်ခြင်မှုတရားနည်းတာကိုးနော့''

ကျွန်တော်တို့ စကားကောင်းနေကြစဉ် မြို့မဆိုင်ရှင် ဒေါ်သန်းသန်းဝင်းကဲဆိုင်ပေါ်တွင် စားပွဲနှစ်လုံးဆက်၍ အထူးပြင်ဆင်ထားကြောင်း အကြောင်းကြားလာသဖြင့် ကျွန်တော်တို့အုပ်စုဆိုင်ပေါ်တက်ခဲ့ကြပြီး ညစာစားကြသည်။ ဟင်းများမှာ စုံလင်လှသည့်အပြင် ငါးကြော်များ၊ ငါးကြော်နှပ်များ၊ အသုပ်များစုံလင်လှသည်။

အရည်သောက်ဟင်းက ချဉ်ရည်ဟင်းဖြစ်သည်။ တို့စရာအသီးအရွက်နှင့် ငပိရည်၊ ငပိပေါင်းလည်းပါသည်။ ဤဆိုင်လေးအား အသင်သေးဟန်တူသော ထောင်ပိုင်ကြီး ဦးမိုးကြိုးအောင် အလွန်သဘောကျသွားပြီး နောက်တစ်နေ့မနက် စောစောအတွက်ပင် ကြိုတင်ငွေရှင်းသွား

ခဲ့သည်။

စားသောက်ပြီးတော့ အချိုတဲရန် အသီးအနှံနှင့်ကော်ဖီများ ရောက်လာပြန်သည်။ စားသောက်ကြပြီးနောက် . . .

ဦးမိုးကြိုးအောင် "ကဲ . . . သူငယ်ချင်းစားလို့ သောက်လို့ အလွန်ကောင်းတယ်ကွယ်။ မြန်မာထမင်းဆိုင်ထဲမှာတော့ အလွန်လက်ရာ ကောင်းတဲ့ဆိုင်ပဲ။ မနက်ဖြန်မနက်တော့ တောင်ဖွင့်ရမှာမို့လာနိုင်မယ် မထင်ဘူး။ တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်သူငယ်ချင်းရေ သွားပြီနော်"

"ခဏစောင့်ဦးသူငယ်ချင်း၊ ဆရာမောင်ညိုမှိုင်းက သူ့စာအုပ် လက်ဆောင်ပေးဦးမှာ တည်းခိုခန်းပြန်ယူနေတယ်"

မောင်ညိုမှိုင်းက တောင်ပိုင်ကြီးအား လက်မှတ်ထိုး၍ စာအုပ် လက်ဆောင်ပေးပြီးနောက် သူတို့ဆိုင်ကယ်ကလေးဖြင့် ပြန်ကြသလို ကျွန်တော်တို့လည်း တည်းခိုခန်းသို့ လမ်းလျှောက်၍ပြန်လာကြသည်။

တည်းခိုခန်းတွင် နွေလယ်ကာလိုမဟုတ် လူအတော်များများနေပါ သည်။ မိန်းမသံများ ကြားနေရသည်။ ရေအိမ်ဘက်တွင်လည်း လူများ တွေ့ရသည်။ မနက်ဖြန်မနက်ထွက်မည့်ကားအတွက် လိုက်ပါလာကြမည့် ခရီးသွားများ ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့အခန်းထဲဝင်၍ လွတ်လပ်စွာ အနားယူကြသည်။ မနက်ဖြန်မနက် (၅း၃၀) နာရီကား လက်မှတ်ဝယ်ထားပြီးဖြစ်၍ အိပ်ရေး ဝအောင်အိပ်ပြီးမှ ကားစီးရန်ဖြစ်သဖြင့် အဆင်ပြေလှသည်။

ည(၁၀)နာရီခန့်တွင် ကျွန်တော်တို့အိပ်ယာဝင်ကြသည်။ ညိုမှိုင်းနှင့် ကျွန်တော်က နှစ်ယောက်အိပ်ခုတင်ပေါ်တွင် အိပ်ကြပြီး ဝင်ထွန်းက သီးခြားတစ်ယောက်အိပ် ခုတင်ပေါ်တွင် အိပ်သည်။ လာခေါက်သည်။ ကျွန်တော်တံခါးဖွင့်ပေးတော့ တည်းခိုခန်းက



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဖြစ်သည်။

ကိုတင်ထွန်းမှတ်ပုံတင်တွင် အဘနာမည်မပါသဖြင့် ထော
ခြင်းဖြစ်သည်။ ကိုတင်ထွန်းက အဘနာမည်ပြောပြီး ပြန်အိပ်သွားသည်။
ကျွန်တော်အိပ်၍မရပါ။ မျက်စိကြောင်နေသည်။

ပုတီးထစိပ်နေစဉ် တံခါးလာခေါက်ပြန်သည်။ ကျွန်တော်ဖွင့်
ပေးရာ မည်သူမျှရှိမနေပါ။ ရေအိမ်ခန်းဘက်မှ ရေချိုးသံတော့ကြား
နေရသည်။ အခန်းအားလုံးလည်း တံခါးပိတ်၍ အိပ်နေကြပြီး နောက်
ကျမှ ရောက်လာသောဧည့်သည် ရေချိုးခြင်းဖြစ်နိုင်သည်။

ကျွန်တော်ပုတီးဆက်စိပ်ပြီးနောက် အိပ်ရာဝင်ရန်အတွက်
အပေါ့အပါးသွားရန် အိမ်သာခန်းဘက်ထွက်ခဲ့သည်။ ရေချိုးခန်းထဲ
ရေချိုးသံကြားနေရသည်။ စကားဝါပန်းနံ့လည်း ရနေသည်။

ဧည့်သည်က စကားဝါပန်းနံ့ခေါင်းလျှော်ရည် သို့မဟုတ်
ဆပ်ပြာနှင့်ရေချိုးနေဟန်တူသည်။ ည(၁၀)နာရီကျော်အချိန် ခေါင်းလျှော်
သည်တော့ မဖြစ်နိုင်၊ ကျွန်တော်အားနေသော အိမ်သာခန်းထဲဝင်၍
အပေါ့အပါးသွားသည်။

ရေချိုးခန်းဘက်မှ ခိုးခိုးခစ်ခစ်ရယ်သံကြားရသည်။ အမျိုးသမီး
တစ်ဦးရယ်သံဖြစ်သည်။ ရေကျသံရပ်သွားသည်။ သို့သော် တံခါးဖွင့်သံ
မကြားရ၊ ကျွန်တော်အမျိုးသမီးနှင့်ဆုံမည်စိုး၍ အိမ်သာခန်းထဲတွင် စော
နေလိုက်သည်။

သို့သော် ဘာသံမျှမကြားရတော့ပါ။ စကားဝါပန်းနံ့ကလေး
မွှေး အီနေအောင် ထွက်ပေါ်လာသည်။ တည်းခိုခန်းအနီးတွင် စကားဝါ
ပွင့်နေဟန်တူသည်။

ကျွန်တော်အပြင်ထွက်၍ ရေချိုးခန်းရှေ့က မကြီးလုံတွင် ထော



www.burmeseclassic.com

www.burmeseclassic.com



ဆေးသည်။ ဘုံဘိုင်ခေါင်းက ရေမလာပါ။ ရေချိုးခန်း တံခါးကတော့ စိတ်ထားမြဲဖြစ်သည်။ အတန်ငယ်စောင့်သော်လည်း ရေချိုးခန်းထဲက အသံမကြားရသဖြင့် တံခါးခေါက်ကြည့်သည်။

အသံပြန်မပေး၍ တံခါးအားတွန်းကြည့်ရာ အလွယ်တကူပွင့်သွားသည်။ မီးများလင်းနေသော်လည်း ရေချိုးခန်းထဲတွင် လူမရှိပါ။ တောဝါပန်းနံ့ကတော့ ရေချိုးခန်းထဲတွင် ထောင်းထောင်းထနေသည်။

ကျွန်တော်ရေခပ်၊ လက်ဆေးစဉ် ကြမ်းပြင်အားကြည့်မိရာ ကြမ်းပြင်မှာ ရေတစ်စက်မှမစို ခြောက်သွေ့နေသည်။ စောစောက ရေချိုးနေသောရေများ ဘယ်ရောက်ကုန်သည် မသိပါ။

ကျွန်တော်တစ်စုံတစ်ရာကို စဉ်းစားမိပြီး တစ်ကိုယ်လုံးကြက်သီးမွေးညင်းထသွားသည်။ ထိုစဉ်တွင် အိမ်သာခန်းဘက်မှ အမျိုးသမီးတစ်ဦး၏ ခိုးခိုးခစ်ခစ်ရယ်သံကို ကြားရပြန်သည်။ အတန်ငယ်မြွသွားသော်လည်း ဟန်ကိုယ်ဖို့လုပ်၍ ကျွန်တော်အပြင်ပြန်ထွက်ခဲ့သည်။

အိမ်သာခန်းတံခါးမှာဟနေသဖြင့် ကျွန်တော်ခြေနှင့်ကန်၍ ဖွင့်ကြည့်ရာ အထဲတွင်တစ်စုံတစ်ယောက်မျှမရှိပါ။ အပေါ်ထပ်တွင် အမျိုးသမီးများ တည်းခိုနေသဖြင့် ၎င်းတို့အသံများလည်း ဖြစ်နိုင်သည်။ အချိန်ကတော့ ည (၁၁) နာရီခန့်ရှိပြီ။

နောက်တစ်ခု စဉ်းစားမိ၍ အိမ်သာဘေး မှန်ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်မိသည်။ တောဝါပင်မပြောနှင့် သစ်ပင်ဟူ၍ တစ်ပင်မျှမရှိပါ။ အဝေးပြေးဂိတ်ဝင်းမှာ မကြာမီကမှ ဆောက်လုပ်ထားသေး အသစ်ဖြစ်သည်။ သစ်ပင်စိုက်ရန်လည်းနေရာ မရှိပုံမရပါ။

ပဟေဠိများစွာကို အဖြေမညှိတော့ဘဲ ကျွန်တော်အခန်းသို့ ပြန်ခဲ့သည်။ နောက်ရေချိုးခန်းမှ ရေကျသံနှင့်တခစ်ခစ်ရယ်သံကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ကျွန်တော်လုံးဝ ဂရုမစိုက်တော့ပါ။

အခန်းထဲတွင် မောင်ညိုမှိုင်းက အိပ်ပျော်နေသော်လည်း ကိုတင်ထွန်း အိပ်မပျော်သေးဟန်တူပါ။ ညဘက်လက်လွှပ်၍ ခြင်ယမ်းနေဟန်တူသည်။ ကျွန်တော်အိပ်ရာပေါ်တက်၍ လှဲချလိုက်စဉ် နံရံအားလက်သီးနှင့်ထိုးသံ "ခုန်း"တစ်ချက်ကို ကြားလိုက်ပြီး ကိုတင်ထွန်း အိပ်ရာက ထလာသည်။

ကျွန်တော်မှ "ကိုတင်ထွန်း . . . ဘာဖြစ်တာလဲ၊ ယောင်ပြီး ထိုးမိတာလား"

"အေး . . . ဆရာလည်း အိပ်မရသေးဘူးလား။ ဒီအခန်းက ဘယ်လိုမှန်းလည်းမသိဘူးဆရာ။ ဒီလောက်တောင်ပေါ်တက်ပြီး ပင်ပန်းထားတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရမှာပေါ့။ မနေ့က သတုံမှာဆိုရင် အိပ်လို့ကောင်းလိုက်တာဆရာရယ်။ အခုဟာ ညဦးကတည်းက အိပ်မရတာ။ အိပ်ပျော်ပြန်တော့လည်း ဆရာ . . . ကြောင်တွေ ကျွန်တော့်ရှေ့မှာ လာဆော့နေလို့ မောင်းထုတ်ဘာမပြေးဘဲ ကျွန်တော့်ကို ဖြဲမာန်ဖီနေလို့ လက်သီးနဲ့ထိုးလိုက်တာ အား . . . လား . . . လားနာလိုက်တာဆရာရယ်၊ အိပ်မက်လိုလို တကယ်လိုလိုပါပဲဗျာ"

ကျွန်တော် "အဲ့ဒါ အဆောက်အဦနေရာ မသန့်လို့ဖြစ်တာပဲ။ ကျွန်တော်လည်း ရေချိုးခန်းထဲမှာ ပြဿနာဖြစ်ခဲ့ပြီးပြီ"

ကျွန်တော်ကြုံခဲ့ပုံကို ကိုတင်ထွန်းအား ရှင်းပြလိုက်သည်။

"ဆရာ . . . နေရာမသန့်ဘူးဆိုတာက ဘယ်လိုလဲ"

"ရေခံ၊ မြေခံမကောင်းတဲ့နေရာပေါ့ဗျာ။ အဆောက်အဦသစ်တွေဆိုတော့ အဆောက်အဦနဲ့မဆိုင်လောက်ဘူး။ မြေနဲ့ဆိုင်လိမ့်မယ်၊ မြေမသန့်လို့ ဖြစ်တာလို့ထင်တယ်၊ နောက်ပြီး ကျွန်တော်နဲ့ခင်များမှာ



www.burmeseclassic.com

www.burmeseclassic.com



သိမ်ဝင်ဂုဏ်တော်ပုတီးပါတယ်လေ။ ပညာစမ်းတဲ့သဘောပေါ့"

ကိုတင်ထွန်းက အိပ်ပျော်နေသော မောင်ညိုမှိုင်းအား ညွှန်ပြပြီး . . .

"ဒါနဲ့ဆရာ၊ ဒီဟာကြီးကတော့ အိပ်လိုက်တာသိုးနေတာပဲနော်၊ သူကျဘာမှ မဖြစ်ပါလား"

"သူက သရဲ တစ္ဆေ ဝေ့ရှုနေတဲ့ စာရေးဆရာဆိုတော့ ဘော်ဒါချင်းအစေ့အယှက်မပေးလို့ဖြစ်မှာပေါ့"

ကျွန်တော်တို့အိပ်မရသဖြင့် စကားဆိုင်ပြောဖြစ်ကြသည်။

"ဆရာ၊ အရင်ကရော အခုလို ကြုံဖူးသလားဟင်"

"ကြုံဖူးတယ် . . . အဲ့ဒါကြောင့် ကျွန်တော်ပြောနိုင်တာပါ။ ကွမ်းခြံကုန်းမှာပါ။ အဲ့ဒီမြို့မှာ လူမျိုးကြီး ဦးခင်မောင်သန်းဆိုတာရှိတယ်။ ကျွန်တော့်သူငယ်ချင်းပါပဲ။ သူက လူမှုရေးအတော်ကူညီတတ်တယ်။ ကျွန်တော်ထောင်မှာရှိနေစဉ်တုန်းကလည်း ကွမ်းခြံကုန်းက သူ့အသိမိတ်ဆွေတွေ ထောင်ရောက်တာနဲ့ အကူအညီတောင်းတော့တာပဲ။ အဲ့ဒါကြောင့် ကွမ်းခြံကုန်းမြို့မှာ ကျွန်တော်နဲ့ဆက်ဆံဖူးသူတွေ အတော်များတယ်။ ကျွန်တော်အလုပ်ကထွက်ပြီး တစ်နေ့သူရောက်လာတယ်။ သူ့မိတ်ဆွေ ကိုထွန်းနဲ့မမှုးတို့ စားသောက်ဆိုင်ကိစ္စပါ။ ခေါက်ဆွဲကြော်ဆိုင်နာမည်ရပေမဲ့၊ အရောင်းမရောင်းရလို့ ဝင်ငွေနည်းတယ်တဲ့။ အဲ့ဒါ အရက်လိုင်စင်လုပ်ပေးဖို့ ကိစ္စပါ။ ကျွန်တော်လည်း အပေါင်းအသင်းဆရာတွေရှိတာနဲ့ လုပ်ပေးလိုက်တယ်။ တစ်နှစ်နီးနီးတော့ ကြာ...သွားတယ်။ ဆိုင်ဖွင့်တော့ ကျွန်တော့်ကိုဖိတ်တယ်။ ကွမ်းခြံကုန်းမြို့မအောင်းမှာပါ "ရွှေအိပ်မက်စားတော်ဆက်" ဆိုရင် အတော်နာမည်ရပါတယ်။ တရုတ်စား၊ မြန်မာစား၊ အမြည်းလည်း အဲလွန်ကောင်းတာပါ။ ဆိုင်သစ်

www.burmeseclassic.com



ဆိုတော့ ဆက်ဆံရေးကလည်း အလွန်ကောင်းတယ်။ မိသားစုဆိုင်၊ လူကုံထံရပ်ကွက်မှာ ဖွင့်ထားတာဆိုတော့ ဆိုင်သန့်တယ်ပေါ့ဗျာ။

အဲဒါနဲ့ ကျွန်တော်ရောက်သွားတော့ ကိုထွန်းနဲ့မမွေးတို့က လှိုက်လှဲစွာ ကြိုဆိုပါတယ်။ သူတို့အိမ်ကြီးက စစ်ကြိုခေတ်ကတည်းက အဘိုးအဘွားတွေဆောက်ခဲ့တဲ့ နှစ်ထပ်အိမ်မဲကြီး။ စစ်အတွင်း ဗုံးကျဲတုန်းက ပါမသွားတဲ့ တစ်လုံးတည်းကျန်ခဲ့တဲ့အိမ်လို့သိရတယ်။ တကယ့်ဂန္ထဝင်အိမ်မဲကြီးပေါ့ဗျာ။ တိုတိုပြောရရင် ကျွန်တော့်ကို ကျွေးမွေးပြုစုပြီးတော့ အပေါ်ထပ်ဘုရားခန်းရှေ့မှာနေရာပေးတယ်။ သန့်ရှင်းသပ်ရပ်တဲ့ အိပ်ရာနဲ့ခြင်ထောင်နဲ့ပါပဲ။ ကိုခင်မောင်သန့်ကလည်း ရွာခံဆိုပေမဲ့ ကျွန်တော်နဲ့ စကားပြောဖော်ရအောင် လာအိပ်ပေးတယ်။

ညဦးပိုင်းစကားထိုင်ပြောကြပြီး ည(၁၁)နာရီလောက်မှာ အိပ်ကြတာပေါ့။ ကျွန်တော်အိပ်လို့မရဘူး။ မျက်စိကြောင်နေတယ်။ အစားများလို့လားလို့ စဉ်းစားမိပေမဲ့ စားတဲ့ဟင်းတွေကလည်း စားနေကျ ကြက်သား၊ ဝက်သားနဲ့ငါးဟင်းပဲ၊ ထူးဆန်းတာမပါဘူး။ အိပ်မရတော့ ပုတီးထိုင်စိပ်ပြီးမေတ္တာပို့တယ်။ ပြီးတော့ ပြန်အိပ်တယ်။ မပျော်ပြန်ဘူး။ ဒါနဲ့ အိပ်ရာကထပြီး ပတ်ဝန်းကျင်ကို လက်နှိပ်မီးနဲ့ထိုးကြည့်တော့ ကျွန်တော့်ခြေရင်းအိပ်ခန်းနံရံမှာ ထောင်ထားတဲ့ ကိုထွန်းရဲ့ အဘိုးအဘွားဓာတ်ပုံကို သွားတွေ့မိတယ်။ အဘိုးကြီးက ဓာတ်ပုံထဲမှာ ကျွန်တော့်ကို ပြုံးကြည့်နေသလိုပဲ။ အဲဒါနဲ့ မေတ္တာပို့တောင်းပန်ပြီး ဓာတ်ပုံကို မှောက်ထားလိုက်တယ်။ ပြီးတော့ ပြန်အိပ်တယ်။ အဲ့ဒီတော့မှ အိပ်လို့ပျော်တယ်။ အဲ . . . အိပ်ပျော်တော့လည်း ဇာတ်လမ်းက မပြီးသေးဘူး။ ခင်ဗျား၊ စောစောက အိပ်မက်မက်သလိုပဲ အိပ်မက်ထဲမှာ ပက်လက်အိပ်နေတုန်း အမျိုးသမီး(၅)ယောက်က ငုံ့ကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရယ်နေကြတယ်။ အဲဒါနဲ့ လန့်နိုးပြီး ပြန်အိပ်မရဘဲ မိုးလင်းတော့တာပဲ။ ဘေးကသူငယ်ချင်း ကိုခင်မောင်သန်းကတော့ တခူးခူးနဲ့ဟောက်များတောင် ဟောက်နေသေးသရော"

"ဆရာ့အိပ်မက်က ကျွန်တော့်လိုပါပဲလား။ နောက်ရော ဆရာ အဲ့ဒီကွမ်းခြံကုန်းအိမ်မှာ အိပ်ဖြစ်သေးသလား။ ဘာ့ကြောင့်ဆိုတာကိုရော စုံစမ်းမိသလား"

"ဘယ်နေပါ့မလဲ၊ စုံစမ်းတာပေါ့။ အိမ်ရှင်ကိုတွန်းကိုတော့ အားနာလို့ မမေးမိပါဘူး။ ဆိုင်အလုပ်သမားတစ်ယောက်ကို မေးကြည့်တာပါ"

"ဘယ်လိုတဲ့လဲဆရာ"

"အဲ့ဒီအိမ်ကြီးပိုင်ရှင် အဘိုးက ဒေါက်လမ်းဆရာကြီးတဲ့။ ညသည်အသစ်တွေလာရင် အမြဲတမ်းအဲသည်လို ဖြစ်တတ်သတဲ့။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးနော်။ ဆိုင်ကိစ္စအတွက် နှစ်လတစ်ခါလောက် ကျွန်တော်သွားရတယ်။ တစ်ခါတစ်ရံ အပေါင်းအသင်းညသည်တွေပါ အလည်လိုက်လေ့ရှိတယ်။ သူတို့လည်း ဒီအတိုင်းပဲ၊ အိပ်မရကြဘူး။ အိပ်ပျော်ရင်လည်း အိပ်မက်ဆိုးမက်တော့တာပဲ။ အလွန်ထူးဆန်းတယ်ဗျာ။

နောက်တစ်ခုပြောဦးမယ်။ အဲ့သည်အိမ်ကြီးမှာ တစ်နေ့နတ်အုန်းသီးလဲတော့ အိမ်ရှင်ဒေါ်မွှေးက မအားလို့ အိမ်နီးချင်းအမျိုးသမီးတစ်ယောက်ကို အကူအညီတောင်းတယ်။ အဲ့ဒီအမျိုးသမီးကလည်း လုပ်တတ်၊ ကိုင်တတ်ဆိုတော့ အသေအချာလုပ်ပေးရှာတယ်။ သူ့ရဲ့ဝေလကာ ချွဲမယ့်နတ်အုန်းသီးကို ပွဲထိုး၊ နံ့သာရေဖျန်း။ ပြီးမှလဲရောတဲ့။ ပွဲကနေ နတ်အုန်းသီးဆိုင်းထဲကို အုန်းသီးပြောင်းထည့် နေစဉ်မှာပဲ

www.burmeseclassic.com



ကျွန်တော်စောစောက ပြောခဲ့တဲ့အသိုးအသွားပုံက အုန်းတော်စင်အုနား မှာ ချိတ်ထားတာဆိုတော့ ဓာတ်ပုံထဲက အသိုးကခေါင်းထွက်ပြီး မျက်လုံးပြူးပြူးသတဲ့။ အဲ့ဒါနဲ့ အဲ့ဒီအမျိုးသမီးလည်း ငယ်သံပါအောင် အော်ပြီး အောက်ထပ်ဆင်းပြေးရသတဲ့"

"အတော်ထူးဆန်းတာပဲနော်ဆရာ"

"ဟုတ်တယ်ဗျ။ နောက်မှသိရတာကတော့ ကိုထွန်း၊ မမွေး တို့မိသားစုတောင် အိမ်ပေါ်ကို နေ့ခင်းကြောင်တောင် တစ်ဦးတည်း မတက်ရဲဘူးလို့ သိရတယ်"

"ဂုဏ်ရဆန်းတဲ့အိမ်ကြီးလို့ ထင်ပါရဲ့ဆရာနော်"

"အမှန်ပေါ့ဗျာ၊ ဂုဏ်ရအိမ်ကြီးပါပဲ၊ စစ်ကြိုခေတ်က ဆောက် ခဲ့တဲ့အိမ်ဟောင်းကြီးဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ ဒါတောင်မြို့မိုင်း ရပ်ကွက်ဆိုတာ ကွမ်းခြံကုန်းမြို့အလယ်ခေါင်၊ လူစည်ကားတဲ့နေရာ မှာဗျ။ မြို့စွန်ရွာမျှားဆိုရင်တော့ အတော်ခြောက်လှန့်ပြီး ကြောက်စရာ ကောင်းမဲ့သဘောရှိတယ်။ ခင်ဗျားမယုံရင် တစ်ညအိပ်သွားလည်ကြ မယ်လေ"

"တော်ပါပြီဆရာရယ်၊ အိပ်ရေးပျက်လှပါတယ်။ သရဲတော့ မကြောက်ပေမဲ့ အိပ်ရေးပျက်မှာကိုတော့ ကျွန်တော်အကြောက်ဆုံးပဲ"

နောက်တစ်နေ့မနက်ပိုင်းတွင် ကျွန်တော်တို့ ကြောင်တောင် တောင်နှင့်မိုးလင်းပြီး ကားဂိတ်သို့ဆင်းခဲ့ကြသည်။ မနက်(၆)နာရီခန့်သာ ရှိသေးသဖြင့် "ပြူးမမ"စားသောက်ဆိုင်တွင် မနက်စောစော စားကြ သည်။ ဆိုင်ရှင်ဒေါ်သန်းသန်းဝင်းက မန္တလေးလက်ရာထက်သာသော နန်းကြီးသုပ်လုပ်၍ ကျွေးသည်။ ကျွန်တော်ကြိုက်သော MISTER CUP ကော်ဖီကို ဖျော်ပေးသည်။ ပြီးနောက် လမ်းခရီးတွင်သောက်ရန် အချိုရည်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းများနှင့် သောက်ရေသန့်ပုလင်းများကိုလည်း လက်ဆောင်ပေး လိုက်သေးသည်။

ကျွန်တော် "ချမ်းမြေ့ကြွယ်" မှန်လုံကားကြီးပေါ်ရောက်တော့ ကိုတင်ထွန်းနှင့် သန်လျှင်မောင်ညိုနိုင်းတို့ ကားပေါ်မရောက်ကြသေးပါ။ အောက်ကို ငုံ့ကြည့်မှကားနံဘေးတွင် တဖတ်ပရိသတ်များဖြစ်သော ရှမ်းအမျိုးသမီးများ(တောင်ကြီးမြို့)နှင့် ဓာတ်ပုံတွဲရိုက်နေကြောင်း သိရတော့သည်။

မနက် (၇း၃၀) နာရီတွင် ကားကြီးထွက်သည်။ မြန်မှန်းမသိရပါ။ သံလွင်မြစ်ကူးမော်လမြိုင်တံတားကြီးကိုဖြတ်သည်။ အောက်တွင် ခေါင်းဆေးကျွန်း ကျန်ခဲ့သည်။ မုဒုံ၊ ဇင်းကျိုက်တောင်၊ သထုံ၊ မုပ္ပလင်ကျော်တော့ ညကအိပ်ရေးပျက်သဖြင့် ကျွန်တော်အိပ်ပျော်သွားတော့သည်။ စစ်တောင်းတံတားကြီးကို ဖြတ်ကူးသည်ကိုပင် ကျွန်တော် မသိနိုင်တော့ပါ။

⌘ ⌘ ⌘ ⌘ ⌘

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယနေ့တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်ဖြစ်သည်။ အမဲလိုက်ရန် အစီအစဉ်ရှိသော်လည်း ရုံးကိစ္စများရှိသဖြင့် မနက်ခင်းအလုပ်များတော့သည်။ မှဆိုးကျော်ထွားကတော့ ထုံးစံအတိုင်းမှဲ့တောခင်သွားပါသည်။ မျောက်တင်သောင်းလည်းပါသွားသည်။ ယနေ့သူတို့ များမွှပ်ကြရန် အစီအစဉ်ရှိသည်။

မြစ်ကြီးနားမှ (R.P)Radio Phone ဝင်လာသဖြင့် ကျွန်တော် လက်နက်၊ ဒိုက္ကာစာရင်း၊ ရဲဘက်ပြေးစာရင်းနှင့် လူနာစာရင်း၊ သူခိုးအခြားဖြစ်စဉ်များအား စာရင်းပြုစုနေရခြင်းဖြစ်သည်။

နေ့လယ်ထမင်းစားချိန်တွင် မုဆိုးကျော်ထွားတို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သာကြသည်။ သစ်ခွပန်းများ။ ပျားရည်ပုံးနှင့် ရစ်ကြက်ဖနှစ်ကောင် ပါလာသည်။

"ဟဲ့အောင်တွေ အဆင်ပြေကြရဲ့လား"

"ပြေပါတယ်ဆရာ၊ ပျားဖွပ်တယ်ဆိုတော့ ပျားတုပ်တော့ခံကြရတာပေါ့။ ပျားရည်သုံးပိဿာလောက်ရတယ်ဆရာ။ ဒါတောင် ပျားအုံနှစ်အုံထဲရယ်၊ ကျွန်တော်များဖယောင်းတွေပါ ယူလာခဲ့တယ်။ လိုတာသုံးရတာပေါ့ ဆရာရယ်။ ဆရာမပါတဲ့နေ့ကျမှ တောဝက်အုပ်လိုက်တွေ့လို့ သစ်ပင်ပေါ်တက်နေရသေးတယ်။ ဝက်ခါးပါတ်ကြားကြီး ဦးဆောင်တဲ့ဝက်အုပ် ဆရာ၊ အရင်က ကျွန်တော်မမြင်ဖူးပါဘူး။ မျောက်တင်သောင်းဆိုရင် အသည်းကိုယားနေတာပဲ။ သေနပ်မပါတဲ့နေ့ဆိုရင် တောကောင်တွေ တွေ့ရတာများတယ်"

"ဘယ်နားမှာ တွေ့ရတာလဲ၊ အကောင်အတော်များသလား"

"မက်လင်ချဉ်ပင်ကြီးအောက်မှာပဲဆရာ၊ ဝက်ခါးပါတ်ကြားကြီးကအထီးပေါ့။ ကျန်တဲ့ဝက်ပျိုမ (၆) ကောင်က အချိန် (၄၀) တန်းတွေပဲ"

"အေး . . . အေး . . . နောက်နေ့တွေမှာပေါ့ကွာ။ ဒါပေမဲ့ ဝက်ခါးပါတ်ကြားကြီးကတော့ သေနတ်နဲ့ပစ်လို့ရမယ် မထင်ဘူး။ ငါ ကော့သောင်းမှာ နှစ်ခါကြုံဖူးတယ်။ ကျည်မထွက်တာနဲ့ ကျည်လွဲတာနဲ့ ချည်းပဲ။ ဝက်ခါးပါတ်ကြားက ကျည်ပြီးတယ်လို့ ထင်တယ်ကွ။ မင်းကော ကြုံဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ကြုံဖူးတယ်ဆရာ။ ကျည်ပြီးရင်လည်း နင်းကိုင်းထောင်ပြီး လုံနဲ့ထိုးတာပေါ့ ဆရာရယ်"

"မင်းထင်သလောက်မလွယ်ဘူးနော်။ အဲ့ဒီကောင်မျိုးတွေက



www.burmeseclassic.com

www.burmeseclassic.com



အစောင့်အရှောက် ရှိတယ်လို့ ကြားဖူးတယ်။ ကျောင်းသားမှာနေတုန်းက မုဆိုးတင်မောင် ငါ့ကိုပြောဖူးတယ်။ တစ်ခါသူ အမဲလိုက်ရင်း တနင်္သာရီ ရိုးမပေါ်မှာ ကနစိုးပင်ကြီးတစ်ပင်တွေ့တာနဲ့ တက်ခူးစားနေတုန်း တော ဝက်အုပ်ရောက်လာတယ်။ ဝက်ခါးပါတ်ကြားကြီးက ခေါင်းဆောင်ပေါ့။ ဝက်မ(၅)ကောင်လည်း ပါလာတယ်။ ထူးဆန်းတာက ဝက်ခါးပါတ်ကြား ကြီးပေါ်မှာ ကလေးသေးသေးလေးတစ်ယောက်စီးလာတယ်။ ခမောက် ဆောင်းပြီး ပလွေမှုတ်လို့တဲ့လေ။ ကနစိုးပင်ပေါ်က တင်မောင်မှာ တွန့် သေနတ်ပါတယ်။ ဒါပေမဲ့ လူကလေးပါတော့ တင်မောင်မပစ်ရဲတော့ဘူး။ ကြွေကျနေတဲ့ ကနစိုးသီးတွေကိုစားရင်း ဝက်အုပ်ကအတော်ကြာမှ ထွက် သွားသတဲ့။ တင်မောင့်အပြောကတော့ အစောင့်အရှောက်လို့ ပြောတာပဲ။ သူက ကရင်လူမျိုး သရဲ တစ္ဆေကို အယုံအကြည်ရှိတဲ့လူ မဟုတ်ဘူး"

"ဆရာနဲ့လည်း ကြုံဖူးတယ်ဆို"

"အေး ... ကြုံဖူးတယ်။ ဒါပေမဲ့ အဲ့ဒီအကောင်ကြီး မဟုတ် ဘူးထင်တယ်။ ဒါနဲ့တွေ့တာက အကောင်ငယ်တယ်။ အချိန်(၅၀)လောက် ပဲရှိတယ်။ တင်မောင်တွေ့တာက အချိန် (၇၀)လောက်ရှိသတဲ့။ အစွယ်ကြီး ကလည်း ကော့ပျံနေသတဲ့"

"အခု ကျွန်တော်တို့ တွေ့ခဲ့တဲ့ခါးပါတ်ကြားကြီးကလည်း အချိန် (၅၀)လောက်ပဲရှိမယ်ထင်တယ်ဆရာ။ ဝက်ပျိုပဲ၊ အစွယ်ကလည်း အတော်ရှည်တယ်။ ဒါပေမဲ့ ကော့ပျံတော့မနေသေးဘူး"

"သူတို့ကို ပစ်လို့ရတဲ့နည်းတော့ရှိမှာပေါ့ကွာ။ ဒါပေမဲ့ ငါမပစ် ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှားပါးမျိုးနွယ်ဝင်ဖြစ်လို့ပဲ။ ဝက်ဘုရင် လို့လည်း ပြောလို့ရတယ်ထင်ပါရဲ့။ တောတိုင်းမှာ မရှိဘူးကွ။ ငါပဲခူးရိုးမ နေတုန်းက တစ်ခါမှမကြုံဖူးဘူး။ (၃) နှစ်လောက်တောထဲမှာနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးဝက်မဲတွေပဲ တွေ့ခဲ့ဖူးတယ်။"

ကျွန်တော်တို့ နေ့လယ်စာထမင်းစားကြပါသည်။ ကုလားပဲဟင်းနှင့် ဝက်သားခြောက်ကြော်သာဖြစ်သည်။ တောကောင်မရတော့ကြသဖြင့် ဟင်းကောင်းမကောင်းပါ။

"ဆရာရေ ညနေမှ ကောင်းကောင်းစားတော့ ရစ်ကြက်ဆီပြန် ဟင်းချက်ပေးမယ်။ ကျွန်တော်တောကြောင်ခြေရာ တွေ့ထားတယ်ဆရာ။ စခန်းအရှေ့က ငှက်ပျောတောနဲ့ လက်ပံပင်ကြီးကြားမှာ ခြေရာကြီးတော့ အကောင်အခတ်ကြီးမဲ့ပုံပဲ။ ကြောင်ဝံပိုက်ဖြစ်ဖို့များတယ်"

"မင်းဟာ ကျားသစ်လည်း ဖြစ်နေဦးမယ်"

"မဟုတ်နိုင်ဘူး ဆရာ။ ကျားသစ်က လူနဲ့နီးနီးမလာဘူး။ ခြေရာက ဖွဖွလေးဆိုတော့ကြောင်ပါပဲ။ ဆရာလိုက်ခဲ့မလား။ ဒီနားတင်ပါ"

"အေး ... အေး ... လိုက်ခဲ့မယ်"

ကျွန်တော်တို့ စခန်းအရှေ့ဘက် ကားလမ်းအနီးသို့သွားကြသည်။ ကားလမ်းမကြီးမှ လက်ပံပင်ကြီးနှင့် ငှက်ပျောတောကြား တိရစ္ဆာန်များသွားသည့် လမ်းယောင်ယောင်ကလေးရှိသည်။ ထိုလမ်းပေါ်က သဲပေါ်တွင် ကြောင်ခြေရာဝိုင်းဝိုင်းကလေးများအား တွေ့ရသည်။ အချင်းတစ်လက်မကျော်ခန့်သာရှိမည်။

"ဆရာ ... ဒါ ... ညက လျှောက်ထားတဲ့ခြေရာ၊ ဒီကြောင်တွေက သွားရိုးသွားစဉ်လမ်းပဲ သွားတတ်တယ်။ လမ်းကြောင်းမပြောင်းတတ်ဘူး။ မနက်ဖြန်မနက် သေချာပေါက်ရမှာပါ"

မုဆိုးကျော်ထွား ကြောင်ခြေရာအနီးတွင် နှစ်လက်မခန့် နက်သည့် ကျင်းကလေးတူး။ သုတ်ကိုင်းထောင်၊ လျှာထိုးကွင်းချ၍ သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများဖြင့် အခြေမပျက် ပြန်ဖုံးထားလိုက်သည်။ သုတ်ကိုင်ကြိုးအားလည်း ဝါးလုံးခေါင်းရှည်ရှည်သေးသေးစွပ်၍ ကိုင်းတံထိပ်တွင် နှီးဆွဲချည်ထားပြီး ခံလုံးလေးများထည့်၍ အခိုင်ချည်ပြီး၊ သစ်ခက်ကလေးများ ဖုံးထားသည်။ အဝေးမှကြည့်လျှင် သစ်ပင်ပေါက်ကလေးဖြင့်တူသည်။

"ကြိုးကိုဝါးလုံးစွပ်ထားက ကြောင်ကိုက်လို့မရအောင် လုပ်တာဆရာ။ ကိုင်းသံထိပ်များမှာ နှီးဆွဲချက်တပ်ထားတာကတော့ ကြောင်မိရင် ရုန်းရင်းအသံကြားရအောင် ခြူသဘောမျိုးတပ်ထားတာ။ လာဆရာ ပြန်ကြစို့"

နေ့လယ်ခင်းတွင် ကျွန်တော်ပြုစုထားသော စာရင်း၊ ဇယားများအား ခလရ(၃၇)စက်ပေါ်တင်ပေးပြီး မြစ်ကြီးနားစခန်းသို့ ပို့ရပါသည်။ ဗိုလ်မှူးကျော်ဝင်းနှင့်တွေ့ရာ ကျွန်တော်အား တပ်လက်မှက် ခြောက်နှင့်နှစ်ထားသော လက်ဖက်ရည်အား မတ်ခွက်ကြီးတစ်လုံး အပြည့်တိုက်ပါသည်။

"ဦးသိန်းဝင်း . . . အမဲလိုက်တာ အတော်ဟန်လှတယ်ဆိုဗျ"

"ဟုတ်ပါတယ် ဗိုလ်မှူး၊ မုဆိုးရှိနေတော့ သူကရှာပေးတာပါ။ ကျွန်တော်က ပစ်ရုံပါပဲ"

"ဟုတ်ရဲ့လားဗျာ၊ ကျွန်တော့်ဆီက တပ်ကြပ်ကြီးစိန်သောင်းတို့ နေ့စဉ်လိုလို ကင်းလှည့်ရင်းပစ်ကြတာ တစ်ခါမှရတာ မကြားဖူးပါဘူး။ သွတ်သွားတာနဲ့ ပျောက်သွားတာချည်းပဲ"

"ကျွန်တော်က ပဲခူးရိုးမနဲ့ တနင်္သာရီရိုးမမှာ အတွေ့အကြုံများခဲ့တယ် ဗိုလ်မှူး။ အဲ့ဒါကြောင့်ရတာပါ"

"အင်း . . . ခင်ဗျားက တစ်ကယ့်မုဆိုးကိုး။ ကျွန်တော်က ခင်ဗျားကို ဒီလောက်သေနတ်ပစ်တတ်လိမ့်မယ်လို့ မထင်ဘူး"

www.burmeseclassic.com



"တောထဲအနေများတော့လည်း တောအကြောင်း တောင်အကြောင်း အထားသိပြီပေါ့ ဗိုလ်မှူးရယ်။ ရောက်စက တော့မလည်ရဲတော့ ငြိမ်နေရတာပေါ့။ သေနတ်ကတော့ အမျိုးမျိုးပစ်ဖူးပါတယ် တောလည်ရင်တော့ ဒသသမ.၃၀၃ ရိုင်ဖယ်ကြီးက လက်တွေ့ဆုံးပါပဲ။ သူက မောင်းပြန်ရိုင်ဖယ်မဟုတ်လို့ မောင်းကြိတ်တင်လို့ရတယ်။ တစ်တောင့်ခြင်း ထွက်ပေမဲ့ ကျွန်တော်တို့အဖို့တော့ စက်သေနတ်လိုပဲ။ မြန်မြန်ပစ်လို့ ရပါတယ်"

"ကျွန်တော်ကတော့ ကာဘိုင်သဘောကျတယ်ဗျ။ ပေါ့ပေါ့ ပါးပါးနဲ့ ထိရောက်မှုလည်းရှိတယ်။ ပစ်ရတာလည်း လက်တည့်တယ်"

"ကာဘိုင်ကကျည်ရှားတယ် မဟုတ်လား ဗိုလ်မှူးရဲ့။ တောဝက် လိုကောင်းမျိုးကျတော့ နှစ်ချက်လောက်မှ စိတ်ချရတာ။ ကျွန်တော်တို့ ရိုင်ဖယ်ကြီးကတော့ တစ်ချက်ချက်ကောင်းမှန်ရင် ပွဲသိမ်းပဲ"

"ဟုတ်ပါရဲ့ဗျား။ ကျွန်တော်တို့ စစ်သင်တန်းတက်တုန်းကလည်း ရိုင်ဖယ်နဲ့စခဲ့ရတာပါ။ လေးတော့ အလွန်လေးသဗျို့။ ဒါနဲ့ ဦးသိန်းဝင်း တို့ ဒရုမချောင်းထဲက တံတားသံဘောင်တွေ ဆယ်တာပြီးပြီလား"

"မပြီးသေးဘူး ဗိုလ်မှူး။ သုံးလေးခုကျန်သေးတယ်။ သဲလိုက် နေလို့တူးရမယ် ပြောတယ်။ ရေကျသွားမှတူးလို့ရမှာ"

"အေးဗျာ . . . နှစ်အတော်ကြာပြီဆိုတော့ ကျောက်တုံးတွေ သဲတွေနဲ့ပိနေရောပေါ့၊ အဆင်ပြေမှ လုပ်ကြပါ။ တခြားအလုပ်တွေကရော အများကြီးရှိသေးတယ်။ ဒါနဲ့ ဆလရက ကိုကျော်တို့က ဝါန်တံတား ဆောက်နေတာ အခြေအနေ ဘယ်လိုရှိသလဲဗျ"

"ကျွန်တော်လည်းမရောက်ဖူးသေးဘူး ဗိုလ်မှူး။ အားရက် မှသွား ကြည့်ရမှာပဲ။ နေ့တိုင်းတော့ လုပ်နေကြတာပဲ။ စခန်းနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတယ်လေ"

"လောမှဲတနှက်နေ့ခင်ဗျားအားတယ် မဟုတ်လား။ သွား ကြည့်ကြရအောင်။ အမဲလည်းလည်ရင်းပေါ့။ ခင်ဗျားမှဆိုးပါခေါ်ခဲ့ဗျာ။ ခင်ဗျားတို့အဖွဲ့ထဲက တောင်ပိုင်ဦးသန်းရွှေကြီးကို ကျွန်တော်သဘော မကျဘူး။ အင်မတန်စိမ်ခံတဲ့လူကြီးဗျာ။ ရေချိုးတော့လည်း ရဲဘက် နှစ်ယောက်က ဆပ်ပြာတိုက်၊ ချေးတွန်းပေးရသေးတယ်။ ကျွန်တော် တစ်ကုန်းပေါ်က မှန်ပြောင်းနဲ့ကြည့်နေတာ"

"ဟုတ်ပါတယ် . . . ဗိုလ်မှူး။ သူက ပျော်ပျော်နေတတ်ပါ တယ်။ စခန်းမှာနေတုန်းကလည်း ညည့်နက်သန်းခေါင် အောက်လင်း ဓာတ်မီးကြီးထွန်းပြီး ဖဲရိုက်နေလို့ Target Shooting ဖြစ်တယ်ဆိုပြီး ဗိုလ်မှူးခေါ်ဆူရသေးတယ် မဟုတ်လား"

"အေး . . . ဟုတ်တယ်ဗျ၊ ဒီလူကြီးက တစ်မျိုးကြီး၊ အလုပ်လည်း သိပ်မလုပ်ဘူး။ အခုလည်း ကဝဘန်စခန်းလေးမှာ အစဉ်ပြေကြရဲ့လား မသိဘူး။ ဒါနဲ့ သူကခင်ဗျားတို့ သခွေမဟုတ်ဘူးဆို"

"ဟုတ်ကဲ့ . . . သူက ကျောက်မိုင်းက ပြောင်းလာတာပါ ဗိုလ်မှူး။ ကော့သောင်းစခန်းမှာလည်း သူနဲ့ကြုံခဲ့ဖူးတယ်။ ဒီလိုပါပဲ ခပ်ပေါ့ပေါ့ပါပဲ"

"ခင်ဗျားနဲ့ရော အဆင်ပြေရဲ့လား"

"ကျွန်တော်နဲ့ အဆင်မပြေစရာမရှိပါဘူး။ ကျွန်တော့်ထက် ရာထူးကြီးပေမဲ့ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်တာပါ။ သူက ရှေ့တန်းတာဝန်၊ ကျွန်တော်က နောက်တန်းတာဝန်လေ၊ အဲ . . . ဒါပေမဲ့ ထောင်မှူးတွေနဲ့ ဝန်ထမ်းတွေကတော့ သူနဲ့အဆင်မပြေကြဘူး"

"ဘာဖြစ်လို့လဲဗျ အလုပ်ကိစ္စနဲ့ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . . ဗိုလ်မှူး၊ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပါ။ ဟိုအပါတ်က ပြန်လာတုန်းကလည်း သူ့လူတွေဆောင်မဖွင့်ခင် ထုတ်မပေးလို့ဆိုပြီး ဆောင်မှူးတွေနဲ့ စကားများကြသေးတယ်။ အလုပ်ကိစ္စမဟုတ်ဘူး။ သူ့ Breakfast ပြင်ဆင်ဖို့တဲ့ ရဲဘက်နှစ်ယောက်လည်း ထုတ်ပေးထားပြီး သူ့အိမ်မှာအိပ်တာ။ သူ့တပည့်ဝန်ထမ်းတွေလည်း ရှိတယ်"

"ဝန်ထမ်းတွေနဲ့ အဆင်မပြေတာကရောဗျာ"

"ရှေ့အပါတ်က သူရှေ့တန်းပြန်မဲ့ရက်မှာလေ ဗိုလ်မှူး ဝန်ထမ်းတွေ မနက်ပိုင်းတန်းစီပြီး အလေးပြုတော့ တန်းစီကွင်းက သူ့အိမ်ခေါင်းရင်းမှာ သူ့အိမ်မှာ ရေးသည်မလေးတွေ တည်းခိုကြတော့ ခေါင်းရင်းစည်းရိုးပေါ်မှာ ထဘီတွေလှမ်းထားတယ်။ အဲ့ဒါဝန်ထမ်းတွေက ထဘီတွေကို အလေးပြုရမှာလားဆိုပြီး Complain တက်တာပေါ့"

"အင်း . . . ကိုသိန်းဝင်းရေ ခင်ဗျားက ထွက်စာတင်ထားတယ်ဆို။ ဘာဖြစ်လို့လဲ၊ ခင်ဗျားထွက်ရင်တော့ ဒီလူကြီးနဲ့ကျွန်တော်တော့ ပြဿနာပဲ၊ အဆင်ပြေမှာ မဟုတ်ဘူးဗျ"

"ကျွန်တော်ထွက်စာတင်ထားတာ ကိုယ်ရေးကိုယ်တာပါ ဗိုလ်မှူး၊ အလုပ်နဲ့ မဆိုင်ပါဘူး။ ကျွန်တော့်အလုပ်တာဝန်ပေါ်မှာ လေးစားသလို ဝန်ထမ်းနဲ့ရဲဘက်ကိုလည်း သံယောဇဉ်ရှိပါတယ်။ တောထဲမှာ နေရတာကိုလည်း ပျော်ပါတယ်"

"ဒါဖြင့်ဗျာ၊ ဘာလို့ထွက်မှာတုန်း၊ ကျွန်တော်တိုင်းမှူးကို ပြောလိုက်ရင်ရပါတယ်။ ခင်ဗျားနဲ့ကျွန်တော်က ဘက်ညီတယ်။ အထက်ညွှန်ကြားသမျှ အကုန်လုပ်ပြီးပြီပဲ။ နောက်ဆို ခင်ဗျားအေးအေးဆေးဆေး နေလို့ရပြီပဲ"

www.burmeseclassic.com



"ဟုတ်ပါတယ် . . . မိုလ်မှူး။ မိုလ်မှူးစေတနာ၊ မေတ္တာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော် သိက္ခာကျမခံတော့ဘူး။ ထွက်စာကျရင်တော့ ထွက်ပါရစေ။ ကျွန်တော်ရှေ့တန်းမှာ ကောင်းစား နေလို့ ထွက်စာပြန်ရုပ်သိမ်းတယ်လို့ အထင်မခံနိုင်ဘူးခင်ဗျ"

"အင်းလေ . . . ခင်ဗျားအကြောင်းနဲ့ခင်ဗျားရှိမှာပေါ့။ ကျွန် တော်မတားတော့ပါဘူး။ ရန်ကုန်ရောက်ရင်တော့ ကျွန်တော်လာခဲ့မယ်။ အမြဲတမ်း နေရပ်လိပ်စာသာပေးခဲ့ဗျား ခင်ဗျားနဲ့ ကျွန်တော်က ညီအစ်ကို အရင်းလို ဖြစ်နေကြပြီ"

"ကဲ . . . မိုလ်မှူး. ကျေးဇူးတင်ပါတယ် ခင်ဗျား' လေးစား ပါတယ်"

ကျွန်တော်သတိရွဲ၍ အလေးပြုနှုတ်ဆက်ရင်း . . .

"ကိုသိန်းဝင်း . . . ခဏနေဦးဗျ။ ခင်ဗျားက လက်ဖက်ရည် ကြိုက်တော့ နို့ဆီသကြားနဲ့ တစ်လက်ဖက်ခြောက်ကလေး ပေးလိုက် ဦးမယ်"

"ကျေးဇူးတင်ပါတယ် မိုလ်မှူး"

ကျွန်တော် ခလရ (၃၅) တောင်ကုန်းပေါ်မှ ဆင်းခဲ့ပါသည်။ တုန်းအောက်အရောက်တွင် မုဆိုးကျော်ထွားစောင့်နေသဖြင့် . . .

"ကျော်ထွား . . . . ဘာကိစ္စရှိလို့လဲကွ"

"ဆရာ. . . ရေချိုးပြီးပြီလား။ စခန်းမှာ တီယန်စွပ်ကရွာသူကြီး နဲ့အဖွဲ့ ရောက်နေတယ်။ ဦးအာဂျွန်တဲ့ထဲမှာ ဝိုင်းပြင်ပြီးစောင့်နေတယ်"

"အဲ့ဒါဆိုရင်လည်း ရေမချိုးတော့ဘူးကွာ။ ဒီနေ့အေးလည်း အေးပါတယ်။ ဧည့်သည်တွေ စောင့်နေတော့ အားနာစရာ"

"ဆရာ . . . ကျွန်တော်ချောင်းကွေ့က ဖျံတစ်ကောင်ရထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အထီးဆရာ အဖိုးတန်ပဲ။ ကိုကျော်(ဆ.လ.ရ)ပေးတဲ့ ဆိုင်ကယ် စတီးကြိုးနဲ့ထောင်လို့ရတာ။ အဲ့ဒါ ကိုကျော်သိသွားလို့ ဖျံသိုကို သူ့ရောင်း ပါပြောနေတယ်"

"ရောင်းလိုက်ပေါ့ကွာ၊ မင်းအသုံးစရိတ်ရတာပေါ့"

"ကျွန်တော်အသုံးစရိတ်မလိုပါဘူး ဆရာ။ လိုရင်လည်း ဆရာ အမြဲတမ်းပေးနေတာပဲ။ ဖျံသိုက ရခဲတယ်ဆရာ။ ဝယ်ချင်တိုင်းဝယ်လို့ မရဘူး။ တစ်အုပ်လုံးမှ အထီးတစ်ကောင်တည်းပါတာ။ အထီးရဖို့ဆိုတာ အင်မတန်ခဲယဉ်းတယ်"

"ကိုကျော်ကိုပဲ ပေးလိုက်ပါကွာ၊ သူကြိုးနဲ့ထောင်လို့ ရတာပဲ။ ဈေးစကားလည်းမပြောနဲ့ သူပေးသလောက်ပဲယူ။ သူ့မှာရှိရင်လည်း ငါတို့ သုံးလို့ရတာပဲ"

"ဟုတ်ကဲ့ဆရာ၊ ဆရာခွင့်ပြုရင် ကျွန်တော်ပေးလိုက်ပါ့မယ်။ ကျွန်တော်က ဆရာ့ကို ဦးစားပေးတာပါ"

"အေး . . . အေး . . . ကျေးဇူးပဲ ကျော်ထွားရေ"

ကျွန်တော်တို့စခန်းသို့ ပြန်လာကြရာ (ဆ.လ.ရ)တဲရှေ့ အရောက်တွင် ကဝဘာန်စခန်းမှ ပြန်လာသော ကိုကျော်တဲထဲမှ ထွက် လာပြီး . . .

"လာချို့ . . . ထောင်ပိုင်ကြီး။ ဒီမှာအသင့်ပဲ။ ကျွန်တော် ကဝဘာန်ရွာက အရက်ရလာတယ်၊ ငါးကြွင်းခြောက်လည်းရှိတယ်"

"ကျေးဇူးပဲ၊ ကိုကျော်ရေ စခန်းမှာ တီယန်စွပ်ရွာက ညွှန်သည် တွေ ရောက်နေလို့ ကျွန်တော့်ကို မှခိုးလိုက်ခေါ်တာ ခင်ဗျားလိုချင်တဲ့ ဖျံသိုလည်း မှခိုးလာပေးပါလိမ့်မယ်"

"ကျေးဇူးပဲဗျား၊ ကျွန်တော့်မှာရှိရင်လည်း ထောင်ပိုင်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



သုံး လို့ရပါတယ်။ ကျွန်တော်လည်း မှော်သိုနာခြည်ကြီးလွန်းလို့ စမ်းကြည့် မလို့ပါ။ ကဲ . . . ကဲ တစ်ခွက်လောက်တော့ လုပ်သွားပါဦးဗျား၊ ဒါနဲ့ ကလေးပျောက်သွားအောင်လို့ပါ"

မငြင်းသာ၍ ကျွန်တော်တဲထဲဝင်ထိုင်ပြီး ကချင်အရက်ပြင်း တစ်ခွက်မော့ရပါသည်။ လက်ဖက်ရည် အဝသောက်ထားသဖြင့် အနံ့များ အနံ့မလား မသိပါ၊ ငါးကြော်အနည်းငယ်ဖဲ့စားရင်း ကျွန်တော့်အား စောင့်နေသည့် မုဆိုးကျော်ထွားအား မေးရပါတော့သည်။

"ကျော်ထွားရေ ဖျံသိုဆေးအသုံး ပြောပြလိုက်ဦးလေကွာ။ တော်ကြာအကျိုးပေး ပြောင်းပြန်ဖြစ်နေဦးမယ်" ကျွန်တော်မှ နောက် ပြောင်လိုက်ရာ . . .

"သန့်စင်အောင်ဆေးကြောပြီး အရက်နဲ့စိမ်သောက်လို့လည်း ရတယ်ဆရာ၊ ပုပ်မသွားပါဘူး။ နောက်တစ်နည်းကတော့ ခြောက်အောင် နေလှန်းပြီး အရက်နဲ့စိမ်သောက်ရတာပါပဲ။ ပျားရည်ကလေးနဲ့ ရော သောက်ရင်တော့ ပိုအာနိသင်ရှိတယ်ဆရာ"

"ကိုကျော်ထွားရေ ဆေးလည်းပေး၊ ဆေးနည်းလည်းပြောပြလို့ အလွန်ကျေးဇူးတင်ပါတယ်။ ခင်ဗျားဟာ ဘယ်လောက်ပေးရမှာလည်း"

"ဆရာဘာသာ ပေးချင်သလောက်ပေးပါဗျား။ ကျွန်တော့်ဆရာ နှင့်မြို့ရင် အလကားလည်းပေးလို့ရပါတယ်"

"အဲသလိုလည်း မဟုတ်သေးဘူးလေဗျား။ ဒါရှားပါးပစ္စည်း စစ်စစ်ကလည်းရခဲတယ်။ ခင်ဗျားတောင်းသလောက် ကျွန်တော်ပေး ပါမယ်"

ကျွန်တော် . . .

"ပြောရမဲ့သူတွေမှ မဟုတ်တာဗျား၊ ကိုကျော်ထွားသာ ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်သလောက်ပေးလိုက်ပါ။ ပြဿနာမရှိပါဘူး"

"အင်း . . . အဲ့ဒါဆိုရင်လည်း (၁၀၀၀)ကျပ်ပေးမယ်ဗျား။ နည်းတယ်မအောက်မေ့ပါနဲ့"

"ကဲ . . . ကျော်ထွားရေ ပြန်ယူပြီးပေးလိုက်ပေရော့"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော်တို့စခန်းသို့ ပြန်ခဲ့ကြပါသည်။ အသင့်စောင့်နေကြသော ရဲသည်များနှင့်တွေ့သဖြင့် ပိုင်းထိုင်ချပြန်ပါသည်။ ကျော်ထွားက ညနေစာချက်ထားသော ရစ်ကြက်သားဟင်းများအား လာချပေးပါသည်။ တီးယန်စွပ်ရွာသူကြီးမှာ ထောင်မှူးဦးအာဂျွန်အား ခင်မင်နေရာ တစ်လတစ်ခါခန့် စခန်းသို့လာလည်တတ်သဖြင့် ကျွန်တော်နှင့်လည်း အတော်ခင်နေပါသည်။

ရွာသူကြီး . . .

"ဆရာကြီး။ ချွန်တော်တို့ရွာကို လာလည်ပါလား။ ချွန်တော် ဝက်ပေါ်ကျွေးမယ်"

"ဒူးဝါးကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်လာလည် မရေး စခန်းတာဝန်ရှိတယ်၊ ကျွန်တော်မြစ်ကြီးနားပြန်တော့ ညအိပ်လာခဲ့မယ် နော်"

ပိုင်းပြီးသော် ညစာထမင်းကျွေးပြီး၊ ညမိုးချုပ်ပြီဖြစ်၍ မပြန်ရန် အတင်းတားရပါသည်။ သူတို့ဒေသနှင့် သူတို့ဖြစ်သော်လည်း တောကောင်များအန္တရာယ်ရှိသဖြင့် တားရခြင်းဖြစ်သည်။ သူတို့လေ့က အချိန်ကိုမမှုကြပါ။ သွားချင်သည့် အချိန်သွား၍ ပြန်ချင်သည့်အချိန် ပြန်တက်ကြသည်။ တီးယန်စွပ်ရွာနှင့် ကျွန်တော်တို့စခန်းမှာ (၄) မိုင် ကျော်ခန့်ဝေးသော တောလမ်းခရီးဖြစ်သည်။ ညဘက်တွင် ဒူးဝါးကြီးတို့

www.burmeseclassic.com



အဖွဲ့အား အာဠ္ဗုန်ခါလိုက္ခာတဲအတွင်း နေရာစီစဉ်ပေးရသည်။ ရဲဘက်ဗွမ်းတောင်များ အရန်သင့်ရှိသဖြင့် ဧည့်သည်များအတွက် အဆင်ပြေပါသည်။

နောက်တစ်ခုနေ့မနက်တွင် ကျွန်တော့်တဲသို့ဖိတ်၍ Breakfast ကျွေးရာ ထမင်းကြော်နှင့်ရစ်ကြက်အားဟင်းအပြင် မုံလိမ့်ပေးထားသည့် နို့ဆီ၊ သကြား။ လက်ဖက်ခြောက်နှစ်၍ လက်ဖက်ရည်အချိုလည်း တိုက်နိုင်ပါသည်။

ဒူးဝါးကြီး . . .

"ဆရာ . . . ကျွန်တော်တို့ရွာကို လာလည်ပါ၊ ဒီကပါလာတဲ့ သားနှစ်ယောက်ကလည်း တောလည်တတ်ပါတယ်။ ကျွန်တော့်အိမ်မှာလည်း ကချင်ဒေသထွက်ဆေးမြစ်၊ ဆေးဥနဲ့"တာကင်"(သားမင်း)ချို၊ "တောင်ဆိတ်ချို"တွေရှိပါတယ်။ ဆရာ့ကို လက်ဆောင်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒူးဝါးကြီး နယ်မြေမအေးချမ်းသေးတော့ ကျွန်တော်တို့သွားလို့ မရသေးဘူး၊ တောလည်းလည်ချင်ပါတယ်။ ထွမ်ပရာဘွမ်ဒေသအနှံ့ မရောက်ဘူးတဲ့နေရာမရှိအောင်ကို သွားချင်တာပါ။ ဆေးမြစ်၊ ဆေးဥတွေကို ကျွန်တော်ဝါသနာပါတယ်။ တာကင်ချိုနဲ့ တောင်ဆိတ်ချိုက ဘယ်လိုအသုံးဝင်သလဲ"

"နယ်မြေအေးချမ်းတော့မှာပါ။ ဒါကြောင့် ခုတိုက်ပွဲတွေမဖြစ်တော့တာပါ။ ကျွန်တော့်မှာရှိတဲ့ဆေးမြစ်၊ ဆေးဥတွေက ငှက်ဖျားပျောက်တဲ့ "ခန်းတောက်မြစ်"၊ အသက်ရှည်စေတဲ့ "မချစ်ဥ"၊ အားရှိန်မလျော့ကောင်းစေတဲ့ "ရှိုးပတီးဥ"နဲ့ အိမ်မှာဆောင်ထားရင် မီးကွင်းဝေးတဲ့သတ္တိရှိတဲ့"တာကင်"ဗိုး၊ မ၊ ချိုတစ်စုံ၊ အရိုးကျိုး၊ အဆစ်ခြမ်ကိုက်ခဲရင် လိမ်းတာနဲ့ပျောက်တဲ့ "တောင်ဆိတ်ချို"တွေရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ . . . စိတ်ဝင်စားစရာပဲ၊ ခနဲ့ဘောက်မြစ်နဲ့ မချစ်ဥကိုတော့ ကျွန်တော်ရှူးတယ်။ ကျွန်တော့်အစ်ကိုကြီးနောင်မွန်းမှာ တာဝန်ကျတုန်းက ယူလာပေးတာ။ ခနဲ့ဘောက်မြစ်က တကယ်စွဲမက်ပါတယ်။ ငှက်ပျောအလွန်နိုင်တယ်၊ မချစ်ဥကတော့ ကြက်သွန်ဖြူနဲ့တူပြီး ဖော့ညှိုးဖြူဖြူကလေးတွေပဲ၊ ပျားရည်နဲ့စိမ်ပြီးစားရတာ။ အသက်ရှည်ဆေးလို့ပြောတာပဲ။ "ရှိုးပတီး"ဥတော့ မမြင်ဖူးဘူးဗျာ"

"ရှိုးပတီး"က ကြက်သွန်ဖြူလိုပါပဲ ဆရာ၊ သူက မချစ်ဥထက်ကြီးတယ်။ အကြောအားသန်မာတယ်၊ အားခွန်ဗလ ကောင်းစေတယ်။ သူ့ကိုပျားရည်စွဲစိမ်စားရင် တောင်(၇)လုံးကို မမောတမ်း၊ မနားတမ်းသွားနိုင်တယ်လို့ အဆိုရှိပါတယ်။ ဒီဆေးတွေက ခွန်ပရာဘွမ်ဒေသထွက်မဟုတ်ဘူးဆရာ။ ရေခဲတဲ့ ပူတာအိုအထက်ပိုင်းမှာပဲ ပေါက်ကြတာ၊ "ရှိုးပတီး"ပင်က အသက်ရှိတယ်၊ ဆောင်းတွင်းမှာတစ်နေရာထဲမှာ ငြိမ်နေတတ်တယ်။ မိုးတွင်းမှာ အမြစ်ထွက်အပင်ပွား ညညပြီး နွေရာသီကျတော့ နေရာအနှံ့လျှောက်သွားတတ်တယ်။ သူတို့က အုပ်နဲ့ကျင်းနဲ့နေတာ တွေ့ရင်တော့ အံ့လိုက်ပဲ။ ကျွန်တော်တို့ဒေသမှာတော့ လမ်းများပြီး အပေါင်းအသင်းအုပ်စုဖွဲ့လည်ပတ်တတ်တဲ့ သားယောက်ျားလေးတွေကို "ရှိုးပတီး"လို့ခေါ်တယ် ဆရာ"

"အေးဗျာ . . . စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ ကျွန်တော် အခုတောင် ဒူးဝါးကြီးတို့ရွာကို အလည်လိုက်ချင်နေပါပြီ။ ဒီဒေသမှာ တခြားထူးဆန်းတဲ့အပင်တွေရော . ရှိသေးသလားခင်ဗျား"

"ရှိပေါ့ ဆရာရယ်၊ အိုးတာနတ်တဲ့ ကျွန်းနက်ပင်၊ သစ်မွှေးပင်နဲ့ တော်ဝင်ဖရောပင်၊ သစ်ခွနက်ပင်တွေရှိတယ်လေ"

"ကျွန်းနက်နဲ့သစ်မွှေးပင်တော့ ဒီမှာ ကျွန်တော်မြင်ဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ တောင်ဝမ်ဖရောပင်နဲ့ သစ်ခွနက်ပင်တော့ မမြင်ဖူးသေးဘူး"

"တောင်ဝမ်ဖရောပင်က အမျိုးသမီးတွေနဲ့ ဆိုင်တယ်ဆရာ။ အပင်ကြီးမျိုးပဲ၊ အရွက်က ရွက်မြှာတစ်ရွက်မှာ ရွက်မြှာငါးရွက်ထွက်တယ်၊ လှလက်ဖဝါးနဲ့တူတယ်၊ အပွင့်က နီရဲရဲပဲ၊ အသီးကလည်း အတောင့်၊ အခိုင်လိုက်သီးတယ်၊ သူ့အခေါက်ကာစွမ်းတယ်ဆရာ၊ အမျိုးသမီးတွေ ပဋိသန္ဓေမလိုချင်ရင် သူ့အခေါက်ကို ခါးမှာကြိုးနဲ့ချီပြီး ဆောင်ထားရင် ကလေးမရနိုင်ဘူး။ အခေါက်ကိုသွေးလိမ်းရင် အဖောအရောင်ပျောက်တယ်။ ဒါပေမဲ့ သတိထားရမှာက ကိုယ်ဝန်ဆောင်မိန်းမတွေ အဲ့ဒီအပင် အောက်ဖြတ်လျှောက်မိရင်တော့ ကိုယ်ဝန်ပျက်ကျတတ်တယ်"

"ကြော် . . . သူက အတော်ထူးခြားတဲ့ အပင်ပဲ။ အဲ့ဒီ တောင်ဝမ်ဖရောပင်နဲ့ သစ်ခွနက်ပင်က ဒီဒေသမှာရှိသလား"

"ရှိပါ့ဆရာရယ်။ တောင်ဝမ်ဖရောပင်ကတော့ ကျွန်တော်တို့ရွာ အနောက်ဘက်ရွာစပ်က တောင်စောင်းမှာပေါက်နေတာ။ သစ်ခွနက်ကတော့ တောင်ကမ်းပါးစောင်း။ ကျောက်လွှာပေါ်မှာ ပေါက်တယ်ဆရာ။ သစ်ပင်ပေါ်မှာ မပေါက်ဘူး။ သင်ပုန်းကျောက်ဆောင်တွေပေါ်မှာ ပေါက်တတ်တယ်"

"သစ်ခွနက်ကတော့ အဖိုးတန်ပဲဗျ။ ရန်ကုန်က ကြော်ငြာ တစ်ခုမှာ ကျွန်တော်ဖတ်လိုက်ရတယ်။ သစ်ခွနက်စစ်စစ်တစ်ပင်ရရင် နောက်ဆုံးပေါ်ကားတစ်စီးနဲ့လဲမယ်တဲ့"

"အဲဒီလောက် အဖိုးတန်သလား ဆရာ၊ သစ်ခွနက်က ရှား တော့ရှားတယ်။ ဒါပေမဲ့ ရှာရင်တွေ့နိုင်ပါတယ် ဆရာ"

"သူ့အပင်က ဘယ်လိုပုံစံလဲဗျ။ အပွင့်အနေအထားက ရော ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ခွနက်အပင်က မြေစိုက်သစ်ခွမျိုးပါ၊ အရွက်လေးငါးရွက် ထွက်တယ်၊ ပင်စည်ထွက်မလာဘူး။ အမြစ်ကနေ ပင်ပွားထွက်တယ်။ စိမ်းညိုရောင်အရွက်ပေါ်မှာ အဖြူပြောက်ကလေးတွေပါတယ်။ ဆောင်းတွင်းမှာပဲ အပွင့်ပွင့်တယ်။ အပွင့်က တစ်ခိုင်တည်းပဲ၊ ထိပ်ဖျားကတည့်တည့်ထွက်ပြီး ပွင့်ဖတ်တွေက အင်မတန်လှတယ်။ နီညိုရောင်မှဲ့ အနက်ဘက်လှတယ်ပေါ့၊ လုံးဝအနက်ကြီးတော့ မဟုတ်ပါဘူးဆရာ"

"ဒူးဝါးကြီးပြောတဲ့ အပင်မျိုးကို ကျွန်တော်ရေချိုးရင်း ကျောက်ခက်ပင်တွေကြားမှာ တွေ့ဖူးတယ်။ နောက်ပြီး စတော်ဘယ်ရီ အရိုင်းပင်ကလေးတွေကိုလည်း ဒရုခချောင်းကမ်းဘေးမှာ အသီးနီနီကလေးတွေ သီးနေတာ တွေ့ဖူးတယ်။ စားကြည့်တော့ စတော်ဘယ်ရီသီးအရသာပဲ၊ ဒါပေမဲ့ အလွန်ချဉ်တယ်"

"ဟုတ်ပါတယ် ဆရာ၊ ဆရာတွေ့တဲ့အပင်တွေက အရိုင်းပင်တွေပါ၊ ကျွန်တော်တို့ရွာနား မလီခမြစ်ကမ်းမှာလည်း ရှိပါတယ်။ ပုံစံအတော်တူပါတယ်၊ သစ်ခွနက်ပင်အရွက်နောက်ကျောဘက်မှာ အပေါ်အရွက်အတိုင်း အဖြူပြောက်ကလေးတွေပါပြီး အရွက်ကအစိမ်းရင့်ရောင်ပါပဲ။ ချောင်းကမ်းဘေးပေါက်တဲ့ အရိုင်းပင်တွေကတော့ ရွက်နောက်ကြောမှာ နီညိုရောင်ပေါ်မှာ အဖြူပြောက်ကလေးတွေ့ရတတ်တယ်၊ အပွင့်ကလည်း အနီပဲ။ ဒါပေမဲ့ သေးသေးလေးတွေပွင့်တာ သစ်ခွနက်အစစ်လိုမလှဘူး။ အပင်ပုံစံကတော့ အတော်တူတယ်"

ကျွန်တော်တို့ စကားကောင်းနေစဉ် မနက်(၁၀)နာရီခန့်ဖြစ်သွားပါသည်။ နေ့လယ်စာ စားချိန်နီး၍ ကျွန်တော်က နေ့လယ်စာစားရန် ပြောသော်လည်း ဒူးဝါးကြီးတို့မှာ အလုပ်ရှိသေးသည်ဟု ပြောကာပြန်သွားကြပါသည်။ အပြန်တွင် ကျွန်တော်ဆန်နှင့်ပဲလက်ဆောင်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

မှဆိုးကျော်ထွား မနက်က ကြောင်ရသည်။ နိုင်ငံခြားသားထွက်ခဲ့သော ဆံညှပ်ဆိုင်ခန်းလေးအတွင်း အောက်ပိုင်းကျော်ဖြစ်ရကြောင်း သုံးပိုင်းသာခန့်ရှိသော ကြောင်ဝံပိုက်ကြီး ဖြစ်သည်။ ခေါင်းနှင့်နံဘေးတွင် အနက်ပေါ်အဖြူစင်းကြားကြီးဖြစ်၍ မြို့ပတ်ရထားနှင့်ပင် တူတော့သည်။ ကျွန်တော်ညွှန်သည်များအား ညွှန် ခံစကားပြောခန်း၌ သူအရမှ ပြောခြင်းဖြစ်သည်။

"ဆရာ . . . ဖွားကြောင်သား။ စားဖူးသလား"

"အေး . . . စားဖူးတယ်"

"အခု ဘယ်လိုစားချင်သလဲ ဆရာ . . ."

"ငရုတ်သီးစပ်စပ်နဲ့ ဆီပြန်ချက်ကွာ။ ဒါမှ မညှီမှာ"

"ဟုတ်ကဲ့ . . . ဆရာ"

"ဒါနဲ့ ကျော်ထွားရေ ငါ့အရမှတ်ဦးစားမိတယ်ကွာ။ မင်းကြောင် ကိုင်းထောင်တဲ့အနားက အပင်ကြီးက လက်ပံပင်ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ် ဆရာ။ အပွင့်တွေတောင် ကျွန်တော်မြတ် တို့ဖူးသေးတယ်"

"ဆရာ . . . လက်ပံပင်ဆိုတာ နေရာတကာပေါက်ပါတယ်။ အညာမှာပေါက်သလို မြစ်ဝကျွန်းပေါ်မှာလည်း ပေါက်ပါတယ်။ ဒီနေရာ ကလည်း ရေခဲပေမဲ့ ပေါက်ချင်ပေါက်မှာပေါ့"

"အေး . . . ငါလည်း လက်ပံပင်လို့ပဲ ထင်ပါတယ်။ ဒါပေမဲ့ ညွှန်သည်အိုးဝါးကြီးပြောသွားတဲ့ တောင်ဝမ်ဖရောပင်ကြီးများ ဖြစ်နေ မလားလို့ သူပြောတဲ့ အပင်ကြီးနဲ့အတော်တူနေတယ်ကွ"

"အင်း . . . ဆရာပြောမှပဲ ကျွန်တော့်ဝမ်းထဲမှာတောင် ယားကျိယားကျိ ဖြစ်လာသလိုပဲ။ မနေ့က ညနေကမှ အပွင့်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြုတ်တို့လိုက်တာ လက်ပံပွင့်အရသာနဲ့ သိပ်မတူသလိုဘဲ။ ချဉ်လည်းမချဉ်ဘူး ချိုလည်းမချိုဘူး"

"လက်ပံပင်မှာ ဆူးရှိတယ်။ အခက်တွေကလည်း ပင်စည်မှာ ကိုင်းဆုံ တစ်ရစ်ပြီးတစ်ရစ်တက်သွားတာ အဲ့ဒီလက်ပံပင်ကြီးက သရက်ပင်လိုပဲ ကိုင်းဆုံအရစ်မရှိဘူး။ တစ်ဖြောင့်တည်းတက်ပြီး အပေါ်ရောက်မှ ကိုင်းနှစ်ခုခွဲထွက်သွားတာ နောက်ပြီးပင်စည်အခြေမှာ ဆူးဘုကြီးတွေ မတွေ့မိသလိုပဲ။ အခေါက်မဲမဲတွေပဲရှိတယ် အောက်မေ့တယ်ကွ"

"ကဲ . . . ကျော်ထွားရေ သွားစမ်းကွာ။ အခေါက်လည်း ခွာလာခဲ့ အရွက်တစ်ရွက်လောက်လည်း ခူးလာခဲ့ကြည့်ရအောင်"

ကျော်ထွားမောင်းယူ၍ ခေန်းအရှေ့ဘက်သို့ သွားပါသည်။ မကြာမီ ပြန်ရောက်လာပြီး အခေါက်နှင့်အရွက်အားပေးပါသည်။

"ဟုတ်တယ် . . . ဆရာရေ လက်ပံပင်မဟုတ်ဘူး။ ပင်ခြေမှာ ဆူးဖုကြီးတွေမရှိဘူး။ သရက်ပင်အခေါက်လိုပဲ အခေါက်ထူထူမဲမဲကြီး ပဲရှိတယ်"

"ကဲ . . . ပြစမ်းပါဦး။ ဟုတ်ပါ့ကွာ။ အရွက်က ရွက်ပွား ငါးရွက်ထွက်ပြီး လူ့လက်ဖဝါးနဲ့တူလိုက်တာ။ ရွက်ခြေမှာ ခပ်ခုံးခုံးဖြစ်နေသေးတယ် လူ့လက်ဖဝါးကို မှောက်ထားတာကျနေတာပဲ။ လက်ပံပင် မဟုတ်တာတော့ သေချာသွားပြီပေါ့။ လက်ပံပင်မဟုတ်ရင်တော့ ဒူးဝါးကြီးပြောသွားတဲ့ "တောင်ဝမ်ဖရော့"ပင်ကြီးပဲ၊ တို့ခေန်းက ယောက်ျားတွေချည်းနေတာဆိုတော့ ပြဿနာတော့မရှိလောက်ပါဘူး။ မိန်းမ ရွှေးသည်မတွေ့လာရင်သာ သတိပေးဖို့လိုလိမ့်မယ်"

"စိုးရိမ်စရာ မရှိပါဘူးဆရာရယ်။ ခေန်းနဲ့လည်းဝေးပြီး ကား သမ်းမနဲ့လည်း လှမ်းပါတယ်။ သက်သက်သွားမှသာ ရောက်နိုင်တာပါ။

www.burmeseclassic.com



ဒီအပင်မျိုး ကျွန်တော်မတွေ့ဖူးသေးဘူး ဆရာ။ ဆေးဘက်အသုံး အဝိုးတန်မယ်နဲ့တူတယ်''

''ဘာလဲ . . . မင်းက ပဋိသန္ဓေတားဆေး ဖော်ရောင်းဦးမလို့လား''

''မဟုတ်ပါဘူး . . . ဆရာရယ်၊ ကလေးများတဲ့မိန်းမတွေ ဆောင်ထားရင် အိမ်ထောင်ရေးသာယာတာပေါ့။ နောက်ပြီး ယောက်ျားတွေဆိုရင်လည်း မြူးချင်မြူးသွားနိုင်တယ်လို့ စဉ်းစားမိတာပါ''

''အေး . . . အဲ့ဒါလည်း ဟုတ်နိုင်တယ်၊ နောက်တစ်ခါ ဒူးဝါးကြီးတို့လာရင် မြန်ကြည့်ကြတာပေါ့''

''ကဲ . . . ကျော်ထွားရေ နေ့လယ်စာ ကြော်သားမီအောင် ချက်ကွာ။ ကိုအောင်ကြီးနဲ့အာလူနိပ် ဒီအိမ်မှာ ဖိတ်ကျွေးရအောင်''

နေ့လယ်စာထမင်းစားချိန်တွင် ကျွန်တော်တို့အဖွဲ့ ဆုံကြပါသည်။ လုပ်ငန်းလည်းဆွေးနွေးရင်း တခြားကိစ္စများလည်းပြောရင်း ထမင်းစားကြရာ ထမင်းမြိန်လှပါသည်။

''ကိုအောင်ကြီးရေ . . . မင်းတို့ ဒရေချောင်းထဲက တံတားသောင်တွေ ဖော်နေပြီလား''

''ဟုတ်ကဲ့ဆရာ ဒီနေ့ စနေပြီ၊ ရေကျသွားပေမဲ့ သိပ်မလွယ်ဘူးဆရာ။ ရေက ခါးလောက်ကျန်နေသေးတော့ တံတားသောင်တွေက မြုပ်နေတုန်းပဲ။ ထူးဆန်းတာက တံတားသောင်တွေကို သံတူရွင်းနဲ့ ကလန့်လိုက်တာနဲ့ ရေတွေပန်းထွက်လာတယ်။ ရေပိုက်က ပန်းထွက်သလိုမျိုးဆရာ၊ အောက်မှာ အခေါင်းရှိမယ်ထင်တယ်''

''သတိထားတော့ လုပ်ကြကွာ၊ အောက်ထဲမှာအကောင် ပလောင် အောင်းနေတဲ့တွင်းချိုင့်ကြီးများရှိနေမလား။ ရေအောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားမှ လုပ်ကြရင်ကောင်းမယ်ထင်တယ်"

"သံပေါင်တွေက သုံးလေးခုထပ်နေပြီး သံလိုက်နေတော့ သိပ်တော့မလွယ်ဘူး ဆရာ။ ရေကြည်နေလို့ အောက်ခြေကိုလည်း မြင်နေရပါတယ်။ အဲ့ဒီနေရာက တံတားအောက်တည့်တည့် ချိုင့်ကြီးဆရာ။ ရေနက်ပြီးအေးလွန်းလို့ ကြာကြာလည်းဆင်းမလုပ်နိုင်ကြဘူး။ ကျွန်တော်ကိုယ်တိုင် ဆင်းကြည့်တယ်ဆရာ။ အဲ့ဒီနေရာမှာ ကြာကြာနေရင် စိတ်ထဲတစ်ခုခုကို စိုးရိမ်မိသလိုပဲ ခံစားကြရတယ် ဆရာ"

ကျော်ထွေး . . .

"ဆရာ . . . ကျွန်တော်တစ်ခု ပြောချင်တယ်။ အဲ့ဒီရေမြုပ်နေတဲ့သံတွေနားမှာ ပြဒါးခတ်ဖြစ်ပေါ်နေပြီး ရွှေမှုန်တွေကို စုပြီးဖမ်းထားတတ်တယ်။ ရွှေသိုက်ပေါ့ ဆရာရယ်၊ ကျွန်တော်လိုက်ကြည့်ဦးမယ် ဆရာ"

"ခြော် . . . အာဂျွန်ရေ၊ စခန်းအရှေ့ဘက်က လက်ပံပင်ကြီးကို မင်းသတိထားမိသလား"

"ဟုတ်ကဲ့ဆရာ ကျွန်တော်သိပါတယ်။ ရောက်စကလည်း အညာနေပူမှာ ပေါက်တဲ့အပင် ရေခဲတဲ့နေရာမှာ လာပေါက်နေလို့ ကျွန်တော်အံ့ဩနေတာ။ အဲ့ဒါဘာဖြစ်လို့လဲ ဆရာ"

"အေး . . . အဲ့ဒါလက်ပံပင် မဟုတ်ဘူး။ ဒူးဝါးကြီးပြောသွားတဲ့ ပဒ္မိသန္တာအဆောင်ပင်ကြီးလို့ ငါထင်တယ်။ ဒီမှာ ကြည့်ပါလား။ အရွက်က လူလက်ဝါးနဲ့တူနေပြီး ပင်စည်အောက်ခြေမှာ ဆူးဘုကြီးတွေ မရှိဘဲ သရက်ပင်အခေါက်ကြီးတွေလို ဖြစ်နေတာ"

"အင်း . . . ဟုတ်ပါရဲ့ဗျာ၊ ဆေးပင်ကြီးဆိုရင်တော့ အမြန်အခေါက်ခွာသွားဦးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာလုပ်ဖို့လဲ"

"ဟဲ . . . ဟဲ . . . ကျွန်တော့်ခယ်မ ကလေးမျှားလွှန်းလို့ လက်ဆောင်ပေးမလို့ ဆရာ။ ဟဲ . . . ဟဲ . . ."

"တော်တော် အကြံကြီးတဲ့ ပုဂ္ဂိုလ်ပါလား ဟေ့"

ကျွန်တော်တို့ စကားကောင်းနေကြစဉ် (ဆ.လ.ရ) မှ အင်ဂျင်နီယာကိုကျော် ရောက်လာပါသည်။

"လာ . . . ကိုကျော်၊ ဘာများထူးသလဲ၊ ထမင်းရော စားပြီးပြီလား"

"ပြီးပြီဆရာ၊ ကဝဘန်တဲ်တားကို လာမဲ့တနင်္ဂနွေနေ့မှာ ဆရာနဲ့ဗိုလ်မှူးတို့ လာကြည့်မယ်ဆို။ အဲ့ဒါ အမြည်းကလေးရှာပေးဖို့ မုဆိုးတို လာပြောတာ။ ဟိုမှာ အရက်ပဲပေါ်တာ။ အမြည်းမရှိဘူးဆရာ။ နောက်ပြီး ဒရုချောင်းထဲမှာ နဂါးနက်ကြီးရှိတယ်လို့ အဲ့ဒီက မုဆိုးက ပြောနေတယ်။ သူကိုယ်တိုင်ကြုံဖူးတာတဲ့"

"ဟုတ်ရဲ့လားဗျာ၊ ကျွန်တော်တို့ ရောက်တာလည်းကြာပြီပဲ။ ကြားတောင်မကြားဖူးပါဘူး ကိုကျော်ရယ်"

"ကျွန်တော်လည်း မသိပါဘူးဆရာ၊ သူတို့ပြောလို့ ပြောရတာပါ"

"ကျေးဇူးပဲ ကိုကျော်ရေ ကျွန်တော်တို့အဖွဲ့က ချောင်းထဲမှာ အလုပ်လုပ်နေတော့ သတိထားဆင်ခြင်ရတာပေါ့ဗျာ"

မုဆိုးကျော်ထွား . . .

"ဆရာကျော် ဖုံသိုစွမ်းသလားဗျ"

"စွမ်းမစွမ်းတော့ မသိဘူး မုဆိုးရေ အိပ်လို့ စားလို့တော့ အလွန်ကောင်းတယ်။ ကဝဘန်ကလူတွေကလည်း အတင်းကောင်းဝယ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ဆေးစိမ်ပြီးတိုက်ရသေးတယ်။ ရောင်းတော့မရောင်းနိုင်ဘူးဗျို၊ ကျွန်တော်က စစ်စစ်ရထားတာ။ ဘယ်လောက်ပေးပေး မရောင်းနိုင်ဘူး။ ဒါနဲ့ မုဆိုးရေ ဆရာတို့လာမဲ့ချိန်ကြရင် ညေ့ခံရအောင် လာမယ့်စနေနေ့ ညနေ တစ်ခုခုရအောင် ရှာပေးပါဦးနော်"

"ဟုတ်ကဲ့ . . . ကြီးစားရှာပေးပါ့မယ်။ ကြွက်ရမလား။ ကြောင်ရမလားတော့ မပြောတတ်သေးဘူး။ တနင်္ဂနွေနေ့ မနက်စောစော ဆိုရင်လည်း မီလောက်ပါတယ်နော်"

"မီပါတယ်ဗျာ၊ ဆရာတို့လာရင် ခင်ဗျားလည်းလိုက်လာမှာ မဟုတ်လား။ ကျွန်တော့်ကို ကူညီပါဦး"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကိုကျော်ပြန်သွားတော့ ရဲဘက်များ လုပ်ခွင်သိမ်းပြီး ညနေစာကျွေး ထောင်ပိတ်ရပါတော့သည်။

ညမိုးချုပ်စ ကျွန်တော်တို့ညစာစားနေစဉ် ဒရုစချောင်းအတွင်းမှ သေနတ်သံသုံးလေးချက် ကြားရသည်။ ခြောက်လုံးပြူးသေနတ်သံ ဖြစ်သည်။ ခြောက်လုံးပြူးကိုင်သည်မှာ ရှေ့တန်းမှ ဦးသန်းရွှေဖြစ်သဖြင့် သူတို့အဖွဲ့ ပြန်လာကြခြင်း ဖြစ်မည်။ မှုကြောင်းရှုကြောင်းနှင့် ဦးသန်းရွှေ တပည့်ထောင်မှူးမောင်မောင် သေနတ်ပစ်ဖောက်ခြင်း ဖြစ်ပေမည်။

နာရီဝက်ခန့်အကြာတွင် မောင်မောင်တို့အဖွဲ့ စခန်းသို့ ဆူဆူညံညံနှင့် ပြန်ရောက်လာကြသည်။ မုဆိုးကျော်ထွားအဲ ထောက်လှမ်းချက်အရ ပြန်သိရသည်မှာ ဒရုစချောင်းအဖြတ်တွင် နောက်ဆုံးမှလိုက်လာသော မောင်မောင်အား ပေါင်လုံးခန့်ရှိ မြွေနက်ကြီးလိုက်သဖြင့် သေနတ်ဖြင့်ပစ်ပြီး ထွက်ပြေးရကြောင်း ခလရ (၁၇)မှ တပ်ကြပ်ကြီး ထောင်းစိန်နှင့်အဖွဲ့ မီးထိုးရှာဖွေနေကြောင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မေးရပါတော့သည်။

"ကျော်ထွားရေ ဘယ်ကမြွေနက်ကြီးလဲကွ။ ပေါင်လုံးလောက်လည်း ရှိတယ်ဆိုတော့ ထူးဆန်းလှချည်လား။ ငါတို့လည်းနေလာတာ ကြာပါပြီ။ ခနဲ့ဆောက်စက ဟိုဘက်ကမ်းနဲ့သည်ဘက်ကမ်း ညဘက်လည်း ဥဒဟိုကူးနေကြတာ၊ ဘာမှ မတွေ့ခဲ့ကြပါဘူး"

"ဆရာ ကိုကျော်ပြောတဲ့ နဂါးနက်ကြီးများ ဖြစ်နေမလား"

"အဲ့ဒီအကောင်က အခုမှ ဘယ်ကထွက်လာတာလဲ"

"ဆရာဦးအောင်ကြီးပြောတာ မေ့နေပြီလားဆရာ။ ဟဲ့တား အောက်တည့်တည့် သံပေါင်တွေအောက်မှာ ချိုင့်ကြီးဖြစ်နေတယ်ဆို၊ တစ်ခါတစ်ခါ ရေတွေပန်းထွက်နေတယ်လို့လည်း ပြောသေးတယ်လေ"

"အေး . . . ဟုတ်တယ်၊ အဲ့ဒါ ဘာဖြစ်သလဲ"

"ကျွန်တော်စဉ်းစား ကြည့်တာပါ။ အဲ့ဒီသံပေါင်တွေအောက်မှာ နဂါးနက်သိုက်ရှိပုံရတယ်။ ရေတွေပန်းထွက်တာ အဲ့ဒီနဂါးနက်ကြောင့်ပေါ့။ သံပေါင်တွေကို ရဲဘက်တွေက တူးရှင်းနဲ့ကလော်တော့ အပေါက်ဝ ပွင့်သွားပြီး နဂါးထွက်တာဖြစ်မယ် ထင်တယ်ဆရာ။ ဒီလို မြွေကြီးတွေက အစာမစားဘဲ အကြာကြီးနေနိုင်ကြတယ်။ ကျွန်တော်ပြောခဲ့ပါသေးတယ်။ အဲ့ဒီသံပေါင်တွေအောက်မှာ ရွှေမြန်တွေ ရှုနေနိုင်တယ်လို့လေ"

"အေး . . . ငါမှတ်မိပါတယ်၊ မြွေဟာ မြွေပေါ့ကွာ၊ ဘယ့်နှယ့်ကြောင့် နဂါးဖြစ်သွားရတာလဲ"

"ဆရာရယ် မြွေကြီးတော့ နဂါးပေါ့။ မြွေတို့ နဂါးတို့ဆိုတာ ဥစ္စာရတနာကို စောင့်တာ။ အဲ့ဒါကြောင့် "နဂါးသိုက်" လို့ ကျွန်တော် ပြောတာပါ"

"ကောင်းကွာ . . . မြွေက နဂါးဖြစ်သွားလိုက်၊ သံပုံးအောက်က



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ကြီးက နဂါးသိုက်ဖြစ်သွားလိုက်နဲ့၊ ကျော်ထွားရေ မင်းကလည်း အတော်စိတ်ကူးယဉ်တဲ့ကောင်ပဲ။ မနက်ဖြန်ကျရင် ကိုကျော်တို့ဆီက နိုင်လွန်ကြိုးကြီးတွေငှားပြီး သံပေါင်တွေကို ဆွဲတင်မယ်။ မင်းနဂါးထွက်လာရင်လည်း ငါ့ရိုင်ဖယ်ကြီးနဲ့ အတော်ပေါ့ကွာ"

မနက်ဖြန် မနက်အလုပ်ရှိသဖြင့် ညစာစောစောစားပြီး စောစောအိပ်ရာဝင်ခဲ့ရာ ကျွန်တော်အိပ်မက် မက်ပြန်ပါသည်။ ပျောက်ကွယ်နေတာကြာပြီဖြစ်သော ရွှေပါရောင်သစ်ခွ အစောင့်ညီအစ်မတို့နှင့် အိပ်မက်ထဲတွင် ပြန်ဆုံခြင်းဖြစ်သည်။

"မောင်ကြီး မနက်ဖြန်ကျရင် နဂါးနက်ကြီးကို မသတ်ပါနဲ့နော်။ မောင်ကြီးကတိပေးရင် အဲဒီနေရာက ရွှေမှုန့်တွေ အများကြီးရမှာပါ"

"ငါမသတ်ပေမဲ့ တခြားသူက သတ်ရင်ကောကွယ်"

"တခြားသူသတ်လို့ မရပါဘူး။ နဂါးနက်ကြီးက မောင်ကြီးနဲ့ ပဋ္ဌာန်းဆက်ရှိသလို ညီမတို့ရဲ့အစောင့်ရှောက်ပါ။ အဘိုးကလည်း မေတ္တာရပ်ခံနိုင်းပါတယ်။ မောင်ကြီးကတိပေးပါ"

"အေး . . . ပေးတယ်ကွာ၊ တခြားသူသတ်ရင်တော့ ငါလည်း မတာတ်နိုင်ဘူးနော်"

ကျွန်တော့်အိပ်ခန်းတံခါးအား တဘုန်းဘုန်းထုသံ ကြားရသဖြင့် ကျွန်တော်အိပ်မက် ကမ္ဘာမှ လန့်နိုးလာပါသည်။ အိပ်ခန်းတံခါးအားဖွင့်ကြည့်ရာ မှန်အိမ်ထွန်း၍ ကျွန်တော့်အား စိုးရိမ်တကြီးကြည့်နေသော မှဆိုးကျော်ထွားအား တွေ့ရပါတော့သည်။

"ဆရာ. နေကောင်းရဲ့လား။ ယောင်ပြီးအော်နေတယ်ထင်တယ်။ မတာတ်နိုင်ဘူးလို့ အော်နေတယ်"

"ဟေ . . . ဟုတ်သလား၊ ငါအိပ်မက် မက်နေတာထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါနေကောင်းပါတယ်''

ကျွန်တော်အိပ်ခန်းထဲမှထွက်၍ ကျော်ထွား နတင်ပေါ်တွင် ထိုင်ရင်း အိပ်မက်အကြောင်း ပြောပြရာ –

''ဆရာ့ကို ဥစ္စာပစ္စည်းပေးပြန်ပြီထင်တယ်၊ သူတို့ပြောတဲ့ အတိုင်း လိုက်နာလိုက်ပါဆရာရယ်။ မြေကို ကျွန်တော်လည်း လုံးဝ မသိတော့ဘူး။ အဲ . . . တစ်ခုတော့ရှိတယ်။ အဲ့ဒီနေရာမှာ ရတနာရှိတာ တော့ ဘယ်သူ့မှမပြောနဲ့တော့ဆရာ၊ ကျွန်တော်တပြည်းပြည်းကဲ့ယူမယ်''

''အေး . . . အေး . . . အခု ဘယ်နှစ်နာရီရှိပြီလဲကွ''

''မနက်(၂)နာရီလောက်ပဲ ရှိသေးတယ်ဆရာ''

''မင်းရော တစ်ရေးနိုးတာလား''

''ဟုတ်တယ်ဆရာ၊ ဆရာ့အော်သံကြားလို့ ကျွန်တော်နိုးတာ''

''စောသေးတယ်၊ ပြန်အိပ်ကြရအောင်ကွာ၊ မနက် (၅) နာရီ လောက်မှထမယ်''

ကျွန်တော်ပြန်အိပ်ရာ မနက်(၅)နာရီခန့်တွင်နိုးပါသည်။ ကျွန် တော့်အကျင့်တစ်ခုမှာ မနက်မိုးနိုးလိုသည့် အချိန်ကို စိတ်ထဲတွင် မှတ်၍ အိပ်လိုက်လျှင် နှိုးစက်မလိုဘဲ အချိန်အတိအကျ နိုးတတ်ပါသည်။ ကျွန်တော်အိပ်ရာကထတော့ မုဆိုးကျော်ထွား ထမင်းကြော်ခြင်း၊ ရေ နွေးအိုးတည်ခြင်းအမှုကို ပြုနေပါပြီ။ ကျွန်တော်ဘုရားဝတ်ပြုချိန်နာရီ ဝက်အပြီးမှာတော့ မနက်စာစားရန် စားပွဲပေါ်တွင် အရန်သင့် ဖြစ်နေပါလိမ့်မည်။

မနက်စာစားပြီး မနက်(၆)နာရီထောင်ဖွင့် လူပေါ်ခ်ိစ် ဆေးရပါသည်။ ပြီးသော် ကိုကျော်ထံမှ ဘီတားဆောက်ရာတွင် အသုံး ပြုသော လက်ကောက်ဝတ်ခန့်ရှိ နိုင်လွန်ကြိုးကြီးများအား ငှားရမ်းရပါ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မနက်ပိုင်းလူ(၂၀)ခန့်ဖြင့် ထောင်မှူးအောင်ကြီးအားပြောပြီး လုပ်ငန်းစပါသည်။ ဒရုခချောင်းအတွင်းမှ သံပေါင်တစ်ခုစီအား ရှေ့နောက်ကြိုးချီစေပြီး တံတားပျက်ကြီး၏ အရင်းပိုင်းသံပေါင်ပေါ်တွင် ကြိုးတင်၍ တစ်ဖက်(၁၀)ဦးဆွဲနိုင်းခြင်းဖြစ်သည်။ ကျွန်တော် ထောင်မှူးအောင်ကြီး၊ တပ်ကြပ်ကြီးစိန်သောင်းတို့က လက်နက်ကိုယ်စီဖြင့် စောင့်ဆိုင်းကြည့်ရှုကြပါသည်။

နှစ်ဖက်ဆွဲတင်သော်လည်း သံပေါင်များမှာ မကြွပါ။ ကျွန်တော် စဉ်းစားရပါပြီ . . .

ရဲဘက်ခေါင်းဆောင်များအားခေါ်ပြီး တစ်ဖက်တည်းလူ (၂၀) ပေါင်း၍ ဆွဲတင်စေရာ ကြွလာသဖြင့် အခြားတစ်ဖက်မှပြောင်း၍ ဆွဲတင်စေရာ နှစ်ဖက်စလုံးသဲကိုက်ခြင်း လွတ်သွားသဖြင့် နှစ်ဖက်ပြိုင်တူဆွဲတင်စေရာ အပေါ်သို့ပါလာပါတော့သည်။ တစ်ဖန်ပြန်ချပြီး ကြိုးများအားတံတားပေါ်အဟောင်းမှ ဖြုတ်စေပြီး ကမ်းစပ်သို့ဆွဲတင်စေရာ ပါလာပါတော့သည်။ ထိုသို့လုပ်ရင်းဖြင့် တတိယသံပေါင်ရအပြီး စတုတ္ထသံပေါင်တွင် အခက်တွေ့နေပါသည်။ အောက်ဆုံးဖြစ်၍ သဲကိုက်ပြီး ကျောက်တုံးများပိနေသောကြောင့် ဖြစ်သည်။ အန္တရာယ်ရှိမှန်းသိ၍ ရဲဘက်များအားလည်း ရေထဲဆင်း၍ သံတူရွင်းဖြင့် ကလန့်ဖော်ခြင်းကိုလည်း မလုပ်စေလိုပါ။

ထိုအချိန်တွင် မှဆိုးကျော်ထွား တောထဲကပြန်လာပြီး ကျွန်တော်တို့ အခက်အခဲကို မြင်သဖြင့် . . .

"ဆရာ . . . ကျွန်တော် ရေထဲဆင်းလိုက်မယ်" ဟု ဆိုကာ သံတူရွင်းနှင့် ကြိုးများယူကာ ရေထဲဆင်းသွားပါသည်။ သူက မြေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်တော်ယုံကြည်စိတ်ချပါသည်။ တံတားဘောင်ထိပ်နှစ်ဖက်တွင် ကြိုးချည်ပြီးအပေါ်သို့ ကြိုးစနှစ်ဖက်အား ပစ်ပေးကာဆွဲစေ၍ သူကနှစ်မြှုပ်နေသောသံပေါင်အား သံတူရွင်းနှင့် ကလန့်ပေးပါသည်။ ရေပလုံစီများထက်လာပြီး ရေများပန်းထွက်လာပြီး ကြိုးများလျှပ်ရမ်းသွားသဖြင့်

"ကျော်ထွား အပေါ်မြန်မြန်တက် ရပြီ"

ရဲဘက်များဆွဲတင်နေစဉ် ကျော်ထွားကမ်းပေါ်သို့ တက်ပြေးလာပါသည်။ တံတားသံပေါင်နှင့်အတူ ရေပန်းကြီးထိုးထွက်လာပြီး "ဝုန်း"ဟူသော အသံကြီးနှင့်အတူ မြေမဲကြီးဦးခေါင်း ထွက်ပေါ်လာပါသည်။ ကျွန်တော်ကတော့ ကတိအတိုင်း မပစ်ပါ။ တောင်မှူးဒေါင်ကြီးနှင့် တပ်ကြပ်ကြီးစိန်သောင်းတို့၏ (G4) နှင့် M-22 သေနတ်သံများအား တဖောင်းဖောင်း ကြားရပါတော့သည်။

"ဖောင်း . . . ဖောင်း . . . ဖောင်း . . . ဖောင်း"

သို့သော် မထိပါ၊ မြေနက်ကြီးမှာ ချောင်းအောက်ဘက် ရေနက် ရှိရာသို့ ကူးခတ်ပျောက်ကွယ်သွားပါသည်။ ပေါင်လုံးခန့်ရှိပါသည်။ မျက်စိနှစ်လုံးမှာ နီရဲနေသည်။

အင်း . . . တော်ပါသေးရဲ့၊ ကျွန်တော်လည်းမပစ်၊ ပစ်သောကျည်လည်းမထိဘဲ လွတ်မြောက်သွားသဖြင့် ကတိအတိုင်း ကျွန်တော်ဝမ်းမြောက်မိပါသည်။

တပ်ကြပ်ကြီးသောင်းစိန်က . . .

"ဆရာ . . . ဘာလို့မပစ်တာလဲ"

"ကျွန်တော့်သေနတ်က ရိုင်ဖယ်များ၊ တစ်တောင့်ခြင်းပဲရတာ။ ခင်များတို့ အော်တိုသေနတ်တွေတောင် မထိတာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပစ်တော့မလဲ၊ ကျည်ဆံကုန်ရုံပဲ ရှိမှာပေါ့"

"အေးဗျာ . . . တော်တော်လျှင်တဲ့အကောင်ကြီး ရများရ လိုက်လို့ကတော့ ပွဲကြီးပွဲကောင်းပဲ၊ မြွေသားနဲ့ အရက်သိပ်လိုက်တာ။ ထောင်ပိုင်ကြီးရဲ့"

တံတားသံပေါင်များအား ကမ်းပေါ်စိတင်ပြီး ကျွန်တော့်ရဲ့ဘက်များအား အနားပေးလိုက်ပါသည်။ မှဆိုးကျော်ထွားကတော့ မနားပါ။ လှုရှင်းသည်နှင့် ချိုင့်ထဲဆင်းပြီး မြေရေရွှံ့အိတ်တစ်လုံးနှင့် ချိုင့်ထဲမှ မြေများအား ကြုံးထည့်နေပါသည်။ မြေမှုန့်များမှာ ရွှေရောင်မဟုတ်ပါ။ မဲမဲအရာများသာဖြစ်သည်။ ၎င်းမြေမှုန့်များအား ကျွန်တော့်အခန်းထဲ ထည့်ထားရာ ရက်ကြာလာသည်နှင့်အမျှ အိတ်များများလာမည်ဖြစ်သည်။

"ကျော်ထွား . . . မင်းဟာ ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဆရာ၊ ဒါရွှေမြေတွေပဲ။ ရေနဲ့ကျင်ရဦးမယ်။ ပြီးတော့ ပြဒါးနဲ့ဖမ်းပြီး မီးဖုတ်ရဦးမယ်။ တချို့လက်သဲခွံလောက်ရွှေပြားလေးတွေတောင် ပါလာတယ်။ ဆရာကံကောင်းရင် ရွှေပိသာနဲ့ချီပြီး ရနိုင်တယ်ဆရာ။ တွင်းအောက်ခြေမှာ ရွှေတုံးတွေတောင် ရှိချင်ရှိနေမှာ။ ဆရာတော့ ရွှေသူဌေးဖြစ်ပြီ"

"ထားပါကွာ . . . မစားရ ဝခမန်း လုပ်မနေပါနဲ့။ မင်းအလုပ်ပြီးတော့မှပဲ အဖြေသိရမှာပါ"

"ကျွန်တော်ပြောရဲပါတယ် ဆရာ၊ ကျွန်တော် စုထားတဲ့ အိတ်တွေထဲမှာ ရွှေအချိုးအစားဆယ်ပုံတစ်ပုံ အနည်းဆုံးပါပါတယ်။ တစ်အိတ်တစ်အိတ် ထမ်းရတာနင့်နေတာပဲဆရာ"

"အေး . . . အဲ့ဒါဆိုရင်လည်း အတိုင်းထက်အလွန်ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မပြန်ခင် အလှူတစ်ခု ထပ်လုပ်ရသေးတာပေါ့"

ထိုညက ကျော်ထွားနှင့်ကျွန်တော် တောအကြောင်းတောင်အကြောင်းပြောကြရင်း သစ်ခွပန်းအကြောင်း ရောက်သွားရာ . . .

"ကျော်ထွားရေ . . . ငါမပြန်ခင် "သစ်ခွနက်" တောမှာ လည်ချင်သေးတယ်ကွာ။ ဒူးဝါးကြီးအပြောကတော့ ဒီတောထဲမှာ ရှိတယ်လို့ ပြောနေတယ်"

"အရှိင်းရှိရင် အယဉ်ရှိနိုင်တာပေါ့ဆရာ။ ကျွန်တော်တို့က ဆွမ်းပရာဘွမ်တောအနှံ့မှ မရောက်သေးတာ အခြေအနေပေးရင် ရှာကြသေးတာပေါ့ ဆရာရယ်"

"အင်း . . . မြွေကြီးကို မသတ်လို့ ရွှေဝါရောင်သစ်ခွ ညီအစ်မကတော့ ငါ့ကို ကျေးဇူးတင်မယ်ထင်ပါရဲ့။ သူတို့အတွက်လည်း ကျွတ်လွတ်အောင် အလှူတစ်ခုလုပ်ချင်ပါရဲ့ကွာ"

"လုပ်ရမှာပါ ဆရာ၊ သူတို့က ဆရာ့ကို ကူညီမှာပါ"

"အကူအညီ၊ ငွေရေး ကြေးရေး မလိုဘူးလေကွာ။ ဘာခေါင်းစဉ်တပ်ပြီး လှူမလဲ၊ လူ(၅၀၀)စာ အလှူတစ်ခုလုပ်ဖို့ ဒီတောထဲမှာ စီစဉ်ရတာ အလွန်ခက်တယ်။ ခဏခဏလှူနေရင်လည်း ငါ့ကို အထင်လွဲကြဦးမယ်။ အဲ့ဒါကို ပြောတာ"

"လွယ်ပါတယ် ဆရာရယ်၊ ဆရာပြန်ခါနီး ထွက်စာကျွေးလုပ်ပေါ့။ "နှုတ်ဆက်ပွဲ"လို့ ခေါင်းစဉ်တပ်ပေါ့ဆရာရယ်။ ကျေးမွေးဖို့ကတော့ ကြိုတင်စီစဉ်ထားပေါ့၊ မကောင်းဘူးလား"

"အေး . . . အဲ့ဒါကောင်းတယ်၊ ဒါပေမဲ့ တို့ဗုဒ္ဓဘာသာဝင်အရ သင်္ကန်းတွေ၊ ဘာတွေလှူချင်သေးတယ်။ ဒီတောထဲမှာ ဘယ်ဘုန်းကြီးကို လှူရမလဲ။ ရေစက်ချ အမျှဝေတယ်ဆိုတာ တခြားက်လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်တန်းဝင်ဖို့ပဲ၊ အနည်းဆုံး (၉) ပါးသီလ လောက်ပေးနိုင်မယ့် ဘုန်းကြီးလိုတယ်။ အဲ . . . တစ်ခုတော့ရှိတယ်။ မင်းဘုန်းကြီးဝတ်လိုက်ရင်တော့ အဆင်ပြေမယ်ထင်တယ်"

"ဆရာ . . . ကျွန်တော်က အပြစ်နဲ့ထောင်ကျနေတာ ဘယ်ဘုန်းကြီးဝတ်လို့ ဖြစ်မလဲ။ ဘုန်းကြီးဝတ်ဖို့လည်း ဝါတော်၊ သိက္ခာရှိဘုန်းတော်ကြီးက သီလပေးမှလည်း ဝတ်လို့ရတာ မဟုတ်လား"

"အေး . . . ဟုတ်ပါတယ်၊ ဘုန်းတော်ကြီးရှိမှ ဖြစ်မှာပါ"

ကျွန်တော်တို့ စကားကောင်းနေ၍ ညဦးအတော်နက်မှ အိပ်ရာဝင်ဖြစ်ပါသည်။ အိပ်ပျော်သည်နှင့် အိပ်မက်မက်ပြန်ရာ အိပ်မက်ထဲတွင် ကျွန်တော်ခရုခတ်တားမျက်အနီး ကမ်းပေါ်တွင်ရောက်နေစဉ် ရွှေဝါရောင်ညီအစ်မနှင့်အတူ ဝတ်စုံအဖြူဝတ် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများဖြူနေပြီး ထိပ်တွင်နဂါးခေါင်းပါသည့် ရွှေရောင်တောင်ဝှေးအား ကိုင်ဆောင်ထားသည့် အဘိုးအိုတစ်ဦးလည်း ပါလာပါသည်။ ရွှေဝါရောင်ညီအစ်မမှာ အပြုံးကိုယ်စီဖြင့် ကျွန်တော့်အားကြည့်ပြီး . . .

"မောင်ကြီး . . . ညီမတို့ အစောင့်နဂါးနက်ကြီးကို မသတ်လို့ ကျေးဇူးတင်ပါတယ်။ ညီမတို့က ကျေးဇူးဆပ်ဦးမှာပါ။ အဲ့ဒီနဂါးတွင်းထဲမှာ ရွှေမှုန်တွေအများကြီးရှိပါတယ်။ မောင်ကြီးတပည့်မှုဆိုးက လုပ်ပေးမှာပါ"

ထိုစဉ် အဘိုးအိုက ဝင်ပြောပါသည်။

"ငါ့သားကြီးက အဘိုးတို့နဲ့ ပတ္တာန်းဆက်ရှိတယ်ကွဲ့၊ ဒါကြောင့် မင်းညီမတွေက ဥစ္စာ၊ ပစ္စည်းပေးတာကို အဘိုးကခွင့်ပြုတာ အဘိုးတို့အတွက် အလှူလုပ်ပေးချင်တာကိုလည်း သိပါတယ်။ အဘိုး၄ဒီ အလှူဖြစ်မြောက်အောင် ကူညီမှာပါ။ မင်းလိုချင်တဲ့သစ်ခွနက်က ဒရုခချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးညှရှမြစ်ချောင်းနဲ့ဆုံတဲ့နေရာအနီးက ကျောက်တောင်ကြီးကမ်းပါးမှာ ရှိတယ်ကွဲ့။ ဒီကနေ တစ်နေ့ခရီးသွားရမယ်။ ဟိုမှာ ညအိပ်ပြီးမှရနိုင်မယ်။ ဆန္ဒရှိရင်တော့ သွားပေါ့ကွယ်။ အဘိုးတို့ စောင့်ရှောက်မှာပါ။ ဒါပေမဲ့ အကျိုးမရှိနိုင်ပါဘူးကွယ်။ ဒေသသန္တရေမဟုသုတရပြီး ပင်ပန်းရုံနေမှာပါ။ သစ်ခွနက်က အလွန်နတ်ကြီးသကွဲ့။ မင်းတို့ အောက်ပြည်အောက်ရွာမှာ မရှင်သန်နိုင်ပါဘူး။ ဂရုစိုက်လွန်းလို့ ရှင်သန်ပြီးဖူးရင်တောင် သဘာဝမကျလို့ မပွင့်နိုင်ပါဘူး။ ငါ့သားကြီးက အစိုးရဝန်ထမ်းဆိုတော့ စဉ်းစားချင့်ချိန်ပြီးလုပ်ပေါ့ကွယ်"

"ဟုတ်ကဲ့ . . . အဘိုး။ ကျွန်တော်အလုပ်လုပ်ရင် စဉ်းစားချင့်ချိန်ပြီး မှ အလုပ်လုပ်တတ်ပါတယ်။ အဘိုးတို့ ကူညီတာကိုလည်း ကျေးဇူးတင်ပါတယ်။ သစ်ခွနက်ကိုတော့ ကျွန်တော်ရချင်တယ်၊ ကမ္ဘာပေါ်မှာ ရှားပါးပစ္စည်းဖြစ်လို့ မြင်ချင်တာပါ။ ကျွန်တော်ထွက်စာတင်ထားတာကျလို့ ထွက်ခွင့်ရမှ ဒီစခန်းက မပြန်ခင်ရှာသွားချင်တာပါ"

"ကောင်းပါလေ့ကွယ်၊ ငါ့သားကြီးထွက်စာလည်း မကြာခင်ကျလာမှာပါ။ ကြီးမွားချမ်းသာလည်း ဖြစ်မှာပါ။ အသက်လည်းရှည်မှာပါ။ အလုပ်ကထွက်တာတောင် ငါ့သားကြီးရဲ့ကြိုးပမ်းမှုကြောင့် ထင်ရှားကျော်ကြားသူဖြစ်မှာပါ။ ငါးပါးသီလတော့ မြဲအောင်နေကွယ့်။ ဒီတောထဲတောင်ထဲမှာ သူတစ်ပါးအသက်သတ်ရတာကို အများအတွက်ဖြစ်လို့ အဘိုးအပြစ်မတင်လိုပါဘူး။ မြို့ရောက်ရင်တော့ အတတ်နိုင်ဆုံးရှောင်ပါကွယ်"

"ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော်အတတ်နိုင်ဆုံး ငါးပါးသီလကို လုံခြုံအောင်ထိန်းသိမ်းပါ့မယ်"

"ကောင်းပြီကွယ်၊ အဘိုးတို့လည်း ပြန်တော့မယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါရောင်ညီအစ်မကလည်း လိုက်လှဲစွာပြုံး၍ နှုတ်ဆက်ပါသည်။ သူတို့(၃)ဦးတဲ့တားကြီးပေါ်မှ လမ်းလျှောက်၍ တစ်ဖက်ကမ်းသို့ ကူးသွားကြပါသည်။ အိပ်မက်ထဲတွင် ဘီလီသံပေါင်ကြိုးတံတားကြီးမှာ အကောင်းပကတိအတိုင်း ဖြစ်သည်။

မနက်(၅)နာရီခန့် ကျွန်တော်အိပ်ရာကနိုးသော်လည်း မထဖြစ်သေးပါ။ ရှင်းရှင်းလင်းလင်းမြင်မက်ခဲ့ရသော အိပ်မက်အကြောင်းစဉ်းစားနေမိသည်။ အပြင်တွင် မုဆိုးကျော်ထွား၏ ချက်ပြုတ်ကြော်လှော်နေသံများကို ကြားနေရသည်။ ပဌာန်းဆက်ဆိုသည်မှာ ထူးဆန်းလှေစွ။ မုဆိုးကျော်ထွားနှင့် ကျွန်တော်လည်း ပဌာန်းဆက်ရှိပါလိမ့်မည်။ ကျွန်တော့်အနွံအတာခံပြီး လုပ်ကျွေးပြုစုနေသည်မှာ ညီအစ်ကိုအရင်းထက်သာပါသည်။ အရာရှိ ရဲဘက်ဆက်ဆံရေးလည်းမဟုတ်၊ လောဘလည်းမရှိရှာပါ။ ကျွန်တော့်အတွက်ကိုသာ အစဉ်ဦးစားပေး၍ ပြုစုလုပ်ကျွေးသူဖြစ်သည်။

ကျွန်တော်အိပ်ရာကထ၍ အခန်းအပြင်ထွက်လိုက်ရာ . . .

"ဆရာ . . . နိုးပြီလား။ မနက်စာ ရှမ်းခေါက်ဆွဲစားရမယ် ဆရာ"

"ဟေ . . . မင်းဘယ်က ရဟာလဲ"

"မနေ့ညနေက ဈေးသည်တွေဆီက ဝယ်ထားတာဆရာ။ ကြက်သွန်ဥချဉ်နဲ့ မုန်ညင်းချဉ်ပါ ပါတယ်။ ခေါက်ဆွဲကတော့ ပြုတ်ပြီး ပြန်လုပ်ရတာဆရာ။ မြစ်ကြီးနားမြို့ပေါ်က ဆိုင်လက်ရာမမီပေမဲ့ ဒီက တောဝက်သားခြောက်နဲ့ စားကောင်းမှာပါဆရာ"

"အေး . . . ဒါကြောင့် ထမင်းကြော်နဲ့ မဟုတ်ဘူးမှတ်တာ။ ကျေးဇူးပဲ ကျော်ထွားရေ ငါမျက်နှာသစ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျွန်တော်အသင့်ပြင်ထားမယ် ဆရာ"

ကျွန်တော်အပေါ့်အပါးသွား၊ မျက်နှာသစ်ပြီးနောက် စားပွဲဝိုင်းထိုင်ရာ အလွန်ကောင်းမွန်သော ရှမ်းခေါက်ဆွဲအားစားရပါတော့သည်။ တောထဲတောင်ထဲ ထူးကဲသော အရသာရှိလှသည်။ စားသောက်ရင်း . .

"ကျော်ထွားရေ . . . ငါ သစ်ခွနက်တွေရှိတဲ့နေရာသိပြီကွ"

"ဟင် . . . ဆရာက ဘယ်လိုလုပ်သိတာလဲ၊ ဘယ်သူလာပြောတာလဲ။ ဒူးဝါးကြီးတို့လည်း လာတာမတွေ့မိပါဘူး"

ကျွန်တော် မှဆိုးကျော်ထွားအား အိပ်မက်အကြောင်းပြောပြရပါသည်။

"အင်း . . . ဆရာကတော့ လိုချင်တိုင်းတရင် ရနေတော့တာပဲ၊ အိပ်မက်အတိုင်း ဖြစ်မှာပါဆရာ။ ပဋ္ဌာန်းဆက်ဆိုတာလည်း မှန်မှာပါ။ တော်ရုံအဆက်နဲ့ သူတို့က ပေးလေ့မရှိဘူး ဆရာ။ ဆရာ ကံကောင်းမှာပါ"

"ကံဆိုတာက အလုပ်ကွ၊ အလုပ်ကောင်းရင် ကံကောင်းမယ်၊ စေတနာမှန်ရင် ကံကောင်းမယ်။ သူတစ်ပါးအပေါ် ကိုယ်ကကောင်းရင် သူကလည်း ကိုယ့်အပေါ်ကောင်းမှာပဲ။ လူတိုင်း အဲ့ဒီလိုစိတ်ကောင်းထားနိုင်ကြရင် အကျည်းတောင်ဆိုတာကြီးတောင်ရှိစရာ မလိုတော့ဘူး ကျော်ထွားရေ"

⌘ ⌘ ⌘ ⌘ ⌘

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တက်စဉ်က ကျွန်တော်တို့ မေဂျာတူ အခန်းတူ၊ အတန်းတူ၊ သူငယ်ချင်းများတွဲခဲ့ကြရာ ကျွန်တော်တို့အဖွဲ့ထဲတွင် အသက်အကြီးဆုံး ကိုလှမောင်နှင့်ပြည်မြို့သား ကိုအေးဝင်း၊ မြန်မာဂုဏ်ရည်လမ်းမှ ကိုကျော်နှင့်ကိုခင်မောင်အေး၊ တိုက်ကြီးမှကရင်လူမျိုး ကိုစောဂျာလေတို့ဖြစ်ကြသည်။

ဦးလှမောင်သာ အိမ်ထောင်ရှိသူဖြစ်ပြီး နိုင်ငံချစ်ရေးထဲတွင် အထည်ချုပ်ဆိုင် ဖွင့်ထားသည်။ ကျန်သူငယ်ချင်းများမှာ လူပျို လူလွတ်များဖြစ်ကြသည်။ ကျွန်တော်အပါအဝင် ရည်းစားပင်မရှိကြပါ။ ရည်းစားထားလျှင် အဖွဲ့မှဝိုင်းပယ်မည်ဟု အားလုံးက ကြေငြာထားသဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်။

သို့သော် ကျွန်တော်တို့အဖွဲ့ထဲမှ ဦးဆုံးမွေ့ပေါက်သူမှာ ကိုစောကျော့လေ ဖြစ်သည်။ သူက တိုက်ကြီး၊ အင်းကုန်းရွာတွင် နေထိုင်ပြီး အဖေဖြစ်သူမှာ ရဲအုပ်ဖြစ်သည်။ ဂျိုးဖြူရေစစ်ကန်မှ နော်အားဆာဆိုသူ ကရင်လူမျိုး ကျောင်းဆရာမနှင့် မေတ္တာမျှနေကြောင်းသိရသည်။

ကျောင်းထဲတွင် ရည်းစားထားခြင်းမဟုတ်သဖြင့် အဖွဲ့ထဲမှ မထုတ်ပါ။ သို့သော် သူက အချစ်ဦးမို့အရူးအမူးဖြစ်ပြီး ကျောင်းပျက်လှသဖြင့် ကျွန်တော်တို့မှာမသက်သာပါ။ အပတ်စဉ် စာဝိုင်းကူးပေးနေရသည်။

ကျွန်တော်တို့မှာ ငယ်စဉ်ကပင် လောက်လေးခွ၊ ကိုယ်စီကိုင်၍ ငှက်ပစ်လာကြရာ၊ တက္ကသိုလ်ရောက်တော့လည်း ဝါသနာကို မစွန့်ပစ်နိုင်၊ လေသေနတ်ကိုယ်စီဖြင့် ငှက်ပစ်တုန်းဖြစ်သည်။ အားလပ်ရက်များတွင် ရန်ကုန်မြို့အတွင်း ငှက်သမ္မာန်ငှား၍ တွံတေး(ဗိုလ်ပါ ကြသည်။ ဂျိုင်း၊ ဆတ်ရက်၊ ချိုး၊ ခို၊ ကျီးကန်းများ ရတတ်သည်။ ရသောငှက်များအား ရွာတွင် ဝေပြီး ကြက်ဝယ်၍ ချက်စားကြသည်။ ရွာခံမှာ ကိုလှကြိုင်ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်မှာ ဦးကြည် (နိုင်ငံခြားဘဏ်)ဖြစ်သည်။ သူက အသက်ကြီးသော်လည်း အကဲဆုံး။ ငှက်ပစ်ထွက်ရန် သူကပင် ဦးဆောင်စီစဉ်ပေးသည်။

ရန်ကုန်တိုင်းအတွင်း တောအုပ်ရှိရာ ငှက်ပေါသောနေရာများ ဥပမာ၊ သာခုကန်တောနှင့်ပတ်ဝန်းကျင်၊ ဝါးနက်ချောင်းရွာတံတိုက်၊ ဆင်ဖုံ၊ မဒရွာ၊ စစ်ပင်ရွာများအနီးရှိ လယ်ကွင်းများမှာ ကျွန်တော်တို့ ခြေရာချည်းဖြစ်သည်။ နယ်ခံသူငယ်ချင်းများလည်းရှိသဖြင့် ညအိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးငှက်ပစ်ကြသည်။

တစ်နေ့တွင် စောရျော့လေက ဖိတ်ပါသည်။ တိုက်ကြီး ဂျိုးဖြူကန်ပတ်ဝန်းကျင် လေ့လာရန်နှင့် ငှက်ပစ်ရန်ဖြစ်သည်။ ဂျိုးဖြူရေစစ်ကန်၊ ကန်ပိုင်ကြီး ဦးရော့မှာသူ၏ ယောက္ခမလောင်းဖြစ်၍ သူကပိုင်သည်။ ကျွန်တော်တို့အဖွဲ့ကလည်း နေရာသစ်ဖြစ်၍ စိတ်ဝင်စားကြသည်။

သို့နှင့်ကျောင်းပိတ်ရက်၊ စနေနေ့ မနက်စောစော ကားစီး၍ အဖွဲ့လိုက်ထွက်လာကြသည်။ ဦးကြည်တွင် သူ၏လက်စွဲတော်နံပါတ်ဝမ်းပြောင်းရှည်စပါယ်ရှယ်လေသေနတ်ပါသလို ကျွန်တော့်တွင်လည်း ချက်ကိုစလိုဘက်နိုင်ငံလုပ် DYNA လေဖသေနတ်ပါသည်။ ကိုကျော်တွင်လည်း တရုတ်နီလေဖသေနတ်တစ်လက်ပါသည်။ သေနတ်များအားဖြုတ်၍ စက္ကူဖြင့်ပတ်ကာ ယူဆောင်လာကြခြင်းဖြစ်သည်။

စောရျော့လေက နယ်ခံဖြစ်သဖြင့် လမ်းပြသည်။ တိုက်ကြီးမြို့သို့ မနက်(၉)နာရီခန့် ရောက်သည်။ တိုက်ကြီးဘူတာအနီးဆိုင်တွင် လက်ဖက်ရည်သောက်ကြပြီးနောက် တိုက်ကြီးဈေးကြီးအနီးမှထွက်သော ချက်ပလက်ဖိုက်ပူကားကြီးဖြင့် ဂျိုးဖြူတောင်ပေါ်လမ်းသို့ သွားရသည်။

လမ်းမှာကျဉ်းလှသည်။ နှစ်ဘီးမောင်း ကွန်ကရစ်လမ်းဖြစ်သည်။ လမ်းတွင် ကားချင်းဆုံပါက လမ်းဘေးချ၍ ရပ်စောင့်ပေးရသည်။ ကားလည်း အသွားအလာနည်းလှသည်။ ကားချင်းဆုံသည်မှာ တစ်လမ်းလုံး၊ နှစ်ကြိမ်ခန့်သာဖြစ်သည်။ လိုင်းကားနှင့် တပ်မကားကြီးများဖြစ်သည်။

ကားလမ်းမှာ ဂျိုးဖြူပိုက်လုံးကြီးဖြင့် ယှဉ်တွဲဖောက်လုပ်ထားသောကြောင့်လည်းကောင်း။ တောင်ဆင်း။ တောင်တက်လမ်းဖြစ်၍ လဒ္ဒုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင်း။ အဝေးမှကားလာသည်ကို ဆီး၍မြင်နိုင်သည်။

တကယ်တောတောင်များဖြစ်၍ ကျွန်တော်တို့အဖွဲ့ အလွန်ပျော်ကြသည်။ နေ့ဦးပေါက်ဖြစ်၍လည်း လမ်းဘေးတစ်လျှောက်လုံးပျဉ်းမပင်၊ အိုးပုတ်ပင်များက ခရမ်းရောင်ပန်းများ ဝေဝေဆာဆာပွင့်နေပြီး တောတောင်အလှကို သရုပ်ဖော်နေသလို ရိုတ်သိမ်းပြီးလယ်ကွင်းများမှ မိုးပြတ်နှံသင်းသော၊ လတ်ဆတ်သန့်ရှင်း သောလေကို ရှူရသည်မှာလည်း –

လှကိုလန်းဆန်းစေပြီး ကြည်နူးချမ်းမြေ့စရာ ကောင်းလှသည်။ ငါးအိမ်စုရွာကျော်သည်နှင့် စေတီပုထိုးများဖြင့် အသိုးကျောင်းကို ဖူးမြင်ရသည်။ ဤဒေသမှာ အင်္ဂလိပ်ခေတ်၊ ဝန်ထမ်းအဆက်အနွယ်များဖြစ်၍ ကရင်လူမျိုးများသည်။ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။ ကျန်သူများမှာ မြန်မာနှင့်ရှမ်းလူမျိုးများ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာကိုးကွယ်သည့် ဥယျာဉ်ခြံစိုက်ပျိုးကြပြီး အုန်း၊ ငှက်ပျော၊ သံပရာ၊ ကျွဲကော၊ နှင်းမြောင်း၊ ပုလောဥ၊ ကန်စွန်းဥများစိုက်ကြသည်။ မိုးရာသီတွင် စပါးလည်းစိုက်ကြသည်။ တိုက်ကြီးသံပရာမှာ ဂျီးဖြူဒေသမှ ထွက်ပြီးနာမည်ကြီးသည်။

ကန်အဝင်လမ်းဆုံ (၇)အိမ်တန်းရွာတွင် ကားဂိတ်ဆုံးသည်။ လက်ဝဲအထက်ဆက်သွားလျှင် တိုင်းဗဟိုလေ့ကျင့်ရေးတပ်သို့ရောက်မည်ဖြစ်ပြီး လက်ျာဖက်ဆက်သွားလျှင် ဂျီးဖြူရေစစ်ကန်သို့ ရောက်မည်ဖြစ်သည်။ ကန်အဝင်လမ်းဝတွင် သံဇကာတံခါးနှင့်အစောင့်ကင်းတဲရှိသည့် ရေစစ်ကန်အထိ ကတ္တရာလမ်းဖြစ်သည်။ တစ်မိုင်ကျော်ခန့်သွားရသည်။ လမ်းဘေးတွင် ဝန်ထမ်းအိမ်ရာများရှိပြီး သရက်သီးအလှသည်။

ကိုစောရကျော့လေ ယောကျ်ားမလောင်း ကန်ပိုင်ကြိုးဦးကျော့နေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်သည်မှာ ဝန်ထမ်းအိမ်ရာ၊ ထိပ်ဆုံးအခန်းဖြစ်သည်။ တိုးချဲ့ဆောက်လုပ်ထားသဖြင့် ကျယ်ဝန်းပါသည်။

အိမ်ဘေးတွင်လည်း သရက်ပင်၊ ကျွဲကောပင်၊ ကြက်မောကသီးပင်၊ ပိန္နဲပင်နှင့်သကြား၊ ဩဇာပင်ကြီးများမှာ ရေမြေကောင်းလှသဖြင့် အသီးအပွင့် ဝေဝေဆာဆာနှင့်ဖြစ်သည်။ မျက်နှာချင်းဆိုင်ကုန်းပေါ်တွင် ငြိမ်ရိပ်သာနှင့် ကန်အင်ဂျင်နီယာကြီးအိမ်ရှိသည်။ ကန်ပိုင်ကြီး ဦးရဲမှာ ကျွန်တော်တို့အဖွဲ့အား လိုက်လံ့ရှာ ထွက်၍ကြိုပါသည်။

"လာကြ . . . ငါတို့ ရွာလေက ကြိုတင်စာရေးထားလို့ ညကအမဲလည်ထားတယ်။ မျောက်တွေရော၊ တောကြက်နဲ့ချေပါ ရထားတယ်။ ဖြူတစ်ကောင်တော့ အဆစ်ပါသေး။ တောင်ကောင်သားတွေ တစ်ဝကြီးစားကြပေရော့ကွဲ့"

ထိုစဉ် အသားဖြူဖြူ ကိုယ်လုံးတောင့်တောင့်နှင့် အမျိုးသမီး တစ်ဦး အခန်းထဲမှထွက်လာ၍ ကိုဇော်ရွာလေက ကျွန်တော်တို့ မိတ်ဆက်ပေးပါသည်။ ဆရာမ နော်အားဆာတဲ့ သူ့ဇနီးဖြစ်သည်။ အစ်မနော်အားဆာက ကျွန်တော်တို့အား အမောပြေစားရန် သူတို့ခြံထွက် သကြားဩဇာသီး၊ ကျွဲကောသီး၊ ငှက်ပျောသီးများနှင့် ဧည့်ခံသည်။ ပင်မှည့်များဖြစ်၍ အလွန်ချိုလှသည်၊ ဂျိုးဖြူရေကိုသောက်ရသည်မှာ တော့ ကန်တော်နံလှသည်။

နေ့လယ် ထမင်းစားချိန်တွင် ဦးရဲမှ ကျွန်တော်တို့နှင့်အတူ စားပြီး . . .

"ငါတို့ အားရပါးရစားကြနော်။ ဒါက မျောက်သားဟင်း ဆီပြန်၊ ဒါက ဖြူသားဟင်း၊ ဒါကတော့ တောကြက်၊ ခေါင်း၊ ခြေထောက်၊ အတောင်ပံဟင်းချို၊ တောကြက်သားနဲ့ ချေသားတော့ ညနေမှစားကြ

www.burmeseclassic.com



တာပေါ့၊ ဪ . . . ဒါက မျောက်ချေးခါးဟင်း"

ကျွန်တော်တို့အဖွဲ့မှာ မျောက်ချေးခါးဟင်းဆို၍ ဖြူသွားပါသည်။ ဦးဂျော့ကလည်း ရိုဝ်မိဟန်တူပါသည်။

"ငါတို့တွေက မျောက်ချေးခါးဟင်းဆိုလို့ ရှုံကြတယ်ထင်တယ်။ မျောက်အစာအိမ်ထဲက သူစားထားတဲ့ ဆေးဘက်ဝင် သစ်သီး၊ သစ်ဥ သစ်ရွက်တွေပါ၊ ချေးမဖြစ်သေးပါဘူး။ သနပ်ပါတယ်၊ ရဲရဲသာစားကြည့်ပါ၊ ပန်းနာရင်ကြပ်ရောဂါပျောက်တယ်။ လက်ဖက်စားရသလို စိမ့်သက် သက်ကလေးပါ၊ လတ်လတ်ဆတ်ဆတ် စားရခဲ့ပါတယ်"

ကျွန်တော်တို့ မရဲတရဲစားကြည့်ရာ လက်ဖက်စားရသည့် အတိုင်းပင်၊ အနည်းငယ်တော့သက်သည်။ ဦးဂျော့ကတော့ အားရပါးရ စားပြေသည်။ ကျွန်တော်တို့မှာ မစားဘူးသော တောကောင်သားဟင်း များဖြစ်၍ ရှုံနေပါသည်။ မြွေသားကတော့ ဝက်သားထက်ကောင်းပါသည်။ မျောက်သားက နူးညံ့ပြီးချိုသည်။ တောကြက်ရိုးဟင်းချိုကတော့ စွဲမက် စရာ သောက်၍ကောင်းလှသည်။ စားသောက်ပြီးနောက် ခေတ္တနားကြစဉ် ဦးဂျော့နှင့် ၎င်း၏ဇာတပည့်မှဆိုးမှာ ရိုင်ဖယ်သေနတ်ကြီးများအား တိုက် ချွတ်ဆေးကြောနေသဖြင့် ကျွန်တော်တို့လည်း အသီးသီးပါလာသော လေသေနတ်များအား တိုက်ချွတ်စစ်ဆေးပြီး ပြန်လည်တပ်ဆင်ကြ ပါသည်။

ညနေစောင်းသည်နှင့် ဦးဂျော့ခေါင်းဆောင်သော ကျွန်တော် တို့အဖွဲ့ ရေစစ်ကန်ပေါ်တက်ကြပြီး ကြည့်ရှုလေ့လာ၍ အတွင်းလမ်းမှ ဆင်းကာ ကန်မကြီးဆီသို့ ချီတက်ကြပါသည်။ ကိုစောဂျော့လေးကတော့ ရေစစ်ကန်မှ အိမ်ဆီသို့ ပြန်လှည့်သွားသည်။ သူ့ ရည်းစားနှင့် လွှတ်လွှတ် လပ်လပ်တွေ့ဆုံရန် ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစစ်ကန်မှ ကန်မကြီးသို့ ဂျိုးဖြူ ပိုက်လိုင်းကြီးဘေး ယှဉ်တွဲဖောက်လုပ်ထားသော ကွန်ကရိလမ်းအတိုင်း တစ်မိုင်ခန့်လျှောက်ရပါသည်။ လမ်းမှာအနိမ့်ပိုင်းဖြစ်ပြီး ဘေးနှစ်ဖက်တောင်ပေါ်တွင် တောကြီးမှာ ညို့မှိုင်းနေပါသည်။

ကန်မကြီးမှာ ကားလမ်းအထက် ပေ(၁၀၀)ခန့် အပေါ်မိုး၍ရှိနေသည်။ ခိုင်မာသော ကွန်ကရိကန်ဘောင်ကြီးကို ဆောက်လုပ်ထားပြီး ဂျိုးဖြူပိုက်ကြီးမှာ တောင်စောင်းအတွင်းမှ ထွက်လာ၍ ရေမောင်းစက်ရုံမှတစ်ဆင့် ရေစစ်ကန်သို့ တင်ပေးခြင်းဖြစ်သည်။ ကန်ရေများချိန်တွင် စက်မောင်းရန်မလိုဘဲ ရေဆင်းအားဖြင့် ရေစစ်ကန်သို့ အလိုအလျောက် ရောက်သွားနိုင်သော်လည်း ကန်ရေနည်းချိန်တွင် စက်အားဖြင့် တွန်းတင်ပေးရကြောင်း သိရသည်။ ရေစစ်ကန်တွင် ကန်ရေများအား စစ်၍ကျောက်ချဉ်နှင့် ပိုးသတ်ဆေးများခတ်ကာ ၃နစ်တကျ သန့်စင်ပြီးမှ ရန်ကုန်သို့ ပို့လွှတ်ခြင်းဖြစ်သည်။ ပိုက်လိုင်းအရှည် စုစုပေါင်းမှာ မိုင် (၆၀) ကျော်သည်။

ရေမောင်းစက်ရုံအနောက်လမ်းမှ သံဇကာတံခါးကြီး ကာထားသော ပိုက်လိုင်းကြီးထွက်လာသည့် ဥမင်အတွင်းသို့ ဝင်ရသည်။ စိုစွတ်မဲမှောင်နေပြီး လင်းနို့ချေးနံ့ နံလှသည်။

ဦးရော့မှာ ဥမင်အဝင်လမ်းထိပ်ရှိ မီးခလုတ်အား ဖွင့်လိုက်သည်နှင့် ဥမင်လိုဏ်ခေါင်းတစ်လျှောက် ထွန်းညှိထားသော မီးချောင်းများလင်းထိန်သွားပြီး မျက်နှာကျက်တွင် တွဲလောင်းချိတ်နေသည့် လင်းနို့များ ထ၍ပျံကြရာ ကျွန်တော်တို့အုပ်စု မနည်းရှောင်ရသည်။

ဥမင်လမ်းမှာ ပေ (၂၀၀) ကျော်ခန့်ရှိပြီး အဆုံးတွင်မတ်စောက်သည့် သံလှေခါးများအားဆွဲ၍ အပေါ်သို့တက်ရသည်။ အပေါ်နှင့်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သော် ရေလယ်ခေါင် အဆောက်အဦးတစ်ခုပေါ်သို့ ရောက်နေသည်။ ရေထိမ်းမျှော်စင်ဖြစ်သည်။

ကန်အတွင်းမှ ရေများအား အဆင်းလိုက်ရေချိန်မှတ်ဖြင့် ရေတွန်းစက်ရုံသို့ပို့သော ရေဝင်လိုဏ်ဝဖြစ်သည်။

ကမ်းဘက်သို့ တံတားလည်း ထိုးထားသဖြင့် လျှောက်လာကြရာ အနိုပ်ကောင်းသည့် သရက်ပင်ကြီးများအောက်တွင် ကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်စားပွဲကြီးနှင့် ကျောက်ထိုင်ခုံများတွင် ခေတ္တထိုင်၍ အမောဖြေကြစဉ် ဦးကျော့မှ ကန်အတွင်းလည်ပတ်ရန် ကြိုတင်စီစဉ်ထားသော လှေသမားမှအသင့်ဖြစ်ကြောင်း လာသတင်းပို့ပါသည်။

ကျွန်တော်တို့အဖွဲ့က (၃) ယောက်၊ ဦးကျော့နဲ့ မုဆိုးက (၂) ယောက် လှေသမားအပါအဝင် (၆)ယောက်ဖြစ်သည်။ လောင်းလှေကြီးဖြစ်၍ အတော်ကြီးပါသည်။ စတွက်လျှင်ပင် ရေလယ်အရောက်၌ ရေချိန်တိုင်ငုတ်ပေါ်၌ နားနေသော ပုစဉ်းထိုးငှက်အား ကျွန်တော်မှလေသေနတ်ဖြင့် ပစ်ချလိုက်ရာ ရေထဲသို့ကျသွားသည်။ လှေသမားမှ လိုက်ထဲဆယ်ယူနေစဉ် ဦးကျော့မှ . . .

"တူတော်မောင်၊ တော်တယ်ဟေ့၊ လာဘ်ဦးကောင်းတယ်။ ကဲ လှေဆရာ ရေလယ်ကျွန်းဘက်သွားရအောင်"

"ဟုတ်ကဲ့ဆရာ"

ရေလယ်ကျွန်းမှာ အတော်ကျယ်ဝန်းပါသည်။ လူအရောက်အပေါက်နည်းဟန်တူသည်။ သစ်ကြီးဝါးကြီးများနှင့် ညို့မှိုင်းနေသည့်တောရိပ်ကြောင့် ရုတ်တရက် မတွေ့ရသော ရေစပ်တွင် ရေဆင်းသောက်နေသော ချေပေါက်တစ်ကောင်မှာ အေးဆေးစွာ ရေသောက်နေသည်ကို ကျွန်တော်မှ မြင်သဖြင့် ဦးကျော့အား . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . . ဟိုဟာ ချောင်းကောင် မဟုတ်လား"

"ဘယ်မလဲ . . . အေး . . . ဟုတ်တယ်၊ ဦးလေးတို့က တောရိပ်ကြောင့် ရုတ်တရက်မမြင်ဘူး။ ကဲ . . . လှေဆရာခဝ်တက်သံ မကြားစေနဲ့ ဖြည်းဖြည်းချင်းကာပ်ပေး"

ဦးရှော့မှ လှေပေါ်မှ အသေအချာချိန်၍ ပစ်ရာ . . .

"ဒိုင်း"

လှေလှုပ်နေသဖြင့် ထိမှန်သော်လည်း ချက်ကောင်းထိဟန် မတူပါ၊ တောထဲသို့ ဝင်ပြေးပါသည်။ လှေဆရာက ကမ်းသို့အမြန် လှော်ပြီးကပ်ပေးပါသည်။

"သံသရာတော့ရှည်ပြီ တူမောင်တို့ရေ၊ တောတိုးပြီးလိုက်ရဦးတော့မှာပဲ ဦးလေးက လက်ဖြောင့်ပေမယ့် မျက်လုံးက စကားပြောလာပြီကွဲ့။ စိတ်ရှိတိုင်း မရတော့ဘူး"

ရေလယ်ကျွန်းမှာ အောက်ခြေတွင် ကြိမ်ရုံ၊ ရေငန်ရုံ၊ ထမင်းဆုပ်ချုံများ၊ မြယာပင်ချုံများနှင့် ရှုပ်ထွေးနေပါသည်၊ အပင်ကြီးများမှာလည်း ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ရှာ၊ ဒိဒူးနှင့် တောသရက်ပင်ကြီးများ အုပ်မိုးနေသည်။ ရေလယ်ကျွန်းဟုဆိုသော်လည်း နောက်ဘက်တွင် ပဲခူးရိုးမနှင့်ဆက်နေသဖြင့် ရေလယ်ကျွန်းဆွယ်ဖြစ်သည်။

ကျွန်တော်တို့ ကမ်းစပ်အရောက်တွင် ချေအားထိမှန်ထားသည့် သွေးကွက်များကို တွေ့ရသဖြင့် ဝေးဝေးပြေးနိုင်မည်မထင်ပါ။

"တူမောင်တို့ ဒီကမ်းစပ်မှာပဲ နားနားနေနေ စောင့်ကြပါ။ လေသေနတ်က ငှက်ပစ်လို့ပဲရမှာမို့ တောထဲလိုက်ဖို့ မသင့်တော့ဘူး။ ဒီတောက ကြမ်းတယ်၊ တောဝက်၊ ကျားနဲ့ ဝက်ဝံတွေပါရှိတယ်။ ငိုင်ဖယ်သေနတ်နဲ့မှ တောဝင်လို့ကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဦးလေး ကျွန်တော်တို့ စောင့်နေပါမယ်"

အမဲကြီးပစ်ရမည်ဖြစ်၍ ကျွန်တော်တို့ လေသေနတ်များ အသုံးမဝင်တော့ပါ။ ပါလာသည့်ရေဘူးအား တစ်ငုံစီမော့ကြရင်း အပန်းဖြေကြပြီး စောင့်ဆိုင်းနေရပါတော့သည်။ ဂျိုးဖြူကန်ရေပြင်အား ဖြတ်တိုက်လာသည်။ လေနုအေးကလေးမှာ အမောအပမ်းဖြေဖေးသလို ညနေခင်း တောရိပ်တောင်ရိပ်နှင့် ကန်ရေပြင်ရှုခင်းမှာလည်း အလွန်လှပသာယာပါသည်။

ဦးဂျော့နှင့် မှဆိုးတို့တောထဲဝင်သွားပြီး (၁၅)မိနစ်ခန့်အကြာတွင် သေနတ်သံတစ်ချက် ကြားရပါသည်။ မကြာမီ တောတိုးသံများကြားရပြီး ဦးလေးတို့ပြန်လာပြီအထင်နှင့် ကျွန်တော်တို့ ကြည့်နေကြစဉ် အချိန်(၆၀)ခန့်ရှိသော ဝက်မကြီးခေါင်းဆောင်သော တောဝက်အုပ်ကြီး တောတိုးထွက်လာခြင်း ဖြစ်သည်။ ဦးဂျော့တို့ သေနတ်သံကြောင့် တောထဲမှ ကျွံထွက်လာဟန်တူသည်။ ကျွန်တော်တို့အုပ်စု ကြောင်ကြည့်နေကြစဉ် ဦးကြည်မှ . . .

"ဟေ့ကောင်တွေ . . . ပြေး . . . ပြေး . . . လှေပေါ်တက်ပြေး"

ကျွန်တော်တို့အုပ်စု အလုအယက်လှေပေါ်တက်ပြေးရပြီး ကမ်းစပ်မှခွာရပါသည်။ တောဝက်မကြီးမှာ တရှူးရှူးမာန်သွင်း၍ ရန်ဆောင်နေရာ ဦးကြည်မှစတင်၍ တောဝက်အစုံကော်င၏ ခေါင်းအားချိန်၍ ပစ်ရာ ဝက်ပေါက်သုံးကောင် လဲပါတော့သည်။ ပေ(၂၀)ခန့် အကွာအဝေး ဖြစ်ပြီး သုံးလေးပိဿာခန့်ရှိ ဝက်ပေါက်ကလေးများဖြစ်၍ လဲခြင်းဖြစ်သည်။ ဝက်မကြီးမှာ ကြောက်လန့်သွားဟန်ဖြင့် တောထဲဝင်ပြေးသွားပါသည်။ ဝက်အုပ်မှာ (၈) ကောင်ခန့် ဖြစ်သည်။

ကျွန်တော်တို့ အလွန်ပျော်နေကြစဉ် ဦးကြည်မှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဝက်မကြီးကို ပစ်ချင်တာကွ။ မသေဘဲ ငါတို့ကို ပြေးဝိုင်းမှာစိုးလို့ ဝက်ပေါက်လောက်ကတော့ လေးသေနတ်လည်း နိုင်ပါတယ်ကွာ။ ငါတွံ့တေးဘက်မှာ ခွေးရူးတစ်ကောင်ပစ်ဖူးတယ်။ ခေါင်းမှန်တော့ သေတာပါပဲကွာ"

"ဟုတ်တယ် . . . ဦးကြည်ပစ်လို့ ကျွန်တော်တို့လိုက်ပစ်တာ ဦးကျော့ရီတော့ အံ့ဩနေမှာပဲနော်"

မကြာခင် "ဝူး . . . ဝူး . . ." ဟု အော်သံကြားရသဖြင့် လှေပေါ်မှာ ကမ်းစပ်တက်ရန် ပြင်ဆင်နေသော ကျွန်တော်တို့မှာ ပြန်ထိုင်နေကြစဉ် ဦးကြည်မှ . . .

"ဟာ . . . အဲဒါ . . . ဦးကျော့တို့ တောအူသံပေးတာဟ။ ဟိုမှာ ပြန်လာကြပြီ"

တောအကြောင်း၊ တောင်အကြောင်း မသိသေးသူများမို့ အလို လိုနေရင်းလန့်နေကြရာ ဦးကျော့တို့ကို မြင်ပါမှ ကမ်းပေါ်တက်ခဲ့ကြတော့သည်။ ဦးကျော့တို့က ချေသေကြီးကို ထမ်းလာပါသည်။

"ချေက သေနတ်မှန်ပြီး လျှိုထဲကျသွားလို့ ဆင်းကောက်နေရတာနဲ့ကြာသွားတာ တို့တော်မောင်တို့ရေ ဟ . . . ဒါက ဘာကောင်လေးတွေလဲဟ"

"ဝက်ပေါက်ကလေးတွေ ဦးလေးရေ။ ကျွန်တော်တို့လည်း ဦးလေးတို့ သေနတ်သံကြောင့် တောထဲကထွက်လာတဲ့ ဝက်သားအုပ်မကြီးနဲ့တိုးလို့ လေးသေနတ်နဲ့နိုင်ရာပစ်ထားတာ"

"ဟော . . . တယ်ဟုတ်ပါလား၊ ငါ့တူတို့ရ အဲဒီသုံးလေးပိဿာအရွယ်ဝက်ပေါက်ကလေးတွေက စားလို့အလွန်ကောင်းတာ။ ဒါတို့ကို အကောင်လိုက်ပေါင်းကျွေးမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှ . . .

"ဦးလေးရာ ကျွန်တော်တို့မှာ ရိုင်ဖယ်သေနတ်ကြီးသာရှိရင် ဝက်မကြီးပါရမှာဗျ။ အုပ်လိုက်ထွက်လာပြီး ရန်မူလို့ ကျွန်တော်တို့ လှေပေါ်တက်ပြေးရတာ ပစ်ကွင်းက အနီးကပ်ဗျ ပေ(၂၀)လောက်ပဲရှိမှာ"

"အင်း . . . ကံကောင်းလို့ပေါ့ကွယ်။ ဝက်အုပ်အကောင်သာကြီးရင် ငါ့တူတို့ မလွယ်ဘူး။ ရေထဲအထိ ဆင်းလိုက်ကြမှာ တောထဲမှာ တောဝက်ဟာ အလွန်ကြောက်စရာကောင်းတာ မုဆိုးတောင် အကာအကွယ်ရှိမှပစ်ရဲတာ"

"ဝက်သိုးကြီးတွေဆိုရင် အစွယ်ကို လန်နေတာပဲ။ ကျားတောင်ကြောက်တဲ့အကောင်တွေ မဟုတ်ဘူး။ သေနတ်မှန်တာတောင်မှ ချက်ချင်းမသေဘူး၊ မဲမဲမြင်ရာ လိုက်ထိုးတတ်သေးတယ်။ အဲဒါကြောင့် တောဝက်ပစ်ရင် အကာအကွယ်ရှိမှ ပစ်ရတယ်"

"ငါ့တူတို့ မုဆိုးဝါသနာပါတော့ မေးရဦးမယ် ရိုင်ဖယ်သေနတ်ကြီးပစ်ဖူးသလား"

"မပစ်ဖူးဘူး ဦးလေးရေ"

"ကဲ . . . လာကြ . . . လာကြ၊ ဒီကျွန်းပေါ်မှာ လွတ်လပ်တယ်၊ ရိုင်ဖယ်သေနတ်ပစ် သင်ပေးမယ်၊ တစ်ဦးချင်းပစ်ကြ။ ဟိုး . . . တောစပ်က ကညင်ဖြူပင်ကြီးတွေ့တယ်မဟုတ်လား၊ ကိုက်(၂၀၀) လောက်ပဲဝေးမယ်၊ ပင်စည်အလယ်က အခေါင်းပေါက်ကြီးတွေ့တယ် မဟုတ်လား အဲဒါကို မှန်အောင်ပစ်ကြ"

."ကဲလာ . . . မောင်သိန်းဝင်းအရင်လာ မုဆိုးဒူးထောက်ထိုင် သေနတ်ဒင်ကို ညာဘက်ပခုံးမှာကပ်။ ရဲရဲသာကပ် မကြောက်နဲ့ လေသေနတ်ကိုင်သလိုပဲကိုင်။ အဲ . . . ရိုင်ဖယ်သေနတ်ကြီးက မောင်းနှစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်နော် သတိထား။ ဦးလေးသေနတ်က မောင်းတင်ပြီးသား။ လုံခြုံရေးသော့ ပိတ်ထားတယ်။ ဘယ်ဘက်က မောင်းထိန်းသော့ကိုနောက်ကိုရွှေ့လိုက်။ အဲ . . . ဟုတ်ပြီ၊ ရှေ့ချိန်သီးကို နောက်ချိန်မှတ်အလယ်မှာထား။ ပစ်မှတ်နဲ့ တစ်တန်းတည်းဖြစ်ရင် ပထမမောင်းကို ဖြည်းဖြည်းလေးဆွဲ၊ အသက်အောင့်ပြီး ဒုတိယမောင်းကိုဆွဲလိုက်တော့ တစ်၊ နှစ်၊ သုံး . . .

"ဒိုင်း"

သေနတ်သံအဆုံးတွင် ကညင်ဖြူကြီး ပင်စည်အပေါက်ထဲမှ သစ်စများ ခုန်ထွက်လာပါသည်။

"ငါ့တူကတော့ အလွန်လက်ဖြောင့်တယ်ဟေ့။ နောက်တစ်ခါလာရင်တော့ ရိုင်ဖယ်သေနတ်ပေးကိုင်မယ်။ ဦးလေးတို့မှာ ကန်လုံခြုံရေးသေနတ်တွေရှိပါတယ်၊ ကဲ . . . နောက်တစ်ယောက်လာ"

နောက်တစ်ယောက်က ဦးကြည်ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ဆရာကြီးဖြစ်၍ သူကလည်းပစ်မှတ်ကို အသေအချာထိမှန်ပါသည်။ နောက်တစ်ယောက်မှာ ကိုကျော်ဖြစ်သည်။ သူက ရိုင်ဖယ်သေနတ်ကြီး၏ ယမ်းကန်အားကြောင့် ဖင်ထိုင်လျက်လဲရာ ကညင်ဖြူပင်ကြီး ပင်စည်ကိုပင် မထိမှန်ပါ။

"ငါ့တူက ကြောက်နေဟန်တူတယ်။ သေနတ်ဒင်ကို အတင်းဆုပ်ထားတော့ ကန်အားကြီးတာပေါ့။ သေနတ်ဒင်ကို ပခုံးနဲ့ညှပ်နိုးကြားမှာ အံဝင်ခွင်ကျထောက်ပြီး ဘယ်လက်ကိုလည်း သေနတ်အလယ်မှာ မြဲမြဲမြန်မြန်ကိုင်ရတယ်။ ဖွဖွလေးကိုင်ပြန်ရင်လည်း ကျွံထွက်ပြီးတာနဲ့ သေနတ်လွတ်ကျတတ်တယ်။ ပခုံးထောက်တာ လွဲပြန်ရင်လည်း အခုလို နောက်ပြန်ကန်ပြီး ဖင်ထိုင်လျက်လဲတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပစ်တယ်ဆိုတာ ယောက်ျားတိုင်း တပ်အပ်တဲ့ပညာကွဲ့ စစ်သား တွေ ရဲတွေချည်း အားကိုးလို့မရဘူး။ ပြည်ပက ကျူးကျော်လာရင် ယောက်ျားတိုင်း ပြန်ခုခံရမှာ တို့တာဝန်ပဲ။ ခေတ်မီ အော်တိုမက်ဆစ် သေနတ်တွေဟာလည်း ဒီရိုင်ဖယ်ကို အခြေခံတာပဲ။ ခလုတ်ဆွဲထားရင် ယမ်းပြန်ကန်အားနဲ့ မောင်းတင်စရာမလိုတဲ့ တစ်တောင့်ပြီးတစ်တောင့် ထွက်သွားတာ။ နောက်တစ်ခါကျရင် ငါတူကို သေနတ်အစိပ်အပိုင်း တွေကိုဖြုတ်တာ၊ တပ်တာ၊ ဆေးကြောတာပါ သင်ပေးမယ်"

"ကဲ . . . ကဲ . . . မှောင်စပြုပြီ ပြန်ကြစို့"

ထိုစဉ် မှဆိုးမှ "ဆရာကြီးခဏကလေးနေဦး"ဟုဆိုကာ တော ထုံးစံအတိုင်း ဝက်သေကလေးများနှင့် ချေသေဝှို၏ နားရွက်များ၊ အမြီး များများအား ဓားနှင့်ဖြတ်၍ ဖက်ရွက်နှင့်ထုပ်ကာ တောဘက်လှည့်၍ တင်မြှောက်ပူဇော်နေပါသည်။

သားကောင်များတင်ပြီး ကမ်းသို့ပြန်လှော်လာရာ လှေဆိပ် ရောက်တော့ မိုးစုန်းစုန်းချုပ်ပါပြီ။ ကန်အတွင်း ပုရစ်အော်သံ၊ ဖားအော် သံများဆူညံနေပြီး အဝေးဆီမှ တောကြက်ဖတွန်သံနှင့် ငှက်ကလေးများ အိပ်တန်းတက်သံများကို ကြားရပြီး ကျွန်တော်တို့ ပြန်လာခဲ့သည်။ ရေလယ်ကျွန်းဆီမှလည်း ချေဟောက်သံများကို ကြားရပါသည်။ .

ကျွန်တော်တို့ ကန်ဘောင်ပေါ် အလျှင်တက်ကြပြီး မုဆိုးနှင့် လှေသမားက လှေအားကွမ်းကပ်၍ ဝတ်တိုင်ကြိုးချည်နေကြသည်။ မုဆိုးမှ ချေသေအား ထမ်းတက်ပြီး လှေသမားမှ တောဝက်ပေါက်ကလေးများ အား သယ်ယူနေစဉ် . . .

"ဆရာကြီး ဝက်ပေါက်လေးတစ်ကောင် ပျောက်နေတယ်"

"ဟေ . . . ဘယ့်နှယ့်ပျောက်ရမှာတုန်း။ ရေထဲများကျသွား



www.burmeseclassic.com

www.burmeseclassic.com



သလား.. လှေပေါ်မှာလည်း သေသေချာချာရှာဦး"

"ဆရာကြီး လှေဝမ်းထဲမှာ အရှင်းကြီးပဲ၊ လှော်တက်နှစ်ချောင်းနဲ့ပက်ခွက်ပဲရှိတယ်၊ ရေထဲကျသံလည်း မကြားမိပါဘူး"

"အင်း . . . စိန်လှလက်ချက်ပဲထင်တယ်။ ဒီကောင်တော့ လုပ်ပြန်ပါပြီ"

ဗျူနိုင်တော် . . .

"ဦးလေး စိန်လှဆိုတာ ဘယ်သူလဲ"

"လမ်းသွားရင်းပြောပြမယ်၊ ငါ့တူရေ ခဏနေဦးနော်"

"ကဲ . . . လှေဆရာ စောထူးရေ ဝက်ပေါက်နှစ်ကောင်ထမ်းပြီး မြန်မြန်တက်လာခဲ့ ဒီဒီနစ်ကောင်ပါ ပါသွားဦးမယ်"

"ကဲ . . . မုဆိုးက သေနတ်မောင်းတင်ပြီး ရှေ့ကသွား။ အဲ . . . နေဦး မင်းကလည်း ချေသေကြီးထမ်းရမှာ ငါရှေ့ကသွားမယ်။ မင်းနဲ့စောထူးက အလယ်ကလိုက် ငါ့တူတို့က နောက်ကလိုက်ခဲ့ကြပေါ့။ စိန်လှအကြောင်းတော့ အိမ်ပြန်ရောက်မှ ပြောတော့မယ် ငါ့တူရေ"

တစ်မိုင်ကျော်ခရီးကို ညဘက်တောလမ်းခရီး လမ်းလျှောက်ရသည်မှာ နောက်ကျောမလုံပါ။ လကလည်း မထွက်သေး။ ကြယ်ရောင်ဖြင့် စမ်းတဝါးဝါး လမ်းလျှောက်နေရခြင်းဖြစ်သည်၊ ရေမောင်းစက်ရုံမှ မီးအလင်းရောင်များမြင်ရတော့ အတန်ငယ် အားရှိသွားသည်။ ရေမောင်းစက်ရုံကျော်ပြန်တော့လည်း မှောင်နှင့်မဲမဲသာ နှစ်ဘီးမောင်းအင်္ဂတေလမ်းဖြစ်သော်လည်း လမ်းဘေးဝဲယာမှာ တောကြီးသာဖြစ်သည်။ အဝေးဆီမှလည်း ဆင်အော်သံ၊ ကျားဟိန်းသံကို သဲ့သဲ့ကြားနေရသည်။

ရေစက်ကန်ရောက်တော့ လျှပ်စစ်မီး ထိန်ထိန်လင်းနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ မလိုတော့ပါ။ ဦးရျော့အိမ်ရောက်တော့ မုဆိုးက ချေနှင့် ဝက်သေများအား မီးဖိုချောင်အတွင်း ယူသွားပါသည်။ ကျွန်တော်တို့ ခေတ္တအမောဖြေရင်း ရေနွေးကြမ်းသောက်နေကြစဉ် ဦးရျော့မှ . . .

"ဒီလို ငါ့တူတို့ရဲ့ လမ်းမှာမပြောချင်တော့လို့ အိမ်ကျမှပြောရတာ စိန်လှဆိုတာ လူမဟုတ်ဘူးကွဲ့။ ရေလယ်ကျွန်းက အစောင့်နာမည် ဒီကောင်က လူဘဝတုန်းက ကန့်ဝန်ထမ်း။ မုဆိုးပေါ့။ အမဲပစ်ရင်း ငါ့တူတို့ ဝက်ပစ်တဲ့နေရာမှာ ဝက်ပက်လို့ သေရတာ။ သူက တောဝက်သား အလွန်ကြိုက်တယ်။ အလျင်တစ်ခါကလည်း တောဝက် (၃)ကောင်ရတာ လှေကိုစောင့်ရင်း ကမ်းစပ်မှာပုံထားပြီး ဦးလေးတို့ ချေဟောက်သံကြားလို့ တောထဲပြန်အဝင် တစ်ကောင်ပျောက်သွားဖူးတယ်"

"တစ်ယောက်ယောက် ယူသွားတာရော မဖြစ်နိုင်ဘူးလား ဦးလေး။ ကျားဆွဲသွားတာ တောခွေးတွေဆွဲသွားတာလည်း ဖြစ်နိုင်တာပဲ"

"မဟုတ်ဘူး . . . ငါ့တူ၊ လူယူသွားရင် လှေကိုတွေ့ရမယ်၊ ကျွန်းပေါ်မှာ လူမရှိဘူး။ ဦးလေးတို့လည်း ကြာတာမှမဟုတ်တာ။ ကျားဆွဲ ခွေးဆွဲရင်လည်း ဖွတ်ကြောင်းရာနဲ့ စားကြွင်းစားကျန်တွေ့ရမယ်။ အခုက အကောင်လိုက်နေရာတင် ပျောက်နေတာ တခြားမုဆိုးတွေလည်း ဒါမျိုး ခံရဖူးတော့ စိန်လှလက်ချက်လို့ ပြောရတာ။ အဲ . . . နောက်ပြီး ညအက်သားကောင် ထမ်းပြန်လာရင် သူက လိုက်ဆွဲတတ်သေးတယ်။ ဒါကြောင့် သားကောင်ထမ်းတဲ့သူတွေကို လူအုပ်အလယ်ကထားရတာ"

"အခုလည်း သားကောင်တွေကို မီးဖိုခန်းထဲမှာဖျက်နေ့မှာ မလွတ်လပ်ဖူးပေါ့။ အပြင်ထွက်ဖျက်ပြန်ရင်လည်း တရွှေ့ရွှေ့ပျောက်တာပဲ။ ဒီနေရာတွေက မြေကြမ်း ကြေကြမ်း ဒေသကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . တူတော်မောင်တို့လည်း ရေချိုးကြပေရော့ အကြာကြီးတော့ မချိုးကြနဲ့ အအေးမိပြီး ငှက်ဖျားဝင်တတ်တယ်။ ဒီဒေသက ငှက်ဖျားကြီးတယ်။ ဦးလေးတို့မယ်ခုံတွေကတော့ ရှိနေပြီး ရေချိုးပြီးရင် ထမင်းစားကြတာပေါ့ မနေ့က ချေသားဟင်းနဲ့ တောကြက်သားဟင်း အပြင် တောဝက်ပေါက်လေးတစ်ကောင် တောချက်၊ ချက်လိုက်မယ်"

"ဟုတ်ကဲ့ . . . ဦးလေး"

ကျွန်တော်တို့ တစ်လှည့်စီရေချိုးကြပါသည်။ ရေချိုး၍ အဝတ်အစားလဲပြီးတော့ အစ်မနော်အားဆာနှင့် စောရော့လေပြင်ထားသော ညစာထမင်းဝိုင်းက ဘုန်းကြီးပွဲအလား ဟင်းများကအလျှံပယ်။ လမ်းလျှောက်ရသဖြင့် ထင်ပါသည်။ ကျွန်တော်တို့အဖွဲ့ ခေါင်းမဖော်တမ်း စားကြသည်။ ဝက်ပေါက်ဟင်းမှာ ရေတ်သီးနှင့်တောချက်(မုဆိုးချက်) ချက်ထားခြင်းဖြစ်သည်။ ဝက်ပေါက်ကလေးဖြစ်၍ အဆီနည်းပြီး အသားမှာနူးညံ့လှသည်။ အလွန်မြိန်ယှက်သော ညစာစားပွဲဖြစ်သည်။ ညစာစားရင်း ဦးကျော့က ပြောသည်။

"ငါတူတို့ မနက်ဖြန်ဘယ်အချိန်ပြန်ကြမှာလဲ"

"ညနေမှပြန်မယ်ဦးလေးရေ လိုင်းကားရှိတယ် မဟုတ်လား"

"ညနေ(၄)နာရီ နောက်ဆုံးလိုင်းကားရှိတယ်။ အဲဒါဆို မနက်ဖြန်မနက်စောစော ထကြပေါ့(၄)နာရီလောက်ထကြ။ မနက် Breakfast စားပြီး တောထဲဝင်ကြမယ်။ မျောက်ပစ်ကြရအောင် တောကြက်လည်း ပေါတယ်။ တူမောင်တို့ လေသေနတ်တွေ ယူခဲ့ကြပါ"

"ဟုတ်ကဲ့ . . . ဦးလေး ကျွန်တော်တို့လည်း ကြက်၊ ငှက် ပစ်ချင်တာနဲ့ အတော်ပါပဲ။ မျောက်ပစ်တာလည်း တစ်ခါမှမမြင်ဖူးလို့ ကြည့်ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူတွေက တော်ပါပေတယ်။ တောဝက်ပေါက်တောင် လေးသေနတ်နဲ့ ပစ်နိုင်တယ်။ တောကြက်ကတော့ အများပေါ့ကွယ်"

ကျွန်တော်တို့ ညစာစားအပြီးတွင် ကိုစောကျောလေးနှင့် မုဆိုးက သားကောင်ဖျက်ရင်း ဝက်ပေါက်သားဟင်းနှင့် အရက်တွဲဘက်၍ မြည်းနေကြပါသည်။ နွေဦးပေါက်ဖြစ်သော်လည်း တောရိပ်၊ တောင်ရိပ်ကြောင့် အေးချမ်းလှပါသည်။

စားကောင်း။ အိပ်ကောင်းဖြင့် မနက် (၄) နာရီ ဦးကျော့နိုးမှ ကျွန်တော်တို့ အိပ်ရာကနိုးပါသည်။ မျက်နှာသစ်ကြပြီး မနက်စောစော အား ကြက်သားဟင်းကျန်နှင့် ချေဝမ်းတွင်းသားဟင်းဖြင့် ထမင်းကျွေး ပါသည်။ မနက်စောစော ထမင်းမစားတတ်သော်လည်း တောလည် ရမည်ဖြစ်၍ အစာခံနိုင်ရန်စားကြရာ စားကောင်းပြန်ပါသည်။

ယနေ့၊ မနေ့ကလို လှေဖြင့်မဟုတ်ပါ၊ ကန်အနောက်ဘက် တောသို့ လမ်းလျှောက်ဝင်ကြရခြင်းဖြစ်သည်။ ရောင်နီလာစဖြစ်၍ တောလမ်းခရီးမှာ မှောင်တုန်းပင်။ မုဆိုးကလမ်းပြ၍ ရှေ့ကလျှောက် သွားရာ ကျွန်တော်တို့အဖွဲ့က မုဆိုးခြေရာနင်း၍ ခြေသံလုံလုံဖြင့် လိုက်ရ ပါသည်။ လုံးဝစကားမပြောကြပါ။ တောကြက်ဖတွန်သံနှင့် ငှက်ကလေး များ၏ နံနက်ခင်းတေးသံအား သာယာနာပျော်ဖွယ်ကြားရပါသည်။ တောမှာ အရုဏ်ဦးလင်းရောင်ခြည်နှင့် အတူနိုးထလာဟန်ရှိပါသည်။

လမ်းလျှောက်ရင်း တဖြည်းဖြည်းအလင်းရောင် ရလာပါသည်။ တောင်စောင်းဝါးရုံတောအရောက်တွင် မုဆိုးကရပ်၍ ကျွန်တော့်အား လက်ယပ်ခေါ်သဖြင့် ကျွန်တော်ရှေ့တက်သွားရာ ဝါးရုံပင်ကိုင်းများမှ တောကြက်ဖကြီးတစ်ကောင်အား ညွှန်ပြပါသည်။ အမြင့်ပေ(၂၀)ခန့်သာ ရှိပါသည်။ ခေါင်းတလှုပ်လှုပ်နှင့် အတောင်ပံတဖြည်းဖြည်းခတ်၍ တွန်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

"အောင်အီးအီးအွတ်"

ကျွန်တော် အသင့်မောင်းတင်ပြီးသား။ လက်စွဲတော် လေ သေနတ်ဖြင့် တောကြက်ဖ၊ ခေါင်းအားချိန်၍ခလုတ်ဆွဲလိုက်ရာ ကြက် တွန်သံအဆုံး "ဖောက်" ဟူသော လေသေနတ်သံနှင့်အတူ တောကြက်ဖ ကြီးမှာ ဝါးရုံပေါ်မှ ပြုတ်ကြလာပါသည်။

ဦးရျော …

"ငါ့တူက တော်လိုက်တာ၊ မင်းတို့လေသေနတ်ကလည်း အစွမ်းထက်သားပဲ။ ဦးလေးတို့များ တစ်ခါတစ်ရံ ဟင်းစားပြတ်ရင် တောကြက်ကို ငှိုင်ဖယ်ကြီးနဲ့ ခေသ်ရတာ၊ တစ်ခါစီပဲ ချက်စိကမကောင်း တော့၊ ခေါင်းချိန်မပစ်နိုင်ဘူး။ ကိုယ်လုံးကြီးကိုပဲ ပစ်ရတာကိုး"

ထိုနောက် လျှိုထဲဆင်း၍ ဝါးရုံတောထဲမှ တောကြက်အိပ်တန်း အား မုဆိုးကပြပြန်ပါသည်။ ကျွန်တော်တို့ လေသေနတ်အဖွဲ့ တစ်ကောင် စီပစ်ကြရာ ရပြန်ပါသည်။ ကျန်အကောင်များကတော့ အတောင်ပံ တဖြန်းဖြန်းခတ်၍ ပျံပြေးကြသည်။ ကြက်မများဖြစ်၍(၅၀)သားခန့် သာရှိသည်။ တောကြက်ဖကတော့ တစ်ပိဿာခန့် ရှိသည်။

မုဆိုးက လျှိုတစ်ဖက်ကမ်းတက်၍ တောင်ကျောပေါ်အရောက် တွင် တောဓွေးပင်ကြီးအောက်၌ ချေအုပ်နှင့်တိုးပါသည်။ တောဓွေးသီး မှည့်များအား အလုအယက်စားနေကြသော ချေ (၃) ကောင်အနက် တစ်ကောင်စီအား မုဆိုးနှင့်ဦးရျောတို့က ရွေးချယ်ပစ်ကြပါသည်။

"ဒိုင်း … ဒိုင်း"

ကိုက်(၁၀၀)ခန့်သာ ကွာဝေးသဖြင့် ချေ(၂)ကောင်သည်ပါ သည်။ ကျန်ချေပေါက်တစ်ကောင်မှာ ကြောက်လန့်ပြီး "ဖေါင်း …



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း'' ဟု အော်ပြည်ကာ ထွက်ပြေးသွားသည်။

မုဆိုးဖိုပစ်ချက်မှာ လက်ပြင်နောက်က ဖောက်ဝင်သွားသဖြင့် နှလုံးအားထိပြီး ပစ်ချက်ကောင်းလှသည်။ ဦးကျော့ပစ်ချက်မှာ လက်ပြင်ရှေ့မှဝင်ပြီး အဆုတ်အားဖောက်၍ ထွက်သဖြင့် အတော်နှင့်မသေပါ။ သို့သော် နေရာတွင်တော့ လဲပါသည်။

သေနတ်သံများ ဟိန်းသွားပြီး ယမ်းခိုးနံ့များ မွှန်နေသဖြင့် တောခနေသတ္တဝါများ ပြေးကြပြီထင်ပါသည်။ မုဆိုးက ဆက်လက်၍ ဦးဆောင်ပြီး တောတိုးပြန်ပါသည်။ တောင်ကြောအလယ် ညောင်မုတ်ဆိတ်ပင်ကြီး တစ်ပင်အောက်သို့အရောက်တွင် မုဆိုးက ဦးကျော့အား ကုတ်၍ ကိုင်းဖျားမှာ အရွက်ထုပ်တစ်ခုအား ညွှန်ပြပါသည်။

ဘာမှန်းမသိပါ၊ မုဆိုးကိုယ်တိုင် ရိုင်ဖယ်သေနတ်အား အကျအနချိန်၍ပစ်ရာ "ဒိုင်း"ဟူသော သေနတ်သံအဆုံး၌ "ကျွီ" ဟူသော အသံတစ်ချက်ကြားရပြီး မျောက်ညိုတစ်ကောင် ပြုတ်ကျလာပါသည်။ မျောက်မှာအတော်ကြီးလှသည် (၄)ပိဿာခန့်ရှိမည်။

"အစောက သေနတ်သံတွေ ကြားပေမယ့် သစ်ရွက်တွေကို ချုပြီး ဖင်ခုထိုင်ပုန်းနေတဲ့ မျောက်ပေါ့။ လုံလှပြီထင်ပေမယ့် မုဆိုးက အထာသိတော့ ကာစနဲ့ပေါ့"

"အဲဒါကြောင့်ထင်တယ် ဦးလေး။ ဦးလေးတို့ ချေမပစ်ခင်က ကျွန်တော် မျောက်အော်သံတွေ ကြားနေရတယ်မှတ်တာ"

"မျောက်ပစ်ဖို့လာပေမယ့် ချေက မျောက်ထက်စွက်သားကြိုက်တော့ ချေကိုဦးစားပေးပစ်ရတာပေါ့ ငါ့တူရယ်။ ကဲ . . ., ကဲ. . . အားလုံးပဲ ဒီညောင်မုတ်ဆိတ်ပင်အောက်မှာ ခဏနားကြရအောင်။ သေနတ်သံကြောင့် ဒီနားပတ်ဝန်းကျင်မှာ တောကောင်တွေရှိတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အတော်ဝေးဝေးသွားမှရတော့မှာ”

ကျွန်တော်တို့ နားနေစဉ် ဆင်အော်သံများအား ကြားရပါသည်။ တောထဲမှမဟုတ်ဘဲ (၇) အိမ်တန်းရွာဘက်က ဖြစ်သည်။ မကြာမီ သေနတ်သံများလည်း ကြားလာရသည်။

“ဦးလေး . . . ဘာဖြစ်တာလဲ”

“အင်း . . . ဆင် . . . ရွာထဲဝင်တယ်ထင်တယ်။ ကဲ . . . တို့လည်း ပြန်ကြရအောင် သားကောင်တွေလည်း အတော်ရပြီပဲ”

မုဆိုးမှမျောက်သေအား အမြီးနှင့်လက်အားချည်၍ စလွယ်သိုင်း လွယ်လာပြီး ပြန်ခဲ့ကြပါသည်။ တောင်ခွေးပင်အောက်အရောက်တွင် ဦးကျော့မှ . . .

“ဟာ . . . ငါပစ်တဲ့ ချေတစ်ကောင်မရှိတော့ဘူး။ စိန်လှ လုပ်ပြန်ပြီထင်တယ်။ နွေခင်းကြောင်တောင်ကွာ”

“ဦးကျော့ပစ်၍ ချေလဲကျသေဆုံးသောနေရာတွင် သွေးများ အိုင်ထွန်းနေသည်။ သို့သော် ခွတ်ကြောင်းရာမတွေ့ဘဲ ချေပျောက်ပြန် ပါသည်။ မုဆိုးကလည်း ‘တောက်’ တခေါက်ခေါက်၊ ဆရာရေ . . . ဆရာပစ်တဲ့ချေကလည်း (၁၅)ပိဿာလောက်ရှိမယ်ဗျ။ ကျွန်တော်ပစ်တဲ့ အကောင်အရွယ်အစားပဲ လွတ်သွားတဲ့ချေက ချေပေါက်လေးငယ်တယ် ဗျ”

မုဆိုးမှ ထုံးစံအတိုင်း မျောက်နှင့်ချေတို့၏ နားရွက်များ အမြီး အားများအားဖြတ်၍ ဖက်နှင့်ထုပ်ကာ သစ်ပင်ခွကြားပေါ်တင်၍ ပူဇော် ထားပါသည်။

ကျွန်တော်တို့မှာတော့ ချေပေါက်ကြီးတစ်ကောင်လုံး ပျောက် သွားသဖြင့် စိန်လှဆိုသောသရဲအား အလွန်အံ့ဩနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင် မှဆိုးကချေထဝ်းပြီး ကျွန်တော်တို့က တောကြက်များအား ခွဲလာခဲ့ကြပါသည်။ ရေစပ်ကန် ဦးရော့အိမ်ပြန်အရောက် ခေတ္တနားရှိ ရေနွေးကြမ်းသောက်နေကြစဉ် ကနဝန့်ထမ်းတစ်ယောက် ရောက်ရှိလာပါသည်။

"ဆရာကြီးခင်ဗျား (၇) အိမ်တန်းမှာ ဆင်ဖမ်းသမား ထော်ကြီးအိမ်တော့ ကုန်ပြီဗျ။ တောဆင်ရိုင်းအုပ် ဝင်မွှေသွားတာ"

"ဟာ . . . ဘာဖြစ်လို့လဲကွ။ တခြား လူတွေ အိမ်တွေရော ထိခိုက်သေးလား။ သေနတ်သံတွေလည်း ကြားလိုက်ရတယ်"

"ဟုတ်တယ် . . . ဆရာ ထော်ကြီးတို့အဖွဲ့က ဆင်ကျုံးသွင်းဖမ်းတာ ဆင်မကြီးသားအမိကိုမိလို့ သူ့အိမ်မှာခေါ်ပြီး ညှပ်သွင်းထားတာ။ အဲဒါ ဆင်ထီးကြီးက တခြားဆင်ရိုင်းတွေကိုပါခေါ်ပြီး ထော်ကြီးအိမ်ကိုဖြိုလိုက်တာ ထော်ကြီးတို့မိသားစုလည်း ကံကောင်းလို့ဆရာရေ အပြေးမြန်လို့ လွတ်သွားတယ်။ သူ့ခြံနဲ့သူ့အိမ်တော့ ထောင်းလမောင်းကြေပဲဆရာရေ (၇)အိမ်တန်းတစ်ရွာလုံးလည်း ရှောင်နေရတယ်"

"အဲဒါ တိုင်းဗဟိုတပ်က ဆရာတွေရောက်လာပြီး ခြောက်လှန့်ပစ်လို့ထွက်သွားပေမယ့် ရွာထဲရှိတဲ့ အုန်းပင်တွေအကုန် ပြိုသွားတယ်"

"ဆင်သားအမိရော လွတ်သွားလား"

"ညှပ်သွင်းပြီး ထူးခတ်ထားတော့ လွတ်မသွားဘူးဆရာ။ ဆင်ထီးကြီးကတော့ ညှပ်တိုင်နဲ့ထူးခတ်ထားတဲ့ သစ်ပင်ကိုဝင်အောင်းတာ နှစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးလည်း အမြစ်ကျွတ်ပြီးလဲတာပဲ။ ဆင်ထီးကြီးခေါင်းမှာလည်း သွေးတွေရဲနေတာပဲဗျာ၊ ဆင်မကြီးမှာလည်း၊ မျက်ရည်တွေကျပြီး အော်နေလေရဲ"

"အင်း . . . သနားစရာကွာ ထော်ကြီးတို့လည်း ဆင်ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



သမားဆိုတော့ ဒါပဲလုပ်စားတတ်တာ။ ဆင်ထီးကြီးကလည်း အခဲကျေမှာ မဟုတ်ဘူး။ ညဘက်လာဦးမယ်ထင်တယ်"

"ဟုတ်တယ်ဆရာ အခုလည်း ဝေးဝေးမသွားဘူး။ တောထဲက ဆင်အော်သံတွေ ကြားနေရတုန်းပဲ ညနေမိုးချုပ်စ နောက်ဆုံးလိုင်းကား သိမ်းလာရင် ပြဿနာရှိနိုင်တယ်။ အခုလည်း တောင်ပေါ်က ပထမဆုံး ကားပဲ လွတ်သွားတာ။ နောက်ကားတွေ မထွက်ရဲလို့ တိုင်းမဟိုတ်ပ ထဲမှာ သွားထားရတယ်"

"အင်း . . . ဒီနေ့တော့ ငါတို့တွေ ပြန်ဖို့ခက်ပြီ၊ တိုက်ကြီးနဲ့ ဗျိုးဖြူ (၁၀) မိုင်လောက်ပဲဝေးပေမယ့် လမ်းလျှောက်ပြန်ဖို့လည်း မကောင်းဘူး။ အန္တရာယ်များတယ်၊ ဆင်အုပ်ကြီးက တောစပ်ကနေ အချိန်မရွေး ဘွားခနဲပေါ်လာနိုင်တယ်။ ဆင်တွေက မဲမဲမြင်ရာ လိုက်ထိုးမှာပဲ။ ကဲကွာ . . . မင်းတို့အဖွဲ့ တစ်ညထပ်အိပ်ကြပါဦး။ အနားယူတဲ့သဘောပေါ့"

ကျွန်တော်တို့အဖွဲ့ ကောင်းကောင်းစားပြီး ကောင်းကောင်းနားကြပါသည်။ ရေစက်ကန်ပေါ်တောင် မသွားရဲကြပါ။ အိမ်တွင်း၊ အိမ်ပြင် ဝတ်ဝန်းကျင်လောက်သာ သွားရဲပါသည်။ တောတွင်းအိမ်များဖြစ်၍ အချိန်မရွေးဆင်အုပ်ကြီး ရောက်ရှိလာနိုင်ပါသည်။ ဦးရဲကျော့ကတော့ ပြောပါသည်။ ဆင်များဟာ လူလိုပဲ အသိဉာဏ်ရှိသတဲ့၊ မဆိုင်သူကို ရန်လုပ်လေ့မရှိပါတဲ့။

ကျွန်တော်တို့ ညစာစားနေစဉ် မနက်ကလာသော ကန်ဝန်ငး ၊န ရောက်ရှိပြန်ပါသည်။

ဦးရဲကျော့မှ . . . .

"မောင်ဝင် . . . တစ်ခါတည်းလာဝင်စားပေ့။ ဆင်တွေကိစ္စ

www.burmeseclassic.com



ဘာထူးသေးသလဲ၊ ဆင်အော်သံတွေတော့ မကြားရတော့ဘူး"

တောထဲစံအတိုင်း ကိုမောင်တင်မှာ ဟန်ဆောင်မနေပါ။ ကျွန်တော်တို့နှင့်အတူ ဝင်စားပါသည်။ ထမင်းစားရင်းမှ . . .

"ဆရာကြီး ဆင်တွေကိုစွပြီးသွားပြီ။ သူကြီးနဲ့ရပ်ရွာက ဝိုင်းဖျောင်းဖျလို့ ဆင်မကြီးသားအမိကို ညှပ်ဖြုတ်၊ ထူးဖြုတ်ပြီး ပြန်လွှတ်ပေးလိုက်တယ်။ တောစပ်မှာဆင်ထီးကြီးက လာကြိုဆိုပဲ။ ထော်ကြီးက သူ့အိမ်ပျက်တာရယ်၊ ဆင်သားအမိကို ပြန်လွှတ်ပေးရလို့ သိန်းနဲ့ချီ နစ်နာတယ်ဆိုတာနဲ့ ရွာကသူ့အိမ်ကိုစုပေါင်းပြီး ပြန်ဆောက်ပေးရမယ်။ ဆင်သားအမိကို ပြန်လွှတ်မပေးရင်လည်း တစ်ရွာလုံးကြေမှာ၊ ဟိုမသွားရဲ ဒီမသွားရဲနဲ့ စီးပွားပျက်ကုန်ကြမှာ"

"ဒီတောထဲမှာကွာ သစ်ပေါ်၊ ဝါးပေါ်ပေါ် ပြောလိုက်ပါကွာ ငါလည်း တတ်နိုင်သမျှ ကူညီမယ်လို့"

"ဟုတ်ကဲ့ဆရာကြီး မနက်ကြတော့ ကျွန်တော်သူကြီးကို ပြောလိုက်ပါ့မယ်။ သူကြီးကလည်း အလွန်ဝမ်းသာရှာမှာပါ"

ကျွန်တော်တို့လည်း အလွန်ဝမ်းသာမိပါသည်။ ဆင်မိသားစု ပြန်လည်ပေါင်းစည်းကြပြီ၊ ကျွန်တော်တို့လည်း မနက်ဖြန်ပြန်ရုံမှာ သေချာသွား၍ဖြစ်သည်။

တစ်တောငြိမ်းပြန်တော့ တစ်ရန်စပြန်ပါသည်။ ဦးဂျော့တို့ အိမ်ဘေးခန်းမှာ ကိုအောင်ဝင်း (ကန်ကားမောင်းဆရာ)တို့လင်မယား ရန်ဖြစ်ဟန်တူပါသည်။ ဝုန်းဒိုင်းကျဲနေ၍ ဦးဂျော့မှ မနေသာတော့ပဲ . . .

"အောင်ဝင်း . . . ဘာဖြစ်တာလဲကွ။ ဒီမှာဧည့်သည်တွေနဲ့ အားနာပါဦး"

"ဆရာကြီး ဒီဘက်အခန်းကြွပါဦး၊ လင်မယားရန်ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ဒီမှာမိန်းရယ် အိမ်သာသွားပြီး အပြန်ဘာဖြစ်မှန်း မသိဘူး ယောက်ျားသံကြီးနဲ့ ဝုန်းဒိုင်းကြဲနေတယ်"

ဦးရှော့က ကျွန်တော်တို့ပါခေါ်သဖြင့် တစ်ဖက်ခန်းသို့ သွားကြရာ ကိုအောင်ဝင်းဇနီး မနိုဆိုသူမှာ မျက်တောင်နီကြီးဖြင့် ကြည့်နေပြီး ဦးရှော့အားမြင်သည်နှင့် . . .

"ဆရာကြီး . . . ကျွန်တော် စိန်လှပါ၊ ဆရာကြီး တောကောင် တွေ့ရတာ ကျွန်တော့်ကို အရိုးအရင်းလေးကျွေးပါဦး ကျွန်တော်ဆာ လွန်းလို့ပါ"

"ဩော် . . . စိန်လှကိုး၊ မနေ့ကလည်း ဝါတူညီသည်တွေ ပစ်ထားတဲ့ တောဝက်ပေါက်ကလေး ပျောက်သွားတာ မင်းလက်ချက် မဟုတ်လား။ မနက်ကလည်း ငါပစ်ထားတဲ့ချေကို ခိုးသွားတာလည်း မင်းပဲမဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး၊ တောဝက်ပေါက်ကိုတော့ ကျွန်တော် စားရပါတယ်။ အစာမစားရတာကြာလို့ စားမိပါတယ်။ အဲဒါ ရေလယ် ကျွန်းစောင့်မကျေနပ်လို့ ကျွန်တော်ဆရာကြီးပစ်ထားတဲ့ ချေကိုခိုးပြီး ကျွန်းစောင့်ကို ပူဇော်ရပါတယ်။ ခွင့်လွှတ်ပါဆရာကြီး၊ အခုလည်း ဆရာကြီးတို့ ရထားတဲ့ထဲက အရိုးအရင်းလေးကျွေးပါခင်ဗျား"

"ဟေ . . . သူခိုးကို ငါတို့က သနားရဦးမှာလား။ ဟဲ့ကောင် စိန်လှ မင်းဒုက္ခရောက်သွားချင်သလား။ တောထဲမှာ သားကောင်တွေပေါ လွန်းလို့ ကြိုက်တဲ့အကောင် စားလို့ရရဲ့သားနဲ့ ဘာလျှပါးဝတာလဲ"

"လျှပါးဝတာမဟုတ်ရပါဘူး ဆရာကြီးခင်ဗျား။ ကျွန်တော်တို့ ဘဝက ဆင်းရဲပါတယ်။ အသေကောင်မှ စားလို့ရပါတယ်။ ဒါ့ကြောင့် အထက်လူကြီးကို ပူဇော်ပြီးမှ အနည်းအကျဉ်း စားရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . မင်းတို့မှာလည်း အထက်လူကြီးဆိုတာ ရှိသေး သလား"

"အဆင့်ဆင့်ရှိပါတယ်ဆရာကြီး သစ်ပင်စောင့်၊ ကျွန်းစောင့်၊ ကန်စောင့်နဲ့ တောစောင့်တွေရှိပါတယ်။ ကျွန်တော့်အထက်လူကြီးတွေပေါ့ ကျွန်တော်ကတော့ သူတို့နိုင်းတာလုပ်ရပါတယ်၊ သူတို့ကျွေးမှ စားရပါ တယ်။ တစ်ခါတလေ အခွင့်ရရင် ခိုးစားရပါတယ်"

"အေး . . . အေး . . . ကောင်းပြီ နောက်မင်းဝင်ပူးနေတဲ့ မိနီကိုလည်း မနှောင့်ယှက်နဲ့တော့။ ငါတို့ကိုလည်း မနှောက်ယှက်နဲ့ ငါ တို့ သားကောင်ရတိုင်း မင်းကိုအရိုးအရင်းကျွေးမယ်"

"ဟုတ်ကဲ့ဆရာကြီး . . . ဟီး . . . ဟီး . . . အခုကျွေးပါနော်"

"အေး . . . အေး . . . ကဲ . . . သွားတော့ . . . သွားတော့ နောက်ဖေးဘက်မှာ မင်းနာမည်ခေါ်ပြီး ပုံထားပေးမယ်"

"ကဲ . . . မုဆိုးရေ အရိုးအရင်းတွေ ဖက်နဲ့ထည့်ပြီး နောက် ဖေးဘက်မှာ ပုံထားပေးလိုက်ပါ"

"ဟုတ်ကဲ့ . . . ဆရာကြီး"

မကြာမီ မိနီသတိရလာပါသည်။ ကျွန်တော်တို့အုပ်စုအား ပြူး ကြောင်ကြောင်ကြည့်ပြီး အံ့သြနေရှာပါသည်။

ယောကျ်ားဖြစ်သူ ကိုအောင်ဝင်းမှ . . .

"မိနီ . . . သတိရပြီနော်၊ ရော့ . . . ရော့ . . . အဘိုး ဆရာတော်ပေးထားတဲ့ ရေမန်းလေးသောက်လိုက်နော်"

မိနီမှာ ရေမန်းသောက်ပြီး နေကောင်းသွားဟန် တူပါသည်။ ကျွန်တော်တို့လည်း ဦးကျော၏ အိမ်ခန်းသို့ ပြန်ခဲ့ကြပါသည်။ သဘာဝလွန် ထူးဆန်းသောဖြစ်ရပ်များက ဤဒေသတွင် ဆက်တိုက်ဖြစ်ပွားနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အံ့ဩရပါသည်။

အိမ်ခန်းပြန်ရောက်သော် ကျွန်တော်တို့မှာ ညစာထမင်းစားပြီး ရေပင်မသောက်ရသေးသဖြင့် ရေနွေးကြမ်းဝိုင်းထိုင်ကြရင်း ကျွန်တော်မှ . . .

"ဦးလေး . . . ဦးလေးတို့ဆီမှာ ဒီလိုပဲ ထူးထူးဆန်းဆန်းတွေ ဖြစ်လေ့ရှိသလား"

"ဟုတ်တယ် . . . ဇော်တူရဲ့၊ ဦးလေးက ခရစ်ယာန်ဘာသာဝင်ပါ ဒီကိစ္စတွေ မယုံကြည်ခဲ့ပါဘူး။ ဒါပေမယ့် မကြာခဏ တွေ့ကြုံနေရတယ်။ ဦးလေးတို့နေရတာလည်း ရိုးမတောထဲမှာကိုး။ တောသဘာဝလို့ပဲ ပြောရမှာပေါ့။ တောဆိုတာ မာယာအလွန်ကြွယ်တယ်ကွဲ့ အံ့ဩစရာလည်း အလွန်ကောင်းတယ်။ ဒီတောကတော့ အကြမ်းဆုံးလို့ ဆိုရမယ် ထင်ပါရဲ့။ တစ်ယောက်ထဲ တောထဲအမဲလည်ရင်တော့ အမှောက်မှောက် အမှားမှားပဲ။ ဒါကြောင့် ဦးလေးလည်း အမဲလည်ရင် မုဆိုးနဲ့နှစ်ဦးသွား ကြတယ်၊ အန္တရာယ်ကင်းအောင်လို့ပေါ့ကွယ်"

"နောက်ပြီး ဒီတောက ရေ မြေကောင်းတော့ တောရှုထပ် တယ်၊ တိရစ္ဆာန်လည်း မျိုးစုံရှိတယ်။ ကျား၊ ကျားသစ်၊ ဆင်တွေလည်း ရှိတယ်ကွဲ့ ပဲခူးရိုးမနဲ့ဆက်နေတော့ ပေါ်တာပေါ့ ဦးလေးလည်း ဒီရောက် နေတာ အနှစ်(၃၀)ကျော်ပြီ၊ ဒီမှာပဲ အခြေချတော့မှာပါ။ တောဘယ် လောက်ကြမ်းကြမ်း ဦးလေးက တောကိုချစ်တယ်။ မြို့သွားရင် မွန်း ကြပ်တယ်။ တောသဘာဝဆိုတာ အလွန်နှစ်သက်ဖို့ ကောင်းပါတယ် ကွယ်"

"ဒီမှာနေတာ အနှစ် (၃၀)ကျော်ပြီဆိုတော့ ဦးလေးတို့ ဇာတ်သိမ်း ခေတ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့တာပေါ့နော်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟုတ်ပါ့ . . . ငါတို့ရယ် ဦးလေးက ရှိုးရှိုးကန့်ဝန့်ထမ်းလေးဘဝနဲ့ အလုပ်စဝင်ခဲ့တာပါ။ အင်္ဂလိပ်ခေတ်နှောင်းပိုင်းနဲ့ ဂျပန်ခေတ်ကိုလည်း မီခဲ့ပါတယ်။ အင်္ဂလိပ်အရေးတော်၊ ဂျပန်အဝင်မှာ ဒီနေရာမှာ တိုက်ပွဲအကြီးအကျယ် ဖြစ်ခဲ့ဖူးတယ်။ ဂျပန်လေယာဉ်တွေက ကန်မကြီး ကန်ဘောင်ကြီးကို ဗုံးကြဲတယ်။ အဲဒီနေရာမှာ ဗုံးဒဏ်ရာတွေ အခုထိရှိတယ်။ ဂျိုးဖြူပိုက်လိုင်းကြီးကိုလည်း ဗုံးကြဲတယ်၊ စက်သေနတ်နဲ့ ပစ်တယ်၊ ဦးလေးတို့ ပြန်ပြင်ဆင်ထားရတာပါ။ ပိုက်လိုင်းကြီးတွေက အင်္ဂလန်က သင်္ဘောနဲ့သယ်လာတာ။ သွပ်သံရောထားပြီး ထု (၁)လက်မရှိတယ်။ အတွင်းမှာ သံချေးမတက်ရအောင် ကြွေနဲ့စဉ့်ရောထားတာ တစ်ထပ်ရှိသေးတယ်။ အဲဒါတောင် ရေတွန်းစက်ရုံရှေ့က ပိုက်လိုင်းကြီး လေယာဉ်က စက်သေနတ်ကျည်မှန်လို့ ပေါက်သွားဖူးတယ်။ ပန်းထွက်တဲ့ ရေအားပြင်းလွန်းလို့ ပိုက်လိုင်းဘေးက တောင်နှာမောင်းလေးတောင် ပြိုသွားဖူးတယ်"

"အင်မတန်စနစ်ကျတာပဲနော်။ ကန်မကြီးက ရေကိုအမြင့်ရေအားနဲ့ ရေစစ်ကန်ပေါ်ကို မှုတ်ပို့ရအောင် လုပ်ထားတဲ့စနစ်ကလည်း အလွန်ကောင်းမွန်ပါပေတယ်"

"အင်း . . . အလျှင်ကတော့ ဟုတ်တယ်ကွဲ့။ အခုတော့ ရန်ကုန်လူဦးရေကလည်း များလာ၊ ကန်ရေကလည်း ဆုတ်လာတော့ ရေအားနည်းရင် သူ့အလိုအလျောက် ရေစစ်ကန်ကို မပို့နိုင်တော့ ရေတွန်းစက်တွေ မောင်းပေးနေရတယ်ကွဲ့။ မိုးနဲ့ဆောင်းကာလ ရေများလို့ မမောင်းရပေမယ့် နွေဘက်တော့ တစ်ချိန်လုံးမောင်းနေရတယ်"

ညဦးနက်ပြီဖြစ်၍ ကျွန်တော်တို့ အိပ်ရာဝင်ရန် ပြင်ဆင်ကြပါသည်။ မနက်ဖြန် မနက်စောစော ကားနှင့်ပြန်ရန်လည်း ရှိနေသည်။

www.burmeseclassic.com



ထိုအချိန်တွင် တစ်ဖက်ခန်းက ကားဆရာကိုအောင်ဝင်းမှ ဦးကျော့အား လာခေါ်ပါသည်။

"ဆရာကြီးခင်ဗျား၊ အင်ဂျင်နီယာကြီး ခေါ်နေပါတယ်၊ ခဏကြွပါတဲ့"

"အေး . . . အေး . . . အောင်ဝင်းရေ ငါအခုပဲ သွားလိုက်မယ်"

ဦးကျော့မှ ပြောပြောဆိုဆို လက်နှိပ်မီးတစ်လက်ဆွဲ၍ အိမ်ရှေ့ ညည့်ရိပ်သာအနီးရှိ အင်ဂျင်နီယာကြီးအိမ်သို့ ထွက်သွားပါသည်။ (၁၅)မိနစ် ဝန့်အကြာ ပြန်ရောက်လာပြီး "တူတော်မောင်တို့ အပြန်အတော်ပဲပေါ့ မနက်ဖြန်မနက် ကန်ကား ရန်ကုန်ဆင်းရမယ်။ ကျောက်ချဉ်သယ်ဖို့နဲ့ ရေမောင်းစက်တစ်လုံးပြင်ဆင်ဖို့ ဦးလေးရန်ကုန်ဆင်းရမယ်။ ဂျီးဖြူလိုင်းကားဆင်းရင် တိုက်ကြီးပဲရောက်မှာ။ ရန်ကုန်ကားပြောင်းစီးရဦးမယ်၊ မင်းတို့အတွက် တောထွက်လက်ဆောင်တွေ ပေးလိုက်ချင်တာနဲ့ အတော်ပါပဲ"

မနက်(၅)နာရီခန့် ထကြ၍ သူတို့ထုံးစံအတိုင်း ကျွန်တော်တို့ အဖွဲ့အား မနက်စောစော ထမင်းကျွေးပါသည်။ တောကောင်သားစုံသည့် အမြင် ဝက်ပေါက်ကလေးတစ်ကောင်လုံးအား ပေါင်းထားသည့် ဟင်းလည်းပါသည်။ မနက်စောစောဆိုသော်လည်း အတော်စားနိုင်ကြသည်။

ကျွန်တော်တို့ ကန်ကားထွက်တော့ ကိုအောင်ဝင်းက မောင်းပြီး ဦးလေးနှင့်ဦးကြည်က ခေါင်းခန်းကစီးသည်။ ကျွန်တော်တို့အဖွဲ့က နောက်ခန်းက လက်ဆောင်များအဖြစ် ချေသားခြောက်နှင့်ငှက်ခြောက်ပိုင်များ၊ သံပရာသီး၊ ရှောက်သီး၊ ကျွဲကောသီးများလည်း ပါသည်။ ဂျီးဖြူလိုင်းကားဂိတ်တွင် မနေက နေ့ပိုင်းကားမထွက်ဖြစ်၍ လူများ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများနှင့် ပုံနေသည်။ ကျွန်တော်တို့ လိုက်လျှင်လည်း ခေါင်မိုးပေါ်က လိုက်ရတော့မည်။ တောင်ဆင်းတောင်တက်လမ်းဖြစ်၍ အန္တရာယ်များလှသည်။ ရန်ကုန်သို့ မနက် (၈)နာရီခန့် ရောက်သဖြင့် ကျွန်တော်တို့ ကျောင်းတက်ရန် အချိန်မီပါသည်။ မုဆိုးပေါက်စများအတွက် ပထမဆုံး တောလိုက်အတွေ့အကြုံ အောင်မြင်စွာပြီးဆုံးသွားပါသည်။

⌘ ⌘ ⌘ ⌘ ⌘

❦ ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC

www.burmeseclassic.com